မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ

International IDEA မူဝါဒစာတမ်းအမှတ် ၂၇၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ

International IDEA မူဝါဒစာတမ်းအမှတ် ၂၇၊ ၂၀၂၂ ခုနှစ် နိဝင်ဘာ

Sharon P. Hickey နှင့် Elodie Maria-Sube

International IDEA
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆ ၈၉၈၃၄၀၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

© ၂၀၂၂ခုနှစ် ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့

International IDEA က ထုတ်ဝေသော စာအုပ်စာတမ်းများသည် အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ ကင်းရှင်းပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ဘုတ်အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ ရှုမြင်ပုံများကိုလည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။

တတိယပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံ၊ ဓာတ်ပုံများမှတပါး ဤစာတမ်း အီလက်ထရောနစ်မူကို Creative Commons Attribution–NonCommercial–ShareAlike 3.0 (CC BY–NCSA 3.0) လိုင်စင်ဖြင့် ရယူနိုင်ပါသည်။ ငွေကြေးရယူ ရောင်းချရန်မဟုတ်ပါက ဤမူရင်း စာတမ်းအရင်းအမြစ်ကို မှန်ကန်စွာ ရည်ညွှန်းဖော်ပြပြီး မိတ္တူကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်းများအပြင် ဖြတ်တောက်၍ပြန်လည်ပေါင်းစပ်ခြင်း၊ ဆီလျော်အောင် ပြုပြင်ခြင်းများကို လွတ်လပ်စွာလုပ်ဆောင် နိုင်ပါသည်။ အထက်ဖော်ပြပါ လိုင်စင်ဖြင့်ပင် ဆက်လက်၍ ဖြန့်ချိ ရမည်ဟူသော သတ်မှတ်ချက်ကိုမူ လိုက်နာရပါမည်။ နောက်ထပ်သိရှိလိုသည်များရှိပါက အင်တာနက်လိပ်စာ <http://creativecommons.org/licenses/by–nc–sa/3.0/> ရှိ Creative Commons ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။

International IDEA
စတွန်းစ်ဘော့ဂ်
SE – ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – <http://www.idea.int>

မျက်နှာဖုံးဓာတ်ပုံ – ချင်းတွင်းမြစ်ကမ်းပေါ်မှ သဲတူးသမားများ
စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ – International IDEA

ISBN: 978–91–7671–595–6 (PDF)
DOI: https://doi.org/10.31752/idea.2022.70

ကျေးဇူးတင်လွှာ

ဤမူဝါဒစာတမ်းအား ဖတ်ရှုသုံးသပ်ပေးပါသော Matthew Baird၊ Jonathan Liljebad – လက်ထောက်ပါမောက္ခ၊ ဩစတေးလျအမျိုးသားတက္ကသိုလ်၊ ဥပဒေကောလိပ်၊ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် David Rosen – အစီအစဉ်အရာရှိ၊ International IDEA တို့အပါအဝင် ကျွမ်းကျင်ပညာရှင်များအား ကျေးဇူးတင်ရှိပါသည်။ NUG ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့နှင့် ပြုလုပ်သော အစည်းဝေးများ အထမြောက်စေရန် ကူညီပံ့ပိုးပေးခြင်းအပါအဝင် ဤ မူဝါဒစာတမ်းအတွက် အမြောက်အများ ပံ့ပိုးကူညီခဲ့သည့် သက်လင်းဝေ အား ကျေးဇူးတင်ရှိပါသည်။ အစီရင်ခံစာ မူကြမ်း ရေးသားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်တွင် အမြောက်အများ အားဖြည့်ပံ့ပိုးခဲ့သော International IDEA ၏ MyConstitution အစီအစဉ် မန်နေဂျာ Nathalie Ebead နှင့် စာတမ်း ဖြစ်မြောက်ရေးအတွက် အရေးပါသည့်ပံ့ပိုးမှုများပေးခဲ့သည့် International IDEA မြန်မာပရိဂရမ်၏ အကြီးအကဲဖြစ်သူ Marcus Brand အားလည်း ကျေးဇူးတင်ရှိပါသည်။

မာတိကာ

ကျေးဇူးတင်လွှာ IV

အတိုကောက်နှင့် အကျဉ်းချုံးစကားလုံးများ ၃

အနှစ်ချုပ် ၄

အဓိက အကြံပြုချက်များ ၆

နိဒါန်းနှင့် ရည်ရွယ်ချက် ၁၀

အခန်း ၁

ရာသီဥတု ပြောင်းလဲမှုနှင့် ဒီမိုကရေစီအကြား ဆက်နွယ်မှုများ ၁၄

အခန်း ၂

နိုင်ငံတကာ ကတိကဝတ်များနှင့် အာဏာသိမ်းမှုမတိုင်မီ ရှိခဲ့သည့် ဥပဒေမူဘောင် ၁၈

အခန်း ၃

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ၂၂

၃.၁. ရေရှည်တည်တံ့သည့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ၂၂

၃.၂. ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ၄၁

အခန်း ၄

ကြားကာလ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များ ၅၁

၄.၁. ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် - သဘာဝပတ်ဝန်းကျင်/ရာသီဥတု ပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် စုပေါင်းအခွင့်အရေးများ ၅၂

၄.၂. အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကို ထည့်သွင်းပြဋ္ဌာန်းခြင်းအတွက် စဉ်းစားရမည့် အချက်များ ၅၄

၄.၃. ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်ရန်အလို့ငှာ နိုင်ငံ့စွမ်းဆောင်ရည်နှင့် အစိုးရဖွဲ့စည်းပုံစနစ်တို့ ခိုင်မာအားကောင်းစေရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ ၆၁

၄.၄. အနာဂတ်အစိုးရဖွဲ့စည်းပုံစနစ်များ၌ အားလုံးအကျုံးဝင် ကိုယ်စားပြုပါဝင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ ၆၃

၄.၅. တရားမျှတမှုရှိသော ရာသီဥတုဆိုင်ရာ အသွင်ကူးပြောင်းမှုဖြစ်စေရေး ထည့်သွင်းစဉ်းစားရန်အချက်များနှင့် ရာသီဥတုဆိုင်ရာ တရားမမျှတမှုကို အရေးယူဆောင်ရွက်ခြင်း ၈၄

အခန်း ၅

နိဂုံးနှင့် အကြံပြုချက်များ ၈၇
အကြံပြုချက်များ ၉၁
ကျမ်းကိုးစာရင်း ၉၇
စာရေးသူများအကြောင်း ၁၀၆
International IDEA အကြောင်း ၁၀၇

အတိုကောက်နှင့် အကျဉ်းချုံးစကားလုံးများ

CPA	Community Protected Areas/လူမှုအသိုက်အဝန်းက ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများ
EIA	Environmental Impact Assessment/ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက်
EMP	Environmental Management Plan/ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်
ERO	Ethnic Resistance Organizations/ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ
FDC	Federal Democracy Charter/ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်
GDP	Gross domestic product/ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု
IEE	Initial Environmental Examination/ သဘာဝပတ်ဝန်းကျင်ကနဦးစစ်ဆေးခြင်း
IGI	Interim Governance Institutions/ ကြားကာလစီမံအုပ်ချုပ်မှုအဖွဲ့အစည်းများ
KNU	Karen National Union/ ကရင်အမျိုးသားအစည်းအရုံး
MOALI	Ministry of Agriculture, Livestock and Irrigation/ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
MOEE	Ministry of Electricity and Energy/ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
MONREC	Ministry of Natural Resources and Environmental Conservation/ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
MOPFI	Ministry of Planning, Finance and Industry/ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
MTE	Myanmar Timber Enterprise/ မြန်မာ့သစ်လုပ်ငန်း
NAB–NR	National Administration Body—Natural Resources/ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့
NCRMC	National Coastal Resources Management Committee/ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ
NDC	Nationally Determined Contributions/ နိုင်ငံအလိုက် ဆုံးဖြတ်သတ်မှတ်သည့် ဆောင်ရွက်ပါဝင်မှုများ
NUCC	National Unity Consultative Council/ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ
NUG	National Unity Government/ အမျိုးသားညီညွတ်ရေးအစိုးရ
SAC	State Administration Council/ နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ
SEE	State-owned Economic Enterprise/ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ
WWF	World Wildlife Fund/ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့

အနှစ်ချုပ်

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးကြုံတွေ့ခံစားရသည့် နိုင်ငံများအနက် အပါအဝင်ဖြစ်သည့်နည်းတူ ပြင်ပအကူအညီမပါရှိဘဲ ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်အချို့တဲ့ဆုံး နိုင်ငံများတွင်လည်း ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝကာ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများများပြားစုံလင်ရာ ဒေသတစ်ခုဖြစ်သည်။ ထိုသို့ သဘာဝသယံဇာတ ပေါများကြွယ်ဝစွာ ပိုင်ဆိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် တိုင်းသူပြည်သားများ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများအတွက်အသက်မွေးလုပ်ငန်းများနှင့် ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများဖြည့်ဆည်းပေးခြင်းတို့တွင် အလွန်အရေးပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ကြုံတွေ့ခံစားရသည့်နိုင်ငံများအနက် အပါအဝင်ဖြစ်သည့်နည်းတူ ပြင်ပအကူအညီမပါရှိဘဲ ဘေးဒဏ် ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်အချို့တဲ့ဆုံး နိုင်ငံများတွင်လည်း ပါဝင်လျက်ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၏ စစ်ခေါင်းဆောင်ပိုင်းက အာဏာသိမ်းမှုကျူးလွန်ကာ မြန်မာနိုင်ငံ၏ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့၊ စစ်ပွဲမှ ငြိမ်းချမ်းရေးသို့၊ တံခါးပိတ်စီးပွားရေးစနစ်မှ တံခါးဖွင့်စီးပွားရေးစနစ်သို့ အကန့်အသတ်ဖြင့် အသွင်ကူးပြောင်းသည့် ဆယ်စုနှစ်ကို အဆုံးသတ်စေခဲ့သည်။ အဆိုပါ အသွင်ကူးပြောင်းရေး ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့အကြား မှန်ကန်သည့်ဟန်ချက်ကို ထိန်းညှိဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

သဘာဝသယံဇာတများအား စီမံခန့်ခွဲသည့်နည်းဟန်သည် မြန်မာနိုင်ငံ၏ သမိုင်းတလျှောက် အဓိကကျသည့်အခန်းကဏ္ဍမှ အမြဲပါဝင်နေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့အောင် မည်သို့စီမံခန့်ခွဲရမည် ဟူသည့်အချက်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းအတွက် အဓိကကျသောပုစ္ဆာတစ်ရပ်ဖြစ်သည်။ နိုင်ငံ၏သဘာဝသယံဇာတနှင့် စပ်လျဉ်းသည့် ဖိအားများပိုမိုမြင့်တက်လာကာ အထူးသဖြင့် ဤသယံဇာတများအပေါ် အမှီသဟဲပြု၍ အသက်မွေးနေထိုင်လျက်ရှိသည့် ဒေသခံလူမှုအသိုက်အဝန်းများ ကြုံတွေ့ခံစားရသော ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ပိုမိုပြင်းထန်လာသည့်အလျောက် ဤမေးခွန်းများအတွက် ဘုံသဘောတူညီမှုကို ရရှိနိုင်ရန် ပို၍ပင် အရေးပါလာမည်ဖြစ်သည်။

ဖေဖော်ဝါရီလ အာဏာသိမ်းမှုမှအစပြုပြီး မြန်မာပြည်သူများသည် ဆန္ဒဖော်ထုတ်မှုများ၊ 'ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ' (PDF များ) နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (ERO များ) ဦးဆောင်သည့် လက်နက်ကိုင်တော်လှန်ရေးဖြင့် စစ်တပ်ကိုဆန့်ကျင်သည့် 'နွေဦးတော်လှန်ရေး' ကိုဆင်နွှဲလျက်ရှိသည်။ စစ်အာဏာရှင်ကို ဆန့်ကျင်လျက်ရှိသည့် အစုအဖွဲ့များနှင့် ၎င်းတို့၏ဖက်ဒရယ် အဆင့် ကြားကာလ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းများ (IGI များ) သည် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးကို ညှိနှိုင်းရေးဆွဲရန်အတွက် နိုင်ငံရေးမူဘောင်တစ်ရပ်ကို ချမှတ်လျက်ရှိသည်။ ဒေသန္တရအဆင့်တွင် ဒီမိုကရေစီနည်းကျ တရားဝင်သော IGI များနှင့် အတိုင်းအတာအစုံစုံ၊ ပုံစံအမျိုးမျိုးနှီးနှယ်ဆက်စပ်နေသော အစုအဖွဲ့များ သို့မဟုတ် စစ်အာဏာရှင်များနှင့် ပုံစံအမျိုးမျိုး ပတ်သက်နေသူများကက စီမံအုပ်ချုပ်နိုင်ရန်အားပြိုင်ခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ဤမူဝါဒစာတမ်းတွင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာစီမံအုပ်ချုပ်မှုအခက်အခဲများအကြောင်းကို ခြုံငုံသုံးသပ်ထားပါသည်။ ထို့ပြင် အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်မှ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမျှတမှုကို ရယူနိုင်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအား ဖြေရှင်းခြင်းတို့အတွက် မည်သို့အာမခံချက်ပေးနိုင်ကြောင်းကို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် အလေ့အထကောင်းများ၊ ဖြစ်ရပ်နှိုင်းယှဉ်လေ့လာချက်များဖြင့် ထည့်သွင်းစဉ်းစားဖွယ်အချက်များကိုတင်ပြထားသည်။ နောက်ဆုံးတွင် မူဝါဒအရ ရွေးချယ်ဆောင်ရွက်နိုင်သည့်အချက်များနှင့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

အဓိက အကြံပြုချက်များ

ကြားကာလ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းများအတွက် အဓိက အကြံပြုချက်များ -

- မြန်မာနိုင်ငံသည် ပါရီသဘောတူညီချက်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည့် အချက်များအပါအဝင် ရှိရင်းစွဲ နိုင်ငံတကာ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ကာ ဤ ကတိကဝတ်များကိုဖော်ဆောင်ရာတွင် ထိန်းညှိရမည့် ဟန်ချက်များကို ဆန်းစစ်အကဲဖြတ်သင့်သည်။ မူဝါဒဆိုင်ရာ ဆုံးဖြတ်ရွေးချယ်မှုသည် အမျိုးမျိုးအထွေထွေသော ပြည်သူများ၏ နေထိုင်မှုဘဝအပေါ် အကျိုးသက်ရောက်ပုံနှင့် ရေရှည်တည်တံ့နိုင်စွမ်း ရှိ၊ မရှိတို့ကို နားလည်နိုင်ရန်အတွက် မြေမျက်နှာသွင်ပြင်ဆိုင်ရာ စိတ်ဖြာလေ့လာခြင်းကို ဆောင်ရွက်သင့်သည်။

- မူဝါဒရေးဆွဲချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် လုပ်ငန်းစဉ်အတွက် သဘောတူထောက်ပံ့မှုရရှိနိုင်ရန် ဤဆန်းစစ်အကဲဖြတ်မှုများကို ပွင့်လင်းမြင်သာသည့် နည်းဟန်ဖြင့် ဆောင်ရွက်သင့်သည်။ မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များအား ပွင့်လင်းလွတ်လပ်စွာ ရယူနိုင်ခြင်းအပါအဝင် သတင်းအချက်အလက် ရယူနိုင်ခြင်းသည် အရေးကြီးသော ပထမခြေလှမ်းတစ်ရပ် ဖြစ်သည်။ ထိုအဆင့် ကျော်လွန်ပါက ဂျန်ဒါနှင့် လူမှု-စီးပွားရေး နောက်ခံစုံအစုအဖွဲ့များအားလုံးမှ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များကိုသိရှိကာ တိုင်ပင်ဆွေးနွေးမှု လုပ်ဆောင်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်ရန်အတွက် လမ်းကြောင်းများ စီစဉ်ချမှတ်ပေးရန် အရေးကြီးသည်။ အားရပ်စ်ကွန်ဗင်းရှင်း (Aarhus Convention) ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများပြည်သူ ပါဝင်နိုင်ခြင်းနှင့် တရားမျှတမှု လက်လှမ်းမီရယူနိုင်ခြင်းတို့ကို မြန်မာနိုင်ငံ၏ ကတိကဝတ်များတွင် ထည့်သွင်းခြင်းပြုသင့်သည်။[၁]

---

၁ အားရပ်စ်ကွန်ဗင်းရှင်းကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒီမိုကရေစီနှင့် စပ်လျဉ်းသည့် ရှေ့ပြေးအရေးပါသော နိုင်ငံတကာ သဘောတူညီချက်များအနက် တစ်ခုအဖြစ်သတ်မှတ်ထားသည်။ အဆိုပါကွန်ဗင်းရှင်းသည် လူတိုင်းရပိုင်ခွင့်ရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တွင်နေထိုင်ပိုင်ခွင့်ကို အကာအကွယ်ပေးထားသည်။

- မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တစ်သားတည်းဆက်နွယ်နေသော သယံဇာတများ ခွဲဝေရေးနှင့် စပ်လျဉ်းသည့်အချက်သည်လည်း IGI များနှင့် မြန်မာပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်သင့်သည့် အကြောင်းအရာပင် ဖြစ်သည်။ ငြိမ်းချမ်းရေး အခိုင်အမာတည်ဆောက်ပြီးပါက ဒေသန္တရအဆင့်တွင် ပဂ္ဂလိကလုပ်ငန်းကဏ္ဍနှင့် သက်ရောက်ခံလူမှုအသိုက်အဝန်းများအကြား ထပ်ဆင့်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်သည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို လက်တွေ့လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် IGI များနှင့် ဒေသန္တရစီမံအုပ်ချုပ်မှုလုပ်ဆောင်သူများအနေဖြင့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မပျက်မကွက် ဂရုပြုဆောင်ရွက်ရန် အရေးကြီးသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ရန်ပုံငွေ သို့မဟုတ် ဘတ်ဂျက်ကို ထူထောင်ချမှတ်ပြီးမှသာလျှင် ထိုသို့လက်တွေ့လည်ပတ်ဆောင်ရွက်ခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။
- ပြန်လည်ကုစားပြင်ဆင်မှုများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့် ဆန့်ကျင်နေနိုင်ကြောင်း ထောက်ချင့်မှတ်သားကာ အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်တွင် မြေယာများအား ဆုံးရှုံးခဲ့ရသည့်ပြည်သူများအတွက် တရားမျှတမှုဆောင်ကြဉ်းပေးနိုင်ရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည်။
- မြို့ပြနေပြည်သူများ၏ ဘေးဒဏ်ခံနိုင်စွမ်းကို ပိုမိုမြှင့်တင် ကောင်းမွန်စေရန်အတွက် အနာဂတ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်မှုများတွင် အောက်မှအထက်သို့ တင်ပြဆောင်ရွက်သည့် ပြည်သူလူထုပါဝင်လုပ်ဆောင်သော နည်းလမ်းများကို တစ်မြို့လုံးစာ စီမံကိန်းချမှတ်ခြင်းနှင့် တွဲဖက်အသုံးပြုရန် လိုအပ်မည်ဖြစ်သည်။ လွတ်မြောက်နယ်မြေများ၌ အိမ်ရာနှင့် စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲရန်အတွက် အောက်မှအထက်သို့ တင်ပြဆောင်ရွက်သည့် နည်းလမ်းများကို စမ်းသပ်ကျင့်သုံးခြင်း ပြုနိုင်သည်။
- အားလုံးအကျုံးဝင်ပါဝင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များ၌ တိုင်းရင်းသားလူနည်းစုများ၊ လူငယ်များနှင့် အမျိုးသမီးများအား သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေး နှင့်/သို့မဟုတ် ယခင်ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ ဖယ်ကျဉ်ချန်လှပ်ခြင်းပြုခဲ့သည့် သမိုင်းတစ်လျှောက် ပုံသေကားကျ ဆောင်ရွက်ခဲ့မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည်ဖြစ်သည်။

အသစ်ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်အတွက် အဓိက အကြံပြုချက်များ –

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းတွင် သက်ဆိုင်ပါဝင်သူများသည် အနှစ်သာရပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးမည့်၊ ဂေဟစနစ်များအား ထိန်းသိမ်းကာကွယ်ခြင်းကို အလေးထားဦးစားပေးမည့်၊ သန့်ရှင်းဘေးကင်းသောသောက်သုံးရေကို အာမခံပေးမည့်၊ မြေယာနှင့် မြေဆီလွှာညစ်ညမ်းခြင်းမရှိစေရန် ကာကွယ်ပေးမည့်၊ လေထုညစ်ညမ်းမှု လျှော့ချခြင်းအတွက် ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်များ ချမှတ်ပေးမည့်၊ သဘာဝသယံ

ဧဝတကို ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော နည်းဟန်ဖြင့် ထိန်းကွပ်ကြပ်မတ်မည့်၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားခြင်း ပြုနိုင်သည်။ မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်သည့်၊ အနှစ်သာရပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်အခွင့်အရေးများ ပြဋ္ဌာန်းသတ်မှတ်ထားရှိရန်လိုအပ်ကြောင်း နိုင်ငံတကာ၏ သဘောတူညီမှု တိုးတက်လာခြင်းကိုထင်ဟပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် များကိုထည့်သွင်းရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

- မြန်မာနိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်သူများသည် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ပြဿနာများအားဖြေရှင်းရန်အတွက် မည်သည့် အင်စတီကျူးရှင်းများအား တာဝန်ပေး သတ်မှတ်မည်ကိုဆုံးဖြတ်ကာ ၎င်းတို့၏ ဥပဒေရေးရာနှင့် နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အခြား အင်စတီကျူးရှင်းများနှင့် ကူးလူးဆက်ဆံမှုများ၊ ဝန်ထမ်းခန့်အပ် ရေးနှင့် ဘဏ္ဍာငွေထောက်ပံ့ရေးအဆင့်များနှင့် အဆိုပါ အင်စတီကျူးရှင်းများတွင် အားလုံး အကျုံးဝင်ပါဝင်မှု၊ အမှီအခိုကင်း လွတ်လပ်မှုနှင့် တာဝန်ခံမှုမပျက်မကွက် ရှိစေရန်အတွက် ထိန်းညှိပေးမည့် ယန္တရားများကို ဒီဇိုင်းရေးဆွဲချမှတ်ရန် လိုအပ်သည်။
- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူဘောင်ချမှတ်သူများသည် သဘာဝသယံ ဇာတ စီမံအုပ်ချုပ်မှု (ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနှင့် ဒေသ ဆိုင်ရာ အစိုးရယူနစ်များအကြား လုပ်ပိုင်ခွင့်များခွဲဝေမှု၊ သယံဇာတ အငှားချခြင်းနှင့် ငှားရမ်းခများခွဲဝေမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းတို့ကို မပျက် မကွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ဥပဒေပြုခြင်း၊ မူဝါဒရေးဆွဲချမှတ်ခြင်းနှင့် စပ်လျဉ်းသည့် ကြားကာလစီမံအုပ်ချုပ်မှုအဖွဲ့ အစည်းများအတွက် အဓိက အကြံပြုချက်များ –

- ရာသီဥတု ပြောင်းလဲမှုနှင့်ပတ်သက်၍ ဥပဒေပြုခြင်းနှင့် မူဝါဒဆိုင်ရာ မူဘောင်အတွင်း ပေါင်းစည်းသွတ်သွင်းခြင်းနှင့် အဓိကအကြောင်းအရာအဖြစ် ပုံဖော်တင်ပြဆောင်ရွက် ခြင်း။
- ဂျန်ဒါနှင့် အားလုံးအကျုံးဝင်ပါဝင်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို ဥပဒေပြုခြင်း နှင့် မူဝါဒဆိုင်ရာမူဘောင်အတွင်း ပေါင်းစည်းသွတ်သွင်းခြင်း။
- မြေမျက်နှာသွင်ပြင်ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘေးအန္တရာယ် ကျရောက်နိုင်ခြေ လျှော့ချခြင်းအတွက် ခိုင်မာသောအုတ်မြစ်အဖြစ် အသုံးပြုနိုင်ရန်အလို့ငှာ မြေယာစီမံ ခန့်ခွဲမှုဆိုင်ရာ ဥပဒေရေးရာ မူဘောင်သစ်ကို ထည့်သွင်းစဉ်းစားခြင်း။
- ဧဝမျိုးစုံမျိုးကွဲများတည်ရှိရာ အဓိကနယ်မြေများကို ဥပဒေအရ အကာအကွယ်ပေးထား ခြင်း။
- စိုက်ပျိုးရေးဆိုင်ရာ မူဝါဒအတွက် တာဝန်ရှိသည့် ကြားကာလ အင်စတီကျူးရှင်းတစ်ရပ် ကို ထူထောင်ခြင်း။

- သဘာဝ သယံဇာတဆိုင်ရာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ (SEE များ) အတွက် ဥပဒေရပ်ဝန်းအား ပြန်လည်အကဲဖြတ်ခြင်း။
- သဘာဝ သယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ရန်အတွက် မဟာဗျူဟာကျ သဘာဝပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် အခြားနည်းလမ်းများ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) လုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးခြင်း။
- သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင်မွမ်းမံရန်နှင့် ဖြစ်နိုင်ပါက ဝင်ငွေ ရရှိမှုကို မြှင့်တင်ရန်အတွက် လွတ်မြောက်နယ်မြေများ၌ အသေးစား သတ္ထုတူးဖော်ခြင်း လုပ်ငန်း၊ အသေးစား ရေနံစိမ်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဒေသခံများ၏ ရိုးရာဓလေ့အရ လုပ်ဆောင်သည့် တူးဖော်သန့်စင်ခြင်း လုပ်ငန်းများကို တရားဝင်အဖြစ် သတ်မှတ်ပေး ခြင်း။

နိဒါန်းနှင့် ရည်ရွယ်ချက်

သဘာဝ သယံဇာတများအား ရယူသုံးစွဲခြင်းနှင့် ၎င်းတို့မှရရှိသည့် အကျိုးကျေးဇူးများအားခွဲဝေခြင်းကို သာတူညီမျှ ဖြစ်စွာနှင့် ရေရှည်တည်တံ့စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းကို ဘုံသဘောတူညီချက် ချမှတ်ခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံရေး အသွင်ကူးပြောင်းမှုနှင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်အတွက် အဓိကသော့ချက် ဖြစ်ပေမည်။

သဘာဝသယံဇာတ စီမံခန့်ခွဲမှုအမှားအယွင်းများသည် မြန်မာနိုင်ငံတွင် ကာလကြာရှည် ကြုံတွေ့ရလျက်ရှိသည့် ပြဿနာတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ယိုယွင်းပျက်စီးမှု၏ တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုးဆက်များအပြင် မိုးခေါင်မှု၊ ရေလွှမ်းမိုးမှု၊ မြစ်ကြောင်းများ ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုကဲ့သို့ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကိုပါ ကြုံတွေ့ခံစားနေရသည်။ သဘာဝသယံဇာတများအား ရယူသုံးစွဲခြင်းနှင့် ၎င်းတို့မှရရှိသည့် အကျိုးကျေးဇူးများအားခွဲဝေခြင်းကို သာတူညီမျှဖြစ်စွာနှင့် ရေရှည်တည်တံ့စွာ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းကို ဘုံသဘောတူညီချက်ချမှတ်ခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံရေး အသွင်ကူးပြောင်းမှုနှင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို အောင်မြင်စွာဖော်ဆောင်နိုင်ရန်အတွက် အဓိကသော့ချက် ဖြစ်ပေမည်။ သာတူညီမျှရှိခြင်းနှင့် လူမှုဆိုင်ရာ တရားမျှတမှုဟူသည့် အဓိက ကိစ္စရပ်ကို ကျော်လွန်ကြည့်ရှုပါက မြန်မာနိုင်ငံတွင် လူသားတို့၏ဆောင်ရွက်မှုများကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ဖိအားဒဏ်ပိခြင်းသည် ပိုမိုမြင့်တက်လာနိုင်သည့် အလားအလာရှိပြီး ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံအနေဖြင့် အချိုးအစားမမျှတစွာ ထိခိုက်ခံစားရမည်ဟူ၍လည်း ခန့်မှန်းထားသည်။ အနာဂတ် မျိုးဆက်သစ်များအတွက် သာတူညီမျှ ရှင်သန်နေထိုင်နိုင်သည့် စံနှုန်းတစ်ရပ်ကို ဘေးဆီးရန်ကာ ချမှတ်နိုင်ရန်အတွက် သဘာဝသယံဇာတများအား ရေရှည်တည်တံ့နိုင်စေရန် စီမံခန့်ခွဲခြင်းနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေ ပြောင်းလဲခြင်းကိုဆောင်ရွက်ရန် မဖြစ်မနေလိုအပ်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အစပြုပြီး မြန်မာနိုင်ငံရှိ ပြည်သူများသည် ဆန္ဒဖော်ထုတ်မှုများ၊ 'ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ' (PDF များ) နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (ERO များ) ဦးဆောင်သည့် လက်နက်ကိုင်တော်လှန်ရေးဖြင့် စစ်တပ်အားဆန့်ကျင်သည့် 'နွေဦးတော်လှန်ရေး' ကို ဆင်နွှဲလျက်ရှိသည်။ စစ်အာဏာသိမ်းမှုပြီးနောက် ပြည်ထောင်စုအဆင့်တွင် ကြားကာလ စီမံအုပ်ချုပ်မှု အဖွဲ့အစည်းများ (IGI များ) ကို ချမှတ်ဖွဲ့စည်းပြီးဖြစ်ကာ ၎င်းတို့မှာ – (က) ပြည်ထောင်စုလွှတ်တော်မှ တရားဝင်လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားပြုသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ (ခ) အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ နှင့် (ဂ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ဖြစ်ကာ ဤသို့ ဖွဲ့စည်းချမှတ်ခြင်း

ကြောင့် စစ်တပ်ကြီးစိုးမှုကို အဆုံးသတ်တိုက်ဖျက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပါဝင်သက်ဆိုင်သူများ အများအပြားသည် စုစည်းမိသွားကာ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်သစ်တစ်ရပ်ကို ဖန်တီးချမှတ်နိုင်ခဲ့သည်။ ဒေသန္တရအဆင့်တွင် အုပ်ချုပ်နိုင်ရန် ယှဉ်ပြိုင်လျက်ရှိကြပြီး စစ်တပ်အနေဖြင့် နိုင်ငံပိုင်နက်၏ ၁၇ ရာခိုင်နှုန်းကျော်ခန့်ကိုသာ အပြည့်အဝထိန်းချုပ်ထားနိုင်သည်ဟု ခန့်မှန်းထားသော်လည်း (Jones 2022) NUG နှင့် ဆက်စပ် ERO များမှာမူ နိုင်ငံပိုင်နက်၏ထက်ဝက်ခန့်ကို ထိန်းချုပ်ထားနိုင်သည်။

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတော်၏ တရားဝင် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်နှင့်စပ်လျဉ်း၍ ကြံဆဖော်ထုတ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် ဥပဒေမူကြမ်းများ ရေးဆွဲခြင်းနှင့် မူဝါဒများရေးဆွဲချမှတ်ခြင်းတို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ၊ တိုင်းရင်းသားနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ၊ ဂျန်ဒါတန်းတူညီမျှမှု နှင့် လက်ရှိနှင့် အနာဂတ် မျိုးဆက်များ၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားကာ လုံလောက်စွာကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပေမည်။

ဤ မူဝါဒစာတမ်းတွင် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် မူဝါဒဆိုင်ရာ အခက်အခဲများကို ခြုံငုံဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်၊ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့ရလျက်ရှိသော အခက်အခဲများကို နိုင်ငံတော်၏ကြားကာလဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် သိရှိစေရန် ဤစာတမ်းကို ရည်ရွယ်ပြုစုထားခြင်း ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ နှိုင်းယှဉ်ပြသာဓကများနှင့် ကောင်းမွန်သော ကျင့်သုံးမှုအလေ့အထများကိုလည်း ဖော်ပြထားကာ ၎င်းတို့ကို မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေနှင့် လိုက်လျောညီထွေ မွမ်းမံပြောင်းလဲနိုင်သည်။ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုအတွက် မည်သို့မည်ပုံ အာမခံချက်ပေးနိုင်မည်နှင့် စပ်လျဉ်း၍ အဓိက ထည့်သွင်းစဉ်းစားရမည့်အချက်များအပြင် ကောင်းမွန်သော နိုင်ငံတကာကျင့်သုံးမှုအလေ့အထများကို အသုံးပြု၍ ရာသီဥတုပြောင်းလဲမှုကို မည်သို့ ကိုင်တွယ်ဖြေရှင်းနိုင်မည်ကို နှိုင်းယှဉ်ဖြစ်ရပ်လေ့လာချက်များ၊ မူဝါဒဆိုင်ရာ ရွေးချယ်စရာများ၊ အကြံပြုချက်များနှင့် ဖော်ပြထားသည်။

ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှေ့နောက်စီစဉ်ချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော ရှုပ်ထွေးသည့် ပြဿနာရပ်များအပြင် ၎င်းတို့နှင့် နက်ရှိုင်းစွာ ဆက်နွယ်နေသည့် လူမှုဆိုင်ရာ သာတူညီမျှမှုနှင့် ဂျန်ဒါ တန်းတူညီမျှမှုတို့ကို ကြားကာလအချိန်အတွင်း စေ့စပ်စွာ ထည့်သွင်းစဉ်းစားကာ ဒီမိုကရက်တစ် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲချမှတ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်း လုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်များ ရောက်ရှိသည်အထိ အချိန်ဆွဲခြင်း မပြုရန် အရေးကြီးသည်။ အကူးအပြောင်းကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဆောင်ရွက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းရေးဆွဲမှုဆိုင်ရာ ရွေးချယ်ဆုံးဖြတ်မှုများသည် ဖက်ဒရယ်ဒီမိုကရက်တစ်

ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အသုံးပြုနိုင်သည့် ရွေးချယ်စရာများအတွက် အထောက်အကူ ဖြစ်စေမည် (သို့မဟုတ် ကန့်သတ်ချက်ဖြစ်စေမည် ဖြစ်သည်)။

ပုံ ၁ – မြန်မာနိုင်ငံ ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရ



ရင်းမြစ် – International IDEA၊ MyConstitution Programme

ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ လက်ရှိ နောက်ခံအခြေအနေနှင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒီမိုကရေစီ၏ အရေးပါပုံကိုဖော်ပြထားကာ အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံအနေဖြင့် သဘောတူထားသည့် ကတိကဝတ်များနှင့် မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်အရ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို မပျက်မကွက်ဖော်ဆောင်နိုင်ရန်အတွက် ရေးဆွဲချမှတ်ထားသည့် အဓိကကျသော ပြဋ္ဌာန်းဥပဒေများနှင့် မူဝါဒများအချို့ကို စာရင်းပြုစုဖော်ပြထားသည်။ ထို့နောက် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် ဖြစ်ပျက်မှုပုံစံများကို အထူးဖော်ပြထားကာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများတွင် အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များကို ရှင်းလင်းဖော်ပြထားသည်။ အကူးအပြောင်းကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းနှင့် မူဝါဒရေးဆွဲချမှတ်ခြင်းတွင် IGI များအနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အကြံပြုချက်များဖြင့် ဤအစီရင်ခံစာကို အဆုံးသတ်ထားသည်။

မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို စီမံခန့်ခွဲခြင်းအတွက် အပြီးသတ် ပုံစံချသတ်မှတ်ပြီးဖြစ်သည့် အစီအစဉ် သို့မဟုတ် မူဘောင်ကိုပေးအပ်ရန် ရည်ရွယ်ချက်ဖြင့် ဤမူဝါဒစာတမ်းကို ပြုစုထားခြင်းမဟုတ်ပေ။ လက်ရှိအချိန်၌ မိမိတို့ရရှိထားသော အချက်

အလက်အများစုကို အာဏာသိမ်းမှုအလွန် အခြေအနေနှင့် ကိုက်ညီမှုရှိစေရန် တိုက်ဆိုင်ချိန်ညှိခြင်း မပြုရသေးဘဲ ၂၀၂၁ ခုနှစ် အစောပိုင်းကာလမှအစပြု၍ ပေါ်ပေါက်လာခဲ့သည့် အပြောင်းအလဲများ အားလုံးကိုလည်း ထင်ဟပ်ဖော်ပြနိုင်ခြင်းမရှိပါ။ ထို့ပြင် နိုင်ငံတကာ၊ နိုင်ငံအဆင့်၊ နှင့် ဒေသတွင်း အဆင့် နောက်ခံအခြေအနေများသည် တိုးတက်ပြောင်းလဲနေကာ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အခြေအနေတွင် လူသား-သဘာဝပတ်ဝန်းကျင် ဆက်ဆံရေးများ၌ တည်ရှိနေသည့် တရားမမျှတမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုကို အခြေခံအုတ်မြစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် မဖြစ်မနေလိုအပ်မည် ဖြစ်ပေသည်။

နိုင်ငံတကာ၊ နိုင်ငံအဆင့်၊ နှင့် ဒေသတွင်း အဆင့် နောက်ခံအခြေအနေများသည် တိုးတက်ပြောင်းလဲနေကာ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အခြေအနေတွင် လူသား-သဘာဝပတ်ဝန်းကျင် ဆက်ဆံရေးများ၌ တည်ရှိနေသည့် တရားမမျှတမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုကို အခြေခံအုတ်မြစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်မည် ဖြစ်ပေသည်။

အခန်း (၁)

ရာသီဥတုပြောင်းလဲမှုနှင့် ဒီမိုကရေစီအကြား ဆက်နွယ်မှုများ

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းသည် ဒီမိုကရေစီစနစ်များအနေဖြင့် ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသည့်ပြဿနာရပ်များ ဖြစ်သည်။ အဆိုပါ ကိစ္စရပ်များသည် 'သဘာဝနှင့် လူသားတို့၏ စနစ်များအကြား တည်ရှိနေကာ ရှင်သန်မှုပုံစံအဆင့်အားလုံးအပေါ် သက်ရောက်မှုရှိသော်လည်း မည်သို့သက်ရောက်မည်ဟူသည်ကိုမူ ကြိုတင်မှန်းဆနိုင်ခြင်းမရှိပေ' (Lindvall 2021)။ ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် အရည်အသွေးလျော့ကျခြင်းအခက်အခဲများကို ဖြေရှင်းရန်အတွက် ရေရှည်ဖြစ်ပြီး နယ်နိမိတ်သတ်မှတ်ချက်များကို ကျော်လွန်သော ဖြေရှင်းနည်းများအား အသုံးချရန်လိုအပ်ပြီး နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများသည် ရေတိုလုပ်ပိုင်ခွင့်များဖြင့်သာ ဆုံးဖြတ်လေ့ရှိသောကြောင့် ဤအခြေအနေသည် ဒီမိုကရေစီစနစ်များ အနေဖြင့် ဖြေရှင်းရန်ခက်ခဲပေသည်။ ရာသီဥတုဆိုင်ရာ ဆိုးကျိုးများသည်လည်း ပုံမှန်အားဖြင့် နိုင်ငံရေးဩဇာရှိသည့် လူမှု-စီးပွားရေးအခြေအနေ နိမ့်ပါးသောအစုအဖွဲ့များကို အချိုးအစားမမျှတစွာ ထိခိုက်နစ်နာစေသည်။ အလားတူပင် ၎င်းဆိုးကျိုးများသည် မြန်မာနိုင်ငံ၌ ရှေးယခင်ကပင် တည်ရှိနေခဲ့ပြီး နက်ရှိုင်းစွာအမြစ်တွယ်နေသော်လည်း ထိုသို့ဖြစ်နေကြောင်း အသိအမှတ်ပြုမှုမခံရသည့် ဂျန်ဒါတန်းတူညီမျှမှုမရှိခြင်းကြောင့် လိုက်လျောညီထွေပြောင်းလဲနိုင်စွမ်းအပေါ် ကန့်သတ်ခံထားရပြီး မည်သည့်အလွှာတွင်မဆို ဆုံးဖြတ်ချက်ချပိုင်ခွင့်ပိုမိုနည်းပါးသည့် အမျိုးသမီးများအပေါ် အချိုးအစားမမျှတစွာ ဝန်ပိထိခိုက်စေသည်။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းလိုပါက တာဝန်ခံမှု၊ သာတူညီမျှ မူဝါဒများ၊ ခိုင်မာသော ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် ပွင့်လင်းလွတ်လပ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များ မည်သို့ပါဝင်ဆောင်ရွက်နိုင်သည်ကို ရှင်းလင်းပြတ်သားစွာဖော်ပြပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေရေးရာမူဘောင်များကို လိုအပ်သည်။

> ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် 'သဘာဝနှင့် လူသားတို့၏ စနစ်များအကြား တည်ရှိနေကာ ရှင်သန်မှုပုံစံအဆင့်အားလုံးအပေါ် သက်ရောက်မှုရှိသော်လည်း မည်သို့သက်ရောက်မည် ဟူသည်ကိုမူ ကြိုတင်မှန်းဆနိုင်ခြင်း မရှိပေ'။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ကြုံတွေ့ခံစားရသည့် နိုင်ငံများအနက် အပါအဝင်ဖြစ်သည့်နည်းတူ ပြင်ပအကူအညီမပါရှိဘဲ ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် စွမ်းဆောင်ရည် အချို့တဲ့ဆုံး နိုင်ငံများတွင်လည်း ပါဝင်လျက်ရှိသည်။ ၂၀၀၀ - ၂၀၁၉ ခုနှစ် ကာလအတွင်း အလွန်ပြင်းထန်သည့် မိုးလေဝသ ဖြစ်ရပ်များကြောင့် ထိခိုက်မှုဒဏ်ကို အများဆုံးခံစားခဲ့ရသည့်နိုင်ငံသည် မြန်မာနိုင်ငံဖြစ်ပြီး အဓိကအကြောင်း

ရင်းမှာ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းအား စစ်အစိုးရ၏ ကိုင်တွယ်ဖြေရှင်းပုံမှားယွင်းမှုကြောင့် ဖြစ်သည် (Eckstein, Kunzel and Schafer 2021)။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲရန်အတွက် ကမ္ဘာတဝန်းမှ ကူညီထောက်ပံ့မှုများကို ပိုမိုတိုးမြင့်လက်ခံရရှိခဲ့စဉ် ၂၀၂၁ ခုနှစ်တွင် (Atteridge et al. 2019) မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်ခြင်းနှင့် လိုက်လျောညီထွေပြောင်းလဲရန် အသင့်ဖြစ်ခြင်းအလိုက် စီစဉ်ထားသည့် ဇယားတွင် နိုင်ငံပေါင်း ၁၈၂ နိုင်ငံ ပါဝင်သည့်အနက် အဆင့် ၁၆၂ ချိတ်ခဲ့သည် (University of Notre Dame 2021)။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲခြင်းသည် အချိန်ကာလကြာညောင်းလာသည်နှင့်အမျှ ပိုမို၍ ခက်ခဲလာနိုင်သည့် အလားအလာရှိသည်။ သစ်တောများနှင့် လမုတောများကဲ့သို့ အချို့သော သဘာဝသယံဇာတများအား ကာကွယ်စောင့်ရှောက်ခြင်းသည် ဒေသခံလူမှုအသိုက်အဝန်းများ၏ ဘေးဒဏ်ခံနိုင်ရည်ကို တိုးမြင့်စေသော်လည်း ဤသယံဇာတများသည် ပြောင်းလဲလာသည့် ရာသီဥတုကြောင့် ပျက်သုဉ်းနိုင်သည့် အန္တရာယ်ကို ပိုမိုဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ တိုးတက်မှုမှာအကန့်အသတ်များရှိသည်။ ကမ္ဘာ့ကပ်ရောဂါ မဖြစ်ပွားမီနှင့် အာဏာသိမ်းမှုမတိုင်မီ ဆယ်စုနှစ်တွင် အရှိန်အဟုန်ရရှိလာခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ ဂျန်ဒါတန်းတူမညီမျှမှု အညွှန်းကိန်း၌ ပါရှိသည့် ၁၆၂ နိုင်ငံအနက် အဆင့် ၁၁၈ သာ ချိတ်ခဲ့သည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ဂျန်ဒါတန်းတူညီမျှမှု ဒုတိယအနည်းပါးဆုံးနိုင်ငံ (UNDP 2020 Figure 1) နှင့် မဲခေါင်အောက်ပိုင်းဒေသတွင် တန်းတူညီမျှမှု အနည်းပါးဆုံးနိုင်ငံအဆင့်ချိတ်ခဲ့သည်။ ဂျန်ဒါတန်းတူ မညီမျှမှုသည် အမျိုးသမီးများ၏ သတင်းအချက်အလက်အား လက်လှမ်းမီရယူနိုင်စွမ်း ဥပမာ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းကွင်းဆင်းဝန်ဆောင်မှုများကဲ့သို့သော၊ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားအတွက် မရှိမဖြစ်လိုအပ်သည့် ရေနှင့် အခြားဝန်ဆောင်မှုများ၊ စွန့်ဦးတီထွင်နိုင်မှုနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဦးဆောင်နိုင်မှုအပြင် မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့် အခြားသောရာသီဥတုနှင့် လိုက်လျောညီထွေပြောင်းလဲခြင်း၊ အန္တရာယ်ဖြစ်နိုင်ခြေ လျော့ပါးသက်သာစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာလက်လှမ်းမီရယူနိုင်ခြင်း မရှိစေရန် ဟန့်တားထားသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝကာ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများ များပြားစုံလင်ရာ ဒေသတစ်ခုဖြစ်သည်။ သစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း၊ အလားအလာရှိသည့် ရေအားလျှပ်စစ် သို့မဟုတ် ငါးလုပ်ငန်း အစရှိသည့် နိုင်ငံပိုင် သဘာဝသယံဇာတများသည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်။ ၂၀၁၇ – ၂၀၁၈ ခုနှစ်တွင် သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍသည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) ၏ ၄.၈ ရာခိုင်နှုန်းရှိခဲ့ပြီး နိုင်ငံဝင်ငွေ၏ ၅.၂ ရာခိုင်နှုန်းဖြစ်ကာ စုစုပေါင်း ပြည်ပပို့ကုန်၏ ၃၅ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ကမ္ဘာတဝန်းရှိ ပတ္တမြားထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်နှင့် ကျောက်စိမ်းထုတ်လုပ်မှုအများစုမှာ မြန်မာနိုင်ငံ၊ ပို၍ တိကျစွာဆိုရလျှင် ကချင်ပြည်နယ်မှထွက်ရှိခြင်းဖြစ်သည် (EITI n.d.)။ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိစေခြင်းအပြင် နိုင်ငံ၏ သဘာဝသယံဇာတများနှင့် ဂေဟစနစ်များသည် ဒေသခံလူမှုအသိုက်အဝန်းများ၏ ဘဝနေထိုင်ရှင်သန်မှုများနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အနီးကပ်ဆက်နွယ်နေသည်။ မြစ်ချောင်း

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝကာ ကမ္ဘာပေါ်တွင် ဇီဝမျိုးကွဲများ များပြားစုံလင်ရာဒေသတစ်ခုဖြစ်ပြီး နိုင်ငံ၏ သဘာဝသယံဇာတများနှင့် ဂေဟစနစ်များသည် ဒေသခံလူမှုအသိုက်အဝန်းများ၏ ဘဝနေထိုင်ရှင်သန်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်လည်း အနီးကပ်ဆက်နွယ်နေသည်။

များကို သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ငါးလုပ်ငန်းအတွက်အသုံးပြုကြပြီး (အထူးသဖြင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများဖြစ်သည့်) သဘာဝ ဇီဝမျိုးစုံမျိုးကွဲများမှာမူ အစားအစာ၊ လောင်စာ၊ ခိုလှုံနေထိုင်ရာနှင့် ဆေးဝါးတို့ကို ပေးအပ်သည့်အပြင် ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ရေးရာ အမှတ်လက္ခဏာအဖြစ်လည်း ပါဝင်သည်။

မြန်မာနိုင်ငံ၌ သဘာဝသယံဇာတများသည် အများအားဖြင့် တိုင်းရင်းသားလူနည်းစု ပြည်နယ်များအတွင်း တည်ရှိနေသည်။ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းသည် တိုင်းရင်းသား ပဋိပက္ခများနှင့် ခေတ်ကာလအဆက်ဆက် အနီးကပ်ဆက်နွယ်နေခဲ့ပြီး အချို့နယ်မြေများ၌ စစ်ပွဲ များဆင်နွဲရန် အကြောင်းရင်းဖြစ်သည့်နည်းတူ ထိုသို့ စစ်ပွဲတိုက်ခိုက်ရန် လိုအပ်သည့် ဘဏ္ဍာ ရန်ပုံငွေကိုလည်း ဤမှပင်ရရှိသည်။ သတ္ထုတူးဖော်ခြင်း၊ တရားမဝင် သစ်ခုတ်လှဲခြင်းနှင့် စီမံကိန်း ချမှတ်ထားခြင်း မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်လျက် ရှိကြောင်း အစီရင်ခံစာများသည် ဆပွား၍ များပြားလာသည့်အလျောက် စစ်တပ်ကြောင့် ပေါ်ပေါက်လာခဲ့သည့် လက်ရှိပဋိပက္ခသည် ဤဖြစ်ပျက်မှုပုံစံကို ပိုမိုဆိုးရွားစေမည်ဟု ခန့်မှန်းထားသည် (Frontier Magazine 2022)။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖော်ပြထားပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား ယင်းပြည်နယ်အတွင်းရှိ သဘာဝ သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့် အပ်နှင်းထားသည်။

မြန်မာနိုင်ငံ၏ IGI များက ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် (FDC) (ပြည်သူ့ညီလာခံ ၂၀၂၂) သည် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အပြီးသတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ညှိနှိုင်းဆွေးနွေးခြင်းအတွက် နိုင်ငံရေးမူဘောင်တစ်ရပ်ဖြစ်သည်။ ၎င်းပဋိညာဉ်တွင် မြန်မာ နိုင်ငံ၏ အနာဂတ်ဖက်ဒရယ်ဖွဲ့စည်းပုံ၊ နှင့် တိုင်းရင်းသားလူနည်းစုများနှင့် အမျိုးသမီးများ၏ အခြေခံ အခွင့်အရေးများနှင့် စုပေါင်းအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆက်စပ်သည့် အဓိကအခြေခံမူများကို ဖော်ပြထားသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်နေသည့် ပြဋ္ဌာန်းချက်များကိုလည်း ဖော်ပြထားပြီး 'ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများအား စီမံ ခန့်ခွဲရန်' လုပ်ပိုင်ခွင့်အာဏာကို ဖက်ဒရယ်ယူနစ်များထံ အပ်နှင်းထားသည် (အပိုဒ် ၂၀)။ မြန်မာ နိုင်ငံ၏ IGI များ၏ တာဝန်သည် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်၊ အနာဂတ်ဥပဒေပြဋ္ဌာန်း မှုများနှင့် အစိုးရ မူဝါဒများတွင် ဤအခြေခံမူများကိုထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ရန် ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးချုပ်က ဦးဆောင်သည့် ပြည်ထောင်စုအဆင့် သယံ ဇာတ စီမံအုပ်ချုပ်မှုအဖွဲ့ (NAB–NR) တစ်ရပ်ကို ဖွဲ့စည်းချမှတ်ပြီး ဖြစ်သည်။ ၎င်းအဖွဲ့သည် FDC အခြေခံမူများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် မဟာဗျူဟာကျ လမ်းညွှန်ချက် ကို ပေးစွမ်းသည်။ NUG သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသည့် ဝန်ကြီးဌာနနှစ်ခုကို ဖွဲ့စည်းထားပြီး ၎င်းတို့မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ ဖြစ်သည်။

လက်ရှိအချိန်၌ ကြားကာလ သယံဇာတ စီမံခန့်ခွဲမှု မူဘောင် (IRMF) တစ်ရပ်ကို ပညာရှင် များဖြင့်ဖွဲ့စည်းထားသည့် အမှီအခိုကင်း သီးခြားလွတ်လပ်သည့် ကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ လူမှုအသိုက်အဝန်း ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မူကြမ်းရေးဆွဲ ပြင်ဆင်လျက် ရှိသည်။ အဆိုပါမူဘောင်၌ သစ်တောကဏ္ဍနှင့် ဇီဝမျိုးစုံမျိုးကွဲအပြင် သတ္ထုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍများအတွက် အခြေခံမူများကိုဖော်ပြထားပြီး လွတ်မြောက်နယ်မြေ များရှိ အာဏာပိုင်များအနေဖြင့် စီးပွားဖြစ် သစ်ထုတ်လုပ်ရေးကိုရပ်နားကာ သစ်တောများကို

ကာကွယ်စောင့်ရှောက်ရန်အတွက် ဖိတ်မန္တကပြု တိုက်တွန်းထားပြီး ပြည်သူဗဟိုပြု သယံဇာတ စီမံခန့်ခွဲမှုအတွက် အခြေခံအုတ်မြစ်များကို ချမှတ်ပေးထားသည် (NUG MONREC 2022)။

အခန်း (၂)

နိုင်ငံတကာ ကတိကဝတ်များနှင့် အာဏာသိမ်းမှုမတိုင်မီ ရှိခဲ့သည့် ဥပဒေမူဘောင်

စစ်အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံတွင် ၎င်း၏ SDG ရည်မှန်းချက်များကို အထမြောက် အောင်မြင်စေနိုင်မည့် အပေါင်းလက္ခဏာ လားရာများ တည်ရှိခဲ့သော်လည်း အလေးအနက်ထားဖြေရှင်းရမည့် အခက် အခဲများကိုလည်း ကြုံတွေ့ခဲ့ရဆဲဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) တွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေး ရည်မှန်းချက်များ (SDGs) ကို အထမြောက်အောင်မြင်စေရန်ဆောင်ရွက်မည်ဟု ကတိကဝတ်ပြုထားသည်။ ၎င်း စီမံကိန်းတွင် ရေရှည်တည်တံ့ခိုင်မြဲနိုင်စွမ်းကို နယ်ပယ်ပေါင်းစုံနှင့် သက်ဆိုင်သည့်ကိစ္စရပ်အဖြစ် သတ်မှတ်ရှုမြင်ထားပြီး 'စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရာ၌ လုပ်ဆောင်ရသည့် အဂိၢရပ်များအားလုံးတွင် ထည့်သွင်းဆောင်ရွက်ရမည်' ဟု ဖော်ပြထားသည် (Republic of the Union of Myanmar 2018)။ စစ်အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံတွင် ၎င်း၏ SDG ရည်မှန်းချက်များကို အထမြောက် အောင်မြင်စေနိုင်မည့် အပေါင်းလက္ခဏာလားရာများ တည်ရှိခဲ့သော်လည်း ပုံ-၂ ဖြစ်သည့် SDG Dashboard တွင် ဖော်ပြထားသည့်အတိုင်း အလေးအနက်ထားဖြေရှင်းရမည့် အခက်အခဲများကိုလည်း ကြုံတွေ့ခဲ့ရဆဲဖြစ်သည်။

ပုံ ၂ – မြန်မာနိုင်ငံ SDG လမ်းကြောင်းများ



ရင်းမြစ် – Sachs, J. D., Kroll, C., Lafortune, G. and Woelm, F., *Sustainable Development Report 2022: From Crisis to Sustainable Development: the SDGs as Roadmap to 2030 and Beyond* (Cambridge University Press, Cambridge, 2022), <https://doi.org/10.1017/9781009210058 >

မှတ်ချက် – ဤစာတမ်းကို ၂၀၂၂ ခုနှစ်တွင် ထုတ်ဝေခြင်းဖြစ်သော်လည်း အချက်အလက်များမှာမူ စစ်တမ်းအာဏာသိမ်းမှုမတိုင်မီ ကာလများက ကောက်ယူထားခြင်းဖြစ်သည်။ ဤလမ်းကြောင်းများသည် အာဏာသိမ်းမှုမဖြစ်ပွားမီ အားထုတ်ဆောင်ရွက်မှုများကိုသာ ထင်ဟပ်နေပါသည်။ အာဏာသိမ်းမှု၏ မည်သည့်အကျိုးဆက်များကိုမျှ ထည့်သွင်းစဉ်းစားထားခြင်း မရှိသေးပါ။

မြန်မာနိုင်ငံသည် ၎င်း၏ နိုင်ငံအလိုက် ဆုံးဖြတ်သတ်မှတ်သည့် ဆောင်ရွက်ပါဝင်မှုများ (NDC များ) မှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းမည်ဟု ပါရီသဘောတူညီချက်အရ နိုင်ငံတကာနှင့် ကတိကဝတ်ပြုခဲ့ပြီး ၎င်း NDC များကို စစ်အာဏာသိမ်းမှုမတိုင်မီက ရေးဆွဲချမှတ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဇူလိုင်လမှသာ ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အိုက်ချီ (Aichi) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရည်မှန်းချက်များမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းကိုလည်း သဘောတူညီကာ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ရန် ကတိကဝတ်ပြုခဲ့သည်။ ဤသို့ ချမှတ်ရသည့် ရည်မှန်းချက်များအပြင် နိုင်ငံအတွင်း၌ သယံဇာတများအား အပြိုင်အဆိုင် လိုအပ်ချက်များကို နားလည်ရန် ကြိုးပမ်းရာ၌ ဤကတိကဝတ်များသည် အထူးပင်အရေးပါသည်။ နိုင်ငံတော်က စီစဉ်ချမှတ်သည့် အခြေခံအဆောက်အအုံ တည်ဆောက်မှုသည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆက်နွယ်နေသည့် အလျောက် အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံအစိုးရသည် သယံဇာတများအား မည်သို့ ကာကွယ်ထိန်းသိမ်းမည်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရန်အတွက် မူဝါဒများနှင့် နည်းလမ်းများကို ချမှတ်ထားရှိရန် ဦးတည်ကြိုးပမ်းနေခဲ့သည်။ ၂၀၃၀ ပြည့်နှစ်အတွက် အဓိက NDC များနှင့် အိုက်ချီ ရည်မှန်းချက်များကို ဇယား ၂.၁ တွင် အကျဉ်းချုပ်ဖော်ပြထားသည်။[၂]

၂ သိပ္ပံနည်းကျ ရှုထောင့်မှ ကြည့်မြင်ပါက အားလုံးသော ကတိကဝတ်များသည် နိုင်မာမှုရှိနေသည် မဟုတ်ပေ။ ဥပမာ ဆိုရသော် ချက်ပြုတ်ခြင်းအတွက် LPG အစား ကာဗွန်ဒိုင်အောက်ဆိုက် အသုံးပြုထုတ်လွှတ်မှုနှင့် ညစ်ညမ်းစေမှု ပိုမိုလျော့နည်းသော အခြားနည်းပညာများကို အသုံးပြုနိုင်သည်။ ယခင်အစိုးရသဘောတူခဲ့သည့် နိုင်ငံတကာ ကတိကဝတ်များကို ယခုထက်ပိုမိုကောင်းမွန်စေရန် မွမ်းမံမြှင့်တင်နိုင်သည်။

ဇယား (၂.၁) နိုင်ငံအလိုက် ဆုံးဖြတ်သတ်မှတ်သည့် ဆောင်ရွက်ပါဝင်မှုများနှင့် အိုက်ချီ ရည်မှန်းချက်များ

လုပ်ငန်းကဏ္ဍ	အဓိက ရည်မှန်းဦးတည်ချက်များ
စွမ်းအင်	ပုံမှန်လည်ပတ်ဆောင်ရွက်သည့် အခြေအနေတွင် ကျောက်မီးသွေးအပေါ် အားထားမှီခိုမှုကို ၃၃ ရာခိုင်နှုန်း မှ လျှော့ချကာ ပြန်ပြည့်မြဲ စွမ်းအင်သစ် ၁၁ ရာခိုင်နှုန်း (၂၀၀၀ မဂ္ဂါဝပ်) ရရှိရန်အတွက် ရည်မှန်းချက်အား ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရန်။
စိုက်ပျိုးရေး	စိုက်ပျိုးမြေနေရာများတွင် သစ်ပင်ဖုံးလွှမ်းထားသည့်ရာခိုင်နှုန်းကို မြှင့်တင်ခြင်းဖြင့် စိုက်ပျိုးရေး၊ သစ်တော နှင့် အခြားမြေအသုံးချမှု ကဏ္ဍ (AFOLU) မှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချရန်။
သစ်တောနှင့် မြေအသုံးချမှု	လောင်စာထင်းထုတ်လုပ်ရေးအတွက် အသုံးပြုပြီး အစိုးရကစီမံခန့်ခွဲသည့် သစ်တောများဖြစ်သော ထိန်းသိမ်းကာကွယ်ထားသည့် သစ်တောနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် အများပြည်သူပိုင် သစ်တော များတွင် အကျူးဝင်သည့် အကျယ်အဝန်း ဧရိယာကို ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံပိုင်နက် စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း ရောက်ရှိသည်အထိ မြှင့်တင်ရန် (၂၀၂၁ ခုနှစ် ဇွန်လအထိ အချက်အလက်များအရ ၂၅.၆၁ ရာခိုင် နှုန်းသို့ရောက်ရှိပြီးဖြစ်သည်)၊ နှင့် ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများနှင့် စနစ်များကို ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံပိုင်နက်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းရောက်ရှိသည်အထိ မြှင့်တင်ရန် (၂၀၂၁ ခုနှစ် ဇွန်လ အထိ အချက်အလက်များအရ ၆.၀၈ ရာခိုင်နှုန်းသို့ ရောက်ရှိပြီးဖြစ်သည်)။ ဒုတိယအချက်သည် အိုက်ချီ မူဘောင်တွင်ပါရှိသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရည်မှန်းချက်တစ်ရပ်လည်း ဖြစ်သည်။
လောင်စာအလေအလွင့် နည်းပါးသည့် မီးဖိုများ	အိမ်ထောင်မိသားစုပေါင်း ၁ သန်းကျော် အသုံးပြုနေသည့် ရိုးရာအတိုင်း လောင်စာထင်းသုံး မီးဖိုများဖြင့် ချက်ပြုတ်ခြင်းနေရာတွင် ဓာတ်ငွေ့ရည်သုံး မီးဖိုများဖြင့် ချက်ပြုတ်ခြင်းကို အစားထိုးရန်။
အငယ်စား လျှပ်စစ် ဓာတ်အားလိုင်းများ	ပင်မဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ထားခြင်းမရှိသည့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းမှတစ်ဆင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်နေပြည်သူ ၁၅ ရာခိုင်နှုန်း (၀.၉ သန်း ဦးရေ) သည် ၂၀၃၀ ပြည့်နှစ်တွင် ပြန်ပြည့်မြဲ စွမ်းအင်ရင်းမြစ်များကို လက်လှမ်းမီနိုင်ရန်။

ရင်းမြစ် – မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံအလိုက် ဆုံးဖြတ်သတ်မှတ်သည့် ဆောင်ရွက်ပါဝင်မှုများ၊ ၂၀၂၁ ခုနှစ် ဇူလိုင်။

မှတ်ချက် – ရင်းမြစ်အဖြစ် အသုံးပြုထားသည့် စာရွက်စာတမ်းကို အာဏာသိမ်းမှုမတိုင်မီ အစိုးရက နှစ်နှစ်ကြာ အချိန်ယူ၍ ရေးဆွဲပြုစုခဲ့ခြင်း ဖြစ်သည်။ တရားဝင် ထုတ်ပြန်ရန်အတွက် လပေါင်းများစွာအချိန်ကြာမြင့်ခဲ့ပြီး စစ်အာဏာသိမ်းမှုအပြီးတွင် ထုတ်ပြန်နိုင်ခဲ့သည်။ လုပ်ငန်း ကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက အဆိုပါစာရွက်စာတမ်းသည် အာဏာသိမ်းမှုမတိုင်မီ အစိုးရ၏သဘောထားများကို ထင်ဟပ်ဖော်ပြ သည်ဟု ရှုမြင်သည်။

အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဆယ်စုနှစ် အတွင်း ယခုအခါပျက်ပြယ်ပြီးဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝ သယံ ဇာတများ စီမံခန့်ခွဲမှုအား ဗဟိုမှချုပ်ကိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ဥပဒေရေးရာမူဘောင်ကို ပိုမိုခိုင်မာ ကောင်းမွန်စေရန်လုပ်ဆောင်ကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန် ကြိုးပမ်းခဲ့သည် (International IDEA 2022)။ ဆန့်ကျင်မှုများနှင့် ဝေဖန်ဆွေးနွေးမှုများ ရှိသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ကိစ္စရပ်များသည် တရားဝင်အစိုးရ၏မူဝါဒတွင် အဓိကကျသည့် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်ခဲ့သည်။ ဤကာလအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ သစ်တော၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု နယ်ပယ်များတွင် ဥပဒေများနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ရာ၌ ယခင် အတိတ်ကာလများထက် ပိုမိုပွင့်လင်းကာ မြင်သာမှုရှိခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် တရားဝင်အစိုးရသည် အမျိုးသားအဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒတစ်ရပ်နှင့် ၂၀၁၈ – ၂၀၃၀ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ ဤမူဝါဒများကို ရေးဆွဲ

ချမှတ်ရာတွင် လူမှုအဖွဲ့အစည်းနှင့် ထက်ထက်သန်သန်ဆွေးနွေးတိုင်ပင်မှုများ ပြုခဲ့သည့်အလျောက် ထိုမူဝါဒများအား လက်ခံနိုင်မှုမှာ အလွန် မြင့်တက်လာခဲ့သည်။

အောက်တွင် ဖော်ပြထားသည့် အာဏာသိမ်းမှုမတိုင်မီ ဥပဒေရေးရာ မူဘောင်အပေါ် အခြေခံ၍ ချဲ့ထွင်ဆောင်ရွက်ခြင်းဖြင့် အပါအဝင် မြန်မာနိုင်ငံသည် ၎င်းသဘောတူထားသည့် နိုင်ငံတကာ ကတိကဝတ်များအားပြည့်မီစေရန် သို့မဟုတ် ပိုမိုကောင်းမွန်စေရန်ပင် မည်သို့ မပျက်မကွက် ဆောင်ရွက်နိုင်မည်ကို အကူးအပြောင်းကာလအတွင်း မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအင်စတီကျူးရှင်းများအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ၎င်းသဘောတူထားသည့် နိုင်ငံတကာ ကတိကဝတ်များအား ပြည့်မီစေရန် သို့မဟုတ် ပိုမိုကောင်းမွန်စေရန်ပင် မည်သို့မပျက်မကွက် ဆောင်ရွက်နိုင်မည်ကို အကူးအပြောင်းကာလအတွင်း မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအင်စတီကျူးရှင်းများအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

အခန်း (၃)

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု

၃.၁. ရေရှည်တည်တံ့သည့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု

၃.၁.၁. မြေယာနှင့် စိုက်ပျိုးရေး

၃.၁.၁.၁. အဓိက စိန်ခေါ်မှုများနှင့် အဖြစ်အပျက်ပုံစံများ

မြေယာသည် မြန်မာနိုင်ငံရှိ ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အရေးပါသော အကြောင်းအရာတစ်ရပ် ဖြစ်သည်။ မြေမျက်နှာသွင်ပြင်ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် မြေယာအသုံးပြုမှုနှင့်စပ်လျဉ်း၍ ရွေးချယ်မှုများ ချမှတ်ဆောင်ရွက်သည့် နည်းဟန်သည် သဘာဝသယံဇာတစီမံခန့်ခွဲမှုအတွက် အခရာကျသည်။ မြန်မာနိုင်ငံရှိ မြေယာပြဿနာသည် အထူးပင်ရှုပ်ထွေးသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ ၅၁.၅ သန်းသော ပြည်သူများအနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် အခြေချနေထိုင်လျက် ရှိကြသည်။ ထို့ကြောင့် မြန်မာပြည်သူအများစုသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေယာအပေါ် အမှီသဟဲ ပြုရသည်။ တစ်ချိန်တည်းမှာပင် မြေယာအသုံးပြုမှုဆိုင်ရာ ရွေးချယ်မှုများသည် သဘာဝသယံဇာတများနှင့် အဆိုပါ သယံဇာတများထံမှ ပြည်သူများအနေဖြင့် ရရှိနိုင်သည့် အကျိုးအမြတ်များအပေါ် သိသာထင်ရှားစွာသက်ရောက်မှုရှိသည်။

ရှင်းလင်းတိကျကာ သဟဇာတဖြစ်သော ဥပဒေရေးရာ မူဘောင်ချမှတ်ထားမှုမရှိခြင်းသည် သဘာဝ ပတ်ဝန်းကျင်၊ အထူးသဖြင့် သစ်တောများကို ထိခိုက်စေသည်။ စိုက်ပျိုးမြေယာအဖြစ် အသုံးပြုရန်အတွက် သစ်တောများကို ခုတ်လှဲမွမ်းမံခြင်းသည် သစ်တောပြုန်းတီးမှု ဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်း ဖြစ်သည် (Woods 2015)။ ကိုလိုနီခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် စစ်အစိုးရအဆက်ဆက် အုပ်ချုပ်ခဲ့သည့်ခေတ်အပြင် ၂၀၁၁ ခုနှစ်မှ အစပြု၍ ဒီမိုကရေစီစနစ်သို့ ဖြည်းညင်းစွာကူးပြောင်းသည့် ဆယ်စုနှစ်အတွင်း၌ပါ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် မတူကွဲပြားသော ဥပဒေပေါင်း ၅၀ ကျော်အား စုပေါင်းစပ်ပေါင်းအသုံးပြု၍ မြန်မာနိုင်ငံရှိ မြေယာကို စည်းကြပ်ထိန်းကွပ်လျက် ရှိသည်။ ဤဥပဒေများသည် သဟဇာတညီညွတ်မှုမရှိသည့်အပြင် ပြဋ္ဌာန်းချက်များမှာကွဲလွဲဆန့်ကျင်နေသည့်အခြေအနေလည်းရှိသည်။ဖြိုတီသျှအစိုးရက ချမှတ်အသုံးပြုခဲ့သည့်

ရှင်းလင်းတိကျကာ သဟဇာတဖြစ်သော ဥပဒေရေးရာ မူဘောင်ချမှတ်ထားမှု မရှိခြင်းသည် သဘာဝပတ်ဝန်းကျင်၊ အထူးသဖြင့် သစ်တောများကို ထိခိုက်စေသည်။ စိုက်ပျိုးမြေယာအဖြစ် အသုံးပြုရန်အတွက် သစ်တောများကို ခုတ်လှဲမွမ်းမံခြင်းသည် သစ်တောပြုန်းတီးမှု ဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်း ဖြစ်သည်။

ပိုင်ဆိုင်မှုစာချုပ် မှတ်ပုံတင်သည့်စနစ်ကို ၁၉၆၀ ပြည့်နှစ်များကတည်းကပင် ထိန်းသိမ်းခြင်း သို့မဟုတ် စနစ်တကျ မွမ်းမံပြင်ဆင်ခြင်းမရှိပေ။ မြေယာပိုင်ဆိုင်မှု အခွင့်အရေးများအား အသိအမှတ်ပြုရန်၊ အကာအကွယ်ပေးရန်နှင့် မှတ်ပုံတင်ရန်အတွက် ချမှတ်ထားသည့် မြေယာစီမံအုပ်ချုပ်ရေးစနစ်များ ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိသော နယ်မြေများလည်း အများအပြားရှိသည် (Oberndorf 2016)။ ပြည်သူများသည် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများအား ဆုံးရှုံးနိုင်သည့် အလားအလာမြင့်မားပြီး ဆယ်စုနှစ်များစွာကြာပင် နေရာဒေသအနှံ့အပြား၌ မြေယာသိမ်းယူမှုများ ပေါ်ပေါက်ခဲ့သည် (Land in Our Hands Network 2015)။ နိုင်ငံတွင်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုလက်ခံပြီးသည့်နောက် မြေယာအပိုင်းအခြား အမြောက်အမြားကို စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွဲဝေပေးခဲ့သည်။ အကြီးစား စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွဲဝေပေးသည့် မြေယာပမာဏသည် ၂၀၁၀–၂၀၁၃ ခုနှစ်ကာလအတွင်း ၁၇၀ရာခိုင်နှုန်းမြင့်တက်သွားခဲ့သော်လည်း အဆိုပါပမာဏ၏ ငါးပုံတစ်ပုံတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည် (Woods 2015)။

မြန်မာနိုင်ငံ၏ မြေယာဥပဒေများနှင့် တရားဝင်သတ်မှတ်ထားခြင်း မဟုတ်သည့် ဓလေ့ထုံးတမ်းများနှင့် ကျင့်သုံးဆောင်ရွက်မှုများသည် မြေယာပိုင်ဆိုင်မှုနှင့် ထိန်းကွပ်စီမံမှုနယ်ပယ်ရှိ ဂျန်ဒါ မညီမျှမှုများကို ပိုမိုရှည်ကြာအမြစ်တွယ်စေပြီး ရလဒ်အဖြစ် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လိုက်လျောညီထွေ ရှင်သန်ပြောင်းလဲနိုင်စွမ်းကို ထိခိုက်စေသည်။ မြေယာကို ရယူခွင့်၊ ထိန်းကွပ်စီမံခွင့်နှင့် ပိုင်ဆိုင်ခွင့်အခိုင်အမာ မရှိခြင်းသည် 'အမျိုးသမီး လယ်လုပ်သားများအတွက် အဓိကအတားအဆီးများ' ဖြစ်ပြီး (ADB, UNDP, UNPF and UN Women 2016: 48) 'အမျိုးသမီးများ၏ မြေယာ ရယူခွင့်နှင့် ပိုင်ဆိုင်ခွင့်သည် အလွန်တရာပင် ခိုင်မာမှုမရှိပေ' (ADB, UNDP, UNPF and UN Women 2016: 49)။ ၂၀၁၃ ခုနှစ်၌ ထုတ်ပြန်ခဲ့သည့် ဥပဒေတစ်ရပ်မှ ပြဋ္ဌာန်းချက်ဖြစ်သည့် 'မြေယာအား အမျိုးသမီးများက တန်းတူညီမျှ အမွေဆက်ခံပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ကို အတိအလင်းအသိအမှတ်ပြုမည့်အစား မြေယာမှတ်ပုံတင်ရာတွင် အိမ်ထောင်ဦးစီး၏အမည်ဖြင့် မှတ်ပုံတင်ရမည်' ဟူသည်ကိုထောက်ရှု၍ အာဏာသိမ်းမှုမတိုင်မီ ဥပဒေရေးရာမူဘောင်၌ ဤအချက်ကိုထင်ရှားစွာ မြင်နိုင်သည်။ ထို့ပြင် ဓလေ့ထုံးတမ်းဥပဒေများသည် 'အများအားဖြင့် အမျိုးသမီးများကို မြေယာအား တန်းတူညီမျှရယူပိုင်ခွင့်၊ သို့မဟုတ် ထိန်းကွပ်စီမံပိုင်ခွင့် ပေးအပ်ထားခြင်းမရှိပေ။ ထိုသို့သောဥပဒေ အများအပြားသည် အမျိုးသားများကို စီးပွားရေးဆိုင်ရာနှင့် အိမ်ထောင်မိသားစုဆိုင်ရာ ကိစ္စရပ်များ၌ ဆုံးဖြတ်ပိုင်ခွင့် ပိုမိုမြင့်မားစွာ ပေးအပ်ထားသောကြောင့် ခင်ပွန်းသည်များ သို့မဟုတ် သားဖြစ်သူများက ပိုင်ဆိုင်မှုများကို အမွေဆက်ခံပိုင်ခွင့် ရရှိကြသည်' (ADB, UNDP, UNPF and UN Women 2016: 49)။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမွဲတေမှုလျော့ချခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါသည်။ နိုင်ငံ GDP ၏ ၂၈ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးကဏ္ဍမှရရှိပြီး အလုပ်အကိုင်ခန့်အပ်ထားရှိမှု စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန် ဝင်ငွေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့်သည်လည်း စိုက်ပျိုးရေးကဏ္ဍမှပင် ဖြစ်သည် (MOALI 2015; MONREC 2017)။ မြန်မာနိုင်ငံသည် ပြည်ပသို့ အသားတင် စားနပ်ရိက္ခာတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သော်လည်း ကျေးလက်ဒေသရှိဆင်းရဲနွမ်းပါးသူများမှာမူ စားနပ်ရိက္ခာနှင့် အာဟာရမဖူလုံမှုကို မြင့်မားစွာကြုံတွေ့ရဆိုင်ရလျက် ရှိသည် (MOALI 2015)။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍမှရရှိသည့် ပြည်ပပို့ကုန်ဝင်ငွေအား ထိခိုက်ခြင်းမရှိစေရန်

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍမှရရှိသည့် ပြည်ပပို့ကုန်ဝင်ငွေအား ထိခိုက်ခြင်း မရှိစေရန် ဂရုထားဆောင်ရွက်ကာ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာလိုအပ်ချက်မြင့်တက်လာမှုကို ကိုင်တွယ် ဖြေရှင်းရန် လိုအပ်ပေမည်။

ဂရုထားဆောင်ရွက်ကာ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာလိုအပ်ချက် မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပေမည်။ ဤအခြေအနေကြောင့် သဘာဝသယံဇာတအပေါ် ဖိအားများမြင့်တက်လာမည် ဖြစ်သည်။

အပူချိန်များမြင့်တက်လာမှုနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုအပြင် မိုးခေါင်မှုနှင့် ရေလွှမ်းမှုများ မကြာခဏဖြစ်လေ့ရှိသည့် အခြေအနေတို့ပေါင်းဆုံသည့်အခါ ရလဒ်အဖြစ် ရေတိုကာလအတွင်း သီးနှံများပျက်စီးဆုံးရှုံးခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးခြင်းတို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်အား လျော့ကျလာနိုင်ပြီး ရေရှည်ကုန်ထုတ်အားလည်း ကျဆင်းလာမည်ဖြစ်သည်။ လူသူအခြေချနေထိုင်ပြီး ကုန်ထုတ်စွမ်းအားရှိသော ပင်လယ်ကမ်းရိုးတန်းနယ်မြေများအနက် အချို့သည် အနာဂတ်တွင် ရေအောက်သို့ လုံးလုံးလျားလျားနစ်မြုပ်သွားနိုင်ပြီး အချို့ဒေသများမှာမူ မြေအောက်ရေစနစ်အတွင်းသို့ ပင်လယ်ရေစိမ့်ဝင်ခြင်း၊ မြေဆီလွှာဆားဓာတ်လွန်ကဲခြင်းနှင့် ပင်လယ်ကမ်းရိုးတမ်းတိုက်စားခြင်း ဖြစ်စဉ်များကို ကြုံတွေ့ရနိုင်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် အမျိုးသားများ ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်မှုတို့ကြောင့် အမျိုးသမီးများသည် စိုက်ပျိုးရေးနှင့် အိမ်ထောင်မိသားစု စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့်စပ်လျဉ်းသည့် အဓိကအခန်းကဏ္ဍများကို မဖြစ်မနေတာဝန်ယူဆောင်ရွက်ရသည့် အခြေအနေသို့ကျရောက်ပြီးဖြစ်သည်။ အနာဂတ်တွင် ကျေးလက်နေအမျိုးသမီးများသည် စိုက်ပျိုးရေးကဏ္ဍ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘေးဒဏ်ခံနိုင်စွမ်းကို တည်ဆောက်မြင့်တင်ရာတွင် မရှိမဖြစ်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေမည် ဖြစ်ပေသည် (Horton et al. 2017)။

ပုံ ၃ – မြန်မာနိုင်ငံ၏ အနာဂတ် ရာသီဥတု – လတ်တလော ခန့်မှန်းချက်များ



ရင်းမြစ် – Horton et al. (2017); MONREC (2017) မှ အကျဉ်းချုပ် ထုတ်နုတ်ထားသည်

၃.၁.၂. အာဏာသိမ်းမှုမတိုင်မီ အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

စစ်အာဏာသိမ်းမှုမတိုင်မီ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် မြေယာမူဝါဒနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အပြောင်းအလဲများသည် ပိုမိုရှင်းလင်းတိကျကာ ပြည်သူလူထုကို ပိုမို

အခြေပြုသည့် ဥပဒေပြုရေးနှင့် မူဝါဒမူဘောင်အဖြစ်သို့ ဦးတည်ပြောင်းလဲခြင်း မရှိခဲ့ပေ။ ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လယ်ယာမြေဥပဒေအားလုံးကို ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ရန်နှင့် အကြီးစားမြေယာအသုံးပြုမှုကို အားပေးတိုက်တွန်းရန်ရည်ရွယ်၍ ရေးဆွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဤဥပဒေများသည် တစ်နိုင်တစ်ပိုင် လယ်ယာမြေလုပ်ကိုင်သူများ၏ မြေယာပိုင်ဆိုင်မှုများထက် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးအမြတ်ကို ပိုမိုဦးစားပေးသောကြောင့် ဝေဖန်မှုများရှိခဲ့သည်။ 'မြေလွတ်' သို့မဟုတ် 'မြေလပ်' ဟူသည့် အနက်ဖွင့်ဆိုချက်များသည် ထိခိုက်အလွယ်ဆုံးအုပ်စုဝင်များ၏ မြေယာပိုင်ဆိုင်ခွင့်တောင်းခံမှုများအပေါ် သက်ရောက်ထိခိုက်စေခဲ့သည် (Oberndorf 2012)။ ဤဥပဒေများအား ၂၀၁၈ ခုနှစ် မွမ်းမံပြင်ဆင်ချက်များသည် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအပေါ် ခွဲခြားဆက်ဆံမှုကို ပိုမိုခိုင်မာစေရန် အားဖြည့်ပေးခဲ့သည်။

> စစ်အာဏာသိမ်းမှုမတိုင်မီ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် မြေယာမူဝါဒနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အပြောင်းအလဲများသည် ပိုမိုရှင်းလင်းတိကျကာ ပြည်သူလူထုကို ပိုမိုအခြေပြုသည့် ဥပဒေပြုရေးနှင့် မူဝါဒမူဘောင်အဖြစ်သို့ ဦးတည်ပြောင်းလဲခြင်းမရှိခဲ့ပေ။

ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးသည့်နောက် ၂၀၁၆ ခုနှစ် ဧန်နဝါရီလတွင် လွှတ်တော်သည် အမျိုးသားမြေအသုံးချမှု မူဝါဒ (NLUP) အသစ်တစ်ရပ်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်သည့် အစိုးရသည် NLUP ကို အကောင်အထည်ဖော်ရန်အလို့ငှာ ၂၀၁၈ ခုနှစ်တွင် အမျိုးသား မြေအသုံးချမှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ မူဝါဒသစ်သည် ရှိရင်းစွဲဥပဒေများအကြား သဟဇာတညီညွတ်မှု ဖော်ဆောင်ရန်နှင့် မြေယာဥပဒေသစ်တစ်ရပ် ရေးဆွဲချမှတ်ခြင်းအတွက် လမ်းညွှန်မှုပေးရန် ဦးတည်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှု ပြဿနာရပ်ကိုမူ ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပေ။

အာဏာသိမ်းမှုမတိုင်မီ ဥပဒေရေးရာမူဘောင်တွင် စီမံခန့်ခွဲမှု တာဝန်များကို ဗဟိုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များ၌ ရှုပ်ထွေးသော တည်ဆောက်ပုံများဖြင့် ဖွဲ့စည်းထားသည့် အရေအတွက် အနည်းဆုံး ၂၀ ရှိသည့် အစိုးရဌာနများအကြား ခွဲဝေချမှတ်ပေးထားသည် (Nixon 2018) –

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) သည် မြေယာမှတ်ပုံတင်စာရင်းနှင့် မြေစာရင်းမြေပုံများ မှတ်တမ်းတင်ထိန်းသိမ်းခြင်းကို ၎င်းလက်အောက်ရှိ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DOALMS) မှ မြို့နယ်အဆင့် ဌာနခွဲများကို အသုံးပြုဆောင်ရွက်ရန် တာဝန်ရှိသည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝသယံဇာတများနှင့် သစ်တောများအတွက် တာဝန်ရှိသည်။
- ဘဏ္ဍာရေး၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန လက်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းဆောင်ရွက်မှုများကို အကူအညီပေးကာ နိုင်ငံခြားကုမ္ပဏီများ မြေယာငှားရမ်းနိုင်ရန်အတွက် ပါမစ်များခွင့်ပြုပေးသည်။
- အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်သို့ ၂၀၁၉ ခုနှစ်၌ လွှဲပြောင်းပေးခြင်းမတိုင်မီ စစ်တပ်က အခြေခံဥပဒေအရ ထိန်းချုပ်ထားခဲ့သည့် ဝန်ကြီးဌာနသုံးခုအနက် တစ်ခုဖြစ်

သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် လက်တွေ့တွင် ကျေးရွာအုပ်စုအဆင့် ရုံးခွဲများမှတစ်ဆင့် မြေယာပြဿနာ ရပ်များနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ထိန်းကွပ်စီမံနိုင်စွမ်း ရှိခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တစ်စိတ်တစ်ပိုင်းဖက်ဒရယ်ဆန်သည့် ပုံစံအရ သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် အချို့သော မူဝါဒနယ်ပယ်များရှိ ဥပဒေပြုရေး အာဏာကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားခြင်းသို့မဟုတ် ပြည်ထောင်စုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဒေသဆိုင်ရာအဆင့်များအကြား ခွဲဝေထားခြင်းဖြစ်သည့်အတွက် စီစဉ်ထားရှိမှု အမျိုးမျိုးလည်း ပေါ်ပေါက်လာရသည်။

မြေယာအငြင်းပွားမှု ဖြေရှင်းရေးယန္တရားများသည်လည်း ရှင်းလင်းတိကျမှုမရှိဘဲ အားကိုးအားထားပြုနိုင်သည့် အခြေအနေမရှိသည့်အပြင် ၂၀၁၂ ခုနှစ် မတိုင်မီအထိ ၎င်းတို့ကို ချမှတ်ပြဋ္ဌာန်းထားခြင်းလည်း မရှိပေ။ ၂၀၁၂ ခုနှစ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းခြင်းကြောင့် မတူညီသော အဖွဲ့အစည်းနှစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းဖွဲ့စည်းသည့် အင်စတီကျူးရှင်းများ၏ လွှမ်းမိုးမှုနယ်ပယ်ပြင်ပသို့ ကျရောက်နေသော အချို့နယ်မြေများကို စီမံအုပ်ချုပ်သည့် ကရင်အမျိုးသား အစည်းအရုံး (KNU) သည် အဆိုပါ ကာလအပိုင်းအခြားအတွင်း ၎င်းစီမံအုပ်ချုပ်ခဲ့သည့် နယ်မြေဒေသများအတွက် ၎င်းကိုယ်ပိုင် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ သို့ရာတွင် လက်တွေ့ခ်ဥ်မှု စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ သတ်မှတ်ထားမှု မရှိခြင်းကြောင့် ပြည်သူများသည် ၎င်းတို့၏ အငြင်းပွားမှုများကို မိမိနည်းဟန်ဖြင့်သာ ဖြေရှင်းခဲ့ကြသည် (Moore, 2019)။

> ၂၀၁၆ – ၂၀၃၀ မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (MONREC 2017) သည် ၂၀၁၉ ခုနှစ် ရာသီဥတုပြောင်းလဲမှု မူဝါဒအား အကောင်အထည်ဖော်ရန် အတွက် အဓိကလမ်းညွှန်အဖြစ် ယခုထက်တိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

၂၀၁၆ – ၂၀၃၀ မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (MONREC 2017) သည် ၂၀၁၉ ခုနှစ် ရာသီဥတုပြောင်းလဲမှု မူဝါဒအား အကောင်အထည်ဖော်ရန် အတွက် အဓိကလမ်းညွှန်အဖြစ် ယခုထက်တိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ၎င်းတွင် ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် တို့ပြန်ဆောင်ရွက်မှုများကို ဖော်ပြထားသည်။ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်သည် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်နှင့် သယံဇာတပြုန်းတီးမှုနှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ကျင့်သုံးမှုအလေ့အထများကို မိတ်ဆက်ပေးကာ စားနပ်ရိက္ခာ ဖူလုံမှုနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း မဟာဗျူဟာများကို ထောက်ပံ့ကူညီပေးရန်အတွက် ရာသီဥတုအား ထည့်သွင်းစဉ်းစားမှုရှိသည့် တို့ပြန်ဆောင်ရွက်မှုများကိုမြှင့်တင်ရန် ရည်ရွယ်ရေးဆွဲထားသည်။

၃.၁.၁.၃. အာဏာသိမ်းမှုအလွန် မူဝါဒများနှင့် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုဖြစ်ပွားချိန်မှ အစပြု၍ ကြုံတွေ့ရသည့် မြေယာစီမံခန့်ခွဲမှု အရှုပ်အထွေးများသည် အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေရေးရာနှင့် မူဝါဒဆိုင်ရာမူဘောင်တွင် ၎င်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားစွာ အနက်ဖွင့်ဆိုဖော်ပြထားခြင်း မရှိသေးကြောင်း ညွှန်ပြလျက်ရှိသည်။ သို့ရာတွင် အခြေခံမူများနှင့် ရေတို အစီအမံများမှာမူ ချမှတ်ပေါ်ထွက်လာပြီး ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် 'ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ အားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ်သားများဖြစ်သည်' ဟု ဖော်ပြထားသည် (ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်၊ အပိုင်း ၁၊ အပိုဒ် ၁၉)။

သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကြားကာလ သယံဇာတစီမံအုပ်ချုပ်ရေး မူဘောင် (IRMF) နှင့်စပ်လျဉ်း၍ (NUG MONREC 2022) မြေယာသည် NUG MONREC အနေဖြင့် နှစ်ပတ်တစ်ကြိမ် ကျင်းပသည့် အလွတ်သဘော အစည်းအဝေးများတွင် ဆွေးနွေးတိုင်ပင်သည့် အကြောင်းအရာတစ်ရပ်ဖြစ်ပြီး သစ်တောများနှင့် ဆက်နွယ်၍လည်း သွယ်ဝိုက်ဆွေးနွေးခြင်းပြုသည်။ ယခုအချိန်၌ MONREC အနေဖြင့် ချမှတ်ထားသည့် အခြေခံမူများမှာ –

- မြေယာ စီမံအုပ်ချုပ်မှုကို ဗဟိုချုပ်ကိုင်မှုဖြေလျှော့၍ ဖက်ဒရယ်ယူနစ်များထံသို့ ဒီမိုကရေစီနည်းကျ ခွဲဝေပေးအပ်သင့်သည်။
- အနာဂတ် မြေယာစနစ်များချမှတ်ရာတွင် လူမှုအသိုက်အဝန်းကို ဗဟိုပြု၍ ချမှတ်သင့်သည်။
- ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုကို မဖြစ်မနေ အသိအမှတ်ပြုကာ မြေယာအသုံးချမှုဆိုင်ရာ စီမံကိန်းရေးဆွဲရာ၌ အောက်မှအထက်သို့ တင်ပြဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ကျင့်သုံးသင့်သည်။

သက်ဆိုင်ပါဝင်သူ အများစုအနေဖြင့် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ် လုံးလုံးလျားလျား အသွင်ပြောင်းလဲခြင်းကို တွေ့မြင်လိုကြသည်။

- ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့် စနစ်တွင်ပင် ပြည်နယ်များအတွင်း မှီတင်းနေထိုင်သည့် လူနည်းစုများ၏ အခွင့်အရေးများနှင့် ပြည်နယ်များအကြား သယံဇာတများ ခွဲဝေခြင်းကဲ့သို့ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖက်ဒရယ်အဆင့်တွင် ဥပဒေများချမှတ်ထားရှိရန် လိုအပ်မည်ဖြစ်သည်။
- လူအခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ ဂျန်ဒါစံသတ်မှတ်ချက်များနှင့် ဌာနေတိုင်းရင်းသားလူမျိုးများအပါအဝင် လူနည်းစုများ၏ အခွင့်အရေးများကို အုတ်မြစ်ချအခြေခံမူများအဖြစ် IRMF ကိုယ်၌က မီးမောင်းထိုးဖော်ပြထားသည် (NUG MoNREC 2022 အခန်း ၂(ခ))။

ရေတိုတွင် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ IRMF နှင့် မကြာသေးမီက NUG MONREC[၃] နှင့် အလွတ်သဘော ဆောင်ရွက်ခဲ့သည့် ဆွေးနွေးတိုင်ပင်မှုများအရ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား မှတ်တမ်းတင်ရန်နှင့် အကြီးစားသစ်တော၊ သတ္ထုတူးဖော်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာသိမ်းယူမှု ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို တန်ပြန်ဖြေရှင်းရန် (NUG MONREC 2022 အခန်း ၅)၊ နှင့် လွတ်မြောက်နယ်မြေများ၌ မြေယာအသုံးချမှု စီမံကိန်းရေးဆွဲရာ၌ အောက်မှအထက်သို့ တင်ပြဆောင်ရွက်သည့် နည်းဟန်များကို အသုံးပြုနိုင်ရန်အတွက် လမ်းညွှန်ချက်ပေးရန် ရေတိုလုပ်ငန်းအဆင့်များကို ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း ဖော်ပြနေသည် (NUG MONREC 2022 အခန်း ၇)။

---

၃ မြန်မာနိုင်ငံ မြေယာစီမံအုပ်ချုပ်မှုအနာဂတ်ဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ၊ MONREC။

၃.၁.၂. သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ

၃.၁.၂.၁. အဓိက စိန်ခေါ်မှုများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

၂၀၀၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြားတွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းနယ်မြေ ဆုံးရှုံးမှုမှာ တစ်ကမ္ဘာလုံး၌ တတိယနေရာသို့ရောက်ရှိခဲ့ပြီး တစ်နှစ်လျှင် ၅၄၆,၀၀၀ ဟက်တာ နှုန်းထားဖြင့် သစ်တောပြုန်းတီးမှုဖြစ်ပွားခဲ့ကာ အင်ဒိုနီးရှားနှင့် ဘရာဇီးနိုင်ငံတို့သည်သာလျှင် အဆိုပါ နှုန်းထားထက် သစ်တောဆုံးရှုံးမှုနှုန်းမြင့်မားခဲ့ပြီး ဆုံးရှုံးခဲ့ရသည့် သစ်တောဖုံးလွှမ်းနယ်မြေသည် စုစုပေါင်း သစ်တောအကျယ်အဝန်း၏ ၁.၈ ရာခိုင်နှုန်းရှိသည် (Krakstad et al. 2015)။ သစ်တော ပြုန်းတီးမှု ဖြစ်ပွားစေသည့် အဓိက အကြောင်းရင်းများမှာ မြေမျက်နှာသွင်ပြင်ဆိုင်ရာစီမံကိန်းရေးဆွဲမှုမရှိခြင်း၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သဘာဝပတ်ဝန်းကျင်နှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများကို စိုက်ပျိုးရေး၊ သတ္ထုတူးဖော်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာမူဝါဒများနှင့် ညှိနှိုင်းမှုမ်းမံမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် အဂတိလိုက်စားခြင်းတို့ ဖြစ်သည် (Rao et al. 2013; Forest Trends 2022)။ သမိုင်းကြောင်းအရ သစ်တောကဏ္ဍ၌ လာဘ်ထိုးခြင်းသည် ယခင်စစ်အစိုးရများ လက်ထက်တွင် စတင်ပေါ်ပေါက်လာခဲ့သည့် တရားမဝင်လုပ်ငန်းများနှင့် ဆက်နွယ်နေသည်။ Forest Trends ၏ စိတ်ဖြာလေ့လာမှုများအရ ထိုသို့ လာဘ်ထိုး၍ လုပ်ငန်းကိုဆောင်ရွက်ခြင်းကြောင့် ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုသည် ၂၀၁၄–၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၃.၅ ဘီလီယံကိုပင် ကျော်လွန်နိုင်သည် (Forest Trends 2022)။

၂၀၀၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြားတွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းနယ်မြေ ဆုံးရှုံးမှုမှာ တစ်ကမ္ဘာလုံး၌ တတိယနေရာသို့ ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ သစ်တောများသည် နိုင်ငံအနေဖြင့် လက်ခံသဘောတူထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်များတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဇယား ၃.၁ တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် သစ်ရင်းမြစ်ဖြစ်သော သစ်တောဖုံးလွှမ်းနယ်မြေကို ၂၀၃၀ ခုနှစ်တွင် နိုင်ငံပိုင်မြေ၏ ၃၀ ရာခိုင်နှုန်းအထိ ချဲ့ထွင်ရန် NDC များတွင် ထည့်သွင်း၍ ကတိကဝတ်ပြုထားသည် (၂၀၂၁ ခုနှစ် ဇွန်လတွင် ၂၅.၆၁ ရာခိုင်နှုန်းသို့ ရောက်ရှိပြီးဖြစ်သည်)။ မြန်မာနိုင်ငံရှိ သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူနိုင်စွမ်းမြင့်မားပြီး ထိုသစ်တောများ ပြုန်းတီးခြင်းက ဖန်လုံအိမ်ဓာတ်ငွေ့များ အများအပြား ထုတ်လွှတ်ခြင်းကို ဖြစ်ပေါ်စေသည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မြန်မာနိုင်ငံမှ ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများ ကွန်ရက်ကို ၂၀၃၀ ခုနှစ်တွင် နိုင်ငံပိုင်မြေ၏ ၁၀ ရာခိုင်နှုန်းအထိချဲ့ထွင်ရန် ကတိကဝတ်ပြုထားသည် (၂၀၂၁ ခုနှစ် ဇွန်လတွင် ၆.၀၈ ရာခိုင်နှုန်းသို့ ရောက်ရှိပြီးဖြစ်သည်)။

မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါးသည် ဇီဝမျိုးစုံမျိုးကွဲနှင့် နေရာဒေသတစ်ခုတွင်သာ ပေါက်ဖွားသည့် ဇီဝမျိုးစိတ်များ မြင့်မားစွာတည်ရှိနေနိုင်ရန် အခြေအနေများရှိနေသည့် ကမ္ဘာတဝန်းရှိ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အဓိကနယ်မြေ ၃၅ ခုအနက် တစ်ခုဖြစ်သော အင်ဒို-ဘားမား ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အဓိကနယ်မြေအတွင်း တည်ရှိနေသည် (Mittermeier 2004)။ အင်ဒို-ဘားမား အဓိကနယ်မြေသည် အစားထိုးနိုင်စွမ်းမရှိသည့် ကမ္ဘာတဝန်းရှိ ထိပ်ဆုံးအဓိကနယ်မြေ ၁၀ ခုအတွင်းနှင့် ထိခိုက်ပျက်စီးမှု အန္တရာယ်ကိုကြုံတွေ့နေရသည့် ထိပ်ဆုံးအဓိကနယ်မြေ ၅ ခုအတွင်း စာရင်းဝင်သည်။ မြန်မာနိုင်ငံအတွင်း၌ နှင်းများအမြဲတမ်းဖုံးလွှမ်းလျက်ရှိသော တောင်တန်းများနှင့် ရေခဲတောင်များမှစ၍ ကျယ်ပြန့်စွာတည်ရှိနေသော သစ်တောများ၊ အဓိက မြစ်ကြီးများ၊ ကြီးမားကျယ်ဝန်းသော မြစ်ဝှမ်းဒေသ၊ ရာသီဥတု ပူပြင်းခြောက်သွေ့သော ကုန်းမြင့်ဒေသ၊ ပင်လယ်ကျွန်းများ

ရှိသည့် ရှည်လျားသောပင်လယ်ကမ်းရိုးတန်း၊ အဖိုးတန်သော ကမ်းရိုးတန်းနှင့် အဏ္ဏဝါမျိုးစိတ်များ ကျက်စားရာဒေသများအထိ ဂေဟစနစ် အမျိုးမျိုးကို သာမန်ထက်ထူးကဲစွာ ပိုင်ဆိုင်ထားသည်။ ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ခန့်မှန်းချက်တစ်ရပ်အရ ကမ္ဘာတဝန်း၌ မျိုးသုဉ်းမည့်အန္တရာယ်ကို ကြုံတွေ့နေရသည့် မျိုးစိတ်ပေါင်း ၂၃၃ ခုကို အတည်ပြုနိုင်ခဲ့ပြီး ၎င်းတို့အနက် ၆၅ ခုမှာ စိုးရိမ်အဆင့်သို့ ရောက်ရှိနေပြီး ၃၇ ခုမှာမူ အထူးစိုးရိမ်ရသည့် အခြေအနေတွင်ရှိသည် (Rao et al. 2013)။

သစ်တောပြုန်းတီးခြင်းနှင့် ကျက်စားရာဒေသများ ဆက်စပ်ဆုံးရှုံးရခြင်းအပြင် မြန်မာနိုင်ငံ၌ မျိုးသုဉ်းမည့် အန္တရာယ်ကိုကြုံတွေ့နေရသည့် မျိုးစိတ်များသည် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းခံနေရသည့် ဓားစာခံသားကောင်များ ဖြစ်ကြသည်။ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF) သည် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ Facebook ပေါ်တွင်ရောင်းချရန် ကြော်ငြာထားသည့် ကာကွယ်ထိန်းသိမ်းရမည့် တောရိုင်းတိရစ္ဆာန် မျိုးစိတ် ၁၇၃ ခုကို အတည်ပြုဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၅၄ ခုသည် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ မျိုးသုဉ်းမည့်အန္တရာယ်အား အနီရောင်အဆင့် ကြုံတွေ့နေရသည့် မျိုးစိတ်များစာရင်းတွင် အပါအဝင်ဖြစ်သည် (WWF 2021)။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ သတ်မှတ်ထားသော ကာကွယ်ထိန်းသိမ်းထားသည့်နယ်မြေများ ကွန်ရက်သည် ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှပမာဏဖြစ်သော ၁၄.၈ ရာခိုင်နှုန်းအောက် သိသာထင်ရှားစွာလျော့နည်းနေသည်။ ထို့ပြင် ဘဏ္ဍာရန်ပုံငွေနှင့် လူစွမ်းအားအရင်းအမြစ်များ တိုးမြှင့်ပေးခြင်းမရှိပါက မြန်မာနိုင်ငံရှိ ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများသည် 'စာရွက်ပေါ်တွင်သာရှိသော ကာကွယ်တောများ' အဖြစ်ထက် ပိုမည်မဟုတ်ပေ။

ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများကို ချဲ့ထွင်ခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာမည့် လူမှုဆိုင်ရာအကျိုးဆက်များကို လျှော့ပေါ့တွက်ဆခြင်းမပြုသင့်ပေ။ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကြောင့် ကမ္ဘာတဝန်းနှင့် ဒေသတွင်းအဆင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြောင်းကို ကောင်းစွာ အသိအမှတ်ပြုထားသော်လည်း နယ်မြေများ ကာကွယ်ထိန်းသိမ်းခြင်းအတွက် လဲလှယ်ပေးချေရသည့် မြေယာဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးခြင်းကဲ့သို့ အဖိုးအခကိုမူ အများအားဖြင့် ဒေသခံပြည်သူများက ပေးဆပ်ရလေ့ရှိသည်။ ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေသစ် သတ်မှတ်ခြင်း၏ လူမှုဆိုင်ရာအကျိုးဆက်များကို စေ့စပ်သေချာစွာ ဆန်းစစ်လေ့လာသင့်ပြီး ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများအပေါ် လေးစားသမှုရှိစေရန်နှင့် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခြင်းရှိစေရန်ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲဆောင်ရွက်သင့်သည်။ အာဏာသိမ်းမှုအလွန်၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် ဒေသခံလူမှုအသိုက်အဝန်းများနှင့် မည်သို့မျှ ဆွေးနွေးတိုင်ပင်မှုမပြုဘဲ ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေသစ်များကို တရားဥပဒေမဲ့သတ်မှတ်နိုင်သည့် အလားအလာရှိသည်။

ဂျန်ဒါ တန်းတူညီမျှမှုမရှိခြင်းများသည်လည်း သစ်တောကဏ္ဍတွင် အန္တရာယ်ဖြစ်နိုင်ခြေများကို ဖန်တီးလျက်ရှိသည်။ သစ်လုပ်ငန်းကဏ္ဍတွင် ကြီးစိုးလုပ်ကိုင်နေသူများမှာ အမဲလိုက်ခြင်းကိုလည်းလုပ်ဆောင်သော အမျိုးသားများဖြစ်သည်။ 'ဤလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများသည် မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် ဝါးနှင့် ကြိမ်၊ မှိုများ၊ အစေ့အဆံများနှင့် ဆေးဘက်ဝင်အပင်များကဲ့သို့ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအား ရှာဖွေစုဆောင်းသူများ၊ ရက်ချုပ်

ထုတ်လုပ်သူများ၊ နှင့် အသုံးပြုသူများအဖြစ် ဆောင်ရွက်ပါဝင်ကြသည်' (ADB, UNDP, UNPF and UN Women 2016: 54)။ သစ်တောအရည်အသွေး လျော့ကျခြင်းကြောင့် ဂျန်ဒါများအားလုံးအပေါ် ထိခိုက်သက်ရောက်မှုရှိသော်လည်း သစ်လုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများသည် အမျိုးသားများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်သည့် အလားအလာ ပိုမိုမြင့်မားသော်လည်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအပေါ် အမှီသဟဲပြုသည့် အမျိုးသမီးများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမူ ထိခိုက်စေကာ အရေးပေါ် အခြေအနေများနှင့် ဘေးဒဏ်ကြုံချိန်များတွင် အထူးပင်အရေးပါသည့် အိမ်ထောင်မိသားစု၏ စားနပ်ရိက္ခာဖူလုံမှုအတွက် အမျိုးသမီးများ၏ ပါဝင်အားဖြည့်ထောက်ကူနိုင်စွမ်းကိုပါ ထိခိုက်စေနိုင်သည့် အလားအလာရှိသည်။

၃.၁.၂.၂. အာဏာသိမ်းမှုမတိုင်မီ အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံရှိ သစ်တောများကို စီမံထိန်းသိမ်းရန်မှာ MONREC ၏ တာဝန်ဖြစ်ပြီး ၎င်းအနေဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ အရည်အသွေးလျော့ကျနေသော သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောနှင့် လမုတောများ ထိန်းသိမ်းကာကွယ်ခြင်းကို ဆောင်ရွက်ခဲ့ရသည်။ ၁၉၉၅ ခုနှစ် အမျိုးသားသစ်တောမူဝါဒ၌ သစ်ထုတ်လုပ်ရေးအတွက် အသုံးပြုနိုင်သည့် အမြဲတမ်းသစ်တောများ၊ ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသုံးစွဲရန်အတွက် သတ်မှတ်ချက်များနှင့်အညီ ခုတ်လှဲပိုင်ခွင့်ရှိသည့် ဦးစားပေးအဆင့်နိမ့် သစ်များရှိသော ပြည်သူ့ကာကွယ်တောများ၊ နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးကြောင့် မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်သည့် ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများဟူ၍ မတူညီသော သစ်တောအမျိုးအစားများကို ၁၉၉၅ ခုနှစ် အမျိုးသား သစ်တောမူဝါဒတွင် ဖော်ပြထားသည်။

သစ်တောလုပ်ငန်းကဏ္ဍသည် စီးပွားရေးအရ တန်ဖိုးမြင့်မားပြီး အတိတ်ကာလများ၌ နိုင်ငံတော်ဘဏ္ဍာသို့ စီးဝင်ခြင်းမရှိခဲ့သည့်အတွက် အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံအစိုးရသည် သစ်တောလုပ်ငန်းကဏ္ဍကို ခေတ်နှင့်အညီ မွမ်းမံပြောင်းလဲရန်အတွက် စူးစူးစိုက်စိုက် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကျေးလက်နေပြည်သူ ၆၀–၈၀ ရာခိုင်နှုန်းအတွက် ထင်းသည် အဓိက စွမ်းအင်ရင်းမြစ်ဖြစ်ပြီး ဒေသခံလူမှုအသိုက်အဝန်းများအတွက် အဖိုးမဖြတ်နိုင်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ကမ္ဘာတဝန်းလူသိများကျော်ကြားသည့် သဘာဝဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများကိုလိုက်နာရန် ရည်ရွယ်ကြိုးပမ်းခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် သစ်တော၌ပဒေသစ်ကိုပြဋ္ဌာန်းခဲ့ကာ ဆက်စပ်နည်း၌ပဒေများကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အလျောက် သစ်တောလုပ်ငန်းကဏ္ဍ၏ ဥပဒေရေးရာအခင်းအကျင်းသည် အာဏာသိမ်းမှုမတိုင်မီ နှစ်များအတွင်း လျင်မြန်စွာပင် ပြောင်းလဲလာခဲ့သည်။

မြန်မာ့သစ်လုပ်ငန်း (MTE) သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း (SEE) ဖြစ်ပြီး သစ်လုပ်ငန်းရောင်းဝယ်ဖောက်ကားရေးတွင် အခိုင်အမာနေရာယူထားနိုင်သည်။ MONREC လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့်အလျောက် MTE သည် သစ်လုပ်ငန်းကဏ္ဍတစ်ခုလုံးအပေါ် ဩဇာလွှမ်းမိုးနိုင်သည်။ တရားဝင် ထောက်ပံ့ဖြည့်ဆည်းကွင်းဆက်တွင် သစ်ကို ၎င်းထံမှသာလျှင် ဝယ်ယူရရှိနိုင်သည်။ MTE သည် ဘဏ္ဍာရန်ပုံငွေများ အလွဲသုံးစားပြုခြင်း၊ သစ်များကို ဈေးကွက်တန်ဖိုးအောက် ချိန်မှတ်ရောင်းချခြင်းနှင့် တရားမဝင် သစ်များအား ခဝါချခြင်းတို့ကို ပံ့မှန်ဆောင်ရွက်ခဲ့သည့် သမိုင်း

မှတ်တမ်းရှိခဲ့ဖူးသည်။ ၂၀၂၁ ခုနှစ် ကာလ၌ အာဏာသိမ်းမှုမတိုင်မီ အစိုးရသည် ဤအဂတိလိုက်စားမှု နောက်ကွယ်ရှိ အကြောင်းရင်းခံများအနက် အချို့ကိုဖြေရှင်းပြီးဖြစ်ကာ အထွေထွေဘဏ္ဍာငွေအတွက် အလွန်အမင်းလိုအပ်လျက်ရှိသည့် ဝင်ငွေများကို ဖြည့်သွင်းနိုင်ခဲ့သည် (Blundell 2022)။ သို့ရာတွင် အာဏာသိမ်းမှုအလွန်တွင်မူ တရားမဝင်လုပ်ငန်းဆောင်ရွက်မှုများ ပြန်လည်ပေါ်ပေါက်လာနိုင်ပေသည်။ အာဏာသိမ်းမှုမတိုင်မီက MTE တွင် လခစားဝန်ထမ်းပေါင်း ၃၀,၀၀၀ ရှိခဲ့သည်။ ဤလုပ်ငန်းကဏ္ဍ၏ ရှုပ်ထွေးမှုကြောင့် MOPFI အနေဖြင့် ၎င်းအား ပြုပြင်ပြောင်းလဲဖွဲ့စည်းရန် အစီအစဉ်အတွင်းထည့်သွင်းမည့် အထူးအရေးပါသော SEE အဖြစ် သတ်မှတ်ခြင်း မရှိခဲ့ပေ။ သို့ရာတွင် အာဏာသိမ်းမှုမတိုင်မီက MTE အား ခေတ်နှင့်အညီ မွမ်းမံပြောင်းလဲခြင်းကို မပျက်မကွက် ဆောင်ရွက်ရန်အတွက် ပညာရှင်အကြံပြုချက်ကို MONREC အနေဖြင့် လက်ခံရရှိခဲ့သည်။[၄] စစ်အာဏာရှင်၏ နိုင်ငံခြားငွေ စီးဆင်းရရှိမှုအား ထိန်းချုပ်ကန့်သတ်ရန်အတွက် ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုက စစ်အာဏာသိမ်းမှုပြီးနောက်တွင် MTE ကို ၎င်းတို့၏ ပိတ်ဆို့အရေးယူထားသည့် အဖွဲ့အစည်းများစာရင်းသို့ သွတ်သွင်းခဲ့ကြသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် ချမှတ်ထားသည့် ဥပဒေရေးရာမူဘောင်ကြောင့် ဒေသခံ လူမှုအသိုက်အဝန်းများအနေဖြင့် သစ်တောအတွင်းရှိ အပိုင်းတစ်ပိုင်းကို စီမံခန့်ခွဲကာ သယံဇာတများခွဲဝေအသုံးပြုခွင့် ရရှိနိုင်သော်လည်း ၎င်းမှာလက်တွေ့ကျင့်သုံးရန် အခက်အခဲရှိပေသည်။ ၂၀၁၉ ခုနှစ် မြန်မာ့သစ်တော နည်းဥပဒေများနှင့် ၂၀၁၉ ခုနှစ် အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအပေါ် အခြေခံထားသည့် ဥပဒေရေးရာမူဘောင်သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် အကြောင်းအရာများထပ်နေကာ ဝင်ငွေရရှိနိုင်ပြီး ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ချမှတ်လုပ်ကိုင်နိုင်ရန်အတွက် ဒေသခံလူမှုအသိုက်အဝန်းများအနေဖြင့် နည်းပညာဆိုင်ရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို အမြောက်အမြား လိုအပ်မည်ဖြစ်သည် (International Finance Corporation 2018)။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် ချမှတ်ထားသည့် ဥပဒေရေးရာမူဘောင်ကြောင့် ဒေသခံလူမှုအသိုက်အဝန်းများအနေဖြင့် သစ်တောအတွင်းရှိ အပိုင်းတစ်ပိုင်းကို စီမံခန့်ခွဲကာ သယံဇာတများ ခွဲဝေအသုံးပြုခွင့် ရရှိနိုင်သော်လည်း ၎င်းမှာ လက်တွေ့ကျင့်သုံးရန် အခက်အခဲရှိပေသည်။

၂၀၁၈ ခုနှစ် ဧဝမျိုးစုံမျိုးကွဲနှင့် ကာကွယ်ထိန်းသိမ်းထားသည့်နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဥပဒေတွင် ဒေသခံလူမှုအသိုက်အဝန်းများအတွက် ပိုမိုအရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ကို ပြဋ္ဌာန်းထားသည်။ ဤဥပဒေတွင် လူမှုအသိုက်အဝန်းက ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများ (CPA များ) ကို ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေအမျိုးအစားတစ်ရပ်အဖြစ် အသိအမှတ်ပြုထားပြီး အဆိုပါနယ်မြေများအား စီမံခန့်ခွဲခြင်းအတွက် သစ်တောဦးစီးဌာနက ‘နည်းပညာဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီမှုပေးခြင်း’ တို့ကို ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဒေသခံလူမှုအသိုက်အဝန်းများနှင့် ပူးတွဲစီမံခန့်ခွဲခြင်း၊ ဒေသခံလူမှုအသိုက်အဝန်းများ၏ လူမှု–စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြားခံများ (buffer zone) သတ်မှတ်ခြင်းတို့ကိုဆောင်ရွက်ရန် ခွင့်ပြုပေးနိုင်သည့် အခွင့်အာဏာကိုလည်း ဥပဒေအရ MONREC ထံသို့ပေးအပ်ထားသည်။ CPA အခြေခံမူအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ကာ ဒေသခံလူမှုအသိုက်အဝန်းများ၏ ဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့်ကို ချဲ့ထွင်ပေးရန်လုပ်ဆောင်နိုင်သော်လည်း အဆိုပါအခြေအနေသည် အစကောင်းပင် ဖြစ်ပေသည်။

---

၄ Blessing, D., ‘Options to Restructure and Reform Myanmar Timber Enterprise’၊ ထုတ်ဝေထားခြင်း မရှိ၊ ၂၀၁၉၊ ဖတ်ရှုလိုပါက တောင်းခံနိုင်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (The Salween Peace Park) သည် CPA ၏ ဥပမာတစ်ခုပင် ဖြစ်သည်။ သံလွင်မြစ်ဝကျွန်းပေါ်ဒေသတွင် ငြိမ်းချမ်းရေးဥယျာဉ်ဖွင့်လှစ်ကြောင်း ကြေညာချက်သည် ကရင်လူမျိုးများ၏ အဓိကဦးတည်ချက်ပန်းတိုင်များဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ထိခိုက်ညစ်ညမ်းမှုကင်းသော သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းရှင်သန်မှုတို့ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ ယခုထက်တိုင် ကျန်ရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲပေါများကြွယ်ဝသော ဒေသအများစုရှိ ဒေသခံလူမှုအသိုက်အဝန်းများသည် သစ်တောနှင့် သစ်တောတွင်း သယံဇာတများနှင့် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ခြင်းကြောင့် အခြားသောလူမှုအသိုက်အဝန်းများ၏ ၎င်းတို့၏ သယံဇာတများအား စီမံခန့်ခွဲနိုင်စွမ်းကို အသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ပေးခြင်းသည် လူမှုအသိုက်အဝန်းဦးဆောင်သည့် ထိန်းသိမ်းကာကွယ်ခြင်းကို မိတ်ဆက်ပေးရာတွင် များစွာ အထောက်အကူပြုနိုင်သည့် အလားအလာရှိသည်။

၃.၁.၂.၃. အာဏာသိမ်းမှုအလွန် မူဝါဒများနှင့် အင်စတီကျူးရှင်းဆိုင်ရာ စိစဉ်ထားရှိမှုများ

အာဏာသိမ်းမှုအလွန် NUG MONREC က မူဝါဒသစ်ကို မူကြမ်းရေးဆွဲခြင်းနှင့် အနာဂတ် ဥပဒေပြုခြင်းအတွက် ပုံစံချခြင်းများ ဆောင်ရွက်နေစဉ်တွင် အာဏာသိမ်းမှုမတိုင်မီ ရှိရင်းစွဲဥပဒေများနှင့် မူဝါဒများကို ဆက်လက်ကျင့်သုံးလျက်ရှိသည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်၊ အပိုင်း ၁၊ အပိုဒ် ၂၀ တွင် 'ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်ကလွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်' ဟု ဖော်ပြထားသည်။

NUG MONREC ၏ ဖွဲ့စည်းပုံသည် အာဏာသိမ်းမှုမတိုင်မီ ဖွဲ့စည်းပုံနှင့်ဆင်တူကာ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို ယခင်နှင့်တူညီစွာ ဖွဲ့စည်းထားသော်လည်း သတ္ထုတူးဖော်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းအရေအတွက်မှာမူ ယခင်ထက် ပိုမိုနည်းပါးသည်။ NUG MONREC အတွက် အမှီအခိုကင်း သီးခြားလွတ်လပ်သော အကြံပေးအဖွဲ့အဖြစ် ထမ်းဆောင်ရန်အတွက် သဘာဝအရင်းအမြစ်ဆိုင်ရာ ဖက်ဒရယ်လုပ်ငန်းအဖွဲ့ (Resource Federalism Task Force) ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့တွင် တစ်သီးပုဂ္ဂလပညာရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ဝန်ကြီးဌာန၏လက်အောက်ခံ မဟုတ်ပေ။ MONREC သည် သဘာဝအရင်းအမြစ်ဆိုင်ရာ ဖက်ဒရယ်စနစ် သဘောတရားအကြောင်း သိမြင်နားလည်မှုနှင့် သဘောတရားပါ မတူကွဲပြားသောရှုထောင့်များအား နားလည်မှုကို မြှင့်တင်ရန်အတွက် သဘာဝအရင်းအမြစ်ဆိုင်ရာ ဖက်ဒရယ်စနစ်အကြောင်း ထက်ထက်သန်သန် ဆွေးနွေးမှုများ ဆောင်ရွက်ရန် အားပေးတိုက်တွန်းလျက် ရှိသည်။

NUG MONREC (2022) သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံရှိ စစ်အစိုးရများလက်ထက် သဘာဝသယံဇာတများ ပြုန်းတီးမှု အခြေအနေ တွင် သစ်တောသယံဇာတများ ပြုန်းတီးမှုနှင့် မြေယာပဋိပက္ခများအကြောင်းကို မှတ်တမ်းတင်ပြီးဖြစ်သည်။ NUG MONREC သည် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကြားကာလသယံဇာတ စီမံခန့်ခွဲမှု မူဘောင်ကိုလည်း ချမှတ်ခဲ့သည်။ 'လူထုဗဟိုပြု' သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း အခြေခံမူကို လိုက်နာကျင့်သုံးလျက်ရှိပြီး ပြည်နယ်/ တိုင်းဒေသကြီး/မြို့နယ်အဆင့်တွင် ဝန်ကြီးဌာနသည် နည်းပညာဆိုင်ရာ အကြံပေးခြင်းကိုသာ ဆောင်ရွက်ကာ သက်ဆိုင်ရာအသိုက်အဝန်းများအနေဖြင့် သဘာဝသယံဇာတများကို ၎င်းတို့အကျိုးအမြတ်ရရှိနိုင်မည့် နည်းဟန်ဖြင့် စီမံခန့်ခွဲပိုင်ခွင့် ပေးအပ်မည်ဖြစ်သည်။

> NUG MONREC သည် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကြားကာလ သယံဇာတ စီမံခန့်ခွဲမှု မူဘောင်ကိုလည်း ချမှတ်ခဲ့သည်။ 'လူထုဗဟိုပြု' သဘာဝ သယံဇာတစီမံခန့်ခွဲခြင်း အခြေခံမူကို လိုက်နာကျင့်သုံးလျက်ရှိပြီး ပြည်နယ်/ တိုင်းဒေသကြီး/မြို့နယ်အဆင့်တွင် ဝန်ကြီးဌာနသည် နည်းပညာဆိုင်ရာ အကြံပေးခြင်းကိုသာ ဆောင်ရွက်ကာ သက်ဆိုင်ရာ အသိုက်အဝန်းများအနေဖြင့် သဘာဝသယံဇာတများကို ၎င်းတို့ အကျိုးအမြတ်ရရှိနိုင်မည့် နည်းဟန်ဖြင့် စီမံခန့်ခွဲပိုင်ခွင့် ပေးအပ်မည်ဖြစ်သည်။

သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ လွတ်မြောက်နယ်မြေများတွင် NUG MONREC သည် ဒေသခံလူမှုအသိုက်အဝန်းများ၊ လွတ်တော်အမတ်များ၊ နှင့် ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မြို့နယ်အဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့များမှတစ်ဆင့် မူဝါဒများကို တိုက်ရိုက် အကောင်အထည်ဖော်လျက်ရှိသည်။ အချို့သော တိုင်းရင်းသားလူနည်းစု ဒေသများတွင် ERO များ၏ မူဝါဒများနှင့် စည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးလျက်ရှိကာ NUG MONREC အနေဖြင့် ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိသည်။

မူဘောင်တွင် စီးပွားဖြစ် သစ်ခုတ်လှဲခြင်း၊ နှင့် လျှပ်စစ်ရှော့တိုက်ကိရိယာများ အသုံးပြု၍ တရားမဝင် ငါးဖမ်းခြင်းအပါအဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်းအပြင် ဒေသခံလူမှုအသိုက်အဝန်းများ၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေသစ်များသတ်မှတ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ ဒေသတွင်း သို့မဟုတ် အများပြည်သူ အသုံးပြုရန်ရည်ရွယ်၍ အာဏာသိမ်းမှုမတိုင်မီ ခုတ်လှဲထားသည့် သစ်များကို ရောင်းဝယ်ဖောက်ကားခြင်းနှင့် မွမ်းမံပြောင်းလဲခြင်းကို ခွင့်ပြုထားသည်။ တစ်နည်းဆိုရသော် သစ်တောနှင့်စပ်လျဉ်း၍ စီးပွားဖြစ် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို မူဘောင်တွင် တားမြစ်ပိတ်ပင်ထားသည်။ ထို့ပြင် အချို့သော ERO များ ယခင်က ရေးဆွဲချမှတ်ထားသည့် ဥပဒေများကိုလည်း အသိအမှတ်ပြုထားပြီး ၎င်းတို့အနက် KNU က ရေးဆွဲပြဋ္ဌာန်းထားသည့် သစ်တောဥပဒေသည် အထူးပင်စိတ်ဝင်စားဖွယ်ဖြစ်သည်။

၃.၁.၃. သတ္တုတူးဖော်ခြင်းနှင့် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ

၃.၁.၃.၁. အဓိက စိန်ခေါ်မှုများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

တိုင်းရင်းသား လူနည်းစု အစုအဖွဲ့များအနေဖြင့် ၎င်းတို့၏နယ်မြေများရှိ သဘာဝသယံဇာတများကို ပိုမို၍ထိန်းချုပ်စီမံပိုင်ခွင့် ရရှိရန်နှင့် အကျိုးကျေးဇူး ပိုမိုရရှိခံစားနိုင်ရန် လိုလားချက်သည် ပဋိပက္ခဖြစ်ပေါ်ခြင်း၏ အဓိကအကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲပြုလုပ်ရန် တောင်းဆိုချက်များ၏ အကြောင်းအရင်းလည်းဖြစ်သည်။ အာဏာသိမ်းမှု မတိုင်မီက သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍသည် အဆိုပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှု၊ ပြည်ထောင်စုအစိုးရနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့် ဒေသအလိုက် ဝင်ငွေရရှိ စီးဆင်းမှုများနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှု ရှိရန်ယခင်ထက် ပိုမိုဆောင်ရွက်ရန် တွန်းအားပေးခြင်းဟူသည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ် သုံးခုအကြား ရှုပ်ထွေးသောအခြေအနေသို့ ကျရောက်ခဲ့ရသည်။ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းနေရာအနီး၌ အခြေချနေထိုင်သည့် ပြည်သူများသည် အများအားဖြင့်ဖြစ်စေ မည်သည့်အခါမျှဖြစ်စေ ဆွေးနွေးတိုင်ပင်ခြင်း၊ အသိပေးခြင်း သို့မဟုတ် ပုဂ္ဂလဆိုင်ရာ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးခြင်းတို့ကို ရရှိခံစားရမှုမရှိသည့်အပြင် ဒေသခံပြည်သူများသည် အဆိုပါတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ မည်သည့်အကျိုးကျေးဇူးကိုမျှ မခံစားရသည့်အတွက် မြန်မာနိုင်ငံ သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် အခက်အခဲပြဿနာများ ကြုံတွေ့ရသည်။

သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍသည်

ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက် အဓိကကျသည့်လုပ်ငန်းကဏ္ဍ တစ်ရပ်ဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုမှအစပြု၍ ကန်ဒေါ်လာ ၂၂.၈ ဘီလီယံကျော်ရရှိခဲ့ပြီး ဖြစ်သည်။ ဥပမာဆိုရသော် ဘဏ္ဍာရေးနှစ် ၁၉/၂၀ တွင် ဓာတ်ငွေ့တင်ပို့မှုမှ ရရှိငွေသည် ကန်ဒေါ်လာ ၃.၅ ဘီလီယံဖြစ်ပြီး နိုင်ငံခြားငွေ ရရှိစီးဆင်းမှုအတွက် အရေးပါသည့် ရင်းမြစ်တစ်ရပ်ဖြစ်သည်။ အဆိုပါနှစ်ရှိ ဘဏ္ဍာရေးဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုမှရရှိသည့် ဝင်ငွေစုစုပေါင်း ဖြစ်သည် (World Bank 2022)။ သတ္ထုတူးဖော်ခြင်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင် ဆောင်ရွက်သည့် အကြီးစားထုတ်လုပ်ရေးလုပ်ငန်းထက် ကုန်ထုတ်တန်ဖိုး ပိုမိုနည်းပါးသည့် အသေးစားနှင့် အလတ်စားကုမ္ပဏီများက ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် များစွာပိုမိုလျော့နည်းသည်။ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည့် အခွန်ရှောင်ခြင်းနှင့် မှောင်ခို ကုန်ကူးခြင်းတို့ကြောင့်လည်း သတ္ထုတူးဖော်ခြင်းလုပ်ငန်းကဏ္ဍမှ ရရှိနိုင်သည့် အစိုးရဝင်ငွေကို ပိုမိုထိခိုက်လျော့ပါးစေသည် (Shortell 2019)။

ပေါက်ကွဲပစ္စည်းများ အသုံးပြုသည့် အငယ်စား တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများသည် အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ကျောက်မျက်ရတနာ တူးဖော်သည့်လုပ်ငန်းများ သီးသန့်၌ပင် အရေအတွက်အားဖြင့် ၄၀၀,၀၀၀ ကျော်လွန်သော ပြည်သူများသည် 'ရေမဆေးကျောက် ရှာဖွေသူများ' အဖြစ် လုပ်ကိုင်လျက်ရှိကြောင်း MONREC က ခန့်မှန်းထားသည်။ ပေါက်ကွဲပစ္စည်းများ အသုံးပြုသည့် အငယ်စား တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ထိရောက်စွာစီမံခန့်ခွဲရန် ကြိုးပမ်းရာ၌ အခက်အခဲများ ကြုံတွေ့ရသည်။ အဆိုပါ လုပ်ငန်းကဏ္ဍသည် လူမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြီးစား စုပေါင်းသက်ရောက်ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။ ပြည်ထောင်စုအဆင့် ဥပဒေပြုခြင်းဖြင့် အငယ်စား သတ္ထုတူးဖော်ရေးလုပ်ငန်းနှင့် ပေါက်ကွဲပစ္စည်းများ အသုံးပြုသည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းကို ခွင့်ပြုနိုင်သော်လည်း ထိုသို့စတင်ဆောင်ရွက်ရန် ကြုံတွေ့ရမည့် အတားအဆီးများ အများအပြားရှိကာ တရားဝင်အဖြစ် ပြောင်းလဲဆောင်ရွက်သည့် လုပ်ငန်းများမှာလည်း မရှိသလောက်နည်းပါးပြီး အကြောင်းမှာ တရားဝင်လိုင်စင်ထုတ်ပေးမှု မရှိခြင်း (နှင့် သက်ဆိုင်ရာ လမ်းညွှန်ချက်မရှိခြင်း) နှင့် အန္တရာယ်များသော လုပ်ငန်းခွင်အခြေအနေများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများမခိုင်မာခြင်း၊ စွန့်ပစ်ပစ္စည်းများကို သန့်စင်ခြင်းမပြုဘဲ စွန့်ပစ်ခြင်း၊ ထိခိုက်ပျက်စီးစေသော ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ နှင့် တရားမဝင် သစ်ခုတ်လှဲခြင်းနှင့် အမဲလိုက်ခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှုအားနည်းခြင်းအပြင် ယခုထက်တိုင် ကျယ်ပြန့်စွာဖြစ်ပွားလျက်ရှိသည့် ကလေးလုပ်သားခိုင်းစေမှုနှင့် မူးယစ်ဆေးဝါး အလွဲသုံးမှုအပါအဝင်ဖြစ်သည့် ထိခိုက်နစ်နာစေသော လူမှုအကျိုးဆက်များကြောင့် ဖြစ်သည်။ သို့ရာတွင် ဤလုပ်ငန်းကဏ္ဍသည် ပြည်နယ်နှင့်တိုင်းအဆင့် ဒေသဆိုင်ရာစီမံထိန်းချုပ်မှု အလျင်မြန်ဆုံးတိုးတက်ကောင်းမွန်လာသည့် နယ်ပယ်များအနက် အပါအဝင်ဖြစ်ပြီး အထူးသဖြင့် လိုင်စင်မှတ်ပုံတင်ခြင်းနှင့် ဝင်ငွေကောက်ခံခြင်းတို့နှင့် စပ်လျဉ်းသည့်ကိစ္စများတွင် ဖြစ်သည် (Nixon 2018)။

၃.၁.၃.၂. အာဏာသိမ်းမှုမတိုင်မီ အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံ၏ သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍကို ၁၉၉၄ ခုနှစ် မြန်မာ့သတ္ထုတွင်း ဥပဒေ၊ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ

နှင့် ၂၀၁၇ ခုနှစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေတို့ဖြင့် အဓိက ကြီးကြပ်ကွပ်ကဲသော်လည်း တစ်သီးပုဂ္ဂလအနေဖြင့် ဆောင်ရွက်သည့် တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများအတွက်မူ ပုံမှန် အားဖြင့် စာချုပ်များဖြင့် ထိန်းကွပ်လေ့ရှိသည်။ ဝင်ငွေခွန်၊ စာရင်းစစ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခွဲဝေပိုင်ဆိုင်မှု သတ်မှတ်ခြင်းကဲ့သို့ လုပ်ငန်းကဏ္ဍပါ ဆက်စပ် အင်္ဂါရပ်များကိုလည်း အခြားသောဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကွပ်ထားသည်။ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍနှင့် ကျောက်မျက်ရတနာ ကဏ္ဍခွဲတို့ကို အဓိက အားဖြင့် MONREC ကပင် မြန်မာ့ကျောက်မျက်ရတနာနှင့် ပုလဲလုပ်ငန်းမှတစ်ဆင့် ထိန်းကွပ်သည်။ ရေနံနှင့် စွမ်းအင်ကဏ္ဍကိုမူ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန (MOEE) က ကြီးကြပ်ကွပ်ကဲကာ ၎င်း ဝန်ကြီးဌာနသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်း (MPE)၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီး ဌာန (PPRD) တို့ကိုလည်း ကွပ်ကဲစီမံသည်။ အခွန်ဝင်ငွေများကို MOPFI (EITI n.d.) က စုဆောင်း ကောက်ခံသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုပြီးနောက်တွင် မြန်မာ့ ကျောက်မျက်ရတနာနှင့် ပုလဲ လုပ်ငန်းကို အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂက ပိတ်ဆို့အရေးယူခဲ့သည်။ ၂၀၂၂ ခုနှစ် တွင် MOGE ကို ပိတ်ဆို့အရေးယူထားသော အဖွဲ့အစည်းများစာရင်းအတွင်းသို့ သွတ်သွင်းခဲ့သည်။

ယခုအခါ ပျက်ပြယ်သွားပြီဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၅ ခုနှစ် မွမ်းမံပြင်ဆင်ချက် တစ်ရပ်တွင် ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ အစိုးရများအနေဖြင့် ပေါက်ကွဲ ပစ္စည်းသုံး သတ္ထုတူးဖော်ခြင်းအတွက် လိုင်စင်များထုတ်ပေးခြင်း၊ လိုင်စင်ကြေးများ ကောက်ခံခြင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြည့်ခြင်းတို့ကို စတင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည်။ လက်တွေ့တွင်မူ ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ အစိုးရများအနေဖြင့် ဤလုပ်ငန်းကို ထိရောက်စွာအကောင်အထည်ဖော် လုပ်ဆောင်ရန် လိုအပ်သည့် စွမ်းဆောင်ရည် သို့မဟုတ် နည်းလမ်းကို တတ်ကျွမ်းပိုင်ဆိုင်ခြင်းမရှိကြပေ (Bauer et al. 2018)။

၃.၁.၃.၃. အာဏာသိမ်းမှုအလွန် မူဝါဒများနှင့် ရှိရင်းစွဲအင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုပြီးနောက်တွင် MOEE သည် ကုန်းတွင်းဖြစ်စေ ကမ်းလွန်ဖြစ်စေ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်ယူခြင်းကို ဆောင်ရွက်ခြင်းမရှိခဲ့သော်လည်း စွမ်းအင်ကဏ္ဍရှိ အစိုးရ ဝန်ထမ်းအများအပြားသည် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်နေသည့်အတွက် ကုန်းတွင်း ရေနံထုတ်လုပ်မှု လျော့ကျသွားခဲ့သည်။ MOGE၊ MPE နှင့် MPPE မှ CDM ဝန်ထမ်းများက ဖွဲ့စည်းထားသည့် ကြားကာလ စွမ်းအင်ကွပ်ကဲရေး ကော်မတီသည် SAC ထံသို့ ဝင်ငွေစီးဆင်းမှုကို ဖြတ်တောက်ရန်၊ အခွန်ကောက်ခံခြင်းမှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့မှရရှိငွေကို မြှင့်တင်ရန် နှင့် လွတ်မြောက်နယ်မြေ၌ အသေးစား ရေနံထုတ်လုပ်ရေးလုပ်ငန်းကို စီမံခန့်ခွဲရန် ကြိုးပမ်းလျက် ရှိသည်။ ထို့ပြင် အစိုးရလျှပ်စစ်ကဏ္ဍမှ CDM ဝန်ထမ်းများကဖွဲ့စည်းထားသည့် ကြားကာလ လျှပ်စစ် ကွပ်ကဲရေး ကော်မတီသည် NDC နှင့် ကိုက်ညီစေရန်အတွက် နေရောင်ခြည်သုံးနှင့် လေအားသုံး စွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ ပါဝင်သည့် လျှပ်စစ်မီးရရှိရေး မဟာစီမံကိန်းကို ချမှတ်ပြင်ဆင်လျက်ရှိသည်။ အာဏာသိမ်းမှုမတိုင်မီ ကာလများနှင့် နှိုင်းယှဉ်ပါက သတ္ထုတူးဖော် ရေးလုပ်ငန်းနှင့် စပ်လျဉ်းသော စီမံခန့်ခွဲပိုင်ခွင့်သည် များစွာလျော့ကျသွားသော်လည်း MONREC အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာနှင့် ပုလဲလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်မှု ကျန်ရှိနေဆဲ ဖြစ် သည်။

ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်၊ အပိုင်း ၁၊ အခန်း ၄၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂၀ မှ ၂၃ တွင် ဤသို့ဖော်ပြထားသည် – 'ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှုရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေကောက်ခံပြီး ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။'

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း NUG MONREC သည် မြန်မာပြည်သူများအနေဖြင့် သဘာဝ သယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်အကြောင်း လေ့လာမှုပြုရန်အတွက် အားပေးတိုက်တွန်းရန်အလို့ငှာ ထက်သန်စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

IRMF အခန်း ၄ တွင် 'သယံဇာတ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာသည့် ထိခိုက်ပျက်စီးမှုများ သို့မဟုတ် ဆိုးကျိုးများအတွက် ပြန်လည်ညှိနှိုင်းရန်၊ စီမံခန့်ခွဲရန်နှင့် လျော့ပါးသက်သာစေရန်အတွက် MONREC NUG သည် သက်ဆိုင်ရာ ERO များနှင့် ပူးပေါင်းဆောင်ရွက်မည်' ဟု ဖော်ပြထားသည်။ ဤတွင် IRMF က အခြေခံအဆောက်အအုံချမှတ်တည်ဆောက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းခြင်းတို့အကြား ဟန်ချက်ထိန်းညှိရန်အတွက် အကျယ်တပြန့်အသုံးပြုလျက်ရှိပြီး 'လျော့ပါးသက်သာစေရေး အဆင့်လိုက်နည်းလမ်း (mitigation hierarchy)' ဟု အမည်တွင်သည့်နည်းလမ်းကို ညွှန်းဆိုဖော်ပြထားခြင်း ဖြစ်သည် (Smithsonian's National Zoo & Conservation Biology Institute 2022)။ ဤအချက်ကို သတ္ထုတူးဖော်ရေး လုပ်ငန်းကဏ္ဍတွင်သာမက အခြားကဏ္ဍများတွင်လည်း လိုက်နာကျင့်သုံးနိုင်ပြီး အောက်ပါအချက်များကဲ့သို့ IRMF ၏ အခြေခံမူများနှင့်လည်း လိုက်လျောညီထွေ ဖြစ်ပေသည် –

- *ရှောင်ကြဉ်ခြင်း* – IRMF သည် သစ်ထုတ်လုပ်ရေးနှင့် သစ်လုပ်ငန်းသစ်များ ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ရန် ဆော်ဩထားသည်၊ သတ္ထုတူးဖော်ရေးလုပ်ငန်းကဏ္ဍတွင်လည်း အကြီးစား သတ္ထုတွင်းသစ်များ တည်ဆောက်ခြင်းကို ရှောင်ကြဉ်၍ ဤအခြေခံမူကို လိုက်နာကျင့်သုံးနိုင်သည်။
- *အတတ်နိုင်ဆုံး လျော့ချခြင်း* – 'လျော့ပါးသက်သာစေရေး အဆင့်လိုက်နည်းလမ်း' ပါ အဆင့်တစ်ဆင့်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မလွဲမရှောင်သာသည့် ထိခိုက်မှုများ၏ ကြာမြင့်ချိန် သို့မဟုတ် ပြင်းထန်မှုအတိုင်းအတာကို လျော့ချရန် တိုက်တွန်းထားသည်။ လွတ်မြောက်နယ်မြေများရှိ ရှိရင်းစွဲ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊ ဆူညံသံ၊ ဖုန်မှုန့်နှင့် လုပ်ငန်းခွင်တွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတို့နှင့်စပ်လျဉ်း၍ အကောင်းဆုံး ကျင့်သုံးမှုအလေ့အထများကို လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ချက်ထားရှိသင့်သည်။
- *ပြန်လည်ပျိုးထောင်ခြင်း/ပြန်လည်ပြင်ဆင်ခြင်း* – ဤအဆင့်၏ ရည်ရွယ်ချက်မှာ မလွဲမရှောင်သာဖြစ်သည့် သို့မဟုတ် လျော့ချခြင်းမပြုနိုင်သည့် ထိခိုက်မှုများ ကြုံတွေ့ရပြီးနောက် အရည်အသွေးလျော့ကျသွားသော သို့မဟုတ် ပြုန်းတီးသွားသော ဂေဟစနစ်များကို ပိုမိုကောင်းမွန်လာအောင် မွမ်းမံမြှင့်တင်ပေးရန် ဖြစ်သည်။

- *ခုနှစ်မပေးလျော်ခြင်း*–ခုနှစ်မပေးလျော်ခြင်း၏ရည်ရွယ်ချက်သည် လျော့ပါးသက်သာစေရေး အဆင့်လိုက်နည်းလမ်းပါ အရှေ့လုပ်ငန်းအဆင့် သုံးခုစလုံးကို အပြည့်အဝ အကောင်အထည် ဖော်ပြီးသည့်နောက် ထိခိုက်မှုဆိုးကျိုး တစ်စုံတရာကျန်ရှိနေပါက ၎င်းအတွက် လျော်ကြေးပေးရန် ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို နောက်ဆုံးရွေးချယ်စရာ အစီအမံအဖြစ်သာ သတ်မှတ်ထားရှိသင့်သည်။

အထက်တွင်ဖော်ပြထားသည့် အပြီးသတ်အဆင့်နှစ်ခုသည် ဘဏ္ဍာရန်ပုံငွေ ထားရှိနိုင်မှု အပေါ် မှီတည်နေသည်။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ အကျိုးအတွက် သတ္ထုတူးဖော်ရေးအရင်းအမြစ်များ အသုံးပြုရန်အလို့ငှာ ဒေသန္တရအဆင့်၌ ရန်ပုံငွေများ ချမှတ်ထူထောင်ရာတွင် အတွေ့အကြုံရှိပြီး ဖြစ်သည်။ အာဏာသိမ်းမှုမတိုင်မီ ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရက ဝန်ကြီးချုပ်၏ အမိန့်ညွှန်ကြားချက်ဖြင့် 'ဆင်းရဲမွဲတေမှုလျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ရန်ပုံငွေ' ကို ထူထောင်ခဲ့သည်။ ၎င်းအမိန့်ပါ ပြဋ္ဌာန်းချက်များအရ သတ္ထုတွင်းများသည် လုပ်ငန်းအရွယ်အစားနှင့် အမျိုးအစားအပေါ် အခြေခံကာ ပုံသေသတ်မှတ်နှုန်းထားကို ပေးဆောင်ရသည်။ ကချင်ပြည်နယ်တွင်လည်း ဖားကန့်ဒေသရှိ သတ္ထုတွင်းတစ်ခုသို့ လမ်းဖောက်လုပ်ရန်အတွက် အထောက်အကူပေးခဲ့သည့် အလားတူရန်ပုံငွေတစ်ရပ်ကို ချမှတ် ထူထောင်ခဲ့သည် (Bauer et al. 2018)။ လွတ်မြောက်နယ်မြေများတွင် ထိုသို့သော ရန်ပုံငွေများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ချမှတ်ထူထောင်ကာ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရန်ပုံငွေများအား အသုံးပြုမည့်နည်းလမ်းများကို ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပြည်သူများအနေဖြင့် နားလည်သိရှိပြီး ပူးပေါင်းပါဝင်နိုင်မည် ဖြစ်သည်။

NUG MOPFI သည် ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။ အခန်း ၈ တွင် ကျောက်မျက်ရတနာများအတွက် အခွန်ကို ၅ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားသည်။ အခန်း ၉ တွင် 'သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အခွန်နှုန်းထားများ၊ ကင်းလွတ်ခွင့်များနှင့် အခွန်နှုန်းထားများလျှော့ချပေးခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည်' ဟု ပြဋ္ဌာန်းကာ 'သစ်တောထွက် သယံဇာတပစ္စည်းများ'၊ 'သတ္ထုများ တူးဖော်ထုတ်လုပ်ခြင်း'၊ 'ငါးလုပ်ငန်း' နှင့် 'ရေနံနှင့် သဘာဝဓာတ်ငွေ့' တို့ကို စာရင်းသွင်းဖော်ပြထားသည်။ ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်၏ အကျိုးအတွက် ဤအခွန်များမှ ရရှိသည့် ဝင်ငွေတစ်စိတ်တစ်ပိုင်းကို ခွဲဝေသတ်မှတ်ခြင်းပင် ပြုနိုင်ပြီဖြစ်သည်။

၃.၁.၄. ရေနှင့် ငါးလုပ်ငန်း

၃.၁.၄.၁. အဓိက စိန်ခေါ်မှုများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

ရေအသုံးပြုမှု မြင့်တက်လာခြင်း၏ အဓိကအကြောင်းရင်းများတွင် လူဦးရေ များပြားထူထပ်လာမှုနှင့် လူမှု-စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပြင် မြို့ပြတည်ဆောက်မှု၊ စက်မှုလုပ်ငန်းများ တည်ဆောက်မှု၊ ဆည်မြောင်းသွယ်တန်းမှုနှင့် ရေအားလျှပ်စစ် ထုတ်လုပ်မှုအပြင် အခြားအချက်များလည်း ပါဝင်သည်။ ပြည်သူများအကြား ဘေးကင်းလုံခြုံသော သောက်သုံးရေ ရရှိမှုသည် ၂၀၁၀ – ၂၀၂၀ ခုနှစ် ကာလအတွင်း ၄၃.၇ ရာခိုင်နှုန်းမှ ၅၈.၈၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည် (World Bank n.d.)။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နယ်မြေဧရိယာကို ချဲ့ထွင်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်လျှင် နှစ်သီး သို့မဟုတ် သုံးသီးအထိ တိုးချဲ့စိုက်ပျိုးရန် မူဝါဒချမှတ်

ထားသည် (IFC 2018)။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်း နယ်မြေဧရိယာသည် ၁၉၆၉ ခုနှစ်၌ ၁၀၇,၆၇၀ စတုရန်းကီလိုမီတာ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၂၈,၈၉၀ စတုရန်းကီလိုမီတာ ဖြစ်လာပြီး ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၀.၃၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည် (World Data Atlas 2022)။ ဤသို့အားဖြင့် မြစ်ရေနှင့် မြေအောက်ရေ ရင်းမြစ်များထံမှ ရေထုတ်ယူသုံးစွဲခြင်း ပိုမိုမြင့်တက်လာခဲ့ပြီး စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ စိမ့်ဝင်ကျန်ရှိခြင်းလည်း တိုးမြင့်လာခဲ့သည်။

ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကြောင့် နုန်းနှင့် အာဟာရများတင်ကျန်ရှိကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်တည်ဆက်စပ်မှုနှင့် မြစ်ကြောင်းသွင်ပြင်အပေါ် သက်ရောက်ပြောင်းလဲမှုများ ပိုမိုဖြစ်ပေါ်လာစေမည် ဖြစ်သည်။ ထို့ပြင် ရွှေ့ပြောင်းကျက်စားသည့် ငါးများအတွက်လည်း အထူးပင် အနှောင့်အယှက်ဖြစ်စေပြီး အကျိုးဆက်အနေဖြင့် ဒေသခံများ၏ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကိုလည်း ထိခိုက်စေမည် ဖြစ်သည် (ငါးသည် ပရိတင်းဓာတ် ရရှိနိုင်သည့် အဓိကရင်းမြစ်တစ်ခု ဖြစ်သည်၊ အောက်တွင် ဖော်ပြထားချက်ကို ကြည့်ပါ)။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်ဆောင်ရွက်သည့် ရွေးချယ် ဆုံးဖြတ်ချက်များသည် ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် တစ်စုတစည်းတည်း အကျိုးသက်ရောက်မည် ဖြစ်သည်။ ဆည်တည်ဆောက်ခြင်းအတွက် လျော်ကြေးပေးခြင်းနှင့်စပ်လျဉ်း၍ အတွေ့ရများသော ကျင့်သုံးမှု အလေ့အထတွင် ထည့်သွင်းစဉ်းစားရမည့် ဂျန်ဒါဆိုင်ရာအချက်များအား အခိုင်အမာ ပေါင်းစည်းထည့်သွင်း ဆောင်ရွက်ခြင်း မရှိသည့်အလျောက် တန်းတူညီမျှမှုမရှိသော လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာကာ တရားမျှတမှုမရှိသည့် ရလဒ်ဆိုးများကို မရည်ရွယ်ပါဘဲ ပေါ်ပေါက်လာစေနိုင်သည်။

ဆည်တည်ဆောက်ခြင်းအတွက် လျော်ကြေးပေးခြင်းနှင့် စပ်လျဉ်း၍ အတွေ့ရများသော ကျင့်သုံးမှု အလေ့အထတွင် ထည့်သွင်းစဉ်းစားရမည့် ဂျန်ဒါဆိုင်ရာအချက်များအား အခိုင်အမာ ပေါင်းစည်းထည့်သွင်း ဆောင်ရွက်ခြင်း မရှိသည့်အလျောက် တန်းတူညီမျှမှု မရှိသောလုပ်ငန်းစဉ်များ ဖြစ်ပေါ်လာကာ တရားမျှတမှုမရှိသည့် ရလဒ်ဆိုးများကို မရည်ရွယ်ပါဘဲ ပေါ်ပေါက်လာစေနိုင်သည်။

မြို့ပြတည်ဆောက်ခြင်းနှင့် စက်မှုလုပ်ငန်းများ တည်ဆောက်ခြင်း နှစ်မျိုးစလုံးသည် ရရှိနိုင်သော မြေအောက်ရေနှင့် မြေပေါ်ရေနှစ်မျိုးစလုံးကို ယခုထက်ပိုမို၍ ထုတ်ယူသုံးစွဲမည် ဖြစ်သည်။ ဤသို့ သုံးစွဲခြင်းကြောင့် ရေ၏အရည်အသွေးကို ထိခိုက်စေနိုင်သည့် အလားအလာရှိသည် (Royal Haskoning DHV 2014)။ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းရှိ နယ်မြေဒေသများ အများအပြား အကျုံးဝင်သည့် အလယ်ပိုင်းခြောက်သွေ့ဒေသနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သည် မြန်မာနိုင်ငံအတွင်း၌ စားနပ်ရိက္ခာမဖူလုံမှု၊ ရေအရင်းအမြစ် မလောက်ငမှု၊ ရာသီဥတုဒဏ် ထိခိုက်လွယ်မှုနှင့် သဘာဝသယံဇာတရှားပါးမှု အမြင့်မားဆုံးဒေသများ ဖြစ်သည်။ ခြောက်သွေ့ဒေသတွင်လည်း မန္တလေးမြို့ အနီးတဝိုက်၌ မြို့ပြတည်ဆောက်ခြင်းကို အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်လျက်ရှိသည်။

ယေဘုယျဆိုရသော် မြန်မာနိုင်ငံရှိ မြစ်ချောင်းများသည် ရေချိုဂေဟစနစ်များအတွက် ရေအရည်အသွေး ကောင်းမွန်သော်လည်း မြစ်အများအပြားသည် လူသားတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကြောင့် ဖိအားဒဏ်များ ပိုမိုကြုံတွေ့ရလျက်ရှိပြီး အဆိုပါမြစ်များ၏ အခြေအနေနှင့် ကျန်းမာထောက်ပံ့နိုင်စွမ်းမှာ ယိုယွင်းနေလျက်ရှိကြောင်း ယေဘုယျအားဖြင့်သဘောတူရှုမြင်ထားကြသည်။အားကိုးအားထားပြုနိုင်သည့်ထုတ်ပြန်ထားသော သတင်းအချက်အလက်များ မရှိခြင်း၊ ရေအရည်အသွေးကို တစ်သမတ်တည်းညီညွတ်စွာ စိတ်ဖြာလေ့လာချက်များမရှိခြင်း သို့မဟုတ် မြစ်ချောင်းများ၏ အခြေအနေများအား စစ်တမ်းကောက်ယူမှုများမရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် မြစ်ချောင်းများ၏ ကျန်းမာထောက်ပံ့နိုင်စွမ်းကို အရေအတွက်စံပြုသုတေသနနည်းဖြင့် ဖော်ပြရန်မှာခက်ခဲပြီး ဒေသခံရွာသူရွာသားများနှင့် အစိုးရအရာရှိများနှစ်ဘက်စလုံးကဖော်ပြခဲ့ကြသည့် ၎င်းတို့၏ စိုးရိမ်မှုဖြစ်သော မြစ်ချောင်းများ၏ ကျန်းမာထောက်ပံ့

နိုင်စွမ်းသည် ယိုယွင်းနေလျက်ရှိကြောင်း ဖော်ပြချက်တစ်ရပ်သာ ရှိသည် (IFC 2018)။ ရေအရင်းအမြစ် ညစ်ညမ်းခြင်း၏ အဓိကအကြောင်းရင်းများမှာ မိလ္လာ၊ အမှိုက်သရိုက်များနှင့် သတ္တုတူးဖော်ရေးစက်မှုလုပ်ငန်းနှင့် စိုက်ပျိုးခေတုဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ဖြစ်သည်။ ရန်ကုန်မြို့၌ အိမ်ထောင်မိသားစုများထံ ဖြန့်ဖြူးပေးသည့် ဘုံဘိုင်ရေ၏ ၉၅ ရာခိုင်နှုန်းသည် Escherichia coli သို့မဟုတ် coliform bacteria များဖြင့် ညစ်ညမ်းနေကြောင်း Hiroshi Sakai (2013) က တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံရှိ ပြည်သူများအတွက် ငါးလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းခိုင်မာမှုနှင့် အာဟာရတို့ကို ဖြည့်ဆည်းပေးသည်။ တရားဝင် အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍတွင် ပြည်သူပေါင်း ၃.၂ သန်း သို့မဟုတ် မြန်မာနိုင်ငံလူဦးရေ၏ ၆ ရာခိုင်နှုန်းကို အလုပ်အကိုင် ပေးအပ်ထားနိုင်သည် (အချိန်ပြည့်ဝန်ထမ်း ၈၀၀,၀၀၀ နှင့် အချိန်ပိုင်းဝန်ထမ်း ၂.၄ သန်း) (Tezzo et al. 2018)။ ပြည်တွင်းလူဦးရေ၏ ထက်ဝက်နီးပါးခန့်သည် ပင်လယ်ကမ်းရိုးတန်းအနီးရှိ ပြည်နယ်များနှင့် ဒေသများ၌ နေထိုင်လျက်ရှိသည့်အချက်ကို ထောက်ရှုပါက အဏ္ဏဝါငါးလုပ်ငန်းသည် အထူးအရေးပါသည့် သက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိရစ္ဆာန်များမှရရှိသည့် အစားအစာများအနက် (အသား၊ ဥ၊ နို့ထွက်ပစ္စည်းနှင့် ငါးအားလုံးပါဝင်သည်) ၅၀ ရာခိုင်နှုန်းခန့်သည်လည်း ငါးဖြစ်သောကြောင့် ငါးသည်အရေးပါဆုံးသော ပရိုတင်းဓာတ် ဖြည့်တင်းပေးနိုင်သည့် တိရစ္ဆာန် ဖြစ်လာသည် (Belton et al. 2015)။

ငါးများကို အလွန်အကျွံ ဖမ်းဆီးခြင်းသည် မြန်မာနိုင်ငံ၏ အဏ္ဏဝါငါးမျိုးစိတ်များ အများအပြားလျော့ကျခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ၉၀ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း အစီရင်ခံစာအရ သိရှိရသည် (Krakstadt et al. 2015)။ လွတ်လပ်စွာ ဖမ်းဆီးနိုင်ခြင်းနှင့် 'အပြိုင်အဆိုင် ဖမ်းဆီးခြင်း' တို့သည် ငါးသယံဇာတပြုန်းတီးခြင်းနှင့် ငါးအလွန်အကျွံဖမ်းဆီးခြင်းတို့ ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်သည်။ ရေချိုငါးလုပ်ငန်းများကျဆင်းသွားရခြင်းတွင် လွတ်လပ်စွာဖမ်းဆီးနိုင်ခြင်းသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ရေချိုနယ်မြေဧရိယာ အများအပြားတွင် တင်ဒါစနစ်များတည်ရှိသော်လည်း တင်ဒါလျှောက်ခွင့်များကို နှစ်စဉ်အလိုက် ခွဲဝေချမှတ်ပေးခြင်းကြောင့် စီမံခန့်ခွဲမှုထက် ထုတ်ယူဖမ်းဆီးခြင်းကို တတ်နိုင်သမျှ အမြင့်မားဆုံးဆောင်ရွက်ရန် ဦးတည်စေသည့် မက်လုံးများ ပေါ်ပေါက်လာသည်။ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ စိုးမိုးစေရန်အတွက် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်စွမ်း မရှိခြင်းကြောင့်လည်း ဤပြဿနာမှာ ပိုမိုဆိုးရွားလာသည်။

> ငါးများကို အလွန်အကျွံ ဖမ်းဆီးခြင်းသည် မြန်မာနိုင်ငံ၏ အဏ္ဏဝါငါးမျိုးစိတ်များ အများအပြား လျော့ကျခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ၉၀ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း အစီရင်ခံစာအရ သိရှိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် တိုင်းပြည်၏ ကမ်းရိုးတန်းတစ်လျှောက် ဆိုင်ကလုန်းမုန်တိုင်းများနှင့် အပူပိုင်းမုန်တိုင်းများ ကျရောက်ခြင်း၊ အဓိကကျသည့် မြစ်ဝှမ်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်းကြောင့် အခြေခံအဆောက်အုံများကို ထိခိုက်နိုင်သည်။ ပြင်းထန်သော ဘေးအန္တရာယ်များကြောင့် သက်ရောက်ခံငါးဖမ်းလုပ်သားများအနေဖြင့် ၎င်းတို့၏ အဓိကဝင်ငွေရင်းမြစ်ကို ဆုံးရှုံးသွားရသည့်အခြေအနေမျိုး ကြုံတွေ့နိုင်သည်။ သမုဒ္ဒရာ ပူနွေးလာခြင်းနှင့် လူသားတို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတဝန်းရှိ ငါးလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုများ ပေါ်ပေါက်လာပြီးဖြစ်သည်။ အနာဂတ်တွင် လမုတောများ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်ကြမ်းပြင်များကဲ့သို့ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း ဂေဟစနစ်များကိုဆုံးရှုံးရနိုင်ပြီး ငါးသယံဇာတများ အမြောက်အမြား ဆုံးရှုံးလျော့ကျခြင်းနှင့် ကမ်းရိုးတန်း

ဒေသနေ လူမှုအသိုက်အဝန်းများအနေဖြင့် ပိုမိုဆိုးရွားသော ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့ရခြင်းတို့ ပေါ်ပေါက်လာနိုင်သည် (MCCA/UN–Habitat 2017)။

၃.၁.၄.၂. အာဏာသိမ်းမှုမတိုင်မီနှင့် အာဏာသိမ်းမှုအလွန် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှု မတိုင်မီက MONREC MOALI နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (MOTC) တို့ အားလုံးသည် ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် ပူးတွဲတာဝန်ရှိပြီး ရေအရင်းအမြစ်နှင့် ရေနှင့်စပ်လျဉ်းသော ပြဿနာရပ်များအတွက် ဦးစီးဌာနများနှင့် အစိုးရရုံး အများအပြားက တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရေအရင်းအမြစ် စီမံခန့်ခွဲမှုအခင်းအကျင်းကျယ်၌ MONREC သည် ယေဘုယျ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအတွက် တာဝန်ရှိသူဖြစ်ပြီး ထို့ကြောင့် ရေဂေဟစနစ်များအတွက်ပါ တာဝန်ရှိကာ MOALI သည် ဆည်မြောင်းသွယ်တန်းခြင်း၊ ဆည်များနှင့် ရေလှောင်တမံများရှိ ရေ၏ အရည်အသွေးထိန်းသိမ်းခြင်းနှင့် ရေချိုနှင့် ပင်လယ် ကမ်းရိုးတန်း ငါးလုပ်ငန်းနှစ်မျိုးစလုံးကို ကွပ်ကဲခြင်းအတွက် တာဝန်ရှိကာ MOTC မှာမူ မြစ်ကြီး များရှိ ရေ၏အရည်အသွေးအတွက် တာဝန်ရှိပေသည်။ သို့ရာတွင် အဆိုပါ အခင်းအကျင်းသည် တစ်သမတ်တည်း ညီညွတ်စပ်ဟပ်မှုမရှိသည့်အပြင် ဆောင်ရွက်ရမည့်တာဝန်များနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍လည်း ပွင့်လင်းမြင်သာမှုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ မပါရှိပေ။ အခြား သော သဘာဝသယံဇာတများအား စီမံခန့်ခွဲခြင်း နည်းတူပင် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိ မှုများကို မြင့်မားစွာ ဗဟိုချုပ်ကိုင်ထားကာ ရေအရင်းအမြစ်များနှင့်စပ်လျဉ်း၍ တိုင်းရင်းသား အစု အဖွဲ့များက ရိုးရာဓလေ့အရ ပိုင်ဆိုင်ကြောင်းတောင်းခံချက်များကို လျစ်လျူရှုခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချို့သော ဆောင်ရွက်ရန်တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပြည်နယ် များနှင့် တိုင်းဒေသကြီးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ (NWRC) ကို သမ္မတရုံးက ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ပြီးရည်ရွယ်ချက်မှာ ရေအရင်းအမြစ်များထံမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အတတ်နိုင်ဆုံး မြင့်မားစေရန် တန်းတူညီမျှမှု၊ ထိခိုက်ပျက်စီးခြင်းကင်းမဲ့မှု၊ ရေရှည်တည်တံ့မှုနှင့် အားလုံးအကျုံးဝင်ပါဝင်မှု အခြေခံမူများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ အခြားနယ်ပယ်များနှင့် ပေါင်းစည်းထားသည့် ရေစီမံခန့်ခွဲမှုစနစ်တစ်ရပ်၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ဆိုင်ရာ မူဝါဒ တစ်ရပ်၊ ရေမူဝါဒ လမ်းညွှန်မူဘောင်တစ်ရပ်နှင့် ရေအရင်းအမြစ်ဆိုင်ရာ ဥပဒေတစ်ရပ်ကို ရေးဆွဲ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ရန် NWRC ကို တာဝန်ပေးအပ်ထားသည်။ မြန်မာ နိုင်ငံအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ဆိုင်ရာ မူဝါဒတစ်ရပ်ကို NWRC က ၂၀၁၄ ခုနှစ် တွင် အတည်ပြုခဲ့သည်။ အဆိုပါမူဝါဒတွင် ဥပဒေများနှင့် အင်စတီကျူးရှင်းများ ဖန်တီးချမှတ်ရန် အတွက် မူဘောင်နှင့် အမျိုးသားအဆင့် ညီညွတ်စွာဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို ဖော်ပြ ထားကာ ၎င်းကို မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေမူဝါဒလမ်းညွှန်မူဘောင်တွင် ထည့်သွင်း ဖော်ပြ ထားသည် (NWRC 2015)။

ဒု-သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကမ်းရိုးတန်းဒေသများမှ ဝန်ကြီးချုပ် များ၊ MONREC၊ MOALI နှင့် ရေတပ်တို့မှ ကိုယ်စားလှယ်များဖြင့် အမျိုးသားအဆင့် ပင်လယ် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ရေးကော်မတီကို ဖန်တီးဖွဲ့စည်းခဲ့ သော်လည်း ယခုအခါ ပျက်ပြယ်ပြီးဖြစ်သည်။ MOALI ၏ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်း

စီမံခန့်ခွဲမှုအတွက် အဓိကစီမံခန့်ခွဲသူနှင့် သတင်းအချက်အလက် စုဆောင်းဖြန့်ဖြူးသူအဖြစ် တာဝန်ယူခဲ့သော်လည်း အချို့သော ကိစ္စရပ်များတွင် MONREC သို့မဟုတ် ရေတပ်နှင့် တာဝန်ထပ်နေခြင်းများ ရှိခဲ့သည်။

ငါးလုပ်ငန်းကဏ္ဍကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ (၁၉၉၀)၊ ရေချိုငါးလုပ်ငန်း ဥပဒေ (၁၉၉၁) နှင့် ငါးမွေးမြူရေး ဥပဒေ (၁၉၈၉) တို့ဖြင့် ကြီးကြပ်ကွပ်ကဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် မြန်မာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ ပင်လယ်ငါးလုပ်ငန်းကို စီမံခန့်ခွဲပိုင်ခွင့်မရှိပေ။ ကမ်းတွင်းရှိ ပင်လယ်ငါးလုပ်ငန်းများနှင့် ကုန်းတွင်းရှိငါးလုပ်ငန်းများ နှစ်မျိုးစလုံးကို ရေချိုငါးလုပ်ငန်း ဥပဒေ (၁၉၉၁) ဖြင့် ကြီးကြပ်ကွပ်ကဲသည်။ ပျက်ပြယ်ပြီးဖြစ်သည့် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ တစ်ခုချင်းစီအနေဖြင့် ရေချိုငါးလုပ်ငန်းဥပဒေပြုခြင်းကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ပိုင်ခွင့် ပေးအပ်ထားသည်။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ (၂၀၁၈) တွင် လူမှုအသိုက်အဝန်းများအနေဖြင့် အသိုက်အဝန်းအခြေပြု ငါးလုပ်ငန်းအဖွဲ့အစည်းများ ထူထောင်ဖွဲ့စည်းပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုထားပြီး ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေ (၂၀၁၄) တွင် ငါးလုပ်ငန်းအား လူမှုအသိုက်အဝန်းနှင့်အတူ ပူးတွဲစီမံခန့်ခွဲရန်အတွက် ဥပဒေရေးရာ အခြေခံမူဘောင်ကို ချမှတ်ပေးထားသည်။

အာဏာသိမ်းမှုအလွန်တွင် စီမံအုပ်ချုပ်မှုဆိုင်ရာ စီစဉ်ထားရှိမှုများအပေါ် FDC ၏ အကျိုးသက်ရောက်မှုကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။ ရေနှင့် ငါးလုပ်ငန်းကို NUG မူဘောင်တွင် ယခုတိုင် ထည့်သွင်းရခြင်းမရှိသေးပေ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မရှိသည့်အတွက် ငါးလုပ်ငန်းကဏ္ဍ စီမံခန့်ခွဲမှုအား ယခင်ကဲ့သို့ ဆောင်ရွက်ရန်အတွက် အင်စတီကျူးရှင်းဆိုင်ရာ လစ်ဟာလိုအပ်ချက် ရှိနေသည်။

ရေနှင့် ငါးလုပ်ငန်းကို NUG မူဘောင်တွင် ယခုတိုင် ထည့်သွင်းရခြင်း မရှိသေးပေ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မရှိသည့်အတွက် ငါးလုပ်ငန်းကဏ္ဍ စီမံခန့်ခွဲမှုအား ယခင်ကဲ့သို့ ဆောင်ရွက်ရန်အတွက် အင်စတီကျူးရှင်းဆိုင်ရာ လစ်ဟာလိုအပ်ချက် ရှိနေသည်။

၃.၂. ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု

၃.၂.၁. အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း

၃.၂.၁.၁. အဓိက စိန်ခေါ်မှုများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

၂၀၁၃ – ၂၀၁၉ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ GDP သည် ၇ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု အသစ်များကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများ ပေါ်ပေါက်လာသည်။ ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် သတ္ထုတူးဖော်ရေးလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ သို့ရာတွင် စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းမရှိပါက ဤအကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ ပေါ်ပေါက်လာစေနိုင်ခြေလည်း မြင့်မားပေသည်။

တရုတ်နိုင်ငံ၏ BRI ခါးပတ်လမ်းနှင့် ချိတ်ဆက်နေသည့် စီမံကိန်းများကို အထူးသဖြင့် စိတ်ဝင်စားမှုရှိကြပြီး အကြောင်းမှာ အဆိုပါစီမံကိန်းများ၏ လုပ်ငန်းအရွယ်အစားနှင့် အလားအလာတို့ကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် BRI နှင့်ဆက်နွယ်နေသည့် အကြီးစားစီမံကိန်းနှစ်ခုရှိကာ ၎င်းတို့မှာ – (က) မန္တလေးမြို့နှင့် မြန်မာပြည်အလယ်ပိုင်းကို ဖြတ်သန်း၍ တရုတ်နိုင်ငံအား

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြင့် ဆက်သွယ်ထားသည့် အရှေ့-အနောက် စကြံ့လမ်း၊ နှင့် (ခ) ရန်ကုန်ကိုဖြတ်သန်း၍ အရှေ့-အနောက် စကြံ့လမ်းအား အိန္ဒိယသမုဒ္ဒရာနှင့် ဆက်သွယ်ထားသည့် မြောက်-တောင် စကြံ့လမ်းတို့ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင်လည်း ကန်ဒေါ်လာ ၇.၃ ဘီလီယံ တန်ကြေးရှိ ရေနက်ဆိပ်ကမ်းကိုတည်ဆောက်ရန် စီမံကိန်းချမှတ်ထားပြီး ၂၀၂၁ ခုနှစ်တွင် SAC က တင်ဒါခေါ်ခြင်းဖြင့် အတည်ပြုခဲ့သည်။ ဤနယ်မြေဒေသများတွင် အခြေချနေထိုင်သူ ၂၄ သန်းရှိပြီး မြစ်အထက်ပိုင်း၌ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းကြောင့် နုန်းတင်မှု ပိုမိုမြင့်မားခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် အခြားသောမြေယာအသုံးချမှု အပြောင်းအလဲများကြောင့် အဆိုပါ အခြေချနေထိုင်သူများအပေါ် ထိခိုက်မှုရှိနိုင်ကြောင်း ၂၀၁၈ ခုနှစ်တွင် WWF က ဖော်ပြခဲ့သည် (Helsingen 2017)။ လမ်းဖောက်လုပ်ခြင်းကြောင့်ဖြစ်စေ မြေယာအသုံးချမှု အပြောင်းအလဲကြောင့်ဖြစ်စေ ဤနယ်မြေဒေသများရှိ သစ်တောများ ဆုံးရှုံးသွားရပါက ပြည်သူများနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုများ နှစ်မျိုးစလုံးသည် ရေလွှမ်းမိုးမှု အန္တရာယ်ကို အလွန်တရာ ပိုမိုပြင်းထန်ဆိုးရွားစွာ ရင်ဆိုင်ရမည်ဖြစ်သည်။

၃.၂.၁.၂. အာဏာသိမ်းမှုမတိုင်မီနှင့် အာဏာသိမ်းမှုအလွန် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ ရည်ရွယ်ချက်မှာ ပြည်သူများကို ဆင်းရဲတွင်းမှ ကယ်ထုတ်ရန်နှင့် ရေရှည်တည်တံ့နိုင်သော သက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ အာဟာရဖူလုံမှု၊ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ လက်လှမ်းမီရယူနိုင်မှု၊ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်သည့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို စီစဉ်ပေးအပ်ရန် ဖြစ်သည်။ ပဉ္စလိက လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်ပန်းတိုင် ၃ တွင် ဝန်ဆောင်မှုများ စီစဉ်ပေးအပ်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချောမွေ့စေရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ချမှတ်ရန် လိုအပ်ချက်ကို အတည်ပြု ဖော်ပြထားသည့်အပြင် အခြေခံအဆောက်အအုံတည်ဆောက်ချမှတ်ခြင်းကြောင့် ပေါ်ပေါက်လာမည့် ဆိုးကျိုးများကို ကာကွယ်တားဆီးရန် အလို့ငှာ ထိရောက်သည့် လူမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဆီးရန်ကာ အစီအမံများကိုလည်း ရေးဆွဲချမှတ်ရန် ဖော်ပြထားသည်။

> ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) သည် ဆုံးဖြတ်ချက်ချမှတ်သူများ အနေဖြင့် စီမံကိန်းအား ခွင့်ပြုချက် ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရာ၌ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးဆက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရရှိနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း အထောက်အကူပြုနည်းနာတစ်ရပ် ဖြစ်သည်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) သည် ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့် စီမံကိန်းအား ခွင့်ပြုချက် ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရာ၌ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးဆက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရရှိနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း အထောက်အကူပြုနည်းနာတစ်ရပ်ဖြစ်သည်။ EIA ၏ ရည်ရွယ်ချက်မှာ အဆိုပြုထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ပေါ်ပေါက်လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များကို ဖော်ပြခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များကြောင့် ပေါ်ပေါက်လာနိုင်သည့် နောက်ဆက်တွဲရလဒ်များကို သိရှိနိုင်ကာ ထို့ကြောင့်ပင် တာဝန်ခံမှုပိုမိုရှိစေရန် ဖြစ်သည်။ ဆောင်ရွက်နိုင်သည့် အခြားသော ရွေးချယ်စရာများ၊ လုပ်ငန်းနေရာများ သို့မဟုတ် လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပေါ်ပေါက်လာနိုင်သော ထိခိုက်မှုများကို ရှောင်ကြဉ်ရန်၊ လျှော့ချရန် သို့မဟုတ် လျော်ပါးသက်သာစေရန် ဦးတည်ကြိုးပမ်းကာ လိုအပ်သော သတင်းအချက်အလက်

များကို သိရှိနားလည်ပြီး ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဆောင်ရွက်နိုင်စေရန် အတွက် အထောက်အကူပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

အာဏာသိမ်းမှုမတိုင်မီ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရသည် EIA လုပ်ထုံးလုပ်နည်း တစ်ရပ်ကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။ အဆိုပါ လုပ်ထုံးလုပ်နည်းတွင် စီမံကိန်းအား အဆိုပြုတင်ပြသူများသည် စီမံကိန်းအရွယ်အစားပေါ်မူတည်၍ စီမံကိန်းနယ်ပယ်အတိုင်းအတာ သတ်မှတ်သည့် အဆင့်၌ ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်ကိုဆောင်ရွက်ရန်နှင့် EIA အစီရင်ခံစာ ရေးသားပြုစုသည့်အချိန်တွင်လည်း အလားတူပင်ဆောင်ရွက်ရန် ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ဤလုပ်ထုံးလုပ်နည်းသည် ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပြီး နိုင်ငံတကာ ကျင့်သုံးမှုအလေ့အထကောင်း စံချိန်စံညွှန်းများကိုလည်း ယေဘုယျ အားဖြင့် ပြည့်မီသည် (Schulte and Baird 2018)။ EIA လုပ်ငန်းစဉ်တစ်လျှောက် ပြည်သူလူထုအား အပြည့်အဝ အသိပေးထုတ်ပြန်ရန် လိုအပ်ချက်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ရေးဆွဲခဲ့သည့် မြန်မာနိုင်ငံ၏ EIA လုပ်ငန်းစဉ်များ၌ ပြည်သူလူထု ပူးပေါင်းပါဝင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ မူကြမ်းတွင် ထည့်သွင်းဖော်ပြထားသော်လည်း အပြည့်အဝအတည်ပြုသတ်မှတ်ခဲ့ခြင်း မရှိပေ။

ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် လုပ်ငန်းကဏ္ဍ လမ်းညွှန်များ၊ ရေအားလျှပ်စစ် EIA နှင့် သတ္ထုတူးဖော်ရေး EIA/IEE/EMP လမ်းညွှန်ချက်များကို နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရေးသားပြုစုခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ၂၀၁၂ ခုနှစ်တွင် MONREC လက်အောက်ခံ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ကြီးကြပ်ထိန်းကွပ်ရေး ဌာနခွဲအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ NUG MONREC ဖွဲ့စည်းပုံအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီးတိုင်း၌ ဆောင်ရွက်ရမည့်တာဝန်များရှိသော ဌာနကြီး တစ်ခုဖြစ်ကာ ရည်ရွယ်ချက်မှာလက်ရှိဖြစ်ပွားနေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အသေးစိတ်သတင်းအချက်အလက်များကို ရှာဖွေစုဆောင်းရန် ဖြစ်နိုင်ဖွယ်ရှိသည်။

EIA ဦးစီးဌာနတွင် ဝန်ထမ်းအင်အား မလောက်ငှခြင်းနှင့် စီမံကိန်းများ၏ တုံ့ပြန်ဆောင်ရွက်မှုများနှောင့်နှေးခြင်းတို့ကြောင့် EIA စစ်ဆေးသုံးသပ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်သည် EIA လုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် ဖော်ပြထားသည်ထက် များစွာအချိန်ပိုမိုကြာမြင့်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အစီရင်ခံစာပေါင်း ၂,၉၄၇ စောင်ကို လက်ခံရရှိခဲ့သည်။ အစီရင်ခံစာများအားလုံးနီးပါး (၈၉ ရာခိုင်နှုန်း) ကို အကြောင်းပြန်ခဲ့သော်လည်း အနည်းအကျဉ်း (၇.၆ ရာခိုင်နှုန်း) ကိုသာလျှင် အတည်ပြုနိုင်ခဲ့သည်။ ရောက်ရှိလာသည့် အစီရင်ခံစာများ အားလုံး၏ ၇၂.၂ ရာခိုင်နှုန်းသည် သတ္ထုတူးဖော်ရေးလုပ်ငန်းကဏ္ဍနှင့် ဆက်နွယ်နေသည် (World Bank 2019a)။ ထုတ်ပြန်ခဲ့သည့် EIA အရေအတွက်မှာ မရှိသလောက်ပင်နည်းပါးပေသည်။ မည်သည့် ရင်းနှီးမြှုပ်နှံမှုများသည် EIAများဆောင်ရွက်လျက်ရှိသည်ကို သက်ဆိုင်ပါဝင်သူများကတွေ့မြင်ကာတိုးတက်ပြောင်းလဲမှုကို စောင့်ကြည့်လေ့လာ၍ အစီရင်ခံစာများ လက်လှမ်းမီရယူနိုင်မည့် အွန်လိုင်းဒေတာဘေ့စ် မရှိသည့်အတွက် လုပ်ငန်းစဉ်အပေါ် ခိုင်မာယုံကြည်နိုင်မှု လျော့ကျခဲ့ရသည် (Myanmar Centre for Responsible Business, 2020)။ EIA လုပ်ထုံးလုပ်နည်းသည် အသစ်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာဆန်းစစ်ချက်များ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကျွမ်းကျင်မှုကိုလည်း ပိုင်ဆိုင်ခြင်း မရှိကြသေးပေ။

ဂျန်ဒါရှုထောင့်မှ ထည့်သွင်းစဉ်းစားမှု မရှိသည့် အချက်အလက် ကောက်ယူ စုဆောင်းခြင်းနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုများကို ဂျန်ဒါရှုထောင့်မှ ထည့်သွင်းစဉ်းစားထားခြင်းတို့နှင့် စပ်လျဉ်းသော အချက်အလက်များ မရှိခြင်းကြောင့် အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းနှင့် တရားမျှတမှုမရှိခြင်းများအား အသိအမှတ်ပြုခြင်းတို့ကို ဆောင်ရွက်ရန် အခက်ကြုံလျက်ရှိသည် ။

အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတွင် ဂျန်ဒါဆိုင်ရာ အင်္ဂါရုပ်များကို ထည့်သွင်းခြင်းမရှိဘဲ EIA လုပ်ထုံးလုပ်နည်းတွင်လည်း အမျိုးသမီးများ အကျုံးဝင်ပါဝင်မှုအတွက် အားစိုက်ဖော်ဆောင်ခြင်း မရှိပေ။ ဂျန်ဒါရှုထောင့်မှ ထည့်သွင်းစဉ်းစားမှုမရှိသည့် အချက်အလက်ကောက်ယူစုဆောင်းခြင်းနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုများကို ဂျန်ဒါရှုထောင့်မှ ထည့်သွင်းစဉ်းစားထားခြင်းတို့နှင့်စပ်လျဉ်းသော အချက်အလက်များမရှိခြင်းကြောင့် အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းနှင့် တရားမျှတမှုမရှိခြင်းများအား အသိအမှတ်ပြုခြင်းတို့ကို ဆောင်ရွက်ရန် အခက်ကြုံလျက်ရှိသည် (Alliance for Gender Inclusion in the Peace Process n.d.; Minoletti 2017)။ ခြုံငုံဖော်ပြရသော် ၂၀၁၁ ခုနှစ်မှအစပြု၍ မူဝါဒချမှတ်ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် 'ဥပမာအားဖြင့် ကျန်းမာရေးနှင့် ပညာရေးအတွက် ဘဏ္ဍာခွဲဝေချမှတ်ပေးမှုကို တိုးမြှင့်ခြင်း၊ နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ကြိုတင်တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းရေးဆွဲခြင်းကဲ့သို့ မြေစမ်းခရမ်းပျိုး ခြေလှမ်းများကို စတင်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မူဝါဒချမှတ်ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းသည် ယခုထက်တိုင် အများအားဖြင့် ဂျန်ဒါဆိုင်ရာ ထည့်သွင်းစဉ်းစားမှုမရှိသည့်လုပ်ငန်းစဉ်အဖြစ် ကျန်ရှိနေဆဲဖြစ်ကာ အမျိုးသားများ၏ လိုအပ်ချက်များနှင့် ဆန္ဒများကို အထူးအခွင့်အရေးပေးလျက်ပင် ရှိသည်' (Minoletti 2017:1)။

အာဏာသိမ်းမှုမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်အပြိုင် စီမံကိန်းဘဏ် တစ်ရပ်ကို ထူထောင်ခဲ့သည်။ စီမံကိန်းဘဏ်သည် အစိုးရအဖွဲ့အစည်းများအနေဖြင့် MSDP ရည်မှန်းချက်ပန်းတိုင်များနှင့် မဟာဗျူဟာကျ လုပ်ငန်းအစီအစဉ်များကို အထမြောက်အောင်မြင်စေရန်အတွက် အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် ကန်ဒေါ်လာ ၁ သန်းကျော် တန်ကြေးရှိသော စီမံကိန်းများအား စုစည်းဖော်ပြထားကာ အများပြည်သူဝင်ရောက်ကြည့်ရှုနိုင်သည့် ဒေတာဘေ့စ်ဖြစ်သည်။ စီမံကိန်းဘဏ်တွင် ဖော်ပြပါဝင်သည့် စီမံကိန်းများကို အမျိုးသားအဆင့် စီးပွားရေးရာကော်မတီ၊ စီမံကိန်းဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့မှ အရေးပါသောဝန်ကြီးများနှင့် အရာရှိများက အထူးစစ်ဆေးစိစစ်ကာ ဦးစားပေးအဆင့်သတ်မှတ်ထားသည် (World Bank 2022)။ စီမံကိန်းဘဏ်၏ ရည်ရွယ်ချက်မှာ အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းများဆောင်ရွက်ခြင်းနှင့် စီမံကိန်းချမှတ်ခြင်းတို့လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်ဖြစ်သည်။ စီမံကိန်းများကို စစ်ဆေးစိစစ်ရာ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ စံနှုန်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်းအား စတင်ဆောင်ရွက်ရန်နှင့် အခြေခံအဆောက်အအုံ စီမံကိန်းချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို တစိုက်မတ်မတ် ထည့်သွင်းအရေးပေးဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အများအပြားထံမှ အားပေးထောက်ခံမှုကို ၂၀၂၀ ခုနှစ်တွင် စီမံကိန်း ဦးစီးဌာနအနေဖြင့် ရရှိခဲ့သည်။ MSDP၊ EIA လုပ်ထုံးလုပ်နည်းနှင့် စီမံကိန်းဘဏ်တို့သည် အလားအလာရှိသော်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ အကျိုးဆက်များအကြား ဟန်ချက်ညီမှုကို မည်ကဲ့သို့ ထိန်းသိမ်းမည်အား ရှင်းလင်းစွာဖော်ပြမှုမရှိသောကြောင့် ဆန့်ကျင်ဝေဖန်မှု အများအပြားကိုလည်း ကြုံတွေ့ခဲ့ရသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အာဏာသိမ်းမှုအလွန်တွင် IRMF သည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာအချက်အလက်ကောက်ယူစုဆောင်းခြင်းနှင့်ဆောင်ရွက်ပေးနိုင်မည့် ပြန်လည်ကုစားပေးခြင်းတို့ကို ထိရောက်စွာ လုပ်ဆောင်နိုင်စေမည့် အောက်မှအထက်သို့ တင်ပြ

ဆောင်ရွက်သည့် နည်းဟန်ဖြစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းကို အခိုင်အမာ ဆောင်ရွက်နိုင်မည့် အဆင့်များကို အဆိုပြုတင်ပြထားသည် – 'သဘာဝ သယံဇာတများအား အထိန်းအကွပ်မဲ့ထုတ်လုပ်ခြင်း၊ စီးပွားဖြစ်နှင့် စက်မှုလုပ်ငန်းဆိုင်ရာစက်ရုံများ တိုးချဲ့ခြင်း၊ လယ်ယာမြေချဲ့ထွင်ခြင်း၊ အကြီးစားအခြေခံအဆောက်အအုံတည်ဆောက်ခြင်းနှင့် တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများကြောင့် ပေါ်ပေါက်လာသည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာထိခိုက်ပျက်စီးမှုများကို စိစစ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်ကုစားခြင်းတို့ ဆောင်ရွက်ရန်အတွက် NUG MONREC သည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဒေသခံလူမှုအသိုက်အဝန်းများ၊ သက်ဆိုင်ရာ ပါဝင်သက်ဆိုင်သူများနှင့် ကြားကာလ လူထုဗဟိုပြု သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများအတွက် ပူးပေါင်းဆောင်ရွက်ရမည် (အခန်း ၅)'။

၃.၂.၂. မြို့ပြတည်ဆောက်မှုနှင့် လေထုညစ်ညမ်းခြင်း

၃.၂.၂.၁. အဓိက စိန်ခေါ်မှုများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

မြန်မာနိုင်ငံကို အာရှဒေသရှိ မြို့ပြအသွင်ပြောင်းလဲမှု အနည်းပါးဆုံး နိုင်ငံများအနက် အပါအဝင်အဖြစ် ပုံမှန်အားဖြင့်ရှုမြင်ကြပြီး နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည်သာလျှင် မြို့ပြဒေသများတွင် အခြေချနေထိုင်လျက်ရှိသည် (Republic of the Union of Myanmar 2015)။ ရန်ကုန်မြို့နေ လူဦးရေသည် ၅.၂ သန်း ဖြစ်သည်ဟု ခန့်မှန်းထားပြီး (Republic of the Union of Myanmar 2015) ၎င်းပမာဏသည် နိုင်ငံအတွင်းရှိ မြို့ပြနေလူထု စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်း ရှိသည်။ သို့ရာတွင် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA and YCDC 2014) က ရန်ကုန်မြို့ပြဒေသအတွင်းရှိ တရားမဝင်နေရာများတွင် ကျူးကျော်နေထိုင်သူ ၆.၄၈ သန်း ထပ်မံရှိသေးသည်ဟု ခန့်မှန်းဖော်ပြကာ ထိုသို့ဆိုပါက ရန်ကုန်မြို့ပြဒေသ၌ နေထိုင်သည့် လူဦးရေသည် တိုင်းပြည်လူဦးရေ စုစုပေါင်း၏ ၄၈ ရာခိုင်နှုန်းအထိ ရောက်ရှိသွားပြီ ဖြစ်သည်။ တရားဝင်မဟုတ်သော်လည်း ရန်ကုန်မြို့တော်ဟု သတ်မှတ်ထားသည့် မြို့ပြဒေသအတွင်း၌ ရန်ကုန်မြို့နှင့် ပတ်ပတ်လည် ခြောက်မြို့နယ်ဖြစ်သော လှည်းကူး၊ သန်လျင်၊ ကျောက်တန်း၊ တွံတေး၊ ထန်းတပင်နှင့် မှော်ဘီမြို့နယ်များ အကျုံးဝင်သည် (JICA and YCDC 2014, quoted in Sabrié 2019)။ ရန်ကုန်မြို့တော်၏ လူဦးရေတိုးတက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၂.၆ ရာခိုင်နှုန်း ဖြစ်သည့်အလျောက် ၂၀၄၀ ခုနှစ်တွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် မြို့ပြဒေသအတွင်း ကလေးမွေးဖွားခြင်း နှစ်မျိုးစလုံးကြောင့် ဒေသအတွင်း အခြေချနေထိုင်သူပေါင်း ၅.၂ သန်း ထပ်မံတိုးလာမည်ဟု ခန့်မှန်းထားသည် (Sabrié 2019)။ ထို့ပြင် လက်ရှိအချိန်၌ ကျေးလက်ဒေသများတွင် နေထိုင်နေသည့် ပြည်သူများအနက် ၇.၁ သန်းသည် ၂၀၅၀ ပြည့်နှစ်တွင် မြို့ပြဒေသများသို့ ရွှေ့ပြောင်းနေထိုင်ပြီး ဖြစ်မည်ဟူ၍လည်း ခန့်မှန်းထားသည် (World Bank 2019b)။

ပူနွေးသောရာသီဥတုတွင် မိုးခေါင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်း ရေလွှမ်းမိုးခြင်း၊ ကုန်းတွင်းရေလွှမ်းမိုးမှုများနှင့် အပူပိုင်းမုန်တိုင်းများကဲ့သို့ တဖြည်းဖြည်းဖြစ်စေ အလျင်အမြန်ဖြစ်စေ ဖြစ်ပေါ်ကျရောက်တတ်သည့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ခြေသည် ပိုမို၍မြင့်မားလာကာ ထိုသို့မြင့်မားလာခြင်းကြောင့် မြန်မာနိုင်ငံ၏ မြို့ပြတည်ဆောက်မှုကို ထိခိုက်စေနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိနေသည့် မြို့ပြအချက်အချာ နေရာများသည် ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေလွှမ်းမိုးမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့် ရေအရင်းအမြစ်

မလုံလောက်မှုတို့ကို ယခုပင် ကြုံတွေ့နေရပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဘိုကလေးမြို့ကဲ့သို့ မြေနိမ့်ပိုင်းတွင်တည်ရှိသည့် ပင်လယ်ကမ်းရိုးတန်း မြို့များအနေဖြင့် ၎င်းတို့၏ အခြေခံအဆောက်အအုံကို အလုံးစုံပြန်လည်ဒီဇိုင်းဆွဲ ပြင်ဆင်ခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း နေရာပြောင်းရွှေ့အခြေချခြင်းကိုပင် ဆောင်ရွက်ရန်လိုအပ်နိုင်သည် (MONREC 2017)။ ကုန်းတွင်းဒေသရှိ မြို့များနှင့် မြို့ကြီးများသည် မြစ်ရေနှင့် ရုတ်ချည်းရေလွှမ်းမိုးမှုများ၊ မိုးခေါင်မှုများနှင့် အပူလှိုင်းများကဲ့သို့ အန္တရာယ်ပြင်းထန်သည့် ဘေးအန္တရာယ်များကို ကြုံတွေ့ခံစားကြရသည် (MCCA/UN–Habitat 2017)။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံတွင် လူပေါင်းများစွာသည် မြေနိမ့်ပိုင်းတွင် တည်ရှိသည့် ပင်လယ်ကမ်းရိုးတန်းမြို့များမှ မြို့ကြီးပြကြီးများထံသို့ ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ကြုံတွေ့ရဖွယ် ရှိသည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂.၄ သန်းကို ထိခိုက်စေခဲ့သည့် ဆိုင်ကလုန်း နာဂစ်ကဲ့သို့ ပြင်းထန်သော ဘေးအန္တရာယ်များသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများဆုံးရှုံးခြင်း အပါအဝင် ရေရှည်ကြာမြင့်ပြီး ထိခိုက်မှုပြင်းထန်သည့် လူမှု-စီးပွားဆိုင်ရာ အကျိုးဆက်များကိုဖြစ်ပေါ်စေခဲ့သည်။ ရွှေ့ပြောင်းနေထိုင်မှုနှုန်း မြင့်မားခြင်းသည် မြို့များနှင့် မြို့ကြီးများ၏ အန္တရာယ်ဖြစ်နိုင်ခြေ အမြင့်မားဆုံး ဇုန်ဒေသများ၌ တရားမဝင် ကျူးကျော်အခြေချနေထိုင်မှုများကို ပေါ်ပေါက်လာစေတတ်ပြီး ရေလွှမ်းမိုးမှုကဲ့သို့ ရာသီဥတုနှင့် ဆက်နွယ်သည့် ဘေးအန္တရာယ်များအား ကြုံတွေ့ရသည့် လူဦးရေ အရေအတွက်ကို တိုးမြင့်စေသည်။

> ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံတွင် လူပေါင်းများစွာသည် မြေနိမ့်ပိုင်းတွင်တည်ရှိသည့် ပင်လယ်ကမ်းရိုးတန်းမြို့များမှ မြို့ကြီးပြကြီးများထံသို့ ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ကြုံတွေ့ရဖွယ် ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ပြဒေသများ ထိခိုက်လွယ်မှု၏ ဇာစ်မြစ်သည် မြို့ပြစီမံကိန်းချမှတ်မှု လုံလောက်စွာမကောင်းမွန်ခြင်း၊ ဆောက်လုပ်ရေးနည်းစနစ်များ မကောင်းမွန်ခြင်းနှင့် ရေနုတ်မြောင်းစနစ်၊ ရေပေးဝေရေးစနစ်နှင့် ရေဆိုးစွန့်စနစ်ကဲ့သို့ အခြေခံအဆောက်အအုံများ အရည်အသွေးနိမ့်ပါးခြင်း၊ နိုင်ငံတဝန်း၌အခြေခံဝန်ဆောင်မှုများကဏ္ဍကောင်းစွာဖွံ့ဖြိုးတိုးတက်မှု မရှိခြင်းနှင့် ဒေသန္တရအဆင့်၌ ဆောင်ရွက်နိုင်စွမ်းအကန့်အသတ်ရှိခြင်းတို့ ဖြစ်သည်။ လိုက်လျောညီထွေ မွမ်းမံပြောင်းလဲခြင်းမရှိပါက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားလာမည့် သဘာဝဘေးအန္တရာယ်များသည် မြို့ပြအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများအပေါ် ဆိုးရွားစွာ ထိခိုက်စေမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေရရှိနိုင်မှုလျော့ပါးလာမည့် အနာဂတ်တွင် လူဦးရေတိုးတက်လာမှုကြောင့် ရေနှင့်လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပိုမိုမြင့်တက်လာသည့် အခြေအနေ၌ အလုံအလောက် ဖြန့်ဖြူးပေးဝေနိုင်ရန်မှာ အဓိကကြုံတွေ့ရမည့် အခက်အခဲများ ဖြစ်လာပေမည်။ တစ်ချိန်တည်းမှာပင် အလျင်အမြန် ဖြစ်ပေါ်ကျရောက်တတ်သည့် ဘေးအန္တရာယ်များသည် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို ထိခိုက်စေမည်ဖြစ်သည်။

> အနာဂတ်တွင် လူဦးရေတိုးတက်လာမှုကြောင့် ရေနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပိုမိုမြင့်တက်လာသည့် အခြေအနေ၌ အလုံအလောက် ဖြန့်ဖြူးပေးဝေနိုင်ရန်မှာ အဓိကကြုံတွေ့ရမည့် အခက်အခဲများ ဖြစ်လာပေမည်။

မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှု စောင့်ကြည့်လေ့လာခြင်းဆောင်ရွက်ရာ၌ အခက်အခဲရှိသည်။ ဥပမာ ဖော်ပြရသော် လေထုကိုအချိန်နှင့်တပြေးညီ စောင့်ကြည့်လေ့လာနိုင်သည့် လေထုညစ်ညမ်းမှု တိုင်းတာသည့်ကိရိယာ (Air Visual app) သည် ရန်ကုန်တွင်တစ်ခုသာရှိကာ ၎င်းထက် ပိုမိုသေးငယ်သည့် HAZE scanner များနှင့် နိုင်ငံအတွင်း ကျန်ဒေသများရှိ လေထုညစ်ညမ်းမှုကို တိုင်းတာသည်။ Yi et al (2018) က ရန်ကုန်ရှိ မြို့နယ်ခုနစ်ခုတွင် ဆောင်ရွက်ခဲ့သည့် ဆန်းစစ်ချက်အရ ဓာတ်မှုန်ငယ်များ (particulate matter, PM2.5) တွေ့ရှိနှုန်းသည် ပုံမှန်အားဖြင့် နံနက်ခင်းနှင့် ညနေခင်းအချိန်တွင် အမြင့်မားဆုံးဖြစ်သည်ဟု တွေ့ရှိခဲ့သည်။ စက်မှုလုပ်ငန်းဒေသ

ဖြစ်သည့် လှိုင်သာယာမြို့နယ်တွင် PM2.5 သိပ်သည်းဆသည် နံနက်ခင်းတွင် (164 ± 52 micrograms per cubic meter of air (µg/m3)) နှင့် ညနေခင်းအချိန်တွင် (100 ± 35 µg/m3) ရှိပြီး မြင့်မားကာ လူနေဒေသဖြစ်သည့် တာမွေမြို့နယ်တွင်မူ အဆိုပါသိပ်သည်းဆသည် နံနက်ခင်းတွင် 130 ± 102 µg/m3 ကြားနှင့် ညနေခင်းတွင် 69 ± 27 µg/m3 ကြားရှိကြောင်းတွေ့ရှိခဲ့ရသည် (Yi et al. 2018)။ လက်ရှိအချိန်၌ WHO က သတ်မှတ်ထားသည့် ၂၄ နာရီပတ်လုံးအတွက် PM2.5 ပျမ်းမျှစံသတ်မှတ်ချက်မှာ 15 µg/m3 ဖြစ်သောကြောင့် ရန်ကုန်ဒေသရှိမြို့နယ်များတွင် တိုင်းတာရရှိချက်များသည် 'ဘေးကင်းလုံခြုံသော' စံသတ်မှတ်ချက်ကိုများစွာပင် ကျော်လွန်လျက်ရှိသည်။

တရားမဝင် ကျူးကျော်အိမ်ရာများ၊ ပြိုပျက်လွယ် အိမ်ရာများသည် ရာသီဥတုဒဏ်ကို အထူးခံရမည် ဖြစ်သည်။ လွတ်မြောက်နယ်မြေများ၌ အခြေချနေထိုင်မှုများနှင့်စပ်လျဉ်း၍ လက်ရှိအချိန်တွင် ရရှိနိုင်သည့်သတင်းအချက်အလက်များမှာ အကန့်အသတ်ရှိသော်လည်း ရေရှည်တွင် တရားမဝင် ကျူးကျော်အိမ်ရာသစ်များ ပေါ်ထွက်လာနိုင်ပြီး ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများကိုလက်ခံထားသည့် မြို့များတွင်ပိုင်ဆိုင်သည့် အကန့်အသတ်ဖြင့်သာရှိသော အရင်းအမြစ်များအပေါ် တောင်းခံလိုအပ်မှုများ ပိုမိုမြင့်မားလာမည် ဖြစ်သည်။ ပြည်သူများအနေဖြင့် ဘေးကင်းလုံခြုံသောအိမ်ရာကို ရယူနိုင်ရန်အတွက် ငွေကြေးလုံလောက်မှုမရှိခြင်းမျိုး ပေါ်ပေါက်လာနိုင်သည်။

၃.၂.၂.၂. အာဏာသိမ်းမှုမတိုင်မီနှင့် အာဏာသိမ်းမှုအလွန် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံသည် မြို့ပြတည်ဆောက်မှု၏ အစောပိုင်းအဆင့်များတွင်ရှိနေကာ မူဝါဒနှင့် ဥပဒေပြုရေး မူဘောင်သစ်များတွင် ရာသီဥတုပြောင်းလဲမှုကို ပေါင်းစည်းထည့်သွင်းရန်ရည်ရွယ်၍ ကြိုးပမ်းလျက်ရှိသည်။ ဤသို့ဆောင်ရွက်ရန်အတွက် ပထမဆုံး ကြိုးပမ်းအားထုတ်မှုကို မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များအား ပြင်ဆင်တည်းဖြတ်ခြင်းဖြင့် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် မွမ်းမံပြင်ဆင်ခဲ့သည်။ အဆိုပါ စံချိန်စံညွှန်း လမ်းညွှန်ချက်များတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံများနှင့် စံသတ်မှတ်ချက်များ၊ ဘေးအန္တရာယ်ဒဏ်ကို ခံနိုင်ရည်ရှိသည့်ပစ္စည်းများ အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းများ၊ အဆောက်အအုံဒီဇိုင်းနှင့် ဆောက်လုပ်ရေးနည်းစနစ်များအပါအဝင် နိုင်ငံတဝန်းရှိ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲသည့် လမ်းညွှန်ချက်များ ထည့်သွင်းဖော်ပြထားသည်။ အရေးကြီးသည်မှာ မွမ်းမံပြင်ဆင်ထားသည့် စံချိန်စံညွှန်း လမ်းညွှန်ချက်များတွင် စွမ်းအင်အလေအလွင့် မရှိရေးနှင့် ရေအသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှုမရှိသည့် အဆောက်အအုံများနှင့်စပ်လျဉ်းသည့် သီးခြားပြဋ္ဌာန်းချက်များ ပါဝင်သည်။ အဆိုပါ စံချိန်စံညွှန်း လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်း ရည်မှန်းချက်များကို ပြည့်မီနိုင်စေရန်အတွက် အထောက်အကူ ဖြစ်နိုင်သည်။ ထို့ပြင် ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် အမျိုးသား မြို့ပြမူဝါဒကို မူကြမ်းရေးဆွဲနေခဲ့ခြင်းဖြစ်ပြီး မြို့ပြဒေသများ၌ ရာသီဥတုပြောင်းလဲမှုကို အဆိုပါမူဝါဒဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်မည် ဖြစ်သည်။

အမျိုးသား သဘာဝပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာ (ဓာတ်ငွေ့ထုတ်လွှတ်မှုများ) လမ်းညွှန်ချက်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်အတည်ပြုကျင့်သုံးခဲ့သည်။ အဆိုပါ လမ်းညွှန်ချက်များတွင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်မြေများ၌ ဓာတ်ငွေ့

ထုတ်လွှတ်မှုများ၊ အသံညစ်ညမ်းမှု၊ ဖုန်မှုန့်နှင့် ရေ အစရှိသည့် စွန့်ထုတ်အညစ်အကြေးများနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုများအပြင် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများမှ စွန့်ထုတ်ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများကိုပါ စည်းကြပ်ကွပ်ကဲခြင်းအတွက် စွမ်းဆောင်ရည်အဆင့်များနှင့် အတိုင်းအတာကို ဖော်ပြထားသည်။ အဆိုပါ လမ်းညွှန်ချက်များကို နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက်များ (Schulte and Baird 2018) အပေါ် အခြေခံ၍ ရေးဆွဲချမှတ်ထားသည်။ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ နှင့် ၂၀၁၈ – ၂၀၃၀ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် မဟာစီမံကိန်းတို့သည် အခြားအရေးပါသည့် ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်သည်။ သို့ရာတွင် ဤကြီးကြပ်ကွပ်ကဲမှုများကို ခိုင်မာသည့် တရားဥပဒေစိုးမိုးရေးဖြင့် အပြည့်အဝ ထောက်ကူပေးနိုင်ခြင်းမရှိဘဲ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်းနှင့် လိုက်နာဆောင်ရွက်မှု အားနည်းခြင်းတို့ကို ပူးတွဲ၍ကြုံတွေ့ရလျက်ရှိသည်။

အရှေ့တောင်အာရှဒေသတွင် နိုင်ငံလုံးဆိုင်ရာ လေထုအရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်ခြင်းမပြုရသေးသည့် နိုင်ငံအနည်းငယ်သာကျန်ရှိသည့်အနက် မြန်မာနိုင်ငံသည် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် UN သဘာဝပတ်ဝန်းကျင်စီမံကိန်းက ဆောင်ရွက်ခဲ့သည့် လေထု အရည်အသွေးဆိုင်ရာမူဝါဒများစစ်တမ်းတွင် မြန်မာနိုင်ငံ၌ နိုင်ငံလုံးဆိုင်ရာ လေထုအရည်အသွေး မူဝါဒချမှတ်ထားခြင်းမရှိသော်လည်း လေထုအရည်အသွေးစီမံခန့်ခွဲခြင်းအား ပိုမိုကောင်းမွန်အောင် မွမ်းမံမြှင့်တင်ခြင်းကို မြန်မာလုပ်ငန်းအစီအစဉ် ၂၁ ပါ စီမံကိန်းနယ်ပယ်လေးခုတွင် ထည့်သွင်းထားကြောင်း တွေ့ရှိရသည်။ ရန်ကုန်မြို့၌ စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်းမပြုမီ ညစ်ညမ်းမှုထိန်းချုပ်ရေးအစီအမံကို မပျက်မကွက်ပြုစုတင်ပြရန် သတ်မှတ်ထားသော်လည်း ဤသတ်မှတ်ချက်သည် ရန်ကုန်မြို့တွင်းအတွက်သာအကျုံးဝင်သည်။ ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စပ်လျဉ်း၍ မည်သို့မျှကန့်သတ်ထားခြင်းမရှိဘဲ အဆင့်နိမ့်အောက်တိန်း လောင်စာဆီများကို အသုံးပြုမှုများပြားသည့်အလျောက် ဓာတ်ငွေ့ထုတ်လွှတ်မှုလည်း မြင့်တက်လာသည်။ ၂၀၀၀ ခုနှစ် မတိုင်မီ ထုတ်လုပ်ခဲ့သည့်ကားများ တင်သွင်းခြင်းကိုမူ တားမြစ်ပိတ်ပင်ပြီး ဖြစ်သည်။

> အရှေ့တောင်အာရှဒေသတွင် နိုင်ငံလုံးဆိုင်ရာ လေထုအရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း မပြုရသေးသည့် နိုင်ငံအနည်းငယ်သာ ကျန်ရှိသည့်အနက် မြန်မာနိုင်ငံသည် အပါအဝင်ဖြစ်သည်။

အာဏာသိမ်းမှုအလွန် မြို့ပြဆိုင်ရာ ပြဿနာရပ်များကို NUG က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများ၏ လက်ရှိတာဝန်များတွင်ဖြစ်စေ FDC တွင်ဖြစ်စေ ထင်ဟပ်ထည့်သွင်းဖော်ပြခြင်း မရှိသေးပေ။

၃.၂.၃. စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် စီးပွားရေးစနစ်နှင့် စွန့်ပစ်ပစ္စည်း

၃.၂.၃.၁. အဓိက အခက်အခဲများနှင့် အာဏာသိမ်းမှုမတိုင်မီ အခြေအနေ

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက ဂေဟစနစ်အပေါ် ဖိအားကျရောက်သည့် အန္တရာယ်ဖြစ်နိုင်ခြေ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ရေနှင့် လေထုညစ်ညမ်းခြင်း၊ နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အထမြောက်အောင်မြင်စေရန် ဆောင်ရွက်ရာ၌ ကြုံတွေ့နိုင်သည့် အခြားပြဿနာရပ်များအား ကြုံတွေ့ရနိုင်ခြေ ပိုမိုမြင့်မားလာနိုင်သည်။ မြန်မာနိုင်ငံတွင် မြို့ပြတည်ဆောက်မှုကို အလျင်အမြန် ဆောင်ရွက်ခြင်းကြောင့် ရလဒ်အဖြစ် တရားမဝင် ကျူးကျော်နေထိုင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် ညစ်ညမ်းမှုတို့နှင့် ဆက်နွယ်နေသည့် ပြဿနာရပ်များပေါ် ပေါက်လာပြီး အရင်းအမြစ်များ အသုံးပြု

မှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို ကောင်းစွာကြီးကြပ်ကွပ်ကဲနိုင်မှု မရှိခြင်းကြောင့် ဤပြဿနာရပ်များအားလုံးသည် ပိုမိုဆိုးရွားပြင်းထန်လာသည်။ ရန်ကုန်မြို့တွင် စွန့်ပစ်ပစ္စည်း တန်ချိန်ပေါင်း ၄,၀၀၀ ကျော် နေ့စဉ်ထွက်ရှိပြီး ၎င်းပမာဏ၏ ၁၃ ရာခိုင်နှုန်းသည် ပလပ်စတစ်အမှိုက်များ ဖြစ်သည်ဟု ခန့်မှန်းထားသည် (Switch Asia 2020)။

ထို့ပြင် စစ်အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍသည် တိုးတက်လျက်ရှိပြီး GDP တွင် ဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သည့်ကဏ္ဍ ဖြစ်ခဲ့သည်။ သို့ရာတွင် ဤစက်မှုလုပ်ငန်းအများစုသည် 'ယူဆောင်-ထုတ်လုပ်-စွန့်ပစ်' ဟူသည့် သဘောတရားကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် အခြေခံအဆောက်အအုံ လုံလောက်မှုလည်း မရှိပေ။အထည်လုပ်ငန်း၊စားသုံးသူဆိုင်ရာကုန်ပစ္စည်းလုပ်ငန်း၊သံလုပ်ငန်းနှင့်အစားအစာလုပ်ငန်းတို့သည် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အမြင့်မားဆုံးလုပ်ငန်းကဏ္ဍလေးခုဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် တစ်လလျှင် တန်ပေါင်း ၈,၀၀၀ ထွက်ရှိကာ ၎င်းအနက် တန်ပေါင်း ၃,၀၀၀ ခန့်ကို ပြန်လည်အသုံးပြုပြီး ၅,၀၀၀ ကို မြေကျင်းတူး၍ စွန့်ပစ်သည် (Prevent Plastics 2021)။ စွန့်ပစ်ပစ္စည်းများအားမီးရှို့ခြင်းကို အများစုကဆက်လက်ကျင့်သုံးလျက်ရှိပြီး စွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြားမှုကိုလည်း ဆောင်ရွက်ခြင်းမရှိသလောက်ပင် ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြားရန်အတွက် တရားဝင်မဟုတ်သည့် စွန့်ပစ်ပစ္စည်းဆိုင်ရာ လုပ်သားများအပေါ် အားထားခြင်းကြောင့်လည်း လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ၊ လုပ်ငန်းကျွမ်းကျင် ထိရောက်မှု မရှိခြင်း၊ နှင့် ရေရှည်တည်တံ့နိုင်စွမ်းမရှိသည့် စွန့်ပစ်ပစ္စည်း အမျိုးအစားခွဲခြားခြင်းဆိုင်ရာ ကျင့်သုံးမှုအလေ့အထများ ပေါ်ပေါက်လာနိုင်သည်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ပြီးပါက မြန်မာနိုင်ငံ၏ စီးပွားရေးသည် နောက်တစ်ကြိမ် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းချက်ထား၍ နိုင်ငံတော်အနေဖြင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုသည့် ကျင့်သုံးမှုအလေ့အထများကို လိုက်နာဆောင်ရွက်ရန်အတွက် အတည်ပြုသတ်မှတ်ရန် အရေးကြီးပေသည်။ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုသည့် စီးပွားရေးစနစ်ကို အနက်ဖွင့်ဆိုချက်တစ်ခုတည်းဖြင့် ဖော်ပြဖွင့်ဆိုထားခြင်းမရှိသော်လည်း ဤနည်းလမ်းကို အရင်းအမြစ်များအား ထပ်ကျော့လည်ပတ်သည့် စနစ်အတွင်း၌ ထိန်းသိမ်းထားရှိရန် ဦးတည်ဆောင်ရွက်ခြင်းဟူ၍ ဖော်ပြနိုင်သည်။ သုတေသန ဆောင်ရွက်ချက်များအရ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုသည့် စီးပွားရေးစနစ်နည်းလမ်းများကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်တွင် ကုမ္ပဏီများအတွက် ပိုမိုများပြားသည့် အကျိုးအမြတ်များကို ဆောင်ကြဉ်းပေးနိုင်ကြောင်း တွေ့ရှိရသည်။ စွမ်းအင်အသုံးပြုရာ၌ အလေအလွင့် ပိုမိုနည်းပါးခြင်း၊ အလားအလာရှိသည့် စျေးကွက်သစ်များနှင့် တစ်ခါမျှအသုံးမပြုရသေးသည့် ကုန်ကြမ်းပစ္စည်းများထည့်သွင်းအသုံးပြုမှုကို လျှော့ချခြင်းတို့၏ ရလဒ်အဖြစ် ဤအကျိုးအမြတ်များ ပေါ်ပေါက်လာနိုင်ပြီး ၎င်းတို့အားလုံးသည် SDG များ အထမြောက်အောင်မြင်စေခြင်းအပေါ် သက်ရောက်မှုရှိသည်။

လွတ်မြောက်နယ်မြေများရှိ လက်ရှိအခြေအနေမှာ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ အလွန်အမင်း များပြားလာခြင်းကြောင့် ၎င်းတို့အား လက်ခံထားသည့် မြို့များတွင် စွန့်ပစ်အမှိုက်များ ရေတို့နှင့် ရေလတ်ကာလအတွင်း အလွန်အမင်း များပြားလာနိုင်သည်။

၃.၂.၃.၂. အာဏာသိမ်းမှုမတိုင်မီနှင့် အာဏာသိမ်းမှုအလွန် အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်ထားရှိမှုများ

အာဏာသိမ်းမှုမတိုင်မီကပင် မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအား ကြီးကြပ်ကွပ်ကဲရန်အတွက် ဥပဒေများနှင့် မူဝါဒများအများအပြားကို ချမှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ကာ (AIT RRC:AP n.d.) ယင်းတို့အနက် ထင်ရှားသည်များမှာ –

- စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရန်အတွက် စနစ်အတွင်း၌ တစ်ပါတည်းထည့်သွင်းသတ်မှတ်ရန်နှင့် လူမှုအသိုက်အဝန်းအခြေပြု R သုံးလုံး (reduce, reuse, recycle) အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ရေးဆွဲခဲ့သည့် မြို့တော်စည်ပင်သာယာရေး ဥပဒေ (ရန်ကုန်မြို့တွင် ၂၀၁၃၊ ၂၀၁၈၊ မန္တလေးမြို့တွင် ၂၀၁၆)။
- စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ MONREC က ဆောင်ရွက်ရမည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကိုဖော်ပြထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)။
- မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် မဟာစီမံကိန်း (၂၀၁၈ – ၂၀၃၀)။
- မြူနီစီပါယ်အဆင့်တွင် စွန့်ပစ်ပစ္စည်းများကို ဘလောက်အတွင်း သိမ်းဆည်းခြင်း၊ အများပြည်သူသုံး အမှိုက်စွန့်ပစ်ရာနေရာတွင် သိမ်းဆည်းခြင်း၊ အိမ်တိုင်ရာရောက် လိုက်လံသိမ်းဆည်းခြင်း၊ လမ်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သတ်မှတ်အတိုင်းအတာအတွင်း သာ သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ စံသတ်မှတ်ထားသည့် ကျင့်သုံးမှုအလေ့အထများ။

သို့ရာတွင် တရားဥပဒေစိုးမိုးရေးကို အခိုင်အမာအကောင်အထည်ဖော်ခြင်းမရှိဘဲ လိုက်နာဆောင်ရွက်မှုလည်း အားနည်းသည်။ မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ ချမှတ်ထားခြင်း မရှိသည့်အတွက် စက်မှုလုပ်ငန်းများ၌ ဤဥပဒေများ အသက်ဝင်စိုးမိုးစေရန် ဆောင်ရွက်ရာတွင် အခက်အခဲများကို ပိုမို၍ ကြုံတွေ့ရသည်။

အာဏာသိမ်းမှုအလွန်တွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုသည့် စီးပွားရေးစနစ်တို့သည် လက်ရှိ အကူးအပြောင်းကာလ၌ ဦးစားပေးရမည့် ကိစ္စရပ် မဟုတ်သော်လည်း အကူးအပြောင်းကာလဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နိုင်သည့်နည်းတူ အနာဂတ် ဥပဒေပြုခြင်းတွင်လည်း ထည့်သွင်းပါဝင်သင့်သည်။

အခန်း (၄)

ကြားကာလစီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် အဓိကထည့်သွင်းစဉ်းစားရမည့် အချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တည်ငြိမ်ခိုင်မာသည့်မူဘောင်ကို ချမှတ်ပေးနိုင်ပြီး အားသာချက်အကျိုးကျေးဇူး အမြောက်အများကိုလည်း ပေးအပ်နိုင်သည်။ ၎င်းတို့သည် သီးခြားတည်ရှိခိုင်မာသောနှင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို အာမခံခြင်း၊ နိုင်ငံရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်ပုံကို ပုံဖော်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် သဘာဝပတ်ဝန်းကျင်၏ ပင်ကိုယ်တန်ဖိုးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လူမှု-နိုင်ငံရေး ဆွေးနွေးပွဲများ၌ ပါဝင်နိုင်ရန်အတွက် အခွင့်အလမ်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းကို ဆန်းသစ်မွမ်းမံခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် အနာဂတ်မျိုးဆက်များ၏ အခွင့်အရေးများအကြား ပေါင်းကူးချိတ်ဆက်ပေးရန် အရေးပါသည့်အခန်းကဏ္ဍမှလည်း ပါဝင်နိုင်သည်။ အထူးအရေးပါသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရာ၌ သဘာဝပတ်ဝန်းကျင်အား ရေရှည်ထိန်းသိမ်းကာကွယ်ရန်အတွက် ဦးစားပေးပြီး ရွေးကောက်ပွဲစက်ဝန်းများနှင့် ဆက်နွယ်နေသည့် ရေတိုနိုင်ငံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရန်အချက်များကို လျစ်လျူရှုသည်။

ဖွဲ့စည်းပုံ ကျစ်လျစ်ကာ လုပ်ငန်းဆောင်ရွက်မှုထိရောက်ပြီး ဆန်းသစ်မှုရှိသော အင်စတီကျူးရှင်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား မြှင့်တင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် မှန်ကန်သင့်လျော်ကြောင်း သက်သေထူခြင်းတို့ဖြင့် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်နိုင်သည်။ တရားရုံးများ၊ ဥပဒေပြုရေးအဖွဲ့များ၊ အစိုးရဌာနများအပေါ် မကျေနပ်ချက်များအား စုံစမ်းတင်ပြရေး အရာရှိများနှင့် အခြားအစိုးရအဖွဲ့အစည်းများကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထူထောင်ထားသည့် အင်စတီကျူးရှင်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုရေးနှင့် မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်ရှိ အဆင့်အမျိုးမျိုးတွင် ကြားဝင်ဆောင်ရွက်မှုများ လုပ်ဆောင်ခွင့်ပြုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အခြေခံအုတ်မြစ် မူဘောင်ကိုချမှတ်ပေးသော်လည်း သဘာဝပတ်ဝန်းကျင် အရည်အသွေးလျော့ကျ

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ၎င်းတို့၏ ဒီဇိုင်းကို ဆန်းသစ်မွမ်းမံခြင်းမှတဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ခြင်းနှင့် အနာဂတ်မျိုးဆက်များ၏ အခွင့်အရေးများအကြား ပေါင်းကူးချိတ်ဆက်ပေးခြင်းဖြင့် အရေးကြီး အခန်းကဏ္ဍနေရာ၌ တည်ရှိနိုင်ပါသည်။

ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးဆက်များ၏စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဥပဒေပြုခြင်းနှင့် အစိုးရမူဝါဒချမှတ်ခြင်းအပြင် လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုရှိခြင်းနှင့် သိပ္ပံနည်းကျ ဗဟုသုတများအား လက်လှမ်းမီရယူနိုင်ခြင်းတို့ဖြင့် မပျက်မကွက် ဖြည့်စွက်ထောက်ကူပေးရန် လိုအပ်သည်။ အပိုင်း ၃ တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို အဆိုးရွားဆုံး ကြုံတွေ့ခံစားရသည့် နိုင်ငံများအနက် အပါအဝင်ဖြစ်ကာ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် အန္တရာယ်အခြေအနေသို့ ကျရောက်လျက်ရှိသည်။ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် (FDC) တွင် ဖော်ပြထားသည့် အာဏာသိမ်းမှုအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံ၏ ကြားကာလအစိုးရ အင်စတီကျူးရှင်းများ ဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုတို့ကို (ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် နှစ်မျိုးစလုံးရှိ) အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထိရောက်စွာ ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့် ဥပဒေပြုခြင်းနှင့် မူဝါဒချမှတ်ခြင်းများတွင် မပျက်မကွက်ထည့်သွင်းဆောင်ရွက်ခြင်းရှိစေရန် တစ်မူထူးကဲသည့် အခွင့်အလမ်းကို ပေးအပ်ထားသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဥပဒေစိုးမိုးစေခြင်းအတွက် ထိရောက်သည့် နိုင်ငံအဆင့် အဖွဲ့အစည်းများကို ထူထောင်ချမှတ်ရန် အခွင့်အလမ်းကိုလည်း ပေးအပ်ထားသည်။

သို့ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများအကြောင်း ဆွေးနွေးမှုများကို နိုင်ငံ၏ စီးပွားရေးမော်ဒယ်နှင့် ပြန်ပြည့်မြဲမဟုတ်သည့် သယံဇာတများအား ရေရှည်စီမံခန့်ခွဲမှုအတွက် ဆွေးနွေးမှုများနှင့် သီးခြားစီ ခွဲခြားရှုမြင်ဆောင်ရွက်၍ မရနိုင်ပေ။ သဘာဝသယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကိုချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၏ အနိမ့်ဆုံးစံနှုန်းများကို ကျင့်သုံးလိုက်နာမှုရှိသည့် အခြေခံမူများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်တိုက်ဖျက်ရန်နှင့် သဘာဝပတ်ဝန်းကျင် အရည်အသွေးလျော့ကျခြင်းကို ကာကွယ်တားဆီးရန်အတွက် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်ရန် လိုအပ်သည်။

၄.၁. ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် – သဘာဝပတ်ဝန်းကျင်/ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် စုပေါင်းအခွင့်အရေးများ

မြန်မာနိုင်ငံ၏ကြားကာလအစိုးရအင်စတီကျူးရှင်းများက ကျင့်သုံးလိုက်နာလျက်ရှိသော FDC သည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲချမှတ်ရန်အတွက် လမ်းပြမြေပုံဖြစ်ကာ ၎င်းတွင် အခြေခံမူများ (အစိတ်အပိုင်း ၁) နှင့် ကြားကာလ စီမံအုပ်ချုပ်မှုဆိုင်ရာအစီအစဉ်များနှင့်စပ်လျဉ်း၍ ဖော်ပြချက် (အစိတ်အပိုင်း ၂) တို့ ပါဝင်သည်။

FDC တွင် ပြည်သူများအားလုံး ခံစားပိုင်ခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများနှင့် ပုဂ္ဂလအခွင့်အရေးများ အပါအဝင် လူအခွင့်အရေးကို ဘက်စုံထောင့်စုံမှဖော်ပြထားပြီး နိုင်ငံသားအခွင့်အရေးများကိုလည်း ထည့်သွင်းထားသည်။ FDC (အပိုင်း ၁) ၏ အပိုဒ် ၅၄ တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို မီးမောင်းထိုးဖော်ပြထားကာ အထူးသဖြင့် နိုင်ငံသားများ အားလုံးအနေ

ဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိပိုင်ခွင့်ကို ဖော်ပြထားသည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ ရပိုင်ခွင့်များအကြောင်းကိုဖော်ပြထားပြီး အောက်ပါအတိုင်း ပါရှိသည် – 'လူနည်းစု ဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စုနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရများကလည်း အသိအမှတ်ပြုရမည်'။ သို့ရာတွင် ဤသီးခြား အခွင့်အရေးပိုင်ဆိုင်သူများအနေဖြင့် ရရှိပိုင်သည့် အခွင့်အရေးများ၏ နယ်ပယ်အတိုင်းအတာနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ မပါရှိဘဲ သီးခြားလွတ်လပ်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများနှင့်စပ်လျဉ်း၍ (တရားလွှတ်တော်ချုပ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကဲ့သို့ အဆင့်မြင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းထံသို့ တိုက်ရိုက် အယူခံဝင်ခွင့်ရှိနိုင်ခြင်း) အသေးစိတ်အချက်အလက်များ ထပ်တိုးသိရှိရခြင်း မရှိပါက ပဋိညာဉ်တွင် လူအခွင့်အရေးနှင့်စပ်လျဉ်း၍ ယေဘုယျဆန်စွာ သုံးနှုန်းဖော်ပြထားခြင်းအပေါ် အနက်ဖွင့်ဆိုရာတွင် အကန့်အသတ်ရှိမည် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝ သယံဇာတများ ခွဲဝေခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြားအာဏာခွဲဝေခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်များခွဲဝေခြင်းကို သတ်မှတ်ရာတွင် မြန်မာနိုင်ငံ၏ တရားဝင် ဒီမိုကရေစီအရေး လှုပ်ရှားဆောင်ရွက်သူများအနေဖြင့် ထည့်သွင်းစဉ်းစားခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဆက်လက်၍အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရန်လိုအပ်သည့် ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းဆိုင်ရာ အခြေခံမူများကိုလည်း FDC တွင် ဖော်ပြထားသည်။ 'ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်' ဟု ပြဋ္ဌာန်းကာ အနာဂတ်ဖက်ဒရယ်မြန်မာနိုင်ငံတွင် ပါဝင်မည့် ဖက်ဒရယ်ယူနစ်များ၏ လုပ်ပိုင်ခွင့် သဘောသဘာဝကို FDC တွင် အနက်ဖွင့်ဖော်ပြထားသည်။ သို့ရာတွင် ဒေသဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်(ယူနစ်)များ၏ အရေအတွက်နှင့် ၎င်းတို့ကိုဖွင့်ဆိုသတ်မှတ်ရာ၌ အသုံးပြုမည့် စံနှုန်းများကိုဖြစ်စေ ယူနစ်အသစ်များ သတ်မှတ်ခြင်းကိုခွင့်ပြုခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုမည်၊ မပြုမည်ကိုဖြစ်စေ ပဋိညာဉ်၌ဖော်ပြထားခြင်း မရှိပေ။ ထို့ကြောင့်ပင် ဖြည့်ဆည်းဆောင်ရွက်ရန်အလို့ငှာ ပြည်နယ်များက အတိအလင်းတာဝန်ပေးအပ်ထားသည့် ဆောင်ရွက်ချက်များကိုသာလုပ်ဆောင်သည့် ဗဟိုနိုင်ငံတော်တစ်ရပ်ပါရှိသည့် အချုပ်အခြာအာဏာပိုင် ဖက်ဒရယ်ယူနစ်များ ပေါင်းစည်းမှု သို့မဟုတ် (စုပေါင်း) ဖွဲ့စည်းမှုအဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ သို့ရာတွင် အရေးကြီးသည်မှာ ဤ ပြည်သူများနှင့် ပြည်နယ်များမှာ မည်သူများဖြစ်သည်ဟူသည့် အချက်ကို ဖွင့်ဆိုသတ်မှတ်ရန် လိုအပ်ဆဲဖြစ်ပြီး ၎င်းသည်အနာဂတ်တွင် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းပြုရန်လိုအပ်နိုင်သည့် ပြဿနာရပ်တစ်ခု ဖြစ်သည်။

အရေးကြီးသည်မှာ ပဋိညာဉ်အရ (ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး) အာဏာများအားလုံးကို ဗဟို (ဖက်ဒရယ်) အစိုးရနှင့် ပြည်နယ် (ဖက်ဒရယ်အဖွဲ့ဝင်ယူနစ်) အစိုးရများအကြား ခွဲဝေကျင့်သုံးမည်ဖြစ်သည်။ ဗဟိုအဆင့်နှင့် ဖက်ဒရယ်ယူနစ်အဆင့် အင်စတီကျူးရှင်းများအကြား တာဝန်ဝတ္တရားများ ခွဲဝေပေးအပ်ရာတွင် မူဝါဒဆိုင်ရာပြဿနာရပ်ကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသည့် ပြည်သူလူထုနှင့်အနီးကပ်ဆုံး အစိုးရထံသို့ လုပ်ပိုင်ခွင့်အာဏာ

ပေးအပ်သည့် အာဏာခွဲဝေခြင်း အခြေခံမူအပေါ် အဓိကအားဖြင့် အခြေခံဆောင်ရွက်မည် ဖြစ်သည် (FDC၊ အပိုင်း ၁၊ အခန်း ၄၊ အပိုဒ် ၃၊ အပိုဒ်ခွဲ ၆)။ ထို့ပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအနေဖြင့် ၎င်းတို့ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်သည့် လုပ်ပိုင်ခွင့် အာဏာရှိကြောင်း FDC တွင် အထူးအလေးပေး ဖော်ပြထားသည် (FDC၊ အပိုင်း ၁၊ အခန်း ၄၊ အပိုဒ် ၃၊ အပိုဒ်ခွဲ ၁၂)။

အနာဂတ် အင်စတီကျူးရှင်းများနှင့်စပ်လျဉ်း၍ FDC တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား ခိုင်မာစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့နှင့် ဆီလျော်သက်ဆိုင်မှု ရှိနိုင်သည့်အမှီအခိုကင်းသီခြားလွတ်လပ်သောကော်မရှင်အများအပြားကိုဖော်ပြထားသော်လည်း ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် အချင်းချင်းဆက်ဆံဆောင်ရွက်ရေးများကိုမူ မပျက်မကွက် ချဲ့ထွင် သတ်မှတ်ရန် လိုအပ်နေသေးသည်။ ဤကော်မရှင်များတွင် လူနည်းစုအခွင့်အရေး ကာကွယ်စောင့် ရှောက်မြှင့်တင်ရေးကော်မရှင်၊ ခွဲခြားမှုပပျောက်ရေးနှင့် လူအခွင့်အရေးကော်မရှင်၊ တောင်သူ လယ်သမားနှင့် မြေယာအခွင့်အရေးများဆိုင်ရာ ကော်မရှင်တို့ပါဝင်သည်။ ဤကော်မရှင်များကို ပြည်ထောင်စုအဆင့် နှင့်/သို့မဟုတ် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် ဖွဲ့စည်းနိုင်သည်။

မြေယာနှင့် သဘာဝသယံဇာတများနှင့်စပ်လျဉ်း၍ FDC တွင် မြေယာနှင့် သဘာဝသယံဇာတများကို ပြည်နယ်အတွင်း၌ မှီတင်းနေထိုင်သည့် ပြည်သူများကပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။

မြေယာနှင့် သဘာဝသယံဇာတများနှင့် စပ်လျဉ်း၍ FDC တွင် မြေယာနှင့် သဘာဝသယံဇာတများကို ပြည်နယ် အတွင်း၌ မှီတင်းနေထိုင်သည့် ပြည်သူများကပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။

မြေယာနှင့် သဘာဝသယံဇာတများနှင့်စပ်လျဉ်း၍ FDC တွင် မြေယာနှင့် သဘာဝသယံဇာတများကို ပြည်နယ်အတွင်း၌ မှီတင်းနေထိုင်သည့် ပြည်သူများကပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ အတိအကျဆိုရသော် ပြည်နယ်တစ်ခုချင်းစီသည် 'ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး' ထို့ပြင် သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားပိုင်ခွင့်ရှိကာ 'သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာ ဒေသခံများ၏ သဘောဆန္ဒကို ရယူရမည်' ဖြစ်သည် (FDC၊ အပိုင်း ၁၊ အခန်း ၄၊ အပိုဒ် ၃၊ အပိုဒ်ခွဲ ၂၁၊ ၂၂၊ ၂၃)။ ထို့ပြင် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းကြောင့် လူမှုအသိုက်အဝန်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာစေမှုများကို တန်ပြန်ကုစားဖြေရှင်းရန်အတွက် အခွန်အကောက်များနှင့် ရန်ပုံငွေစီမံကိန်းများ ဖွဲ့စည်းတည်ထောင်ကာ အသုံးပြုသင့်ကြောင်းကိုလည်း ဖော်ပြထားသည်။ ဤပြဋ္ဌာန်းချက်များသည် ကြားကာလအစိုးရအင်စတီကျူးရှင်းများ၊ အထူးသဖြင့် NUG နှင့် နောင်တွင် ကိုယ်တိုင်ဖွဲ့စည်းမည့် အနာဂတ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် မူဝါဒဆိုင်ရာ ဆက်နွယ်မှုများ ရှိသည်။

၄.၂. အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကို ထည့်သွင်းပြဋ္ဌာန်းခြင်းအတွက် စဉ်းစားရမည့် အချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်မှု အကြောင်း ထည့်သွင်းခြင်းကို အလေးပေးသည့် လှုပ်ရှားမှုသည် အရှိန်အဟုန်တစ်ခုသို့ ရောက်ရှိလာပြီ ဖြစ်သည်။ လက်ရှိအချိန်၌ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အခွင့်အရေးများနှင့် တာဝန်များ၊ သဘာဝသယံ

ဇာတ စီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့် ပြဋ္ဌာန်းချက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခွဲခြင်းနှင့် ဥပဒေစိုးမိုးစေခြင်းတို့ ဆောင်ရွက်ရန်အတွက် ချမှတ်ဖွဲ့စည်းထားသည့် အင်စတီကျူးရှင်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆက်နွယ်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ အသစ်ရေးဆွဲမွမ်းမံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်မူ ပိုမိုထိရောက်ခိုင်မာသည့် ပြဋ္ဌာန်းချက်များ ပါရှိလေ့ရှိကာ အချို့ (ခန့်မှန်းခြေအားဖြင့် ကမ္ဘာတဝန်း၌ ၁၁ ခု) ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်အနေဖြင့် ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်တိုက်ဖျက်ရန် တာဝန်ရှိကြောင်း အတိအလင်း ထည့်သွင်းဖော်ပြထားသည်။

ဤအပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ[၅]၌ လက်ရှိအချိန်တွင် ထည့်သွင်းပြဋ္ဌာန်းထားကာ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလနှင့် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲချမှတ်ခြင်း လုပ်ငန်းစဉ်များအတွက် အသုံးတည့်မည့် အကြောင်းအရာများကို ပေးအပ်နိုင်ပြီး ဤပြဋ္ဌာန်းချက်များနှင့် ဆက်နွယ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်းနှင့်လုပ်ငန်းစဉ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရန်အချက်များကို စိတ်ဖြာလေ့လာရန် အထောက်အကူပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အမျိုးအစားများကို စစ်တမ်းကောက်လေ့လာထားသည်။

၄.၂.၁. ဖွဲ့စည်းပုံအခြေခံဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ခြုံငုံဖော်ပြချက်

၄.၂.၁.၁. သီးခြားတည်ရှိခိုင်မာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ

၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ အချက်အလက်များအရ ကမ္ဘာတဝန်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀၀ ကျော်တွင် ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်အား ရရှိပိုင်ခွင့်အတွက် ပြဋ္ဌာန်းချက်များကို အတိအလင်း ထည့်သွင်းဖော်ပြထားသည်။ ဤအချက်ကို FDC တွင်လည်း ထင်ဟပ်ထည့်သွင်းထားပြီး 'ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့်အပြင် သဘာဝတရားနှင့်ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကိုရရှိရန် အခွင့်အရေးရှိသည်' ဟု ဖော်ပြထားသည်။ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်အား ရရှိပိုင်ခွင့်ဟုဆိုရာတွင် သန့်ရှင်းသော လေ၊ သန့်ရှင်းသော ရေ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ၊ သက်ဝင်စုံလင်သော ဂေဟစနစ်များနှင့် အလုပ်လုပ်ကိုင်ရန်နှင့် နေထိုင်ရှင်သန်ရန်အတွက် အဆိပ်အတောက်ကင်းစင်သော အခြေအနေများရရှိပိုင်ခွင့်ဟု ယေဘုယျအားဖြင့် အနက်ဖွင့်ဆိုနိုင်သည်။ ဤအခွင့်အရေးကို စုပေါင်းအခွင့်အရေးဖြစ်စေ ပုဂ္ဂလအခွင့်အရေး ဖြစ်စေအဖြစ် သတ်မှတ်နိုင်သည်။ ဥပမာဆိုရသော် ဘိုလီဗီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၃၃ တွင် 'နိုင်ငံသားတိုင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့်၊ ကာကွယ်ထိန်းသိမ်းထားသည့်၊ ဟန်ချက်ညီကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိပိုင်ခွင့်ရှိသည်။ ဤအခွင့်အရေးကို လက်ရှိနှင့် အနာဂတ် မျိုးဆက်ပြည်သူများမှ တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် အစုအဖွဲ့များက ကျင့်သုံးပိုင်ခွင့် ရှိစေရမည့်အပြင်

---

၅ အောက်ပါအပိုင်းတွင် Sharon Pia Hickey က ဆောင်ရွက်ထားပြီး မကြာမီထုတ်ဝေမည့် သုတေသနကို အသုံးပြုထားသည်။ ဤအပိုင်းတွင် ရည်ညွှန်းဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ အပိုဒ်များနှင့် အပိုဒ်ခွဲများအား လုံးကို Constitute ဝက်ဘ်ဆိုက် < https://www.constituteproject.org > တွင် ရှိသည့် ရှာဖွေနိုင်သော ပြဋ္ဌာန်းစာသားများတွင် ရှာဖွေဖတ်ရှုနိုင်သည်။

အခြားသော အသက်ရှိသည့် အရာများလည်း ပုံမှန်အတိုင်း ဖွံ့ဖြိုးနိုင်စေရန်အလို့ငှာ ဤအခွင့်အရေးကို ကျင့်သုံးပိုင်ခွင့်ရှိစေရမည်' ဟု ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင် ရရှိပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် နိုင်ငံများတွင် အသက်ရှင်သန်ပိုင်ခွင့်၊ ကျန်းမာစွာ နေထိုင်ပိုင်ခွင့် သို့မဟုတ် ဂုဏ်သိက္ခာရှိစွာ နေထိုင်ပိုင်ခွင့်ကဲ့သို့ အခြားအရေးပါသည့် ပြဋ္ဌာန်းချက်များကို ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော၊ ဘေးကင်းလုံခြုံသော၊ ဂေဟစနစ် ဟန်ချက်ညီကောင်းမွန်သော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ပိုင်ခွင့်နှင့် အနက်ချင်းထပ်နေသည် သို့မဟုတ် ၎င်းတွင် ပါဝင်နေသည်ဟု တရားရေးကဏ္ဍက အနက်ဖွင့်ဆိုသည်။ ဤ အခွင့်အရေးအား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းခြင်းကို ကျယ်ပြန့်စွာဆောင်ရွက်ခြင်းသည် သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ရေရှည်တည်တံ့ခိုင်မြဲနိုင်သော သဘာဝပတ်ဝန်းကျင် ရရှိပိုင်ခွင့်သည် လူအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုခြင်းကြောင့် ပိုမို၍ခိုင်မာလာကာ ထိုသို့အသိအမှတ်ပြုခြင်းကို ပထမဆုံးအနေဖြင့် UN လူအခွင့်အရေးဆိုင်ရာ ကောင်စီက ၂၀၂၁ ခုနှစ် ဆုံးဖြတ်ချက်အမှတ် 48/13 တွင် ဆောင်ရွက်ခဲ့ပြီး ထို့နောက် ၂၀၂၂ ခုနှစ် ဆုံးဖြတ်ချက်အမှတ် A/76/L.75 တွင် UN အထွေထွေညီလာခံက ဆက်လက်၍အသိအမှတ်ပြုခဲ့သည်။ ထို့ပြင် ၎င်း အခွင့်အရေးကို ASEAN လူအခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၈ တွင်လည်း ထည့်သွင်း ဖော်ပြထားသည်။

အချို့နိုင်ငံများ၊ အထူးသဖြင့် လက်တင်အမေရိကဒေသရှိ အချို့နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်သည်ပင်ကိုယ်အခွင့်အရေးများကိုပိုင်ဆိုင်ကြောင်းဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ ဥပဒေပြဋ္ဌာန်းချက်များအရဖြစ်စေ အသိအမှတ်ပြုထားသည်။ ဤသို့ဆန်းသစ်မှုတွင် သဘာဝပတ်ဝန်းကျင်ကို လူသားတို့၏ လုပ်ဆောင်မှုများကြောင့် လျော့နည်းကုန်ဆုံးသွားမည့် သယံဇာတများစုစည်းရာအဖြစ်မရှုမြင်ဘဲ လေးစားကာ ကာကွယ်စောင့်ရှောက်မှုပေးရမည့် ပင်ကိုယ်အခွင့်အရေးများပိုင်ဆိုင်သည့် ဥပဒေဆိုင်ရာပုဂ္ဂိုလ်တစ်ရပ်အဖြစ် ရှုမြင်သတ်မှတ်သည်။ ဤ ဂေဟစနစ်ဗဟိုပြု ပြဋ္ဌာန်းချက်များကြောင့် ဆန္ဒရှိသည့် လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနများအပေါ် မကျေနပ်ချက်များအား စုံစမ်းတင်ပြရေး အရာရှိများအနေဖြင့် သဘာဝပတ်ဝန်းကျင်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် တရားရုံးတွင်လျှောက်ထားပိုင်ခွင့်ကိုလည်း ဖန်တီးပေးနိုင်သည်။

မြေယာအခွင့်အရေးများသည် သက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် မြေယာအပေါ် အမှီသဟဲပြုနေနိုင်သည့် ဌာနေတိုင်းရင်းသားနှင့် ဒေသခံလူမှုအသိုက်အဝန်းများအတွက် အဓိကပြဿနာရပ်တစ်ခု ဖြစ်သည်။ အချို့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ အထူးသဖြင့် လက်တင်အမေရိကဒေသရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဌာနေတိုင်းရင်းသား လူမျိုးများအတွက် ပိုင်နက်ဒေသများနှင့် မြေယာ စုပေါင်းပိုင်ဆိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးထားပြီး ဤမြေယာများကို အသုံးပြု၍ တည်ဆောက်ဖွံ့ဖြိုးစေရန်အတွက် အသုံးပြုခွင့်ကိုလည်း ပေးအပ်ထားသည်။ ဤသို့ပြဋ္ဌာန်းပေးအပ်ခြင်းသည် ယဉ်ကျေးမှုကျင့်သုံးပိုင်ခွင့်နှင့် သဘာဝသယံဇာတများ ရယူပိုင်ခွင့်တို့နှင့်လည်း ဆက်နွယ်နေသည်။

၄.၂.၁.၂. လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ

အနည်းဆုံးအနေဖြင့် နိုင်ငံ ၃၆ နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များအတွက် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သောအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းပြီးဖြစ်သည်။ ဤတွင် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ရယူပိုင်ခွင့်၊ ပူးပေါင်းပါဝင် ဆောင်ရွက်ပိုင်ခွင့်၊ ဆွေးနွေးတိုင်ပင်မှု ဆောင်ရွက်ပိုင်ခွင့်နှင့် တရားမျှတမှု ရယူပိုင်ခွင့်တို့ပါဝင်ပြီး ၎င်းတို့ကို အားရပ်စ် ကွန်ဗင်းရှင်းတွင်လည်း ဖော်ပြထားသည်။

ဇယား (၄.၁) ဖွဲ့စည်းပုံအခြေခံဥပဒေများပါ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ၏ သာဓကများ

သတင်းအချက်အလက် ရယူပိုင်ခွင့်	ဇမ်ဘီယာနိုင်ငံ၊ ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၅(၃)	ဇမ်ဘီယာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှုတို့ ဆောင်ရွက်ရာတွင် အောက်ပါအခြေခံမူများကို လိုက်နာကျင့်သုံးရမည် - ... ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မွမ်းမံထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ရယူပိုင်ခွင့်။
ပူးပေါင်းပါဝင် ဆောင်ရွက်ပိုင်ခွင့်	အီသီယိုးပီးယားနိုင်ငံ၊ ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၂(၃)	ပြည်သူများသည် ၎င်းတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် အပြည့်အဝဆွေးနွေးတိုင်ပင်မှု ပြုပိုင်ခွင့်နှင့် ကိုယ်ပိုင်အမြင်သဘောထားများ ဖော်ပြပိုင်ခွင့် ရှိသည်။
ဆွေးနွေးတိုင်ပင်မှုတွင် ပါဝင်ပိုင်ခွင့်	ဘိုလီဗီးယားနိုင်ငံ၊ ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၀(၂)(၁၅)	တိုင်းပြည်များနှင့် ကျေးလက်ဒေသခံ ဌာနေတိုင်းရင်းသား လူမျိုးများသည် 'ဥပဒေပြုရေး သို့မဟုတ် စီမံအုပ်ချုပ်ရေး အစီအမံများသည် ၎င်းတို့အပေါ် သက်ရောက်မှုရှိမည် ဖြစ်ကြောင်း ကြိုတင်မှန်းဆသိရှိနိုင်သည့် အခြေအနေတိုင်း၌ သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆွေးနွေးတိုင်ပင်မှု ပြုပိုင်ခွင့်၊ [၎င်းတို့၏] ပိုင်နက်နယ်မြေ အတွင်းရှိ ပြန်ပြည့်မြဲမဟုတ်သည့် သဘာဝသယံဇာတများအား တူးဖော်ထုတ်လုပ် သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းမဆောင်ရွက်မီ နိုင်ငံတော်၏ မပျက်မကွက် ကြိုတင်ဆွေးနွေးတိုင်ပင်ခြင်းကို ရရှိပိုင်ခွင့်တို့ ပိုင်ဆိုင်ပြီး နိုင်ငံတော်အနေဖြင့် ၎င်းအခွင့်အရေးများကို သဘောတူညီပြီး အရိုးခံဆန္ဒဖြင့် လေးစားလိုက်နာကာ အာမခံချက်ပေးရမည်'။
တရားမျှတမှု လက်လှမ်းမီရယူပိုင်ခွင့်	ကင်ညာနိုင်ငံ၊ ၂၀၁၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၀(၁)	လူပုဂ္ဂိုလ်တစ်ဦးသည် သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင် ရရှိပိုင်ခွင့်ကို ငြင်းပယ်ခံရခြင်း၊ ချိုးဖောက်ခံရခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းကို ယခင်ကဖြစ်စေ ယခုဖြစ်စေ ကြုံတွေ့ရပါက၊ သို့မဟုတ် ကြုံတွေ့ရနိုင်သည့် အခြေအနေရှိပါက ၎င်းလူပုဂ္ဂိုလ်သည် အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ရရှိနိုင်သည့် အခြားသောဥပဒေရေးရာ ပြန်လည်ကုစားမှုများကို ခံစားပိုင်ခွင့် ရှိသည့်အပြင် လျော်ကြေးရရှိရန်အတွက်လည်း တရားရုံးတွင် လျှောက်ထားနိုင်သည်။

တရားမျှတသော စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှု ရရှိပိုင်ခွင့်	တောင်အာဖရိကနိုင်ငံ၊ ၁၉၉၆ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၃၃	နိုင်ငံသားတိုင်းသည် တရားဥပဒေနှင့် ညီညွတ်သော၊ ကျိုးကြောင်းသင့်တင့်ဆီလျော်သော၊ လုပ်ထုံးလုပ်နည်းအရ တရားမျှတသော စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုကို ရရှိပိုင်ခွင့် ရှိသည်။ ဤအခွင့်အရေးများ အသက်ဝင်စေရန်အလို့ငှာ နိုင်ငံတော်အဆင့် ဥပဒေပြုခြင်းကို မပျက်မကွက် ဆောင်ရွက်ရန် လိုအပ်ပြီး တရားရုံးတော်ကဖြစ်စေ၊ သို့မဟုတ် အခြေအနေအရ သင့်လျော်ကိုက်ညီပါက အမှီအခိုကင်း သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော ခုံရုံးတစ်ရပ်ကဖြစ်စေ စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုကို ပြန်လှန်သုံးသပ်နိုင်ရန် မပျက်မကွက် ထည့်သွင်းပြဋ္ဌာန်းရမည်။

ရင်းမြစ် – Constitute။ ကမ္ဘာတဝန်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှာဖွေ၊ ဖတ်ရှု၊ နှိုင်းယှဉ်ရန်၊ <https://www.constituteproject.org/?lang=en> ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့တွင် ရယူသည်။

မှတ်ချက် – ထုတ်နုတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအားလုံးကို Constitute ဝက်ဘ်ဆိုက်ရှိ သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေများမှ ပြဋ္ဌာန်းစာသားများတွင် ရှာဖွေဖတ်ရှုနိုင်သည်။

ဤအခွင့်အရေးများကြောင့် အစိုးရသည် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပြီး နိုင်ငံသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များ၊ မူဝါဒများ၊ ဥပဒေများနှင့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာ၌ အဓိပ္ပါယ်လေးနက်ပြည့်ဝသည့် အခန်းကဏ္ဍမှ ပါဝင်ပိုင်ခွင့် ရှိကာ ဆက်လက်၍လည်း စီမံခန့်ခွဲခြင်းနှင့် ဥပဒေစိုးမိုးစေခြင်းကဏ္ဍများတွင်ပါ ၎င်းတို့အနေဖြင့် ထက်သန်စွာ ပါဝင်လာစေရန်အတွက် အားပေးမြှင့်တင်နိုင်သည်။ တရားမျှတသော စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ဆောင်ချက် ဆောင်ရွက်ပိုင်ခွင့်သည် စီမံခန့်ခွဲခြင်းဆိုင်ရာ ထပ်ဆောင်းအလွှာတစ်ရပ်ကိုပေးအပ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဆုံးဖြတ်ချက်သည် ဥပဒေနှင့် မညီညွတ်ပါက သို့မဟုတ် လုပ်ထုံးလုပ်နည်းအရ တရားမျှတမှုမရှိပါက (ဥပမာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်သည် လုံလောက်မှုမရှိဟုယိုးစွပ်ခြင်း) နိုင်ငံသားများအနေဖြင့် စောဒကတက်ကန့်ကွက်ပိုင်ခွင့် ရှိသည်။

FDC တွင် 'သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာ ဒေသခံများ၏ သဘောဆန္ဒကိုရယူရမည်' ဟု အာမခံ ဖော်ပြထားခြင်းကြောင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို အခိုင်အမာ ချမှတ်ပေးအပ်ရန် ရည်ရွယ်ထားဟန်ရှိသည်။ ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ရန်အစား သဘောတူခွင့်ပြုချက်ကိုရယူရန် လိုအပ်သည်ဟု သတ်မှတ်ထားခြင်းသည် သက်ရောက်ခံလူမှုအသိုက်အဝန်းများအနေဖြင့် ၎င်းတို့မှီတင်းနေထိုင်သည့် ပိုင်နက်နယ်မြေများအတွင်း၌ တည်ရှိသည့် သဘာဝသယံဇာတများကို ထုတ်လုပ်တူးဖော်၍ အသုံးချရန်အတွက် ခွင့်ပြုခြင်း ရှိ၊ မရှိ ဆုံးဖြတ်ချက်ကို ချမှတ်ပိုင်ခွင့်ရှိပြီး မိမိတို့ကလိုက်နာရမည်ဟု သွယ်ဝိုက်ဆိုလိုရင်း ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် (အမျိုးသမီးများနှင့် လူငယ်များအပါအဝင်) သက်ရောက်ခံ သက်ဆိုင်ပါဝင်သူများကို ထိရောက်ကောင်းမွန်ပြီး ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်၌ အကျုံးဝင်ပါဝင်စေသည့် သဘောတူခွင့်ပြုချက်တောင်းခံခြင်း လုပ်ငန်းစဉ်တစ်ရပ်ကို မပျက်မကွက် စီစဉ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

FDC တွင် ဆက်လက်၍ ပြည်ထောင်စုနှင့် ပြည်နယ် အစိုးရများသည် 'လူနည်းစု ဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာ

ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စုနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရများကလည်း အသိအမှတ်ပြုရန်' ဝတ္တရားရှိသည်ဟု ပြဋ္ဌာန်းထားသည်။ 'အလွန်အကျွံ' တူးဖော်ထုတ်လုပ်ခြင်း ဟူသည်ကို မည်ကဲ့သို့ အနက်ဖွင့်ဆိုမည်နှင့်စပ်လျဉ်း၍ ပြဿနာရှိသည်မှအပ ဤဖော်ပြချက်သည် ဌာနေတိုင်းရင်းသား အခွင့်အရေးများကို အခိုင်အမာ ဖော်ပြချက်တစ်ရပ်ပင် ဖြစ်သည်။ သဘာဝသယံဇာတများ အလွန်အကျွံ တူးဖော်ထုတ်လုပ်ခြင်းကို ထိန်းချုပ်ပိုင်ခွင့်နှင့် ကန့်သတ်ပိုင်ခွင့်အပါအဝင် ဌာနေတိုင်းရင်းသား မြေယာအခွင့်အရေးများအား ဤကဲ့သို့အသိအမှတ်ပြုကာ အကောင်အထည်ဖော်ဆောင်ရန်အတွက် နယ်ပယ်အတိုင်းအတာနှင့် အနက်ဖွင့်ဆိုချက်တို့အပြင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများအား စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပိုမိုအသေးစိတ် ရှင်းလင်းဖော်ပြချက်ကို လိုအပ်မည်ဖြစ်သည်။

၄.၂.၁.၃. နိုင်ငံတော်က ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများ

နိုင်ငံတော်က ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများကို ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ဥပမာအားဖြင့် ညစ်ညမ်းမှုကို ထိန်းချုပ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ တင်သွင်းခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ဘေးဆီးရန်ကာခြင်း၊ သဘာဝကြိုးဝိုင်းများနှင့် ဥယျာဉ်များ ဖန်တီးထူထောင်ခြင်းသို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်း၊ကျေးလက်ဒေသများ၌သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးကို မြှင့်တင်ခြင်းနှင့် အခွန်အကောက်မူဝါဒသည် ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်မှုနှင့် လိုက်လျောညီထွေရှိစေရန် ထိန်းညှိခြင်းကဲ့သို့ အချက်များ ပါဝင်နိုင်သည်။

မြန်မာနိုင်ငံရှိ ပြည်သူများသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို ကောင်းစွာ သိရှိနားလည်ထားကြပြီး ရေလွှမ်းမိုးမည်ကို အထူးသဖြင့် စိုးရိမ်ကြသည် (Seah et al. 2021)။ ထို့ပြင် မြန်မာနိုင်ငံ ကျေးလက်ဒေသ၌ အခြေချနေထိုင်သည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်များပြားသည့် ပမာဏသည် သစ်တောအပေါ် များစွာအမှီသဟဲပြုနေကြရပြီး ဆင်းရဲနွမ်းပါးသူများက ပိုမို၍ ထိုသို့အမှီသဟဲပြုကြရသည်။ ကျေးလက်နေ အသိုက်အဝန်းများသည် ထင်း၊ ဝါးနှင့် ကြိမ်၊ မွေးမြူထားသည့် တိရစ္ဆာန်များအတွက် အစာ၊ အလေ့ကျပေါက်သည့် သစ်သီးများ၊ တောရိုင်း တိရစ္ဆာန်သားနှင့် ဆေးဘက်ဝင်အပင်များအတွက် သစ်တောများအပေါ် အမှီသဟဲပြုကြရသည် (OpenDevelopment Myanmar 2020)။ ရာသီဥတုနှင့် လိုက်လျောညီထွေ ပြောင်းလဲခြင်းကို ထောက်ပံ့ကူညီခြင်းနှင့် သစ်တောများအား ကာကွယ်ထိန်းသိမ်းခြင်းသည် မြန်မာနိုင်ငံ ပြည်သူများအနေဖြင့် ချက်ချင်းလက်ငင်း ဆောင်ရွက်ရမည့် လုပ်ငန်းနှစ်ရပ်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးသည် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လာနိုင်သည့် ကာလသို့ရောက်ရှိပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ထိန်းသိမ်းမှုရှိကြောင်း အာမခံချက်ပေးနိုင်ရန် အရေးကြီးမည် ဖြစ်ပေသည်။

ရာသီဥတု ပြောင်းလဲမှုကို နိုင်ငံတော်က ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ရည်ညွှန်းချိတ်ဆက်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပိုမိုများပြားလာပြီ ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်ရေးဆွဲချမှတ်ရာတွင် အီကွေဒေါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခိုင်မာကောင်းမွန်မှု အရှိဆုံးဖြစ်ကာ – 'နိုင်ငံတော်သည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများ၊ သစ်တောပြုန်းတီးခြင်း၊ နှင့် လေထုညစ်ညမ်းခြင်းကို ထိန်းချုပ်

ကန့်သတ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန်အတွက် နယ်ပယ်ပေါင်းစုံ ဖြန့်ကျက်ပါဝင်ကာ လုံလောက်မှုရှိသည့် အစီအမံများကို ချမှတ်အတည်ပြုရမည်၊ နိုင်ငံတော်သည် သစ်တောများနှင့် ပန်းမန်သစ်ပင်များအား ကာကွယ်ထိန်းသိမ်းရန် အစီအမံများကို ချမှတ်လုပ်ဆောင်ရမည်၊ နိုင်ငံတော်သည် အန္တရာယ်အခြေအနေသို့ ကျရောက်နေသော ပြည်သူများကို ကာကွယ်စောင့်ရှောက်ရမည်' (အပိုဒ် ၄၁၄) ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်အနေဖြင့် ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များအား ကြံဆဖော်ထုတ်ရန် သို့မဟုတ် ကုန်ကျစရိတ်သင့်တင့်ပြီး အားကိုးအားထားပြုနိုင်သည့် စွမ်းအင်ရင်းမြစ်ကို မပျက်မကွက်စီစဉ်ပေးအပ်ရန် တာဝန်နှင်းအပ်ပြဋ္ဌာန်းထားသည်။ ဥပမာဆိုရသော် နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် – 'နိုင်ငံတော်သည် ပြန်ပြည့်မြဲ စွမ်းအင်ကိုကြံဆဖော်ထုတ်၍ ထုတ်လုပ်ရန်မူဝါဒကို ချမှတ်ကျင့်သုံးကာ ကုန်ကျစရိတ်နည်းပါးပြီး လွယ်လင့်တကူရရှိနိုင်ကာ အားကိုးအားထားပြုနိုင်သည့် စွမ်းအင်ရင်းမြစ်ကို မပျက်မကွက် စီစဉ်ပေးအပ်သည့် နည်းတူ နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီနိုင်စေရန်အတွက် ၎င်းရင်းမြစ်အား သင့်လျော်ကောင်းမွန်စွာ အသုံးပြုရမည်' (အပိုဒ် ၅၁(ဆ)(၃)) ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတွင်ပါရှိသည့် အခြေခံမူများအား အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဖော်ပြခြင်းနှင့် ကျောထောက်နောက်ခံပေးခြင်း ပြုနိုင်သည်။ ဥပမာဆိုရသော် ချီလီနိုင်ငံတွင် အဆိုပြုတင်ပြထားသည့် ၂၀၂၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ (နောင်တွင် ပယ်ချခံရသည်) 'သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်ရာတွင် အနည်းဆုံးအနေဖြင့် လိုက်နာကျင့်သုံးရမည့် အခြေခံမူများမှာ ခေတ်မီတိုးတက်မှုရှိခြင်း၊ ကြိုတင်ကြံဆ၍ ဘေးဆီးရန်ကာခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု၊ ပြည်သူမျိုးဆက် အဆက်ဆက်အကြား စည်းလုံးညီညွတ်ခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် တရားမျှတသော ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းတို့ဖြစ်သည်' (အပိုဒ် ၁၂၈) ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအများအပြားတွင် သဘာဝသယံဇာတများအား ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို ထုတ်ယူသုံးစွဲပိုင်ခွင့်များ၊ တူးဖော်ထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် အဆိုပါ သယံဇာတများကို စီမံခန့်ခွဲရန်၊ ကာကွယ်ထိန်းသိမ်းရန်နှင့် ပြန်လည်ပျိုးထောင်ရန် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ထည့်သွင်းဖော်ပြသည်။

၄.၂.၁.၄. သဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ အများအပြားတွင် ရေအရင်းအမြစ် သယံဇာတများမှ အစပြု၍ မြေယာ၊ တိရစ္ဆာန်၊ ပန်းမန်သစ်ပင်များ၊ သတ္ထုများနှင့် သတ္ထုတူးဖော်ခြင်း၊ မြေဆီလွှာ/မြေအောက်မြေဆီလွှာ၊လေနှင့် စွမ်းအင်အထိ သဘာဝသယံဇာတများနှင့်ပတ်သက်၍ထည့်သွင်းဖော်ပြထားကြသည်။ ယေဘုယျအားဖြင့် ဤသို့ဖော်ပြရာတွင် သဘာဝသယံဇာတများအား ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို ထုတ်ယူသုံးစွဲပိုင်ခွင့်များ၊ တူးဖော်ထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် အဆိုပါ သယံဇာတများကို စီမံခန့်ခွဲရန်၊ ကာကွယ်ထိန်းသိမ်းရန်နှင့် ပြန်လည်ပျိုးထောင်ရန် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ထည့်သွင်းဖော်ပြသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သဘာဝ သယံဇာတများအား အသုံးပြုခြင်းမှ ရရှိလာသည့် ဝင်ငွေများကို မည်သူများက ရရှိပိုင်ခွင့်ရှိသည်ဟူသော အချက်ကိုလည်း ပြဋ္ဌာန်းနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အမြောက်အမြားတွင် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်ပြီး အတိအကျ ဆောင်ရွက်ရမည့် ပုံသေချမှတ်သော ကတိကဝတ်များကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

ဥပမာဆိုရသော် ဘူတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အနေဖြင့် 'နိုင်ငံအတွင်းရှိ သဘာဝ သယံဇာတများအား ထိန်းသိမ်းကာကွယ်ရန်နှင့် ဂေဟစနစ် အရည်အသွေးလျော့ကျခြင်းကို ကာကွယ်တားဆီးရန်အတွက် ဘူတန်နိုင်ငံပိုင် နယ်မြေအကျယ်အဝန်း စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းနယ်မြေအဖြစ် အမြဲတမ်းထားရှိရန် မပျက်မကွက်ဆောင်ရွက်ရမည်' (အပိုဒ် ၅(၃)) ဟု တာဝန်နှင်းအပ်ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံသေချမှတ်သော ကတိကဝတ်များသည် အစိုးရ သို့မဟုတ် အခြားသော လူပုဂ္ဂိုလ်ဆောင်ရွက်သူများအနေဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် သို့မဟုတ် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ဆောင်ချက်အတိုင်းအတာကို ဖော်ပြကာ အနက်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများအားလျော့ချရန် ရည်ရွယ်သည် (Levy 2022)။ ၂၀၂၁ ခုနှစ် ဇွန်လထိ အချက်အလက်များအရ မြန်မာနိုင်ငံတွင် နယ်မြေအကျယ်အဝန်း စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းနယ်မြေဖြစ်ကာ နိုင်ငံတော်က ချမှတ်ထားသည့် NDC များအရ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံပိုင်နယ်မြေအကျယ်အဝန်း စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းစေရန် ရည်ရွယ်ထားပြီး ဤကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် အမျိုးအစားကို ထည့်သွင်းပြဋ္ဌာန်းရန် ကြံဆနိုင်သည်။

သဘာဝသယံဇာတ စီမံခန့်ခွဲမှုတွင် ပိုင်ဆိုင်ခွင့်သည် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ပြီး ဗဟိုချုပ်ကိုင်မှု ဖြေလျော့ထားသော ဖက်ဒရယ်စနစ်များတွင် ပို၍ပင်ရှုပ်ထွေးလာသည်။ ယေဘုယျအားဖြင့် ရှိရင်းစွဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များတွင် ပိုင်ဆိုင်ခွင့်ကို 'ပြည်သူများ' ဟု သင်္ကေတပြုချက်၊ ဗဟိုအဆင့် အစိုးရ သို့မဟုတ် ဒေသဆိုင်ရာအစိုးရများ ဟူသည့် အဖွဲ့အစည်းသုံးရပ်အနက် တစ်ရပ်ထံအပ်နှင်းထားသည်။ ပထမအမျိုးအစားနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အမြောက်အမြားတွင် မြေယာနှင့် သဘာဝသယံဇာတများကို နိုင်ငံတော်က ပြည်သူများ၏ အကျိုးအတွက်ရည်စူးကာ ထိန်းသိမ်းစောင့်ရှောက်ပေးထားခြင်း ဖြစ်ကြောင်းကိုလည်း ပြဋ္ဌာန်းဖော်ပြထားသည်။ ဥပမာဖော်ပြရသော် ယူဂန်ဒါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'နိုင်ငံတော်သည် မြေယာ၊ ရေအရင်းအမြစ်၊ စိမ့်မြေများ၊ သတ္ထုများ၊ ရေနံ၊ နှင့် ပန်းမန်သစ်ပင်များ အပါအဝင် အရေးပါသော သဘာဝသယံဇာတများကို ယူဂန်ဒါပြည်သူများကိုယ်စား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်'(အပိုဒ် ၁၃)ဟုဖော်ပြထားသည်။တောင်ဆူဒန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ရေနံနှင့် သဘာဝဓာတ်ငွေ့ကို တောင်ဆူဒန်နိုင်ငံသားများက ပိုင်ဆိုင်ခွင့်ရှိပြီး ပြည်သူများ၏ အကျိုးအတွက် ပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရက တူးဖော်ထုတ်ယူ၍ စီမံခန့်ခွဲရမည်' (အပိုဒ် ၁၇၃(၁)) ဟု ပြဋ္ဌာန်းထားသည်။

ဘရာဇီးနိုင်ငံကဲ့သို့ အချို့သော နိုင်ငံများတွင် သဘာဝသယံဇာတများအား ပိုင်ဆိုင်ခွင့်ကို ဗဟိုအဆင့် အစိုးရထံ နှင်းအပ်ထားသည် (အပိုဒ် ၂၀)။ ဤထက်ပို၍ အတွေ့ရနည်းသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အချို့သော သဘာဝသယံဇာတများအား အပြည့်အဝပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ကို ဒေသဆိုင်ရာယူနစ်များထံ နှင်းအပ်ထားခြင်းဖြစ်သည် (ဥပမာဆိုရသော် ကနေဒါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၉)။ သို့ရာတွင် ကနေဒါနိုင်ငံ သာဓကဌ ဗဟိုလွှတ်တော်သည် သယံဇာတများအား စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပိုင်ခွင့် ရှိဆဲဖြစ်ပြီး ဗဟိုနိုင်ငံတော် ဥပဒေသည် ၎င်းနှင့်ကွဲလွဲဆန့်ကျင်မှုရှိသည့် ပြည်နယ်ဥပဒေများအပေါ် လွှမ်းမိုးပယ်ဖျက်ပိုင်ခွင့်ရှိသည် (အပိုဒ် ၉၂(က)(၃))။ FDC တွင် 'ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များအားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ်

သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော် ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့် ရှိသည်' ဟု ဖော်ပြထားသည်။ သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ယူနစ် ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေခြင်းနှင့်စပ်လျဉ်း၍ထည့်သွင်းစဉ်းစားရမည့်အချက်များကို အောက်တွင်ဆက်လက်ဆွေးနွေးထားသည်။

သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မလွဲမရှောင်သာ ထိခိုက်ပျက်စီးစေသည်။ မြန်မာနိုင်ငံတွင် ကျောက်စိမ်းကို အထိန်းအကွပ်မဲ့ တူးဖော်ခြင်း (Tin Htet Paing 2020)၊ ယခုအခါ မြေရှားသတ္ထုများကို အထိန်းအကွပ်မဲ့ တူးဖော်ခြင်း (Global Witness 2022) ကြောင့် ရလဒ်အဖြစ် သစ်တောပြုန်းတီးခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် ထိခိုက်မှုများပြားသော မြေပြိုမှုများပေါ်ပေါက်လာကာ အထူးသဖြင့် ကချင်ပြည်နယ်တွင် ကြုံတွေ့နေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကြေးနီတွင်းသည် လက်ပံတောင်းတွင် တည်ရှိကာ ၎င်းကို တရားဝင်ဆောင်ရွက်လုပ်ကိုင်နေခြင်းဖြစ်ပြီး အဆိုပါစီမံကိန်း၌ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှု မရှိခြင်းနှင့် ဒေသခံလူမှုအသိုက်အဝန်းများနှင့် ဆွေးနွေးမှုကို ကောင်းမွန်ထိရောက်စွာလုပ်ဆောင်မှု မရှိခြင်းတို့ကြောင့် ဝေဖန်မှုအမြောက်အမြားကို ကြုံတွေ့ခဲ့ရသည် (Yi et al. 2022)။ လက်ရှိအချိန်၌ FDC သည် သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် လူမှုအသိုက်အဝန်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ကုစားပေးရန်အတွက် အထူးအခွန်အကောက်များနှင့် ရန်ပုံငွေကို အသုံးပြုရန် ရည်မှန်းထားသည်။ အသေးစိတ်ပြဋ္ဌာန်းချက်များ ရေးဆွဲချမှတ်ခြင်းအတွက် အချက်အလက်များ ရရှိနိုင်ရန်အလို့ငှာ သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အကြီးအကျယ် ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဖော်ပြထားသည့် ကျင့်သုံးမှုအလေ့အထများကို လေ့လာသုံးသပ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အမြောက်အမြားတွင် 'ညစ်ညမ်းစေသူက လျော်ကြေးပေးရသည့်' အခြေခံမူကို အတိအလင်းအခိုင်အမာ ထည့်သွင်းပြဋ္ဌာန်းထားပြီးထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုအတွက် တာဝန်ရှိသူမှာ သယံဇာတများအား တူးဖော်အသုံးပြုပြီး ညစ်ညမ်းမှုပေါ်ပေါက်စေရန် လုပ်ဆောင်သူများ ဖြစ်သည်။ ညစ်ညမ်းမှုဆိုင်ရာ ကုန်ကျစရိတ်များအား စီမံခန့်ခွဲခြင်းနှင့် ညစ်ညမ်းမှုဒဏ်ကို ကြုံတွေ့ခံစားရသည့် နစ်နာသူများအား လျော်ကြေးပေးခြင်းအထိ ဤအခြေခံမူကို ချဲ့ထွင်ကျင့်သုံးနိုင်သည်။ ဥပမာဆိုရသော် ဗီယက်နမ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှု ပေါ်ပေါက်စေသည့်၊ သဘာဝသယံဇာတများ ကုန်ခမ်းယုတ်လျော့စေသည့်၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့ကျစေသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို တင်းကျပ်စွာကိုင်တွယ်စစ်ဆေးကာ ထိခိုက်ပျက်စီးမှုများအတွက် မပျက်မကွက် ပြန်လည်ကုစားပေးရန်နှင့် လျော်ကြေးပေးဆောင်ရန် တာဝန်ရှိစေရမည်' (အပိုဒ် ၆၃(၃)) ဟု ဖော်ပြထားသည်။ နီပေါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုနှင့် အရည်အသွေး လျော့ကျခြင်းကြောင့် ဆိုးကျိုးခံစားရသည့် နစ်နာသူသည် ထိုသို့ညစ်ညမ်းမှု ပေါ်ပေါက်စေသူက ဥပဒေနှင့်အညီပေးလျော်သည့် လျော်ကြေးကို ရယူခံစားပိုင်ခွင့် ရှိစေရမည်' (အပိုဒ် ၃၀(၂)) ဟု ပြဋ္ဌာန်းထားသည်။

နောက်ဆုံးအနေဖြင့် နိုင်ငံတော်တွင် ပါဝင်သည့် ယူနစ်များအားလုံး၌ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရန် လိုအပ်ချက်အကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေများမှ

တဆင့် အကျယ်တပြန့်ပြဋ္ဌာန်းနိုင်သည်။ ဥပမာဆိုရသော် ဘယ်(လ်)ဂျီယံနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဖက်ဒရယ်နိုင်ငံတော်၊ လူမှုအသိုက်အဝန်းများနှင့် ဒေသများအနေဖြင့် ၎င်းတို့အသီးသီး ကိုယ်ပိုင်ကျင့်သုံးခွင့်ရှိသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာ၌ ပြည်သူမျိုးဆက် အဆက်ဆက်အကြား စည်းလုံးညီညွတ်မှု ရှိစေရန်အလို့ငှာ ထည့်သွင်းစဉ်းစားကာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်ရန် ရည်မှန်းချက်များကို ရည်စူးအကောင်အထည်ဖော်ရမည်' (အပိုဒ် ၇၁) ဟု ဖော်ပြထားသည်။

၄.၂.၂. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ဥပဒေစိုးမိုးစေခြင်းနှင့် ဆက်နွယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ထားသော အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများအား ခြုံငုံဖော်ပြချက်

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ မူဝါဒများ၊ အခွင့်အရေးများနှင့် တာဝန်များကို အကောင်အထည်ဖော်ရန်၊ အသက်ဝင်လိုက်နာစေရန် နှင့်/သို့မဟုတ် စောင့်ကြည့်လေ့လာရန် တာဝန်ရှိသည့် အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများကို ချမှတ်ဖွဲ့စည်းကာ ကြီးကြပ်ကွပ်ကဲနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ မူဝါဒများ၊ အခွင့်အရေးများနှင့် တာဝန်များကို အကောင်အထည်ဖော်ရန်၊ အသက်ဝင်လိုက်နာစေရန်နှင့်/သို့မဟုတ် စောင့်ကြည့်လေ့လာရန် တာဝန်ရှိသည့် အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများကို ချမှတ်ဖွဲ့စည်းကာ ကြီးကြပ်ကွပ်ကဲနိုင်သည်။

၄.၂.၂.၁. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများ

ကမ္ဘာတဝန်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများ ပုံသဏ္ဌာန်အသွင် အမျိုးမျိုးဖြင့် တည်ရှိနေသည်။ ခန့်မှန်းခြေအားဖြင့် ထိုသို့သော တရားရုံးနှင့် ခုံရုံးများ ၁,၅၀၀ ခန့် ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ထားသည့် အရေအတွက်မှာ မရှိသလောက် နည်းပါးသော်လည်း ကင်ညာနှင့် ဘိုလီဗီးယားကဲ့သို့ အချို့နိုင်ငံများသည်ဤအဖွဲ့အစည်းများကိုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဆင့်သို့မြှင့်တင်ပေးပြီးဖြစ်သည်။ အထူးတရားရုံးများသည် ယေဘုယျအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းကာ ပိုမိုလျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သော်လည်း ယင်းကဲ့သို့ အောင်မြင်စွာဆောင်ရွက်နိုင်ရန်မှာမူ သက်ဆိုင်ဆီလျော်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ နှင့်/သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရေးဆွဲချမှတ်ထားရန် လိုအပ်သည်။ ဘက်စုံထောင့်စုံလုပ်ပိုင်ခွင့်ကိုရရှိပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသင့်ကြောင်း သက်သေထူခြင်းနှင့် တရားမျှတမှုကို လက်လှမ်းမီရယူနိုင်မှုအား မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရာ၌ မရှိမဖြစ်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။[၆]

---

၆ အောင်မြင်မှုအရရှိဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများတွင်တွေ့ရသည့် လက္ခဏာ ၁၂ ချက်ကို လေ့လာချက်တစ်ရပ်တွင် ဖော်ထုတ်တွေ့ရှိခဲ့သည်။ ဖော်ထုတ်တွေ့ရှိခဲ့ရသည့် လက္ခဏာ ၁၂ ချက်မှာ - (၁) အဆင့်အတန်းနှင့် လုပ်ပိုင်ခွင့် (အဆင့်အတန်း နိမ့်သည်ဖြစ်စေ မြင့်သည်ဖြစ်စေ အလွန်အရေးမပါသော်လည်း အောင်မြင်မှုရရှိသော တရားရုံးတော်များသည် ၎င်းတို့မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သင့်လျော်ကောင်းမွန်သော နေရာဖြစ်သည်ဟု အသိအမှတ်ပြုခံရပြီး ပိုမို၍ဘက်စုံထောင့်စုံ ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်)၊ (၂) အစိုးရအပေါ် အဓိအခိုကင်း သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုကင်းခြင်း၊ (၃) ဘက်စုံထောင့်စုံဖြစ်ပြီး ဗဟိုမှစီမံကွပ်ကဲသော စီရင်ပိုင်ခွင့်ရှိခြင်း၊ (၄) ဗဟုသုတပြည့်စုံပြီး ကြားနာစစ်ဆေးရန်လိုအပ်သည့် စွမ်းရည်ရှိသော တရားသူကြီးများ/အဖွဲ့ဝင်များရှိခြင်း၊ (၅) တရားမဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြန်လည်ကုစားမှုများ ပေးအပ်ခြင်း၊ နှင့် အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းစုံရှိခြင်း၊ (၆) သိပ္ပံဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုကို လက်လှမ်းမီရယူနိုင်စေခြင်း (အောင်မြင်မှုရရှိသော ECT အများစုသည် နည်းပညာကျွမ်းကျင်သူများကို အဖွဲ့တွင်း၌ ခန့်အပ်ထား

၄.၂.၂.၂. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးရှေ့နေများ

အချို့နိုင်ငံများတွင် တရားရုံးများနှင့် ခုံရုံးများအပြင် နိုင်ငံတော်အဆင့်နှင့် တစ်ခါတရံ၌ ဒေသဆိုင်ရာအဆင့်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးရှေ့နေများကို ခန့်အပ်ထားရှိသည်။ ဤရှေ့နေများကို အစိုးရရှေ့နေရုံးတွင်ဖြစ်စေ သီးခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာပြစ်မှုများ ယူနစ် အဖြစ်ဖြစ်စေ နေရာချထားနိုင်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးရှေ့နေများသည် ယေဘုယျ အားဖြင့် ပြည်သူပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများမှ အဖွဲ့အစည်းများက ရေထု သို့မဟုတ် လေထု ညစ်ညမ်းခြင်း၊ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း၊ အန္တရာယ်ရှိသော အရာဝတ္ထုများ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များ သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများ နှင့် ဆက်စပ်နီးနွယ်ကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအားချိုးဖောက်မှုများအတွက် တရား စွဲဆိုပိုင်ခွင့် ရှိသည်။ ထို့ပြင် ဤရှေ့နေများသည် ပြစ်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ လျှောက်လဲချက် အတွက် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခြင်း၊ နှင့် အခြားသော အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်း များတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်သည်။

ဘရာဇီးနိုင်ငံတွင် ဂေဟစနစ် ဟန်ချက်ညီကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ရရှိ ပိုင်ခွင့်အပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများအား ချိုးဖောက်မှုများကို စောင့် ကြည့်လေ့လာ၍ ကိုင်တွယ်ဖြေရှင်းရန်အတွက် ၁၉၈၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့် ပေးအပ်ထားသည့် Ministerio Publico က နိုင်ငံတော်က ချမှတ်ထားသည့် လွှမ်းမိုးသက်ရောက်မှု ကျယ်ပြန့်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို အသက်ဝင်စိုးမိုးစေသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အစိုးရရှေ့နေအနေဖြင့် အခြားအရာများအပြင် 'ပြည်သူပိုင်နှင့် လူမှုဆိုင်ရာ ပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားသော စုပေါင်းအကျိုးအမြတ်များကို ကာကွယ်ရန် အတွက် အကြမ်းမဖက် စုံစမ်းစစ်ဆေးခြင်းနှင့် တရားမမှုစွဲဆိုခြင်းတို့ကို ဆောင်ရွက်ရန်' နှင့် 'ဌာနေ တိုင်းရင်းသား လူမျိုးဝင်များ၏ အခွင့်အရေးများကို တရားစီရင်ရေးအရ အကာအကွယ်ပေးရန်' (အပိုဒ် ၁၂၉ (၃)၊ (၅)) တာဝန်ရှိကြောင်း နှင်းအပ်ပြဋ္ဌာန်းထားသည်။ Ministerio Publico သည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားသည့် အမှီအခိုကင်း သီးခြားလွတ်လပ်စွာ တာဝန်ထမ်းဆောင်ပိုင်ခွင့်ကို (အပိုဒ် ၁၂၇) ပိုင်ဆိုင်ပြီး ဘရာဇီးနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိသည်။

၄.၂.၂.၃. အမှီအခိုကင်း သီးခြားလွတ်လပ်သော ကြီးကြပ်ကွပ်ကဲရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ

စတက်ကျူဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဖွဲ့စည်းချမှတ်နိုင်သည့် အမှီအခို ကင်း သီးခြားလွတ်လပ်သော ကြီးကြပ်ကွပ်ကဲရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်း အမျိုးအစားများ အများအပြား ရှိသည်။ ယေဘုယျအားဖြင့် ဤအဖွဲ့အစည်းများကို သီးခြားပြဿနာတစ်ရပ်အား

ရှိကာ ပြင်ပပညာရှင်များ၏ ဘက်လိုက်သော ထွက်ဆိုချက်များကို လျှော့ချရန်အတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ချမှတ်ထားသည်)။ (၇) တရားမျှတမှု လက်လှမ်းမီရယူနိုင်ခြင်းကို ချောမွေ့စေခြင်း (ဆုံးဖြတ်ချက်များနှင့် ကျင့်သုံး ဆောင်ရွက်မှုနှင့် လုပ်ထုံးလုပ်နည်းများ နှစ်မျိုးစလုံးမှတဆင့်)။ (၈) တရားမျှတပြီး လျင်မြန်ကာကုန်ကျစရိတ်မမြင့်မား သော ဖြေရှင်းနည်းများဖြင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ (၉) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တုံ့ပြန် ဆောင်ရွက်မှုရှိခြင်း၊ (၁၀) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီရင်ဆုံးဖြတ်ပိုင်ခွင့် ဖော်ဆောင်ခြင်း (ကွဲပြားသည့် ဥပဒေ ပိုင် နက်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို ပေါင်းစည်းအသုံးပြုခြင်း အပါအဝင်)၊ (၁၁) ကျောထောက်နောက်ခံ ပြုပေးထားသည့် ရှင်းလင်းပြတ်သားသော ကျင့်ဝတ်ခံယူချက်နှင့် မစဉ်ရှင် ရှိခြင်း၊ (၁၂) ပြောင်းလွယ်ပြင်လွယ်ဖြစ်ကာ ဆန်းသစ်တီထွင်မှု ရှိခြင်း (Preston 2014)။

ဖြေရှင်းရန် သို့မဟုတ် သီးခြား လိုအပ်ချက်တစ်ရပ်အား ပြည့်မီရန် ဖွဲ့စည်းချမှတ်ခြင်း ဖြစ်သည်နှင့် အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများအနေဖြင့် မည်သည့်ပြဿနာများ ပေါ်ပေါက်လာနိုင်ခြေရှိသည်ကို မပျက်မကွက်စိစစ်ရန် လိုအပ်သည်။ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု၏ စီးပွားရေးဆိုင်ရာ အင်္ဂါရပ်များအတွက် အထောက်အကူဖြစ်စေရန် ကော်မရှင်များကို ဖွဲ့စည်းချမှတ်နိုင်သည်။ လယ်လုပ်သားနှင့် မြေယာအခွင့်အရေးများဆိုင်ရာ ကော်မရှင်ကို ဖွဲ့စည်းချမှတ်ရန် ရည်ရွယ်ချက်ရှိကြောင်း FDC တွင် ဖော်ပြထားသည်။

မြေယာ ကော်မရှင်များသည် မြေယာကို ရေရှည်တည်တံ့နိုင်စွာ စီမံခန့်ခွဲရန်နှင့် ပြည်သူပိုင်မြေအား ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ ဆောင်ရွက်ရာ၌ ပေါ်ပေါက်လာနိုင်သည့် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန်အတွက် အထောက်အကူပြုနိုင်သည် (Bulmer 2019)။ သီရိလင်္ကာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်ကောင်စီများအားလုံးမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံတော်အဆင့် မြေယာကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းချမှတ်ထားသည် (နောက်ဆက်တွဲ ၂(၃)(၃.၁))။ နည်းပညာဆိုင်ရာ အတွင်းဝန်တစ်ဦးက နယ်ပယ်ပေါင်းစုံ ဆက်စပ်ပါဝင်သည့် ကျွမ်းကျင်မှုဖြင့် အကူအညီပေးကာ 'သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာအင်္ဂါရပ်များကို အကဲဖြတ်မည်' ဖြစ်သည် (နောက်ဆက်တွဲ ၂(၃)(၃.၂))။ ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆၇(၂) တွင် နိုင်ငံတော်အဆင့် မြေယာကော်မရှင် အနေဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည် –

- ပြည်သူပိုင်မြေကို နိုင်ငံတော်နှင့် ကောင်တီ (county) အစိုးရများကိုယ်စား စီမံခန့်ခွဲခြင်း၊
- နိုင်ငံတော်အဆင့် မြေယာမူဝါဒတစ်ရပ်ကို နိုင်ငံတော်အစိုးရထံ အကြံပြုတင်ပြခြင်း၊
- ကင်ညာနိုင်ငံတဝန်း၌ မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းအတွက် ဘက်စုံထောင့်စုံ အစီအစဉ်တစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအား အကြံပေးခြင်း၊
- မြေယာနှင့် သဘာဝသယံဇာတများ အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် သုတေသနဆောင်ရွက်ရန်၊ နှင့် သင့်လျော်ရာ အာဏာပိုင်များထံသို့ အကြံပြုချက်များတင်ပြရန်၊
- လက်ရှိဖြစ်ပွားနေသည့် သို့မဟုတ် သမိုင်းဝင်မြေယာဆိုင်ရာ တရားမမျှတမှုများနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှုများကို ကိုယ်ပိုင်ဆန္ဒအလျောက်ဖြစ်စေ တိုင်ကြားမှုကြောင့် ဖြစ်စေ စတင်ဆောင်ရွက်ရန်၊ နှင့် သင့်လျော်စွာ ပြန်လည်ကုစားပေးရန်အတွက် အကြံပြုချက်များ တင်ပြရန်၊
- မြေယာပဋိပက္ခများတွင် ရိုးရာအရ အသုံးပြုသည့် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ယန္တရားများ အသုံးချခြင်းကို အားပေးမြှင့်တင်ရန်၊
- ဥပဒေအရ သတ်မှတ်ထားသည့် မည်သည့်နယ်မြေတွင်ဖြစ်စေ မြေယာခွန်နှင့် ပြောင်းရွှေ့ခြင်းမပြုနိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများအတွက် အာမခံများကို စိစစ်ရန်၊ နှင့်
- နိုင်ငံတဝန်း၌ မြေယာအသုံးပြုမှု စီမံကိန်းချမှတ်ခြင်းကို စောင့်ကြည့်လေ့လာပြီး ထိန်းကျောင်း ကွပ်ကဲရန်။

ကော်မရှင်များသည် သဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်ရန်အတွက်လည်း အထောက်အကူပြုနိုင်သည်။ ဥပမာဆိုရသော် တောင်ဆူဒန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်ထံသို့ အစီရင်ခံ တင်ပြရသည့် နိုင်ငံတော်အဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကော်မရှင်ကို ဖွဲ့စည်းချမှတ်ထားသည်။ အဆိုပါ ကော်မရှင်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အင်စတီကျူးရှင်းများ၊ သမ္မတက ခန့်အပ်သည့် ရေနံတူးဖော်ထုတ်လုပ်သည့် ပြည်နယ်များမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည် (အပိုဒ် ၁၇၄)။ ထို့ပြင် တောင်ဆူဒန်နိုင်ငံတွင် 'နိုင်ငံတော်အစိုးရအဆင့်၌ ကောက်ခံရရှိသည့် ဘဏ္ဍာငွေများကို ပြည်နယ်နှင့် ဒေသန္တရအစိုးရများထံသို့ ခွဲဝေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိစေရန်' အမှီအခိုကင်း သီးခြားလွတ်လပ်သည့် ဘဏ္ဍာရေးနှင့် ရန်ပုံငွေခွဲဝေပေးအပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း ကော်မရှင်ကိုလည်း ဖွဲ့စည်းချမှတ်ထားသည် (အပိုဒ် ၁၈၁(၁))။

နိုင်ငံတော်အဆင့် လူ့အခွင့်အရေးဆိုင်ရာ အင်စတီကျူးရှင်းများ (NHRI များ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ အပါအဝင် လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရာ၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ NHRI များ၏ ဖွဲ့စည်းပုံနှင့် လုပ်ပိုင်ခွင့်များသည် ကမ္ဘာတဝန်း၌ အမျိုးမျိုးအဖုံဖုံကွဲပြားသော်လည်း ပါရီအခြေခံမူများအရ ၎င်းတို့သည် လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။ FDC သည် အမှီအခိုကင်း သီးခြားလွတ်လပ်သော လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းချမှတ်ရန် ထည့်သွင်းဖော်ပြထားသည် (အပိုင်း ၁၊ အခန်း ၃)။

အချို့သော NHRI များသည် သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၌ သက်ဆိုင်ပါဝင်သူများအကြား ပေါင်းကူးချိတ်ဆက်ပေးရန်နှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် အစိုးရ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ကြိုးပမ်းအားထုတ်မှုများကို စောင့်ကြည့်လေ့လာ၍ အကဲဖြတ်ရန် ဆန်းသစ်သည့်မူဝါဒများကို ရေးဆွဲချမှတ်ထားသည်။ ဥပမာဆိုရသော် အာဂျင်တီးနားနိုင်ငံ NHRI သည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအား နိုင်ငံတော်ကအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် လစ်ဟာလိုအပ်ချက်များနှင့် အခက်အခဲများကို ဖော်ထုတ်အတည်ပြုရန်အတွက် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး အစီအစဉ်တစ်ရပ်ကို လူမှုအဖွဲ့အစည်း၏ ပါဝင်အားဖြည့်မှုဖြင့် ရေးဆွဲချမှတ်ထားသည်။ အခြားအစီအစဉ်တစ်ရပ်တွင်မူ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာ အလွဲသုံးစားမှုများ ကျူးလွန်ခြင်းကို တားဆီးကာကွယ်ရန်အတွက် သတ္ထုတူးဖော်ရေးလုပ်ငန်းကဏ္ဍမှ သက်ဆိုင်ပါဝင်သူများသည် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများကို ကျင့်သုံးလိုက်နာရန် အကြံပြုထားသည် (GANHRI n.d.)။

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး အထွေထွေအရာရှိရုံးကို ဖွဲ့စည်းချမှတ်ကာ ၎င်းအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်နေသော ပြဿနာရပ်များကို ကိုင်တွယ်ရန်တာဝန်ရှိသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အရာရှိများ၊ 'သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သူများ' သို့မဟုတ် အနာဂတ်မျိုးဆက်များအတွက် စစ်ဆေးရေးအရာရှိများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း

ပြဋ္ဌာန်းထားသည့် နိုင်ငံများလည်းရှိပြီး ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေး မဏ္ဍိုင်၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို စောင့်ကြည့်လေ့လာခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင် ရရှိပိုင်ခွင့်သည် ပုဂ္ဂလအခွင့်အရေး သို့မဟုတ် လူမှုအသိုက်အဝန်း၏ စုပေါင်းအခွင့်အရေးဖြစ်သည် ဟူသည်ကို သက်သေထူရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ ဥပမာဆိုရသော် ဩစတြီးယားနိုင်ငံတွင် ဖက်ဒရယ်ပြည်နယ် ကိုးပြည်နယ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအရာရှိများကို ခန့်အပ်ထားပြီး ၎င်းတို့သည် ပြည်နယ် စီမံအုပ်ချုပ်ရေး အာဏာပိုင်များကို စောဒကတက် တိုင်ကြားပိုင်ခွင့် ရှိသည်။

၄.၂.၃. အဓိက ထည့်သွင်းစဉ်းစားရမည့်အချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒီဇိုင်းရေးဆွဲရာ၌ အဓိကအားဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဤအပိုင်းတွင် ဖော်ပြထားသည်။ အားလုံးအကျုံးဝင်ပါဝင်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် ထိုသို့ ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်၌ အမျိုးသမီးများနှင့် ဖယ်ကြဉ်ချန်လှပ်ခံအစုအဖွဲ့များ ကောင်းမွန်လုံလောက်စွာ ကိုယ်စားပြုတက်ရောက်နိုင်ကာ ၎င်းတို့အနေဖြင့် ဝင်ရောက်ဆွေးနွေး ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ယခင်ကတည်းက သတ်မှတ်ထားသည့် နယ်ပယ်များကို ကျော်လွန်၍ ပါဝင်ဆောင်ရွက်နိုင်စေရန် အတွက် စွမ်းရည်မြှင့်တင်ပေးရန် မပျက်မကွက် ဂရုပြုဆောင်ရွက်ရမည်။ ထို့ပြင် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း သို့မဟုတ် အင်စတီကျူးရှင်းများ ဖွဲ့စည်းချမှတ်ရာတွင် ဥပဒေပြုခြင်းအစား ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပြုခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးအပြစ်များကို ထည့်သွင်းစဉ်းစား၍ ချိန်ဆဆုံးဖြတ်ရန်လည်း အရေးကြီးသည်။ အခွင့်အရေးများကို မပျက်မကွက် ကျင့်သုံးပိုင်ခွင့်ရှိစေရန် အထောက်အကူပေးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြရန်နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး အင်စတီကျူးရှင်းများ ဖွဲ့စည်းချမှတ်ရန်အလို့ငှာ သင်္ကေတဆန်သည့် အကြောင်းရင်းများအပြင် လက်တွေ့အသုံးဝင်နိုင်သည့် အကြောင်းရင်းများလည်း ရှိပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၏ အဓိက အကျိုးကျေးဇူးတစ်ရပ်မှာ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်စီမံကိန်းချမှတ်ခြင်းနှင့် ကတိကဝတ်များကို နိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်တွင် ထည့်သွင်းနိုင်ပြီး မူဝါဒများချမှတ်ရာ၌ ရေတိုကြည့်သည့် နိုင်ငံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများမှ ကင်းလွတ်စေသည်။ အင်စတီကျူးရှင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းဖွဲ့စည်းခြင်းသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ၊ အမှီအခိုကင်း သီးခြားလွတ်လပ်မှုနှင့် သက်တမ်းတို့ကို ပိုမိုခိုင်မာစေသော်လည်း ကြုံတွေ့ရနိုင်သည့် အန္တရာယ်များလည်းရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ဖွဲ့စည်းခြင်းသည် အဆိုပါအဖွဲ့အစည်းများ၏ အဆင့်အတန်းကို ခိုင်မာစေနိုင်သော်လည်း ဥပဒေပြုခြင်းဖြင့် ချမှတ်ဖွဲ့စည်းထားသည့် အင်စတီကျူးရှင်းများသည် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲရန် ပိုမိုလွယ်ကူနိုင်သည်။ ထို့ပြင် လုံလောက်သည့် အရင်းအမြစ်များနှင့် နိုင်ငံရေးဆန္ဒမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချမှတ်ဖွဲ့စည်းထားသည့် အင်စတီကျူးရှင်းများသည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်မှုမရှိဘဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း မရှိသည့် အခြေအနေမျိုးသို့ ကျရောက်နိုင်သည်။

အားလုံးအကျုံးဝင်ပါဝင်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် ထိုသို့ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်၌ အမျိုးသမီးများနှင့် ဖယ်ကြဉ်ချန်လှပ်ခံ အစုအဖွဲ့များ ကောင်းမွန်လုံလောက်စွာ ကိုယ်စားပြုပါဝင်နိုင်ရေး သေချာစေရန် ဆောင်ရွက်ရမည်။

၄.၂.၃.၁. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်း

အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ကြံဆရေးဆွဲ ချမှတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် စံတန်ဖိုးများကို ထိန်းသိမ်းလိုက်နာကာ အဆိုပါ အခွင့်အရေးများကို မည်သူကကျင့်သုံးပိုင်ခွင့်ရှိသည်၊ ၎င်းတို့သည် ပုဂ္ဂလ နှင့်/သို့မဟုတ် စုပေါင်း အခွင့်အရေး အမျိုးအစားဖြစ်သည်၊ ၎င်းတို့ကို တရားရေးကဏ္ဍမှ အသက်ဝင်စိုးမိုးနိုင်စေခြင်း ရှိ၊ မရှိနှင့် အကယ်၍ရှိပါက နိုင်ငံတော်ကိုသာ စွဲဆိုပိုင်ခွင့်ရှိသည်လော သို့မဟုတ် ပုဂ္ဂလိက အဖွဲ့များကိုလည်း စွဲဆိုပိုင်ခွင့်ရှိသည်လော အစရှိသည့်အချက်များကို မဟျက်မကွက်ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ တရားမျှတမှုအား လက်လှမ်းမီရယူနိုင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် (အများပြည်သူနှင့်သက်ဆိုင်သည့် အကျိုးအမြတ်အတွက် တရားစွဲဆိုခြင်း အပါအဝင်) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် အကျယ်တပြန့် တရားစွဲဆိုပိုင်ခွင့်ရှိသည့် စည်းမျဉ်းများနှင့် တရားစွဲဆိုသူများအတွက် ဥပဒေရေးရာ ကုန်ကျစရိတ်များကို လျှော့ချကန့်သတ်ရန် အစီအမံများရေးဆွဲချမှတ်ရန် ဆုံးဖြတ်နိုင်သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် လူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူအခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ နှင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ UN အထူးအစီရင်ခံစာ တင်သွင်းသူများ၏ လမ်းညွှန်ချက်များကဲ့သို့ နိုင်ငံတကာလမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားကာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား ချိုးဖောက်မှုများအတွက် မည်သည့်ဥပဒေရေးရာပြန်လည်ကုစားမှုနှင့် လျော်ကြေးအမျိုးအစားများသည် သင့်လျော်နိုင်ကြောင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

ဥပမာဆိုရသော် ကင်ညာနိုင်ငံ၏ ၂၀၁၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူအခွင့်အရေးကျင့်သုံးမှုအား ငြင်းဆိုခံရပါက၊ အခွင့်အရေး ချိုးဖောက်ခံရပါက သို့မဟုတ် ခြိမ်းခြောက်ခံရပါက လူအခွင့်အရေးအတွက် အကျယ်တပြန့် တရားစွဲဆိုနိုင်သည့် စည်းမျဉ်းကို ချမှတ်ထားကာ (အပိုဒ် ၂၂(၁)) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ အသက်ဝင်စိုးမိုးစေရေးအတွက် တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း အတိအလင်းထည့်သွင်းဖော်ပြသည် (အပိုဒ် ၇၀(၁))။ တရားစွဲဆိုသူသည် ကိုယ်ပိုင်ဆန္ဒဖြင့် လုပ်ဆောင်သည့် တစ်သီးပုဂ္ဂလပုဂ္ဂိုလ်၊ အခြားသူတစ်ဦးကို ကိုယ်စားပြုလုပ်ဆောင်သည့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်၊ အစုအဖွဲ့ သို့မဟုတ် လူတန်းစားတစ်ရပ်ကို ကိုယ်စားပြုလုပ်ဆောင်သည့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့ဝင်များကို ကိုယ်စားပြုလုပ်ဆောင်သည့် အဖွဲ့အစည်းစသည်ဖြင့် ဖြစ်နိုင်သည် (အပိုဒ် ၂၂(၂))။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားရုံးတော်၌ အရေးယူဆောင်ရွက်မှုများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်လိုအပ်ချက်များကို လျှော့ချပေးပြီး ‘တရားဝင်မဟုတ်သည့် စာရွက်စာတမ်းများ’ ဖြင့်ပင် စတင်အရေးယူဆောင်ရွက်နိုင်ကာ ‘သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုရှိစေရန် ထိန်းကွပ်ဆောင်ရွက်ရာ၌ တရားရုံးတော်သည် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်လိုအပ်ချက်များဖြင့် ကန့်သတ်ချုပ်ခြယ်ခံရခြင်း မရှိစေရ’ ဟု ပြဋ္ဌာန်းထားသည် (အပိုဒ် ၂၂(၃))။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားရုံးတော်များကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသည့် ဆောင်ရွက်မှုများကို ကြိုတင်တားဆီးရန် သို့မဟုတ် တားမြစ်ပိတ်ပင်ရန်၊ အစိုးရအရာရှိများအနေဖြင့် အရေးယူဆောင်ရွက်မှုရှိစေရန်နှင့် လျော်ကြေး ပေးဆောင်စေရန်အတွက် အမိန့်စာများထုတ်ပြန်ကြေညာပိုင်ခွင့် ပေးအပ်ထားသည် (အပိုဒ် ၇၀(၂))။

၄.၂.၃.၂. အင်စတီကျူးရှင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဒီဇိုင်း

ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသက်ဝင်စိုးမိုးစေခြင်း လုပ်ငန်းများကို ဆောင်ရွက်မည့် အင်စတီကျူးရှင်းများအား ဒီဇိုင်းရေးဆွဲရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် အင်စတီကျူးရှင်း၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ (သင့်လျော်သော အရည်အချင်းပြည့်မီမှု ရှိစေရန်၊ နှင့် ပွင့်လင်းမြင်သာပြီး အားလုံးအကျုံးဝင်ပါဝင်သော ရွေးချယ်မှု/ခန့်အပ်မှု လုပ်ငန်းစဉ်ကို ကျင့်သုံးမှုရှိစေရန် ဂရုထားစီစဉ်ဆောင်ရွက်ခြင်း အပါအဝင်) အင်စတီကျူးရှင်းအတွက် ဝန်ထမ်းများခန့်အပ်ခြင်း၊ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းနှင့် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း၊ ဝန်ထမ်းအင်အား လုံလောက်စွာခန့်အပ်ခြင်း၊ မိမိ၏တာဝန်များကို ကောင်းမွန်လုံလောက်စွာထမ်းဆောင်နိုင်ရန် လိုအပ်သည့်ကျွမ်းကျင်မှုစွမ်းရည်ကို ရယူနိုင်ခြင်းနှင့် တာဝန်ခံမှုနှင့် ဆက်နွယ်သောကိစ္စရပ်များကို မပျက်မကွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် အင်စတီကျူးရှင်း၏ လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားပြဋ္ဌာန်းချက်များတွင် သို့မဟုတ် ဥပဒေပြုရာ၌ မည်မျှအတိုင်းအတာအထိ ထည့်သွင်းဖော်ပြမည်နှင့် ဤအဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ အမှီအခိုကင်း သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်စေရန် စီစဉ်ပေးရန်အတွက် ဘေးဆီးရန်ကာ အစီအမံများကို မပျက်မကွက် ဆုံးဖြတ်ရေးဆွဲချမှတ်ပေးရန် လိုအပ်သည်။ ဖက်ဒရယ်စနစ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် အချို့သော အင်စတီကျူးရှင်းများကို နိုင်ငံတော်အဆင့်၌သာ ဖွဲ့စည်းထားရှိမည် သို့မဟုတ် ဒေသဆိုင်ရာအဆင့်တွင်လည်း ဖွဲ့စည်းထားရှိမည်ကို ဆုံးဖြတ်သတ်မှတ်ရန် လိုအပ်သည်။

၄.၂.၃.၃. သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ဖော်ထုတ်ရေးဆွဲခြင်းနှင့် တိကျရည်ညွှန်းဖော်ပြခြင်း

ယေဘုယျအားဖြင့် တစ်ပြည်ထောင်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ဖက်ဒရယ်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သဘာဝသယံဇာတများအားပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေရရှိမှုတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပိုမိုစုံလင်စွာဖော်ပြထားလေ့ရှိသည်။ FDC တွင် ပြည်နယ်တစ်ခုစီရှိ သဘာဝသယံဇာတများအား ပိုင်ဆိုင်ခွင့်ကို ပြည်နယ်အတွင်းမှီတင်းနေထိုင်သူများထံ ပေးအပ်ထားပြီး အမှီအခိုကင်း သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ကို ဒေသဆိုင်ရာယူနစ်များထံသို့ ပေးအပ်ထားသော်လည်း ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဆိုင်ရာ စည်းလုံးမှု၊ နှင့် ပိုင်နက်နယ်မြေဆိုင်ရာ တန်းတူညီမျှမှုမြှင့်တင်ခြင်းကို မပျက်မကွက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဗဟိုအစိုးရထံတွင် ၎င်း၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များကို ပိုင်ဆိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များအား ထိန်းသိမ်းလိုက်နာရမည့် ဗဟိုအစိုးရများ၏တာဝန်ကို ထောက်ချင့်၍ မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်း လုပ်ငန်းစဉ်တွင်မဆို အထက်တွင်ဖော်ပြခဲ့သည့် ကိစ္စရပ်များကို အထူးဂရုပြု၍ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ထို့ပြင် ဗဟိုအစိုးရများသည် သဘာဝသယံဇာတများအား မည်သို့ထိန်းသိမ်းကာကွယ်မည်၊ အဆိုပါ သယံဇာတများပြုန်းတီးမှုကို မည်သို့စီမံခန့်ခွဲမည်၊ နှင့် သဘာဝသယံဇာတအား အဆင့်တစ်ပြေးညီ ပိုင်ဆိုင်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ယန္တရားများကိုချမှတ်ထားရှိပေးရန်လည်း မပျက်မကွက်ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ထို့ပြင် သဘာဝသယံဇာတများသည် ပဋိပက္ခဖြစ်ပေါ်စေသည့် အကြောင်း

ရင်းခံတစ်ရပ် ဖြစ်နိုင်ကာ အထူးသဖြင့် အဆိုပါ သယံဇာတများသည် အချို့သော နယ်မြေဒေသများတွင် များပြားသိပ်သည်းစွာ တည်ရှိနေသည့် သို့မဟုတ် တိုင်းရင်းသားအစုအဖွဲ့များနှင့် နယ်မြေထပ်နေသည့် အခြေအနေတွင် ဖြစ်သည်။

ပိုင်ဆိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို သယံဇာတများအား စီမံခန့်ခွဲပိုင်ခွင့်နှင့် ဝင်ငွေများ လက်ခံရရှိပိုင်ခွင့်ကို မည်သည့်အဖွဲ့အစည်းများထံ နှင်းအပ်ထားသည်ဟူသည့် အချက်ကို ရှင်းလင်းဖော်ပြသည့် ဥပဒေပြုခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် ဖြည့်စွက်ထောက်ကူပေးရန် လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ပိုင်ခွင့်ကို ပေးအပ်ရာ၌ ပုံမှန်အားဖြင့် – (က) ဗဟိုအစိုးရထံသို့သာ သီးသန့်ပေးအပ်ခြင်း၊ (ခ) ဒေသဆိုင်ရာအစိုးရများထံသို့သာ သီးသန့်ပေးအပ်ခြင်း၊ (ဂ) ဗဟိုအဆင့်နှင့် ဒေသဆိုင်ရာအစိုးရများထံသို့ ပူးတွဲပေးအပ်ခြင်း၊ သို့မဟုတ် (ဃ) ဗဟိုအဆင့်နှင့် ဒေသဆိုင်ရာအစိုးရများက ခွဲဝေကျင့်သုံးခြင်းဟူသည့် နည်းလမ်းလေးရပ်အနက် တစ်နည်းကိုအသုံးပြုသည်။ FDC တွင် စီမံခန့်ခွဲပိုင်ခွင့်ကို ဒေသဆိုင်ရာအစိုးရများထံသို့သာ သီးသန့်ပေးအပ်သည်၊ သို့ရာတွင် တာဝန်ထပ်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာနိုင်သောကြောင့် ကြိုတင်၍မှန်းဆပြင်ဆင်ထားရန် လိုအပ်သည်။ သဘာဝ သယံဇာတများ စီမံခန့်ခွဲရာ၌ ဗဟိုအစိုးရ ချိတ်ဆက်ပါဝင်ခြင်းသည် ကောင်းကျိုးများရှိသည်။ ပထမအချက်အနေဖြင့် ရှေ့နောက်ညီညွတ်သော နိုင်ငံတော်အဆင့် မူဝါဒတစ်ရပ်သည် သဘာဝ သယံဇာတများ အသုံးပြုခြင်းဆိုင်ရာ ရေရှည်စီမံကိန်းများ ကွဲပြားကွာခြားခြင်း သို့မဟုတ် အချင်းချင်း ဆန့်ကျင်ကွဲလွဲခြင်းတို့ ပေါ်ပေါက်လာနိုင်သည့် အခြေအနေကို ရှောင်လွှဲစေနိုင်ကာ ဒေသဆိုင်ရာ ယူနစ်များအနေဖြင့် စာချုပ်များချုပ်ဆိုနိုင်ရေးအတွက် ပြိုင်ဆိုင်ရာ၌ အသာစီးရစေရန် အလို့ငှာ ၎င်းတို့၏လုပ်သားဆိုင်ရာ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို လျှော့ချသည့် 'ယှဉ်ပြိုင်မှုမြင့်မားလာခြင်း' ကို ရှောင်လွှဲစေနိုင်သည်။ ဒုတိယအနေဖြင့် ဗဟိုနိုင်ငံတော်သည် အကြီးစားစီမံကိန်းများကို စီမံခန့်ခွဲ၍ ညှိနှိုင်းဆောင်ရွက်ရန်နှင့် ရှုပ်ထွေးသောစာချုပ်များကို ညှိနှိုင်းဆွေးနွေးရေးဆွဲရန် လိုအပ်သည့်ကျွမ်းကျင်မှုစွမ်းရည်နှင့် နည်းပညာစွမ်းရည်တို့ကို ပိုင်ဆိုင်နိုင်သည်။ စီမံခန့်ခွဲမှုဆောင်ရွက်ပိုင်ခွင့်အား ဗဟိုအစိုးရထံသို့ နှင်းအပ်ထားသည့် အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဗဟိုအစိုးရအနေဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းရှိစေရန်အတွက် အာမခံချက်ပေးရန်အလို့ငှာ ဒေသဆိုင်ရာအစိုးရများနှင့် ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းပြုရန် တာဝန်ရှိကြောင်း သတ်မှတ်ပြဋ္ဌာန်းနိုင်သည် (ဥပမာ နီကာရာဂွာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ် ၁၈၁)။

တင်းမာမှုများနှင့် ပဋိပက္ခဖြစ်နိုင်ခြေ အလားအလာကို လျော့ပါးသက်သာစေရန်အတွက် သဘာဝသယံဇာတများမှ ရရှိသည့်ဝင်ငွေအား မည်သို့ခွဲဝေမည်ကို မပျက်မကွက် ပြဋ္ဌာန်းသတ်မှတ်ထားရန် လိုအပ်သည်။ မည်သို့ခွဲဝေမည်ကို သတ်မှတ်ရာ၌ နောက်ခံအခြေအနေအပေါ် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကောက်ခံခြင်း၊ ခွဲဝေခြင်းနှင့် စီမံခန့်ခွဲခြင်းကဲ့သို့ မတူကွဲပြားသည့် အင်္ဂါရုပ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းစာသားတွင် ထည့်သွင်းဖော်ပြထားသည်။ ဝင်ငွေခွဲဝေမှု သတ်မှတ်သည့် နည်းလမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းဖြင့် ရှင်းလင်းမှုရှိစေရန် ဆောင်ရွက်နိုင်သော်လည်း သယံဇာတ အသစ်များကို ရှာဖွေတွေ့ရှိပါက သို့မဟုတ် ဒေသဆိုင်ရာယူနစ်များ၏ အရေအတွက် အပြောင်းအလဲရှိပါက ပြဿနာဖြစ်နိုင်သည်။

သဘာဝသယံဇာတများမှ ရရှိသည့် အချို့သောဝင်ငွေအမျိုးအစားများသည် ထိခိုက်ဆုံးရှုံးလွယ်နိုင်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအချို့တွင် ဘဏ္ဍာရန်ပုံငွေများအား တည်ငြိမ်စေရန် ဆောင်ရွက်ခြင်းနှင့် စုဆောင်းထားရန် လိုအပ်ခြင်းကို ထည့်သွင်းဖော်ပြထားသည်။ ဥပမာဆိုရသော် တောင်ဆူဒန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုအစိုးရ၏ အသားတင်ရေနံဝင်ငွေများအတွက် ရေနံဝင်ငွေ တည်ငြိမ်စေရေး ငွေစာရင်းတစ်ခုကို ဖွင့်လှစ်ထားပြီး ထို့ပြင် အသားတင်ရေနံဝင်ငွေမှ ၎င်း၏ဝေစုကိုအသုံးပြု၍ အနာဂတ်မျိုးဆက် ရန်ပုံငွေတစ်ရပ်ကိုလည်း ချမှတ်ထားသည် (အပိုဒ် ၁၇၈)။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့် အငြင်းပွားမှုများ ပေါ်ပေါက်နိုင်ခြေကို အတတ်နိုင်ဆုံး လျှော့ချရန်အတွက် စီမံခန့်ခွဲရေး အဖွဲ့အစည်းများ (ဥပမာ ကော်မရှင်များ)၊ လုပ်ထုံးလုပ်နည်းများ (ဥပမာ ပြင်ပ စာရင်းစစ်ခြင်း) နှင့် စည်းမျဉ်းစည်းကမ်းများ (ဥပမာ အချို့ စာရွက်စာတမ်းများအား အများပြည်သူ ရယူဖတ်ရှုနိုင်စေရန် ထုတ်ပြန်ပေးခြင်း) ကို ချမှတ်ဖွဲ့စည်း ပြဋ္ဌာန်းနိုင်သည် (Choudhry and Stacey 2015)။

၄.၃ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ နိုင်ငံ့စွမ်းဆောင်ရည်နှင့် အစိုးရဖွဲ့စည်းတည်ဆောက်ပုံစနစ်တို့ ခိုင်မာအားကောင်းစေရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံ၏ အစိုးရဖွဲ့စည်းတည်ဆောက်ပုံစနစ်များနှင့် စပ်လျဉ်း၍ ပြောင်းလွယ်ပြင်လွယ်ရှိကာ ဘက်စုံလွှမ်းခြုံပါဝင်စေပြီး ညှိနှိုင်းဆောင်ရွက်ရသည့် ချဉ်းကပ်နည်းတစ်ရပ် ရေးဆွဲရန်အပြင် စီးပွားရေးလုပ်ငန်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ တတ်သိပညာရှင်အဖွဲ့များ၊ ပြည်သူလူထု အစရှိသည့် ပြင်ပလှုပ်ရှားဆောင်ရွက်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ၎င်းတို့ကို ကမ်းလှမ်းထောက်ကူခြင်းတို့ ပြုလုပ်ရန်လိုအပ်ပါသည်။ ရာသီဥတုနည်းဗျူဟာ ရေးဆွဲရန်နှင့် ဦးစားပေးလုပ်ငန်းများ၊ အင်စတီကျူးရှင်းအတွင်း ဦးဆောင်မှုများ၊ လုံလောက်သော လူသားနှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို စီစဉ်သတ်မှတ်ရန်၊ သိပ္ပံပညာ ဗဟုသုတနှင့်ကျွမ်းကျင်မှုများကို လက်လှမ်းမီသိရှိစေရန်တို့အတွက် အင်စတီကျူးရှင်းဆိုင်ရာ အစီအမံများအပါအဝင် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်တို့နှင့် စပ်လျဉ်းသည့် မူဝါဒများကို အကောင်အထည်ဖော်ချမှတ်ရာ၌ ‘ရာသီဥတုနှင့်အထူးသက်ဆိုင်သော’ အနိမ့်ဆုံးစွမ်းဆောင်ရည်အဆင့်ကို လိုအပ်လိမ့်မည်ဖြစ်သည်။

အကောင်းဆုံးအချက်မှာ မြန်မာနိုင်ငံ ကြားကာလအစိုးရအင်စတီကျူးရှင်းများက ၎င်းတို့အနေဖြင့် လက်ခံနိုင်ဖွယ်ရှိသည့် ရာသီဥတုပြောင်းလဲမှုကိုင်တွယ်ဖြေရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ကတိကဝတ်များ၊ အရေးယူဆောင်ရွက်မှုနှင့် ဦးစားပေးလုပ်ငန်းများကို ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ၏ လုပ်ငန်းစဉ်မူဘောင်အတွင်းမှပင် သတ်မှတ်ပြီးနောက် NUG (အမျိုးသားညီညွတ်ရေးအစိုးရ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ NUG စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၊ NUG သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အစရှိသော ရှိနှင့်ပြီး အင်စတီကျူးရှင်းများနှင့် နောင်ဖွဲ့စည်းမည့် အင်စတီကျူးရှင်းများအတွက် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြတ်သားစွာချမှတ်ပြီး စွမ်းဆောင်ရည်ဆန်းစစ်မှုများ ပြုလုပ်လိမ့်မည် ဖြစ်သည်။ လျော့ပါးသက်သာရေးအစီအမံများကို စွမ်းဆောင်ရည်မြှင့်တင်ရေး ပဏာမလုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်း၊ ရှိနှင့်ပြီး စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားခြင်းနှင့်

လက်ရှိအာဏာသိမ်းမှုဖြစ်စဉ် နောက်ပိုင်းအခြေအနေ၌ သတ်မှတ်ချိန်တစ်ခုအတွင်း ပြည့်မီနိုင်မည့် စွမ်းဆောင်ရည်အဆင့်နှင့် ကိုက်ညီသော အနာဂတ်အရေးယူဆောင်ရွက်မှုများကို ရွေးချယ်ခြင်းတို့ ပါဝင်သည့် တစ်ဆင့်ပြီးတစ်ဆင့်ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်သင့်ပါသည်။

အင်စတီကျူးရှင်း၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်အတွက် လူတစ်ဦးချင်းစီ၊ အဖွဲ့အစည်းနှင့် ပိုမိုကျယ်ပြန့်သော အင်စတီကျူးရှင်းတို့ကို အလေးထားပံ့ပိုးရမည်ဖြစ်သည်။ ၎င်းမှာ လူတစ်ဦးချင်းစီအဆင့်တွင် အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ဘဏ္ဍာရေးအရင်းအမြစ်များ ရယူခြင်းနှင့် ထိရောက်စွာစီမံခန့်ခွဲခြင်းတို့ကို ဆိုလိုသည်။ အင်စတီကျူးရှင်းအဆင့်တွင် လုပ်ပိုင်ခွင့်များနှင့် မဟာဗျူဟာကျ ဦးစားပေးလုပ်ငန်းများကို ရှင်းလင်းပြတ်သားစွာချမှတ်ခြင်း၊ လူသားနှင့်ဘဏ္ဍာရေး အရင်းအမြစ်များကို အလုံအလောက် ပေးအပ်မြှုပ်နှံခြင်းတို့ကို ဆိုလိုသည်။ အင်စတီကျူးရှင်းအဆင့်တွင် နိုင်ငံ့ အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများအနေဖြင့် အဆင့်တူခြင်းရော၊ အထက်အောက်အဆင့်များနှင့်ပါ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကဏ္ဍ၊ ပြည်သူလူထုတို့ထံ ကမ်းလှမ်းထောက်ကူခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ကြားကာလအစိုးရအင်စတီကျူးရှင်းများအတွင်း FDC အခြေခံမူများ အကောင်အထည်ပေါ်ရေးအတွက် မဟာဗျူဟာကျ လမ်းညွှန်ချက်များပေးရန်အလို့ငှာ NUG ပြည်ထောင်စုဝန်ကြီးချုပ်ဦးစီးသော ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ (NAB–NR) ကို ဖွဲ့စည်းတည်ထောင်ထားပါသည်။ NUG သဘာဝပတ်ဝန်းကျင်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ NUG သဘာဝသယံဇာတ စီမံခန့်ခွဲရေးဝန်ကြီးဌာနတို့က ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပြီး ပြည်သူလူထုအား အသိပညာမြှင့်တင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုတို့အတွက် ပညာပေးခြင်းနှင့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို အလေးထားလုပ်ဆောင်လျက်ရှိသည့် နည်းပညာဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍ အတိုင်ပင်ခံများပါဝင်သည့် အမှီအခိုကင်းသော သယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် အနာဂတ်အတွက် သဘာဝသယံဇာတ စီမံခန့်ခွဲရေးမူဝါဒ မူကြမ်းကိုလည်း ရေးဆွဲလျက်ရှိပါသည်။

ကြားကာလအစိုးရအနေဖြင့် အင်စတီကျူးရှင်းများ၏ အနာဂတ်နှင့်စပ်လျဉ်း၍ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်အမျိုးမျိုးအတွက် ဆန်းသစ်တီထွင်၊ ပြောင်းလွယ်ပြင်လွယ်ရှိပြီး ဘက်စုံလွှမ်းခြုံထားသော မဟာဗျူဟာများကိုလိုအပ်ကြောင်း ထည့်သွင်းစဉ်းစားရပါမည်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံ ပြည်သူ့ရေးရာဝန်ကြီးဌာန (Ministério Público) သည် တရားမမှုနှင့် ပြစ်မှုဆိုင်ရာ အစိုးရရှေ့နေရုံးအဖွဲ့ဟူသည့် ပုံမှန်အခန်းကဏ္ဍအပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေသူများအား သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ပြုခြင်းမှ တားဆီး (သို့) လျှော့ချရန် သဘောတူညှိနှိုင်းနိုင်မည့် တရားဥပဒေပြင်ပအာဏာများရှိသည့်အတွက် အခွင့်အရေးများကို ထိရောက်မြန်ဆန်စွာ တရားဝင်ပြဋ္ဌာန်းခြင်းနှင့် တရားဥပဒေစနစ်ကို ဝန်မပိစေဘဲ ပဋိပက္ခဖြေရှင်းခြင်းတို့ ပြုလုပ်နိုင်သည်။ အဆိုပါရုံးအဖွဲ့အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့အင်စတီကျူးရှင်းကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု ကြားနာပွဲ

များကို ကျင်းပနိုင်လေရာ လူထုပါဝင်ဆောင်ရွက်မှု၊ အားလုံးအကျုံးဝင်မှုနှင့် တရားဝင်ဖြစ်မှုတို့ကို မြှင့်တင်ပေးသည်။ အနာဂတ်မျိုးဆက်များအတွက် ဟန်ဂေရီစုံစမ်းစစ်ဆေးရေးဌာန (Hungarian Ombudsman for Future Generations) သည် အနာဂတ်မျိုးဆက်များအတွက် အန္တရာယ်ဖြစ်လာနိုင်သည့် ဥပဒေများကို ပယ်ဖျက်ရန်အလို့ငှာ အခြေခံအခွင့်အရေးများဆိုင်ရာ ကော်မရှင်ရုံး (Commissioner for Fundamental Rights) မှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံး (Constitutional Court) ထံ ချဉ်းကပ်နိုင်ပြီး ထိုသို့ပြုလုပ်ခြင်းကြောင့်ပင် မကြာသေးမီက ဟန်ဂေရီနိုင်ငံ၏ သစ်တောစီမံခန့်ခွဲရေးဥပဒေရှိ အဓိကကဏ္ဍများကို ပျက်ပြယ်နိုင်စေခဲ့ပါသည်။ (Hickey 2022)

၄.၄ အနာဂတ်အစိုးရဖွဲ့စည်းပုံစနစ်များ၌ အားလုံးအကျုံးဝင် ကိုယ်စားပြုပါဝင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များ

အားလုံးအကျုံးဝင်သော အစိုးရဖွဲ့စည်းတည်ဆောက်ပုံစနစ်များကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအစိတ်အပိုင်းအဖြစ် လက်ခံထားကြသည်။ SDG အမှတ် (၁၆) ဖြစ်သည့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံ ခိုင်မာအားကောင်းလာရေးတွင် ပါဝင်သည့် ရည်မှန်းချက် (၁၆.၇.၁) သည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် အဖွဲ့အစည်းများရှိတုံ့ပြန်ဆောင်ရွက်သော၊ အားလုံးအကျုံးဝင်သော၊ လူထုပူးပေါင်းပါဝင်သော၊ ကိုယ်စားပြုပါဝင်သော ဆုံးဖြတ်ချက်ချမှတ်မှုများကို တိုင်းတာပေးပါသည် (UN n.d.a)။ သို့ဖြစ်၍ ၎င်းသည် ဥပဒေပြုအာဏာပိုင်အဖွဲ့၊ ပြည်သူ့ဝန်ထမ်းနှင့် တရားစီရင်ရေးအာဏာပိုင်အဖွဲ့တို့၌ အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုတို့ ရရှိထားသော ရာထူးနေရာအချိုးကို နိုင်ငံ၏ လူဦးရေအခြေအနေ ဖွဲ့စည်းတည်ဆောက်ပုံအချိုးနှင့် ယှဉ်၍ တိုင်းတာပေးသည်။

အနာဂတ်အစိုးရဖွဲ့စည်းတည်ဆောက်ပုံစနစ်များ၌ ကွဲပြားစုံလင်သော သဘောထားအသံအားလုံးကို စနစ်တကျ ထည့်သွင်းခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို တိုးတက်မှုရှိစေသည့်အပြင် FDC ၏ ပင်မစံတန်ဖိုးတစ်ခုလည်း ဖြစ်ပေသည် – 'လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ CDM များ၊ ဆန္ဒထုတ်ဖော်ရေးကော်မတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများ၊ EAO များ [တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ] အနေဖြင့် ပဋိညာဉ်စာချုပ်ပါ မျှော်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်' (Ebead and Hirakawa 2022: 3)။

အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အားလုံးအကျုံးဝင်သော စီမံအုပ်ချုပ်မှုစနစ်ဖြစ်စေမည့် ယန္တရားများအား ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် သဘာဝသယံဇာတများနှင့် စပ်လျဉ်းသည့် ပဋိပက္ခဖြစ်နိုင်ခြေကို မည်သို့လျှော့ချပြီး ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်မည့် ဆန်းသစ်ပြောင်းလဲမှုများအား မည်သို့တိုးမြှင့်ဆောင်ရွက်မည် ဖြစ်ကြောင်းတို့ကို ဤအပိုင်း၌ ထည့်သွင်းစဉ်းစား ဖော်ပြထားပါသည်။ အစိုးရ၏ကတိကဝတ်များ၊ မူဝါဒများနှင့် သဘောတူစာချုပ်များတွင် တိုင်းရင်းသားလူနည်းစုများ/ဒေသခံများ၊ လူငယ်များနှင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ၎င်းတို့၏ ဦးစားပေးမှုများ ထင်ဟပ်ပါဝင်ရန်အလို့ငှာ မြန်မာနိုင်ငံ၏ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုအရေး ညှိနှိုင်းလုပ်ဆောင်ရေးအဖွဲ့များ၌ ၎င်းတို့၏

အစိုးရ၏ကတိကဝတ်များ၊ မူဝါဒများနှင့် သဘောတူစာချုပ်များတွင် တိုင်းရင်းသားလူနည်းစုများ/ဒေသခံများ၊ လူငယ်များနှင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ၎င်းတို့၏ ဦးစားပေးမှုများ ထင်ဟပ်ပါဝင်ရန် အလို့ငှာ မြန်မာနိုင်ငံ၏ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုအရေး ညှိနှိုင်းလုပ်ဆောင်ရေးအဖွဲ့များ၌ ၎င်းတို့၏ ကိုယ်စားပြုပါဝင်မှုကို မြှင့်တင်ပေးရန်လည်း အရေးကြီးပါသည်။

ကိုယ်စားပြုပါဝင်မှုကို မြှင့်တင်ပေးရန်လည်းအရေးကြီးပါသည် (Chiu 2021; UN Women 2022)။ အချို့အစားမမျှတစွာပင် အမျိုးသမီးများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ရေတို၌ထိခိုက်လွယ်ပြီး ပြောင်းလဲမှုဒဏ်ကို ခံစားရကာ ငယ်ရွယ်သူများကလည်း အလားတူပင် ရေရှည်၌ထိခိုက်လွယ်သောကြောင့် ယင်းအချက်သည် အဓိကကျပါသည် (United Nations Office of the Secretary-General's Envoy on Youth n.d.)။

၄.၄.၁ အားလုံးအကျုံးဝင် ကိုယ်စားပြုပါဝင်ရေးကို မြှင့်တင်ပေးမည့် ယန္တရားများ

နိုင်ငံအားလုံးနီးပါး၌ ဆင်းရဲမွဲတေမှု အဆုံးသတ်ရေး၊ မညီမျှမှုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံစနစ်အတွင်းရှိဖိနှိပ်မှုတို့ကို တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရေး အားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် SDG ရည်မှန်းချက် (၁၆.၇.၁) ကို ပြည့်မီစေမည့် ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးမူဝါဒများ၊ အစီအစဉ်များနှင့် တရားဥပဒေယန္တရားများကို အကောင်အထည်ဖော်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။ FDC တွင် သာတူညီမျှဖြစ်မှု၊ အားလုံးအကျုံးဝင်မှုတို့နှင့် သက်ဆိုင်သည့် ခိုင်မာသောအခြေခံမူများပါရှိပြီး ကဏ္ဍအားလုံး၌ ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးမှုဆိုင်ရာမူဝါဒများကို ရေးဆွဲသတ်မှတ်ထားသည်။ အထူးသဖြင့် FDC တွင် နိုင်ငံများအတွင်းရှိ အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် လူနည်းစုအတွင်းရှိ လူနည်းစုများအား နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာစေရန် ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးမှုကို ကြိုတင်ထည့်သွင်းထားပါသည် (Bisarya 2020)။ ထို့ပြင် FDC၌ 'စွမ်းဆောင်ရည်နည်း' သူများနှင့် 'ဓလေ့ထုံးတမ်းများကြောင့် ဖယ်ကြဉ်ခံထားရ' သူများကဲ့သို့ အခြားသော အုပ်စုများအတွက် ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးမှုများပေးရန် ကတိပြုထားပါသည်။

၄.၄.၁.၁ ဥပဒေပြုခွဲတမ်းများ

ခွဲတမ်းများသည် ဖယ်ကြဉ်ခံအုပ်စုများနှင့် အခြားအုပ်စုများ၏ ကိုယ်စားပြုပါဝင်မှု မြင့်တက်လာရေးအတွက် ထိရောက်မှုရှိသည့် ယန္တရားတစ်မျိုးဖြစ်သည်။ ၎င်းတွင် ပုံစံများစွာရှိနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် မည်သည့်ခွဲတမ်းအမျိုးအစားများ၌ ရည်ရွယ်ထားသည့် သက်ရောက်မှုများအပြင် မက်လုံးများ၊ အရေးယူပိတ်ဆို့မှုများနှင့် စည်းမျဉ်းကြပ်မတ်ပေးမည့် ဥပဒေပြဋ္ဌာန်းရေး ယန္တရားများပါရှိနိုင်ကြောင်းကို ထည့်သွင်းစဉ်းစားသင့်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် ရွေးချယ်ထားသောခွဲတမ်းစနစ်ကို နိုင်ငံ၏ရွေးကောက်ပွဲစနစ်နှင့် လိုက်ဖက်ညီသည့် စနစ်ဖြစ်စေရန်လိုအပ်သည် (သို့) လက်ရှိရွေးကောက်ပွဲပုံစံက လူနည်းစုနှင့် ဖယ်ကြဉ်ခံအုပ်စုများအတွက် ထိခိုက်နစ်နာစေသည်ဆိုလျှင် အဆိုပါရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ထည့်သွင်းစဉ်းစားရမည် (Ebead and Hirakawa 2022: 10–11)။

အဆိုပြုမှု/ခန့်အပ်မှုဆိုင်ရာ ခွဲတမ်းများ (သို့) ကြိုတင်ချန်လှပ်ထားသော နေရာများကို အသုံးပြုမှုကြောင့် ခွဲတမ်းများသည် အစိုးရအဖွဲ့အစည်းများ နှင့်/သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့များနှင့် အပ်စပ်မှုရှိနိုင်သည်။ အမျိုးသမီးများနှင့် လူငယ်များ၏ သဘောဆန္ဒအလျောက်ဖွဲ့စည်းလုပ်ကိုင်သည့် နိုင်ငံရေးပါတီခွဲတမ်းများသည် နိုင်ငံရေးလောကသို့ ၎င်းတို့၏ နိုင်ငံရေးအရကိုယ်စားပြုမှုကို ပိုမိုကျယ်ပြန့်စေမည့် အခြားနည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံရေးပါတီများက ခွဲတမ်းများကို ဆုံးဖြတ်ခွင့်ရမည့်အစား ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေများ နှင့်/သို့မဟုတ် ရွေးကောက်ပွဲဥပဒေတွင် ပိုမိုထည့်သွင်းလာကြပါသည်။

အမျိုးသမီးများ

မြန်မာနိုင်ငံလူဦးရေ၏ ၅၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသောကြောင့် နိုင်ငံ့အင်စတီကျူးရှင်းများ၌ ၎င်းတို့၏ အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုသည် 'လူဦးရေအနေအထား အရ လိုအပ်ချက်ဖြစ်ရုံမျှမက ဒီမိုကရေစီအတွက် မရှိမဖြစ်သောအရာဖြစ်သည်' ဟုဆိုကြသည် (Van Mil 2022: 1)။ နိုင်ငံပေါင်းများစွာကဲ့သို့ပင် မြန်မာနိုင်ငံလွှတ်တော်အတွင်း အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုသည် ၂၀၁၀ ခုနှစ်များ၏ အစောပိုင်း၌ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၂၀ ရွေးကောက်ပွဲများတွင် ၁၆ ရာခိုင်နှုန်းခန့်ရှိသည်အထိ တဖြည်းဖြည်းမြင့်တက်လာခဲ့သည် (Von Kameke 2022)။ ဤသို့အားဖြင့် တိုးတက်မှုပမာဏကိုတွေ့ရသော်လည်း မြန်မာနိုင်ငံလူဦးရေအခြေအနေကို ထင်ဟပ်နိုင်ရန်များစွာလိုနေပါသေးသည်။ ယခင်က ဖယ်ကြဉ်ခံအုပ်စုများကို စီမံအုပ်ချုပ်မှုနှင့် အစိုးရလောကတို့မှ ချန်လှပ်ခဲ့ကြသည်များအား ပြုပြင်ပေးမည့် တရားဥပဒေယန္တရားများနှင့် မူဝါဒများကို ခွဲခြားဆက်ဆံမှုဟု မသတ်မှတ်သည့်အပြင် FDC ၌ ဖော်ပြပါရှိသော ပြည်နယ်များအနေဖြင့် နောင်တစ်ချိန်ချမှတ်မည့် ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးမှုဆိုင်ရာ မူဝါဒများကို နိုင်ငံသားများအကြားတန်းတူညီမျှမှုရှိစေရေး အခြေခံမူဖြင့် ကန့်သတ်လိမ့်မည်မဟုတ်ဟူ၍ ခံယူထားသည်။ အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု၌ ခွဲတမ်းများ၏ အရေးပါပုံကို FDC တွင် အထင်အရှား တွေ့နိုင်သည်။ ဇယား (၄.၁) တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ အများအပြားရှိသည့် ဒီမိုကရက်တစ်နိုင်ငံများ၌ ခွဲတမ်းပုံစံအချို့ကို မည်သို့အသုံးပြုကြောင်း ဖော်ပြထားသည်။

ယူဂန်ဒါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ ဆန်းသစ်မှုရှိသည့် အခြားအလေ့အထများ၌ မဲဆန္ဒနယ်တစ်ခုချင်းစီ (သို့) တစ်ဦးထက်ပိုသော ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်မည့် လွှတ်တော်မဲဆန္ဒနယ်တစ်ခုချင်းစီတွင် အမျိုးသမီးကိုယ်စားလှယ်တစ်ဦး ပါဝင်မည်ဖြစ်ကြောင်း အာမခံချက် ပေးထားနိုင်ခဲ့သည် (ပုဒ်မ ၇၈ (၁)(ခ))။ FDC တွင် အနာဂတ်ဒီမိုကရက်တစ် အင်စတီကျူးရှင်းများရှိ 'မတူညီသော ဆုံးဖြတ်ချက်ချမှတ်ရေး ယန္တရားအဆင့်များ၌ အမျိုးသမီး ၃၀ ရာခိုင်နှုန်းအနည်းဆုံးအားဖြင့် ပါဝင်သည့်ခွဲတမ်းစနစ်ကို ကျင့်သုံးရမည်' ဟု အာမခံပြဋ္ဌာန်းထားသည်။ အမျိုးသမီးများအနေဖြင့် စီမံအုပ်ချုပ်မှုစနစ်အတွင်း လွှမ်းမိုးပါဝင်နိုင်စေရန်အလို့ငှာ 'အရေးပါသော အမျိုးသမီးဦးရေ' ပြည့်မီစေရန်အတွက် ထိုသို့ရည်မှန်းချက် ရေးဆွဲထားခြင်းဖြစ်သည်။ သို့သော် အမျိုးသမီးများ တရားဝင်ဖြစ်ပြီး အခြေခိုင်သော တန်းတူညီမျှမှုရရှိရေးနှင့် စပ်လျဉ်းသည့် ထိရောက်မှုကို စိစစ်ဆုံးဖြတ်ရာတွင် ခွဲတမ်းစီစဉ်မှုပုံစံက အရေးပါသည့် အဓိကအကြောင်းအချက်တစ်ခုဖြစ်သည် (UN စီးပွားရေးနှင့် လူမှုရေးကောင်စီ ၂၀၂၁ ခုနှစ်)။ ထို့ပြင် စည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ရှင်းလင်းစွာဖော်ပြထားပြီး ကောင်းမွန်စွာ စီစဉ်ရေးဆွဲထားသည့် ခွဲတမ်းသည်ပင် နိုင်ငံရေးခေါင်းဆောင်များ၏ စိတ်ဓာတ်ပြင်းပြမှုမပါရှိဘဲ (သို့) အနာဂတ်အင်စတီကျူးရှင်းများတွင် ပါဝင်လုပ်ကိုင်နိုင်မည့် စွမ်းဆောင်ရည်သော်လည်းကောင်း၊ အခွင့်အလမ်းသော်လည်းကောင်း ရှိကြသည့်အရေးပါသော အမျိုးသမီးဦးရေမပြည့်မီဘဲ အောင်မြင်မည်ဟု အာမခံနိုင်ခြင်းမရှိပါ။

ကင်ညာနိုင်ငံ၏ ၂၀၁၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဂျန်ဒါအားလုံးအကျုံးဝင်ပြီး တိုးတက်မှုရှိသော ပြဋ္ဌာန်းချက်များစွာကို အလေးပေးထိန်းသိမ်းထားပါသည်။ ပုဒ်မ ၂၇ (၈) အရ 'ရွေးကောက်တင်မြှောက်ရေး (သို့) ခန့်အပ်ရေးအဖွဲ့အစည်း၌ အဖွဲ့ဝင်အရေအတွက် သုံးပုံနှစ်ပုံကို ကျော်လွန်၍ ဂျန်ဒါတူသူများမထားရှိရ' ဟုသတ်မှတ်ထားသည်။ ဆိုလိုသည်မှာ နိုင်ငံ့အဖွဲ့အစည်း

များ၊ ကောင်တီလွှတ်တော်များနှင့် အမှုဆောင်ကော်မတီများ၏ အနည်းဆုံးသုံးပုံတစ်ပုံ၌ အမျိုးသားများကိုဖြစ်စေ၊ အမျိုးသမီးများကိုဖြစ်စေ ထည့်သွင်းဖွဲ့စည်းသင့်ပြီး ၎င်းတို့သည် သုံးပုံနှစ်ပုံထက်မကျော်စေရဟူ၍ ဖြစ်သည်။ ဆက်လက်၍ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါသတ်မှတ်ချက်အကောင်အထည်ပေါ်စေရန်အတွက် နိုင်ငံကို ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပုံပိုးမှု အစီအစဉ်များနှင့် မူဝါဒများအပါအဝင် ဥပဒေပြုရေးနှင့် အခြားအရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လမ်းညွှန်ထားသည်။ ၂၀၁၇ ခုနှစ်၌ ကင်ညာနိုင်ငံ၏ အမျိုးသားလွှတ်တော်တွင် အမျိုးသမီး ၂၁ ရာခိုင်နှုန်းနှင့် ၎င်း၏ အထက်လွှတ်တော်၌ အမျိုးသမီး ၃၁ ရာခိုင်နှုန်းတို့ဖြင့် ပါဝင်ဖွဲ့စည်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၆၇ (၇) တွင် စည်းကမ်းလိုက်နာမှု မရှိပါက လွှတ်တော်ဖျက်သိမ်းသည်အထိ အရေးယူဒဏ်ခတ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ တရားရုံးပြဋ္ဌာန်းချက်များကလည်း လွှတ်တော်အား အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ၌ အသေးစိတ်ဖော်ပြထားသည့် အရေးယူဒဏ်ခတ်မှုအား အကောင်အထည်ဖော်ရန် သတိပေးချက်ကိုလိုက်နာရန် ညွှန်ကြားမှုများဆက်တိုက်ပြုလုပ်ခဲ့သည်။ သို့ဖြစ်၍ ခိုင်မာအားကောင်းသော ပြဋ္ဌာန်းချက်များရှိလင့်ကစား လက်တွေ့တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်များအား အကောင်အထည်ဖော်မှုမရှိခြင်း၊ နိုင်ငံရေးရုံးများတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နိုင်မှုကို ဟန့်တားနေသည့် ယဉ်ကျေးမှုစံနှုန်းများနှင့် ခြိမ်းခြောက်မှုနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများကို ကြောက်ရွံ့မှုတို့ကြောင့် အမျိုးသမီးများသည် ကင်ညာနိုင်ငံရေး၌ အဓိကမဟုတ်သောနေရာများတွင် ရှိနေဆဲဖြစ်သည် (Hickey 2021)။

ဇယား (၄.၂) အမျိုးသမီးဦးရေအများအပြားပါဝင်သော လွှတ်တော်နှင့် ခွဲတမ်းများရှိသည့် ဒီမိုကရက်တစ်နိုင်ငံများ

နိုင်ငံ	ရွေးကောက်ပွဲစနစ်	ခွဲတမ်း အမျိုးအစား	တစ်ရပ်တည်းရှိသော လွှတ်တော် (သို့) အောက်လွှတ်တော်			အထက်လွှတ်တော်		
			ကိုယ်စားလှယ်နေရာများ	#မ	%မ	ကိုယ်စားလှယ်နေရာများ	#မ	%မ
ရဝမ်ဒါ	List PR	သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ (30%)	80	49	61.3	26	9	34.6
မက္ကဆီကို	MMPR	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်ခွဲတမ်း (50%)	500	250	50.0	128	63	49.2
နယူးဇီလန်	MMPR	ဆန္ဒအလျောက်သတ်မှတ်ထားသည့် ပါတီခွဲတမ်းများ	120	59	49.2	–	–	–
အိုက်စ်လန်	List PR	ဆန္ဒအလျောက် သတ်မှတ်ထားသည့် ပါတီခွဲတမ်းများ	63	30	47.6	–	–	–
ကိုစတာရီကာ	List PR	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ် ခွဲတမ်း (50%)	57	27	47.4	–	–	–
တောင်အာဖရိက	List PR	ဆန္ဒအလျောက် သတ်မှတ်ထားသည့် ပါတီခွဲတမ်းများ	400	186	46.5	54	20	37.0
ဘိုလီဗီယာ	MMPR	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်လောင်းခွဲတမ်း (50%)	130	60	46.2	36	20	55.6

နိုင်ငံ	ရွေးကောက်ပွဲ စနစ်	ခွဲတမ်း အမျိုးအစား	တစ်ရပ်တည်းရှိသော လွှတ်တော် (သို့) အောက်လွှတ်တော်			အထက်လွှတ်တော်		
			ကိုယ်စားလှယ် နေရာများ	#မ	%မ	ကိုယ်စားလှယ် နေရာများ	#မ	%မ
ဆွီဒင်	List PR	ဆန္ဒအလျောက် သတ်မှတ် ထားသည့် ပါတီခွဲတမ်းများ	349	161	46.1	–	–	–
နော်ဝေး	List PR	ဆန္ဒအလျောက် သတ်မှတ် ထားသည့် ပါတီခွဲတမ်းများ	169	76	45.0	–	–	–
အာဂျင်တီးနား	List PR	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်လောင်း ခွဲတမ်း (50%)	257	115	44.8	72	31	43.1

ရင်းမြစ် – အပြည်ပြည်ဆိုင်ရာလွှတ်တော်များသမဂ္ဂ၊ 'အမျိုးသားလွှတ်တော်များရှိ အမျိုးသမီးများ၏ လစဉ်အဆင့်သတ်မှတ်ချက်၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ အဆင့်သတ်မှတ်ချက်' <https://data.ipu.org/women-ranking?month=7&year=2022l> ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်၊ International IDEA၊ အပြည်ပြည်ဆိုင်ရာလွှတ်တော်များသမဂ္ဂနှင့် စတော့ဟုမ်းတက္ကသိုလ်၊ ကျန်ဒါခွဲတမ်း ဒေတာဘေ့စ်၊ <https://www.idea.int/data-tools/data/gender-quotas> ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ရယူခဲ့သည်။

လူငယ်များ

ကမ္ဘာတစ်ဝန်းရှိ စီမံအုပ်ချုပ်မှုစနစ်များတွင် ငယ်ရွယ်သူများ၏ ကိုယ်စားပြုပါဝင်မှုမှာ နည်းပါးသည်။ ၂၀၁၆ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်းရှိ လွှတ်တော်ကိုယ်စားလှယ် ၂ ရာခိုင်နှုန်းအောက် သည် အသက် ၃၀ အောက်ဖြစ်ကြပြီး (အပြည်ပြည်ဆိုင်ရာလွှတ်တော်များသမဂ္ဂ ၂၀၁၆၊ ဇယား (၃)) အစိုးရအဖွဲ့ဝင်များအဖြစ်ဆိုလျှင် ထိုထက်ပင်နည်းသေးသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၃၃ ရာခိုင်နှုန်း သည်အသက် ၁၅နှစ်နှင့် ၃၅နှစ်အကြားရှိကြသော်လည်း ၂၀၂၀ခုနှစ်အထွေထွေရွေးကောက်ပွဲများ၌ လူငယ်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်နေရာများ၏ ၈ ရာခိုင်နှုန်းကိုသာ အနိုင်ရရှိခဲ့ပါသည် (Ebead and Hirakawa 2022)။

ငယ်ရွယ်သူများ၏ အနာဂတ်အပေါ် သက်ရောက်မှုရှိသည့် အစီအစဉ်များ ရေးဆွဲရာနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတို့တွင် ၎င်းတို့၏ ပြဿနာများနှင့် ဦးစားပေးကိစ္စများကို ထည့်သွင်း သုံးသပ်စေရန်အလို့ငှာ စီမံအုပ်ချုပ်ရေးနှင့် မူဝါဒချမှတ်ရေးတို့၌ လူငယ်များအား အဓိပ္ပာယ်ရှိရှိ ပူးပေါင်းပါဝင်စေခြင်းသည် အဓိကသော့ချက်ဖြစ်သည်။ ယင်းသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင် ဖြေရှင်းရာတွင် အထူးအရေးပါသည်။ စစ်တမ်းကောက်ယူကြည့်သည့်အခါ ငယ်ရွယ်သူများသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့ကို အရေးကြီးဆုံး ကမ္ဘာလုံးဆိုင်ရာ အဓိကပြဿနာအဖြစ် တညီတညွတ်တည်း အဆင့်သတ်မှတ်ကြပါသည် (EcoWatch 2017)။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ခံစားကြရမည့်သူများမှာ ၎င်းတို့မျိုးဆက်နှင့် နောင် မျိုးဆက်များဖြစ်သည့်အတွက် ၎င်းသည်အံ့သြစရာမဟုတ်ပါ။ သို့သော်လည်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုတို့ကို ဖြေရှင်းပေးသည့် မူဝါဒများနှင့် ဥပဒေများတွင် ယေဘုယျအားဖြင့် ငယ်ရွယ်သူများကို ပတ်သက်ဆက်နွယ်သူများအဖြစ် သတ်မှတ်ဆက်ဆံခြင်း မရှိပါ။

စီမံအုပ်ချုပ်ရေး၌ လူငယ်များကို အဓိပ္ပာယ်ရှိရှိ ပူးပေါင်းပါဝင်စေရန်အလို့ငှာ နိုင်ငံအချို့တွင် လူငယ်များအတွက် ဥပဒေထုတ်ပြန်ထားသည့် ကိုယ်စားလှယ်လောင်းခွဲတမ်းများ (သို့) လွှတ်တော်အတွင်း ကြိုတင်သတ်မှတ်ထားသည့် နေရာများရှိသည် (Hickey 2022)။ ဥပမာအားဖြင့် ယူဂန်ဒါနိုင်ငံ ရွေးကောက်ပွဲဥပဒေ၌ အသက် ၃၀ နှစ်အောက် ပုဂ္ဂိုလ်များအတွက် ကိုယ်စားလှယ်နေရာငါးနေရာကြိုတင်သတ်မှတ်ထားပြီး ၎င်းတို့အနက်မှတစ်နေရာသည် အမျိုးသမီးတစ်ဦးအတွက် ဖြစ်သည်။ ထို့ကြောင့် ယင်းသည် လွှတ်တော်အတွင်း လူငယ်ကိုယ်စားလှယ်များ ပါဝင်စေရမည်ဟု ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၇၈ (၁)(ဂ) နှင့်ကိုက်ညီသည်။ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များတွင် ဥပဒေပြုလွှတ်တော်အမတ်များကိုယ်တိုင်က သတ်မှတ်ထားသည့် လူငယ်အုပ်စုအတွင်း ပါဝင်ခြင်းမရှိနိုင်သော်လည်း နိုင်ငံရေးသမားများကို လွှတ်တော်၌ လူငယ်အရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆော်ဩစည်းရုံးပေးရန် တောင်းဆိုထားသည်။ ဥပမာအားဖြင့် ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် 'အထူးအကျိုးစီးပွားများ' ကို ကိုယ်စားပြုရန်အတွက် အမျိုးသားလွှတ်တော်ရှိ ၎င်းတို့၏ ကိုယ်စားပြုပါဝင်မှုပမာဏနှင့်ယှဉ်၍ လူငယ်များနှင့် မသန်စွမ်းများကဲ့သို့သော အဖွဲ့ဝင် ၁၂ ဦး သတ်မှတ်နိုင်သည် (ပုဒ်မ ၉၇ (၁)(ဂ))။ ရဝမ်ဒါနိုင်ငံတွင် အမျိုးသားလူငယ်ကောင်စီက လွှတ်တော်အဖွဲ့ဝင်နှစ်ဦးကို ရွေးချယ်ပေးသည် (International IDEA n.d)။

တိုင်းရင်းသားလူနည်းစုများ

နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်နေသည့် တိုင်းရင်းသားဖြစ်မှုဝိသေသသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ထိရှလွယ်သည့် အရေးကိစ္စဖြစ်သည် (Ebead and Hirakawa 2022)။ ထို့ကြောင့် တိုင်းရင်းသားလူနည်းစု ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးပံ့ပိုးရန်အတွက် အင်စတီကျူးရှင်းဆိုင်ရာ အစီအမံများ ရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ အဓိကထည့်သွင်းစဉ်းစားဖွယ်အချက်မှာ ခွဲတမ်းအရေးကိစ္စများအတွက် တိုင်းရင်းသားဖြစ်မှုဝိသေသကို မည်သို့သေချာအောင်စစ်ဆေးမည်ပင်ဖြစ်သည်။ ခွဲခြားဖော်ထုတ်ရေး လမ်းညွှန်ချက်များကို တစ်ခါတစ်ရံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ဖော်ပြလေ့ရှိသော်လည်း ဥပဒေပြဋ္ဌာန်းချက်တွင်မူ ပို၍မကြာခဏ ဖော်ပြလေ့ ရှိပါသည်။[၇] ရိုဟင်ဂျာများကို 'နိုင်ငံရေးလောကဌ မည်သို့ထည့်သွင်းပါဝင်စေသင့်ကြောင်း မေးခွန်းသည် မြန်မာနိုင်ငံအတွက် ထိရှအလွယ်ဆုံး အရေးကိစ္စများအနက်မှတစ်ခုအဖြစ် ကျန်ရှိနေသည်' (Ebead and Hirakawa 2022: 4)။

မြန်မာနိုင်ငံလူဦးရေ၏ ၃၀–၄၀ ရာခိုင်နှုန်းမှာ တိုင်းရင်းသားလူနည်းစုများ ဖြစ်ကြသော်လည်း ၎င်းတို့တွင် 'ကိုယ်တိုင်စီမံအုပ်ချုပ်ခွင့်၊ အရင်းအမြစ်ဝေစုအကန့်အသတ်ရှိခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ဖိနှိပ်ခံရခြင်း အစရှိသည့် နိုင်ငံရေးအခွင့်အလမ်းများနှင့်စပ်လျဉ်းသော မကျေနပ်ချက်များသည်' အချိန်ကြာမြင့်စွာ တည်ရှိခဲ့ပြီဖြစ်သည် (Ebead and Hirakawa 2022: 4)။ ဤသို့ဖြင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ပေးရန် တောင်းဆိုခဲ့ကြပြီး ဆယ်စုနှစ်များစွာကြာအောင် စစ်တပ်နှင့် ပဋိပက္ခဖြစ်ခဲ့ကြသည်။ သို့သော်လည်း အာဏာသိမ်းမှုကြောင့် တိုင်းရင်းသားအသိုက်အဝန်းများနှင့် EAO များအကြား မဟာမိတ်ဖွဲ့မှုအသစ်များ

---

၇ ဥပမာအားဖြင့် ဒေသခံများနှင့် တိုင်းရင်းသားလူနည်းစုများနှင့်စပ်လျဉ်းသည့် ဥပဒေပြုရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ Morros (2021) ကိုရှု။

အပြင် 'ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတည်ထောင်ရေးတို့အတွက် အထူးအရေး ပါသည့် အဆိုပါ ကွဲပြားစုံလင်သော အုပ်စုအားလုံး၏ အကျိုးဝင်မှု၊ တန်းတူညီမျှမှုတို့ဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်း စံပုံစံကိုပြောင်းလဲမည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖန်တီးရန်' ဟူသော ဘုံရည်မှန်းချက်တို့ ပေါ်ပေါက်ခဲ့သည် (Ebead and Hirakawa 2022: 4)။ ဇယား (၄.၂) ၌အမျိုးသားဥပဒေပြဋ္ဌာန်းမှုပုံစံများအတွင်း တိုင်းရင်းသားလူနည်းစုများ (နှင့်အခြားသူများ) အတွက်ဖြစ်သော ခွဲတမ်းအမျိုးမျိုး၏ သာဓကများကို အကြမ်းဖျင်းဖော်ပြထားသည်။

ဇယား (၄.၃) အာရှတိုက်ရှိ နိုင်ငံအဆင့်ဥပဒေပြဋ္ဌာန်းမှုဆိုင်ရာ တိုင်းရင်းသားခွဲတမ်းများ

နိုင်ငံ	ရွေးကောက်ပွဲစနစ်	ခွဲတမ်းအမျိုးအစား	အုပ်စုများ	ကာကွယ်ထားသော ခွဲတမ်း/နေရာများ	ခွဲတမ်း/ကြိုတင် ချန်လှပ်ထားမှု %
အိန္ဒိယ	FPTP	သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ(အထူးမဲဆန္ဒ နယ်များ)	ဇယားဖြင့်ဖော်ပြထားသည့် လူတန်းစားများနှင့် လူမျိုးစုများ	131 of 545	24
ပါကစ္စတန်	FPTP + List PR	သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ (ပါတီစာရင်း)	မွတ်ဆလင်မဟုတ်သူများ (ဘာသာရေး လူနည်းစုများ)	10 of 342	2.9
စကော်ပူ	FPTP + PBV	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်လောင်းခွဲတမ်း	မလေးလူမျိုး၊ အိန္ဒိယလူမျိုး (သို့) အခြား လူနည်းစုများ	17 of 93	18.3
ထိုင်ဝမ်	FPTP + SNTV	သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ (နိုင်ငံအနှံ့ မဲဆန္ဒနယ်များ)	ဌာနေတိုင်းရင်းသားအုပ်စုများ	6 of 113	5.3
ဗီယက်နမ်	FPTP (နှစ်ကျော့)	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်လောင်းခွဲတမ်း	တိုင်းရင်းသား လူနည်းစုများ	90 of 500	13–18
ဖိလစ်ပိုင်	FPTP + Party List	သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ (ပါတီစာရင်း)	အလုပ်သမား၊ တောင်သူလယ်သမား၊ မြို့ပြလူဆင်းရဲများ၊ ဌာနေတိုင်းရင်းသားနှင့် အမျိုးသမီးများ (နှင့် အခြားစိတ်ဝင်စားသော ပါတီများ)	59 of 297	20
နီပေါ	FPTP + List PR	ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်ခွဲတမ်း	Dalit၊ Adivasi၊ Janajati၊ Khas Arya၊ Madhesi၊ Tharu နှင့် Muslim များ (အမျိုးသမီးနှင့် မသန်စွမ်းဦးရေ ၅၀%)	275 of 275	*မှတ်ချက် – နီပေါနိုင်ငံရှိ ကိုယ်စားလှယ်နေရာ ၂၇၅ နေရာသည် တိုင်းရင်းသားဖြစ်မှုအပေါ် အခြေခံ၍ ဖြန့်ဝေထားခြင်းဖြစ်သည်။

ရင်းမြစ် – Tan, N. and Preece, C., 'Ethnic Quotas, Political Representation and Equity in Asia Pacific', *Representation*, 58/3 (2022), pp. 347–371, <https://doi.org/10.1080/00344893.2021.1989712> , table 1.

အချို့နိုင်ငံများကလည်း အုပ်ချုပ်ရေးမဏ္ဍိုင်တွင်ပါဝင်သည့် တိုင်းရင်းသားလူနည်းစုများအား ခွဲတမ်းချပေးခြင်းကို အစပြုမိတ်ဆက်ထားကြသည်။ ဥပမာအားဖြင့် စကင်ဒီနေးဗီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းရာထူး၌ တိုင်းရင်းသားအသိုက်အဝန်းများ အလှည့်ကျနေရာရရှိစေရန် အလို့ငှာ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် 'သီးခြားရွေးကောက်ပွဲ' တစ်ခု ပြုလုပ်ခွင့်ပေးထားသည် (ပုဒ်မ ၁၉၁)။ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပေးထားသော အသိုက်အဝန်းသုံးရပ်မှာ တရုတ်လူမျိုး၊ မလေးလူမျိုးနှင့် 'အိန္ဒိယလူမျိုး (သို့) အခြားလူနည်းစုအသိုက်အဝန်းများ' ဖြစ်ကြသည်။ အသိုက်အဝန်းများအနေဖြင့် ဥက္ကဋ္ဌရာထူး ၌ သက်တမ်းငါးနှစ်နှင့်အထက် ဆက်တိုက်ဆိုသလို နေရာရထားခဲ့ခြင်း မရှိပါက ယင်းရာထူးကို အဆိုပါအသိုက်အဝန်းသုံးရပ်အနက်မှ တစ်ရပ်အတွက် ဖယ်ချန်ထားသည်။

၄.၄.၁.၂ ပြည်သူ့ဝန်ထမ်း၊ တရားစီရင်ရေးနှင့် စတုတ္ထမဏ္ဍိုင်အင်စတီကျူးရှင်း ခွဲတမ်းများ

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ပြည်သူ့ဝန်ထမ်းသည် ဒေသတွင်းအဆင့်နှင့် နိုင်ငံအဆင့် ကွဲပြားစုံလင်မှုပုံစံများနှင့် ကျန်ဒါကွဲပြားစုံလင်မှုပုံစံများကို ထင်ဟပ်သင့်ကြောင်း ဖော်ပြထားသည်။ သုတေသနများအရ ယင်းပြည်သူ့ဝန်ထမ်းများက နိုင်ငံတစ်နိုင်ငံ၏ လူဦးရေအခြေအနေဖွဲ့စည်းတည်ဆောက်ပုံကို ကိုယ်စားပြုပါက ပြည်သူ့ဝန်ထမ်းများ၏ တရားဝင်ဖြစ်မှုဆိုင်ရာ အယူအဆများကို တိုးမြှင့်ပေးကြောင်းနှင့် အများပြည်သူဆိုင်ရာ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုတို့ကို မြင့်တက်စေကြောင်း သိရသည် (Neves 2020)။ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ကဲ့သို့ နိုင်ငံအချို့တွင် ပြည်သူ့ဝန်ထမ်းနှင့် စစ်တပ်အတွင်းရှိ တိုင်းရင်းသားလူနည်းစုများအတွက် ခွဲတမ်းများ ပြဋ္ဌာန်းထားသည်။ အခြားနိုင်ငံများတွင်မူ ခွဲတမ်းများ ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ယင်းအစားတရားစီရင်ရေးမဏ္ဍိုင်အတွင်း ခန့်အပ်မှုများ၌ တိုင်းရင်းသားကွဲပြားစုံလင်မှု အပါအဝင် ကွဲပြားစုံလင်မှုကို 'ထည့်သွင်းစဉ်းစား'ရန် သတ်မှတ်ထားသည် (တောင်အာဖရိကန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၇၁ (၂))။ ပြည်သူ့ဝန်ထမ်းနှင့် အမှီအခိုကင်းသော အဖွဲ့အစည်းများ ရွေးချယ်ရာတွင် အသုံးပြုသည့် စံသတ်မှတ်ချက်များက ကျန်ဒါခွဲခြားခြင်းမရှိသဖွယ် ထင်ရသော်လည်း လူမှုအဖွဲ့အစည်းအတွင်း ရှိနှင့်ထားပြီးဖြစ်သော ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုများက အမျိုးသမီးများနှင့် ဖယ်ကြဉ်ခံအုပ်စုများကို အခွင့်မသာဖြစ်စေခဲ့သည်။

နီပေါနိုင်ငံသာဓကကြောင့် ပြည်သူ့ဝန်ထမ်းခွဲတမ်းများကို စီစဉ်သတ်မှတ်ရာတွင်နှင့် အကောင်အထည်ဖော်ရာတို့တွင် ထည့်သွင်းစဉ်းစားစရာများ ပေါ်ပေါက်ခဲ့သည်။ နီပေါနိုင်ငံ၏ ၂၀၀၇ ခုနှစ် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ့မူဝါဒ၌ စီးပွားရေးနှင့် လူမှုရေးအရ အခွင့်မသာသော လူထုများအတွက် ကြိုတင်ချန်လှပ်ထားမှုများကို အလေးပေးဆောင်ရွက်ခဲ့သည် (ပုဒ်မ ၃၅(၁၀))။ ၂၀၀၇ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ပြည်သူ့ဝန်ထမ်းအက်ဥပဒေတွင် အမျိုးသမီးများနှင့် တိုင်းရင်းသားအုပ်စုများအပါအဝင် နိုင်ငံ၏လူဦးရေအခြေအနေဖွဲ့စည်းပုံကို ထင်ဟပ်သည့် ခွဲတမ်းများအကြောင်း မိတ်ဆက်ဖော်ပြထားသည်။ မူလအစက ပြည်သူ့ဝန်ထမ်း ကိုယ်စားလှယ်နေရာ ၄၅ ရာခိုင်နှုန်းကို ကြိုတင်ချန်လှပ်ထားခဲ့သည်။ ထိုအထဲတွင် အမျိုးသမီးများ (၃၃ ရာခိုင်နှုန်း)၊ ဒေသခံအုပ်စုများ (၂၇ ရာခိုင်နှုန်း)၊ Madhesis လူမျိုး (၂၂ ရာခိုင်နှုန်း)၊ Dalits (၉ ရာခိုင်နှုန်း)၊ မသန်စွမ်းပုဂ္ဂိုလ်များ (၅ ရာခိုင်နှုန်း) နှင့် 'နောက်ကျကျန်နေသော နယ်မြေများ' ၌ နေထိုင်သူများ (၄ ရာခိုင်နှုန်း) တို့ပါဝင်သည်။ ယင်းနောက် မွတ်စလင်လူမျိုးများအတွက်ပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။ စိတ်ဖြာလေ့လာချက်အရ ပြည်သူ့ဝန်ထမ်းများတွင် လူနည်းစုဦးရေအချိုး မြင့်တက်လာသော်လည်း ၎င်းတို့သည် အခြားသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခွဲခြားဆက်ဆံမှုပုံစံများကို

ပြေလည်စေခဲ့ခြင်းမရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါဖယ်ကြဉ်ခံအုပ်စုများမှ 'ပညာတတ် လူချမ်းသာများ' သည် ယင်းခွဲတမ်းများမှ အကျိုးအမြတ်ရရှိခဲ့ပြီး ပြည်သူ့ဝန်ထမ်းအား ကိုယ်စားပြု သည့်အမြင်များနှင့် ဘဝအတွေ့အကြုံများ၏ ကွဲပြားစုံလင်မှုကို လျော့ကျစေခဲ့သည်။ ကိုယ်စားလှယ် လောင်းများအား တစ်ကြိမ်လျှင် ကဏ္ဍတစ်ခုထက်ပို၍ ယှဉ်ပြိုင်စေခြင်းကို ပိတ်ပင်ထားသည့် အတွက် ခွဲတမ်းများတွင် အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှုရှိသော ဝိသေသများကို ထည့်တွက် ထားခြင်းမရှိပါ (Jamil and Baniamin 2020)။ လက်ရှိအချိန်တွင် ခွဲတမ်းစနစ်ကို ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံရေးအငြင်းပွားမှု ဖြစ်ပေါ်လျက်ရှိသည်။ အချို့က ခွဲတမ်းသတ်မှတ်ခြင်းသည် တစ်ကြိမ်တည်းဖြင့် လုံလောက်သင့်ကြောင်း အကြံပြုကြသော်လည်း အခြားသူများကမူ လူမှုရေး သတ်မှတ်ချက်အဆင့်ဆင့်ရှိ အဆင့်ပိုမြင့်သော လူတန်းစားများအပါအဝင် လူမှုစီးပွားရေးအရ အခွင့်မသာသော ကိုယ်စားလှယ်လောင်းများ လက်လှမ်းမီပါဝင်နိုင်ရန်အတွက် စံသတ်မှတ်ချက် များကို ပြောင်းလဲရန် အားပေးကြသည်။

၄.၄.၁.၃ ကိုယ်စားပြုပါဝင်ရေးနှင့် ညှိနှိုင်းတိုင်ပင်ရေး အဖွဲ့အစည်းများ

အချို့သောနိုင်ငံများတွင်အမျိုးသမီးများ၊လူငယ်များနှင့်တိုင်းရင်းသားလူနည်းစုများထံမှ သွယ်ဝိုက်ပံ့ပိုးမှုများ ရရှိစေရန်အလို့ငှာ လွှတ်တော်ကိုယ်စားပြုပါဝင်မှုအပြင် ကိုယ်စားပြုပါဝင်ရေး၊ အကြံပေးရေးနှင့် ညှိနှိုင်းတိုင်ပင်ရေး အဖွဲ့အစည်းများကို အသုံးပြုကြသည်။ ယင်းသည် ကိုယ်စား ပြုပါဝင်မှုနှင့်မတူကွဲပြားသော (သို့) ကိုယ်စားပြုပါဝင်မှုနှင့်လိုက်ဖက်သော ပုံစံဖြစ်နိုင်ပါသည်။ ထို့ပြင် ဤအဖွဲ့အစည်းများ (အထူးသဖြင့် ညှိနှိုင်းတိုင်ပင်ရေး အဖွဲ့အစည်းများ) ၏ ပုံစံကွဲအချို့သည် ပါတီနိုင်ငံရေးများဖြစ်ခြင်းမှ ပိုမိုကာကွယ်ပေးလေ့ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အဆိုပါအဖွဲ့ အစည်းများကိုထည့်သွင်းပါဝင်စေခြင်းသည်အဖွဲ့အစည်း၏အခြေအနေနှင့်အခွန့်ရှည်မှုတို့အတွက် အကာအကွယ်ဖြစ်နိုင်သော်လည်း ဥပဒေပြုအဖွဲ့အစည်းများသည် အပြောင်းအလဲဖြစ်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ဖြစ်နိုင်စွမ်း ပိုများသည်။

အမျိုးသမီးများ၏ ညှိနှိုင်းတိုင်ပင်ရေးကောင်စီများကို ကွန်ဂိုသမ္မတနိုင်ငံနှင့် ဧင်ဘာဘွေ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းဖွဲ့စည်းထားသည်။ အဆိုပါအဖွဲ့အစည်းများ သည် ယေဘုယျအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အမျိုးသမီးများအပေါ် သက်ရောက်မှုရှိနိုင်သည့် အရေးကိစ္စများနှင့်စပ်လျဉ်း၍ အစိုးရကို အကြံပေးရန်တာဝန်ရှိသည်။ ချက်ဒ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၆၄-၆၅) ၌ ညှိနှိုင်းတိုင်ပင်ရေးညီလာခံအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေအစုအဖွဲ့များဆိုင်ရာ အဆင့်မြင့်ကောင်စီနှင့် အစဉ်အလာအတိုင်းဦးဆောင်မှု ဆိုင်ရာ အဆင့်မြင့်ကောင်စီတို့ကို ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့အစည်းက 'ဗဟိုချုပ်ကိုင်မှုလျှော့ချ ရေးမူဝါဒ၊ နယ်နမိတ်အစီအစဉ်ရေးဆွဲရေး၊ အစဉ်အလာအတိုင်း ခေါင်းဆောင်မှုဆိုင်ရာ မေးခွန်းများ နှင့်စပ်လျဉ်း၍ ခိုင်လုံမှုရှိသော ၎င်း၏ ထင်မြင်ချက်များကို တင်ပြသည်။ ထို့ပြင် ၎င်းသည် တရား စီရင်ပိုင်ခွင့်နယ်မြေနှင့် မသက်ဆိုင်သော အငြင်းပွားမှုဖြေရှင်းခြင်းများကိုလည်း ပါဝင်ဆောင်ရွက် သည်' (ချက်ဒ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၅)။ အစိုးရ နှင့်/သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ထံမှောက်တွင် လူငယ်များနှင့်စပ်လျဉ်း၍ ကိုယ်စားပြုရေးနှင့် အကြံပေးရေးအဖွဲ့အစည်းများအဖြစ် တာဝန်ထမ်းဆောင်ရန်အလို့ငှာ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ နိုင်ငံလုံးဆိုင်ရာ လူငယ် ကောင်စီများကို ဖွဲ့စည်းထားသည် (အယ်လ်ဂျီးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၄ နှင့် မော်ရိုကိုနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၇၀) ကိုရှု)။

ကော်မရှင်များတွင် ပိုမိုခိုင်မာသော လုပ်ပိုင်ခွင့်များရှိလေ့ရှိပြီး အဆိုပါလုပ်ပိုင်ခွင့်များ အနက် မူဝါဒရေးဆွဲမှုနှင့် ဥပဒေပြုဆန်းစစ်မှုနှင့် ကြီးကြပ်မှုဆိုင်ရာ အခန်းကဏ္ဍများ ပါဝင်နိုင်သည်။ ၎င်းတို့အား ခန့်အပ်မှုသည်လည်း ယေဘုယျအားဖြင့် နိုင်ငံရေးပိုဆန်ပါသည်။ နီပေါနိုင်ငံရှိ စီရင်စု အမျိုးမျိုးတွင် ရုံးများတည်ထောင်ရန်အတွက် အမျိုးသမီးများ၏ နိုင်ငံလုံးဆိုင်ရာ ကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် လုပ်ပိုင်ခွင့်အာဏာပေးထားသည် (ပုဒ်မ ၂၄၅)။ ၎င်း၏ တာဝန်အချို့မှာ အစိုးရက အကောင်အထည်ဖော်ပေးမည့် အမျိုးသမီးများ၏ ကျန်းမာပျော်ရွှင်မှုအတွက် မူဝါဒများနှင့် အစီအစဉ်များကို ရေးဆွဲခြင်း၊ ဂျန်ဒါတန်းတူညီမျှမှုနှင့်စပ်လျဉ်း၍ သုတေသနများ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များထံ အကြံပြုချက်များပေးခြင်း၊ နိုင်ငံတကာ ဘဝေါတူစာချုပ်အဖွဲ့ဝင်များထံ အစိုးရ၏ တင်ပြချက်များကို စောင့်ကြည့်လေ့လာခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆုံးရှုံးမှုများအတွက် တရားရုံးအသနားခံစာများကို အတည်ပြုပေးခြင်း တို့ပါဝင်သည်။ ဂိုင်ယာနာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၎င်း၏ တိုင်းရင်းသားဆက်ဆံရေး ကော်မရှင်အတွက် ခိုင်မာသော လုပ်ပိုင်ခွင့်ကို ပေးအပ်ထားသည်။ အဆိုပါကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ ပို့ချခြင်း၊ ဥပဒေ ပြဋ္ဌာန်းမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ညှိနှိုင်းတိုင်ပင်မှုများအကြောင်း အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ပါသည် (ပုဒ်မ ၂၁၂ဃ (က)-(ဘ))။ ကော်မရှင်၏ အဖွဲ့ဝင်ဖြစ်ရန် အမျိုးသမီးများ၊ လူငယ်များ၊ အလုပ်သမားစည်းရုံးလှုပ်ရှားမှု၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပဂ္ဂလိကကဏ္ဍတို့ကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များအားလျာထားပြီး အမျိုးသားလွှတ်တော်၏ ဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် အတည်ပြုပါသည်။ မဲပေးခွင့်မရှိသည့် အဖွဲ့ဝင်လေးဦးကိုရွေးချယ်ပြီး တစ်ဦးချင်းစီကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖွဲ့စည်းထားသည့် ဒေသခံပြည်သူများကော်မရှင်၊ အမျိုးသမီးများနှင့် ဂျန်ဒါ တန်းတူညီမျှမှုကော်မရှင်၊ ကလေးသူငယ်အခွင့်အရေးကော်မရှင်နှင့် လူ့အခွင့်အရေးကော်မရှင် တို့က ရွေးချယ်ပါသည်။ ဂိုင်ယာနာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကလေးသူငယ်အခွင့်အရေး ကော်မရှင်အတွက် ကျယ်ပြန့်စုံလင်သည့် လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားသည်။ ယင်းလုပ်ပိုင်ခွင့်တွင် 'ကလေးသူငယ်အခွင့်အရေးများကို မြှင့်တင်ရန်အတွက် အဖွဲ့အစည်းများ၊ [အစိုးရနှင့်ပုဂ္ဂလိက] အဖွဲ့များနှင့် အင်စတီကျူးရှင်းများ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများ' နှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ အကြံပြုခြင်းများ ပါဝင်သည် (ပုဒ်မ ၂၁၂ဖ (စ))။ ထို့ပြင် ကော်မရှင်သည် ကလေးသူငယ်များ၏ အခွင့်အရေးများနှင့်သက်ဆိုင်သော တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးပြီး ပြေလည်အောင်ဖြေရှင်းပေးနိုင်ပါသည်။ ပိုလန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကဲ့သို့သော အခြားဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကလေးငယ်များ/လူငယ်များ ဆိုင်ရာစုံစမ်းစစ်ဆေးရေးအရာရှိရုံး(သို့)ကော်မရှင်အဖွဲ့ဝင်ရုံးကိုဖွဲ့စည်းတည်ထောင်ပေးထားသည် (ပုဒ်မ ၂၁၂ဖ(ခ))။ အဆိုပါအဖွဲ့အစည်းများ၏ အမှိအခိုကင်းစွာ လည်ပတ်နိုင်စွမ်း၊ ရန်ပုံငွေ၊ ဝန်ထမ်းခန့်အပ်မှု၊ ရည်မှန်းချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရ သဘောပေါက်လွယ်မှုတို့သည် ၎င်းတို့အားလုံး၏ ထိရောက်မှုအပေါ် သက်ရောက်မှုရှိပါသည်။

၄.၄.၂ အဓိက ထည့်သွင်းစဉ်းစားရန်အချက်များ

ဤအပိုင်း၌ အနာဂတ် စီမံအုပ်ချုပ်ရေး ဖွဲ့စည်းပုံများအတွင်း အားလုံးအကျုံးဝင်နိုင်မှုနှင့် ကိုယ်စားပြုပါဝင်မှုတို့ကိုမြှင့်တင်ရန် ယန္တရားများစီစဉ်ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအတွက် အဓိက ထည့်သွင်းစဉ်းစားဖွယ်အချက်များကို အကြမ်းဖျင်းဖော်ပြထားပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ထိရောက်မှုမရှိသော သယံဇာတစီမံခန့်ခွဲမှုတို့၏ ဆိုးကျိုးများသည် အမျိုးသမီးများနှင့် ဖယ်ကြဉ်ခံအုပ်စုများအပေါ် အချိုးမမျှတစွာ သက်ရောက်နေသောကြောင့် အဆိုပါအချက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အခင်းအကျင်းတွင် အရေးပါသည်။

ခွဲတမ်းများကို သတ်မှတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများအနေဖြင့် မည်သည့် ရာထူးများ၊ အဖွဲ့များ၊ အင်စတီကျူးရှင်းများ၊ အစိုးရအဆင့်များက ယင်းခွဲတမ်းကို ရရှိသင့်ကြောင်း အပြင် မည်သည့်ခွဲတမ်းအမျိုးအစား(များ)က အပ်စပ်မှုရှိကြောင်းတို့ကို ဆုံးဖြတ်ရန်လိုအပ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသမီးများနှင့် ဖယ်ကြဉ်ခံအုပ်စုများကို ပိုမိုရွေးကောက်တင်မြှောက်မည်ဟူသည့် ရည်မှန်းချက်များနှင့် ရွေးချယ်ထားသော ခွဲတမ်းတို့ကို ကိုက်ညီမှုရှိစေရန်အတွက် ရွေးကောက်ပွဲစနစ်ကို စစ်ဆေးရပါမည်။ အခြားသော အဓိကကျသည့် ဆုံးဖြတ်ချက်များမှာ အဆိုပါခွဲတမ်းများကို ယာယီအထူးစီမံဆောင်ရွက်ချက်နှင့် အမြဲတမ်းစီမံဆောင်ရွက်ချက်တို့အနက် မည်သည့်အရာဖြစ်စေမည်၊ စည်းကမ်းလိုက်နာမှုမရှိပါက အရေးယူဒဏ်ခတ်မှုများ ပြုလုပ်မည်ဟုတ် မဟုတ်၊ အဆိုပါဆုံးဖြတ်ချက်မျိုးချမှတ်ရာ၌ ခွဲတမ်းများအား ပြဋ္ဌာန်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့အနက် မည်သည့်ဥပဒေကို အလေးပေးသတ်မှတ်ပါက သင့်လျော်မည်တို့နှင့် စပ်လျဉ်း၍ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများအနေဖြင့် အမှတ်အသားဖြစ်ပြီး စစ်မှန်သည့် ကိုယ်စားပြုပါဝင်ရေးနှင့်စပ်လျဉ်း၍ ဂျန်ဒါနှင့်တိုင်းရင်းသားခွဲတမ်းများ နှင့်/သို့မဟုတ် ဂျန်ဒါနှင့်လူငယ်ခွဲတမ်းများကဲ့သို့ အစုံလိုက် (သို့) အတွဲလိုက်ဖြစ်သော ခွဲတမ်းများ၏ သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ သုတေသနပြုချက်အရ အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများကိုရည်မှန်း၍ အထူးကြိုတင်ချန်လှပ်ထားသည့် ဥပဒေပြုကိုယ်စားလှယ်နေရာ အရေအတွက်အနည်းငယ်အတွက် အတွဲလိုက်ဖြစ်သော တိုင်းရင်းသားနှင့်ဂျန်ဒါခွဲတမ်းများသည် တိုင်းရင်းသူအမျိုးသမီး လူနည်းစုများအား ပိုပိုသာသာ ကိုယ်စားပြုပါဝင်စေနိုင်ကြောင်း သိရသည်။ အကြောင်းမှာမူ ၎င်းတို့၏အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှုရှိသော ဝိသေသက ဥပဒေသတ်မှတ်ချက်များနှင့် အထူးကိုက်ညီနေသောကြောင့်ဖြစ်သည်။ ကြိုတင်ချန်လှပ်ထားသည့် အစုံလိုက်ဖြစ်သော ဂျန်ဒါနှင့် လူငယ်ခွဲတမ်းနေရာများ၌ အမျိုးသမီးငယ်များက အခွင့်မသာခြင်း ဖြစ်နိုင်သည်။ သို့သော် သီးသန့်ခွဲတမ်း (သို့) အုပ်စုခွဲခွဲတမ်းများက မတူကွဲပြားသော အုပ်စုများအကြား ဟန်ချက်ညီ သဟဇာတဖြစ်စေနိုင်ပါသည် (Hughes 2018)။ တိုင်းရင်းသားဖြစ်မှုဆိုင်ရာ ခွဲတမ်းများ (သို့) ကိုယ်စားပြုအဖွဲ့များကို စီစဉ်သတ်မှတ်ရာတွင် ကြိုတင်ရွေးထုတ်ရေးပြဿနာများကို ပြေလည်အောင် ဖြေရှင်းရပါမည်။

ဖယ်ကြဉ်ခံအုပ်စုများ ထိထိရောက်ရောက် ပူးပေါင်းပါဝင်လာရေးမှာ အထူးစီစဉ်ရေးဆွဲထားသည့် ယန္တရားများသက်သက်ဖြင့် မလုံလောက်ပါ။ မြန်မာနိုင်ငံ၌ ဂျန်ဒါမညီမျှမှုသည် ဂျန်ဒါစံနှုန်းများနှင့် အဆင့်သတ်မှတ်ချက်များ၊ မူဝါဒများနှင့်စည်းကမ်းချက်များ၊ အင်စတီကျူးရှင်းဆိုင်ရာ စနစ်များအပါအဝင် အဆင့်အားလုံးတွင် လည်ပတ်နေသည့် အလွတ်သဘောနှင့် တရားဝင်ရှိနှင့်ပြီး ဖွဲ့စည်းတည်ဆောက်ပုံများ၏ ပေါင်းစပ်မှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဥပမာအားဖြင့် အမျိုးသမီးများ၏ ပြုစုစောင့်ရှောက်ရေး တာဝန်များ (သို့) ရွေးကောက်ခံရန် ရန်ပုံငွေမရှိခြင်းတို့က ၎င်းတို့၏နိုင်ငံရေး၌ ပူးပေါင်းပါဝင်မှုအတွက် အတားအဆီးမဖြစ်စေရန်

လူမှုအဖွဲ့အစည်းအတွင်းရှိ ခွဲခြားဆက်ဆံမှုကို ထင်ထင်ရှားရှား ကိုင်တွယ်ဖြေရှင်းရပါမည်။ အခြားသော နိုင်ငံအဆင့် အင်စတီကျူးရှင်းများနှင့်စပ်လျဉ်း၍လည်း နိုင်ငံများသည် တိုးတက်မှုအတွက် အတားအဆီးများကို ကြိုတင်ကိုင်တွယ် ဖြေရှင်းထားရပါမည်။ ဥပမာအားဖြင့် ပြင်သစ်နိုင်ငံတွင် ပြည်သူ့ဝန်ထမ်း ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သော်လည်း အကြီးတန်းစီမံခန့်ခွဲရေးရာထူးနေရာများ၌မူ အမျိုးသမီး ၂၄ ရာခိုင်နှုန်းသာ ရှိသည်။ ပြဋ္ဌာန်းထားသော ဂျန်ဒါခွဲတမ်းအရ ၂၀၁၈ မတိုင်မီ အကြီးတန်းပြည်သူ့ဝန်ထမ်းများ၏ ၄၀ ရာခိုင်နှုန်း၌ အမျိုးသမီးများကို ခန့်အပ်ထားရန် လိုအပ်သည်။ (ယင်းရာခိုင်နှုန်းသည် ၂၀၁၃ ခုနှစ်မှစ၍ ၂၀ ရာခိုင်နှုန်းမှ တဖြည်းဖြည်း မြင့်တက်လာခြင်းဖြစ်သည်။) အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး၌ ပူးပေါင်းပါဝင်မှုကိုမြှင့်တင်၍ပိုမိုထိရောက်မှုရှိအောင်ပြုလုပ်နိုင်ပါကဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများနှင့် ဥပဒေပြုလွှတ်တော်အမတ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။

၄.၅ တရားမျှတမှုရှိသော ရာသီဥတုဆိုင်ရာ အသွင်ကူးပြောင်းမှု ဖြစ်စေရေး ထည့်သွင်းစဉ်းစားရန်အချက်များနှင့် ရာသီဥတုဆိုင်ရာ တရားမမျှတမှုကို အရေးယူဆောင်ရွက်ခြင်း

တရားမျှတမှုရှိသော အသွင်ကူးပြောင်းရေးမူဘောင်ဆိုသည်မှာ 'သက်ဆိုင်သူအားလုံးအတွက် တတ်နိုင်သမျှ မျှတမှုရှိပြီး အကျုံးဝင်စေလျက် သဘာဝပတ်ဝန်းကျင်အတွက် အကျိုးပြုသော စီးပွားရေးဖြစ်စေပြီး သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးကာ မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိစေရန် ဆောင်ရွက်ပေးသည်' (ILO 2015; ILO n.d)။ ဆိုလိုသည်မှာ နိုင်ငံများအနေဖြင့် ကာဗွန်နည်းပါးလာပြီး ရာသီဥတုအပေါ် သက်ရောက်မှုကင်းသော စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတို့အဖြစ်သို့ တဖြည်းဖြည်း လိုအပ်သလိုပြောင်းလဲရာတွင် ပြည်သူလူထု (သို့) နိုင်ငံသားများ ကြုံတွေ့ရသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို မျှော်မှန်း၍ ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်။ ဤအပိုင်း၌ မြန်မာ့စီးပွားရေးကို ကာဗွန်နည်းပါးသော စီးပွားရေးအဖြစ် အရေးတကြီး အသွင်းကူးပြောင်းရာ၌ တရားမျှတမှုရှိသော ရာသီဥတုဆိုင်ရာ အသွင်ကူးပြောင်းမှုအတွက် မည်သို့လုပ်ဆောင်ပြီး ရာသီဥတုဆိုင်ရာ တရားမမျှတမှုအား မည်သို့ အရေးယူဆောင်ရွက်မည်တို့နှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားဖွယ်အချက်များကို အကြမ်းဖျင်း ဖော်ပြထားပါသည်။

၄.၅.၁ ရှေ့လျှောက်ကြုံတွေ့ရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

တရားမျှတမှုရှိသော အသွင်ကူးပြောင်းမှု သဘောတရားသည် အလုပ်သမားစည်းရုံးလှုပ်ရှားမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆက်စပ်မှုကြောင့် ၁၉၇၀ ခုနှစ်များတွင် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အဓိက သမိုင်းမှတ်တိုင်များတွင် ILO ၏ ၁၉၉၉ ခုနှစ် သင့်တင့်လျောက်ပတ်သော အလုပ်မူဘောင်၊ ၂၀၁၅ ခုနှစ် ပဲရစ်မြို့ ရာသီဥတုဆိုင်ရာ သဘောတူညီချက်နှင့် ILO ၏ ၂၀၁၅ ခုနှစ် တရားမျှတမှုရှိသော အသွင်ကူးပြောင်းရေးအတွက် လမ်းညွှန်ချက်များ ပါဝင်ခဲ့သည်။ တရားမျှတမှုရှိသော အသွင်ကူးပြောင်းရေးအစီအစဉ်သည် ၂၀၂၁ ခုနှစ်၌ကျင်းပပြုလုပ်ခဲ့သည့် COP26တွင်ပိုမိုထင်ရှားလာခဲ့ပြီး၎င်းကိုစွမ်းအင်နှင့်ဘဏ္ဍာရေးဆိုင်ရာ

သဘောတူစာချုပ်နှင့် ပဏာမလုပ်ငန်းအချို့တွင် ထည့်သွင်းဆောင်ရွက်စေခဲ့ပါသည်။ တရားမျှတမှုရှိသော အသွင်ကူးပြောင်းရေးကို အရေးယူဆောင်ရွက်သည့် ပထမဦးဆုံးနိုင်ငံကို COP 26 တွင် ထုတ်ပြန်ကြေညာခဲ့သည် (Segto 2022)။ ရာသီဥတုဆိုင်ရာ တရားမျှတမှုသည် ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန်ဆောင်ရွက်ချက်များက ၎င်း၏ဆိုးကျိုးများကို အများဆုံးခံစားရနိုင်ခြေရှိသည့် လူများအား ပိုမိုဖယ်ကြဉ်နိုင်ခြေရှိကြောင်း သတိပေးလျက် တရားမျှတမှုရှိသော အသွင်ကူးပြောင်းမှုသဘောတရားကို ပိုမိုပြည့်စုံစေပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အသွင်ကူးပြောင်းမှုကို မလွဲမသွေတွေ့ရမည်ဖြစ်သော်လည်း တရားမျှတမှုရှိသော အသွင်းကူးပြောင်းမှုကိုမူ ထိုသို့တွေ့ရမည်မဟုတ်ပေ။ အလုပ်အကိုင်ဆုံးရှုံးမှုနှင့် လူမှုရေးမတည်ငြိမ်မှုတို့ ပေါ်ပေါက်လာနိုင်သည့် လူမှုစီးပွားရေးအကျိုးဆက်များအတွက် အလုံအလောက် ကြိုတင်ပြင်ဆင်ထားမှုမရှိခြင်းက စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာ အကြီးစားစိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် ကောင်းမွန်စွာ စီမံခန့်ခွဲထားပါက 'သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးတို့အရ ရေရှည်တည်တံ့သော စီးပွားရေးများအဖြစ်သို့ အသွင်ကူးပြောင်းမှုများသည် အလုပ်အကိုင်ဖန်တီးရေး၊ အလုပ်အကိုင်မြှင့်တင်ရေး၊ လူမှုရေးတရားမျှတမှုနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတို့ကို အခိုင်အမာဆောင်ကြဉ်းပေးနိုင်သည်' (Atteridge and Strambo 2020: 6)။ ထို့ပြင် 'စွမ်းအင်နှင့် သယံဇာတများကို ပိုမိုချွေတာအသုံးချနိုင်မည့် အလေ့အထများကို မိတ်ဆက်ခြင်း၊ ညစ်ညမ်းစေမှုကို ရှောင်ကြဉ်ခြင်း၊ သဘာဝသယံဇာတများကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲခြင်း'အစရှိသဖြင့် 'သဘာဝပတ်ဝန်းကျင်အတွက် အကျိုးပြုသော' အလုပ်အကိုင်များဖန်တီးခြင်းသည် အလုပ်အကိုင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်အကျိုးဆက်များကို ရရှိစေမည့် ဆန်းသစ်တီထွင်မှုနှင့် ဒဏ်ခံနိုင်မှုတို့ကို ဆောင်ကြဉ်းပေးပါသည် (ILO 2015)။

၄.၅.၂ အဓိက ထည့်သွင်းစဉ်းစားရန်အချက်များ

တရားမျှတသောအသွင်ကူးပြောင်းမှု၏ ကျယ်ပြန့်စုံလင်သော အခြေခံမူများကို အသုံးချရာတွင် မြန်မာနိုင်ငံသည် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ တရားမျှတသော အသွင်ကူးပြောင်းမှုသည် နိုင်ငံအဆင့် စီးပွားရေးနှင့် ဒေသတွင်းအဆင့် စီးပွားရေးတို့၏ ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများကို ဖြစ်ပေါ်စေနိုင်သည်။ ၎င်းသည် သဘာဝသယံဇာတကုန်ခန်းမှုမရှိစေရေး အခြေခံအသွင်ကူးပြောင်းမှု၌ သဘာဝသယံဇာတထုတ်ယူမှု၊ ဝင်ငွေတို့နှင့် စပ်လျဉ်းသော အသွင်ကူးပြောင်းမှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေအပြင် နယ်မြေပိုင်နက် သာတူညီမျှဖြစ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အကြား တင်းမာမှုဖြစ်နိုင်ခြေများကို မုချပေါ်ပေါက်စေနိုင်ပါသည်။ အရေးကြီးဆုံးမှာ တရားမျှတသော အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ရာသီဥတုဆိုင်ရာတရားမျှတမှုကို ဖော်ညွှန်းသည့် အကျိုးစီးပွားယှဉ်ပြိုင်မှုများနှင့် ပြဿနာများအကြား ဟန်ချက်ညီစေရန် ကြိုးပမ်းရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

တရားမျှတသော အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုကို ဖော်ညွှန်းသည့် အကျိုးစီးပွားယှဉ်ပြိုင်မှုများနှင့် ပြဿနာများအကြား ဟန်ချက်ညီစေရန် ကြိုးပမ်းရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော အကြံပြုချက်များသည် ကြားကာလ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ပြထားခြင်းဖြစ်ပြီး ဤအချက်များသည် ကြားကာလ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များ ဖြစ်ပါသည်။

တရားရုံးများအနေဖြင့် အဆိုပါအရေးကိစ္စများအတွက် လုံးထွေးကြိုးပမ်းနေရပြီဖြစ်သည်။ ကိုလံဘီယာနိုင်ငံ၌ သဘာဝသယံဇာတများ ထုတ်ယူခြင်းအပေါ် အခြေတည်သည့် ကိုလံဘီယာဖွံ့ဖြိုးတိုးတက်မှုစံပုံစံကို ဥပဒေသိပ္ပံပညာက စောဒကတက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မသေချာမရေရာဖြစ်ပါက သဘာဝကိုဦးစားပေးပါ (in dubio pro natura) ဟူသည့် အခြေခံမူကို တညီတညွတ်တည်း ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည် (Maya–Aguirre 2018)။ တောင်အာဖရိကရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့သည် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ တည်ရှိနေသည့်အတွက် အစိုးရအနေဖြင့် တစ်ခု၏ အကျိုးကိုပျက်ပြားစေလျက် ကျန်တစ်ခုကို ဆက်လက်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်အရေးကိစ္စများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံမူနှင့် စပ်လျဉ်းသည့် လူမှုစီးပွားရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များက ဟန်ချက်ညီအောင် ထိန်းပေးမည်ကို ကြိုတင်သိမြင်ထားကြောင်း ယင်းတရားရုံးက ထပ်ဆောင်းရှင်းပြခဲ့သည် (Fuel Retailers Association of Southern Africa v. Director–General: Environmental Management, Department of Agriculture, Conservation and Environment, Mpumalanga Provinces 2007)။ အီကွေဒေါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပြဋ္ဌာန်းချက်များ၌ သယံဇာတထုတ်ယူရေး စီမံကိန်းများရေးဆွဲရာတွင် စည်းကမ်းတင်းကျပ်သည့် သတ်မှတ်ချက်မူဘောင်တစ်ရပ်ကို ချမှတ်ထားပါသည်။ ယင်းမူဘောင်မှာ ၎င်းတို့ဆောင်ရွက်မည့် လုပ်ဆောင်ချက်များက လုပ်ငန်းလည်ပတ်ရန် မျှော်မှန်းထားသည့် နယ်မြေများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း သရုပ်ဖော်ပြသရန်အလို့ငှာ ပြည်သူလူထု၊ ဒေသခံအသိုက်အဝန်းများနှင့်ကြိုတင်၍ လွတ်လပ်စွာ ညှိနှိုင်းတိုင်ပင်ရန်လိုအပ်ခြင်းဖြစ်သည် (Herbert, Smith, Freehills 2022)။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံအဆင့် အင်စတီကျူးရှင်းများနှင့် ယန္တရားများအနေဖြင့် အမျိုးသမီးများနှင့် အခြားဖယ်ကြဉ်ခံအုပ်စုများအပေါ် ရာသီဥတုပြောင်းလဲမှု၏ ခြားနားလွန်းသော သက်ရောက်မှုများအတွက်လည်း စာနာစိတ်ထား တုံ့ပြန်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အခန်း (၅)

နိဂုံးနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အလို့ငှာ သင့်မြတ်၊ မျှတမှုရှိပြီး ရေရှည်တည်တံ့သော လူမှုအဖွဲ့အစည်းအတွင်း နေထိုင်လိုသည့် ပြည်သူလူထု၏ စိတ်ဆန္ဒနှင့်အညီ ရည်မှန်းချက်ကြီးစွာဖြင့် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များပြုခဲ့ပြီးဖြစ်သည်။ ထိရောက်သော မူဝါဒချမှတ်မှုဟူသည် ရည်မှန်းချက်များ ချိတ်ဆက်မှုရှိခြင်းနှင့် ကွဲပြားစုံလင်ခြင်းတို့ကို ဟန်ချက်ညီအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ သင့်တင့်မျှတသည့် ဟန်ချက်ညီမှုရှိခြင်းသည် ရည်မှန်းချက်အမြောက်အများကို ပိုမိုနီးကပ်မှုရှိလာစေမည့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အကျိုးရလဒ်များ ပေါ်ပေါက်လာစေရန် လမ်းဖွင့်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံ၌ SDG ရည်မှန်းချက်များ ဖြစ်မြောက်အောင် ဆောင်ရွက်ရာတွင် အတိုးအလျော့ အခြေအနေများဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖြစ်ရေး ရည်မှန်းချက်နှင့် ၎င်း၏ မြေယာ ၁၀ ရာခိုင်နှုန်းကို ထိရောက်စွာ ‘ထိန်းသိမ်းကာကွယ်’ ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ဟန်ချက်ညီသည့်ရလဒ်များ ရရှိစေလိမ့်မည်။ မြန်မာနိုင်ငံ၌ စွမ်းအင်လက်လှမ်းမီရရှိမှုကို တိုးမြှင့်မည်ဆိုပါက စွမ်းအင်ပံ့ပိုးမှုနှင့် ရေစီမံခန့်ခွဲမှု ဆိုင်ရာရွေးချယ်မှုများ ပြုလုပ်ရမည်ဟုဆိုလိုပြီး ယင်းမှပေါ်ပေါက်လာသည့် အခြေခံအဆောက်အအုံဆိုင်ရာ အကျိုးဆက်သည် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိပါလိမ့်မည်။

SDG Synergies (n.d.) သည် မူဝါဒနယ်ပယ်အစုများနှင့် ရည်မှန်းချက်က မည်သို့အပြန်အလှန်အကျိုးပြုကြောင်း နားလည်သဘောပေါက်စေမည့် အခမဲ့လက်တွေ့ အသုံးပြုနိုင်သော အွန်လိုင်းနည်းကိရိယာတစ်ခုဖြစ်သည်။ စတော့ဟုမ်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်း (Stockholm Environment Institute) ရှိသုတေသနပညာရှင်များက အစိုးရများ ရေရှည်တည်ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးထောက်ကူရန် ရည်ရွယ်၍ ကိုယ်ပိုင်ရေးဆွဲခဲ့သည့် SDG Synergies သည် ရေရှည်တည်တံ့နိုင်မှုနယ်ပယ်အတွက်

ရော နယ်ပယ်ပြင်ပအတွက်ပါ အလွန်အသုံးဝင်သည်။ နိုင်ငံအဆင့် ရေနှင့်စွမ်းအင်ဆိုင်ရာ သုံးသပ်လေ့လာချက်များသည် ရေရှည်မူဝါဒရွေးချယ်မှုများ တိုးတက်လာစေရန်အတွက်လည်း အထောက်အကူပြုနိုင်ပါသည်။ လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များက ရေအကဲဖြတ်မှု၊ စီမံကိန်းရေးဆွဲမှုနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ စိတ်ဖြာလေ့လာသည့် ပလက်ဖောင်း (Water Evaluation and Planning and Low Emissions Analysis Platform) စံပုံစံများကို မြန်မာနိုင်ငံ၌ မိတ်ဆက်ပေးခဲ့ပြီး မြန်မာနိုင်ငံအတွက် ခွဲခြမ်းစိတ်ဖြာလေ့လာမှုကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဤမူဝါဒရေးဆွဲရေးအစီအစဉ် သုံးသပ်လေ့လာခြင်းကို မြေမျက်နှာသွင်ပြင်ဆိုင်ရာ အစီအစဉ်ရေးဆွဲရေး စိတ်ဖြာလေ့လာချက်နှင့် တွဲဖက်ဆောင်ရွက်သင့်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အတွင်းဝန်ရုံးက သဘာဝပတ်ဝန်းကျင်နှင့်တကွ လူသားများအတွက် ၎င်း၏ မရှိမဖြစ် ပံ့ပိုးဆောင်ရွက်ချက်များကို ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လမ်းညွှန်ချက်များပေးရန်အလို့ငှာ ပထမဆုံးအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင်သစ်မူကြမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်း၏ ဦးဆုံးရည်မှန်းချက်မှာ 'ကမ္ဘာတစ်ဝန်းရှိ ကုန်းမြေနှင့်ပင်လယ်ဧရိယာ အားလုံးကို ဇီဝမျိုးစုံမျိုးကွဲအားလုံး အကျုံးဝင်သည့် မြေမျက်နှာသွင်ပြင် အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားပြီး ကုန်းမြေနှင့် ပင်လယ်အသုံးပြုမှုဆိုင်ရာ အပြောင်းအလဲများကိုဖြေရှင်းကာ ရှိနှင့်ပြီး ခြေရာလက်ရာမပျက်ရှိသော နယ်မြေများနှင့် တောရိုင်းနယ်မြေများကို ထိန်းသိမ်းရန်' ဖြစ်သည်။ IGI များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင်သစ်ကိုအတည်ပြုပြီး ဘက်စုံမြေမျက်နှာသွင်ပြင်အစီအစဉ် ရေးဆွဲခြင်းကို စတင်ဆောင်ရွက်သင့်သည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝန်း၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချိတ်ဆက်သရုပ်ဖော်ပြသရန် ဒီဇိုင်းရေးဆွဲထားသည့် လွတ်လပ်စွာ ဝင်ရောက်လေ့လာနိုင်သော မြေမျက်နှာသွင်ပြင်အစီအစဉ် ရေးဆွဲရေး ပလက်ဖောင်းဖြစ်သည့် Marxan နည်းကိရိယာ (Nature Conservancy 2022) က အဆိုပါ လုပ်ငန်းစဉ်အတွက် အထောက်အကူပြုနိုင်ပါသည်။ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (MIMU) ပေါ်တယ် (portal) နှင့် ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ဝင်ရောက်လေ့လာနိုင်တော့မည့် Myanmar Ziwa Zone တို့တွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်သည့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်အစုများစွာ ရှိပါသည်။ One Map Myanmar Initiative သည် ၎င်း၏ အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ထုတ်ပြန်မှုများပြုလုပ်ရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အဆိုပါအချက်အလက်များနှင့် ဒေသတွင်းလေ့လာတွေ့ရှိချက်များသည် ပွင့်လင်းမြင်သာမှုကို ဆောင်ကြဉ်းရာနှင့် လူအများအတွက် စွမ်းရည်မြှင့်တင်ပေးရာတို့တွင် အခရာကျနိုင်ပါသည်။

ဤစိတ်ဖြာလေ့လာမှုများကို ဆောင်ရွက်သည့်အခါ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်၌ မြန်မာပြည်သူလူထုကို လုပ်ပိုင်ခွင့်ပေးပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သင့်ပါသည်။ ဤလုပ်ငန်းတွင် ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်များနှင့်စပ်လျဉ်း၍အပြင် ဟန်ချက်ညီစေရန် ညှိနှိုင်းဆောင်ရွက်သည့်အခါများ၌ စိန်ခေါ်မှုများကြုံတွေ့ရသကဲ့သို့ အရေးကြီးအချက်အနေဖြင့် မြန်မာပြည်သူလူထုက အဆိုပါလုပ်ငန်းစဉ်ကို ပိုင်ဆိုင်ကြောင်း သေချာစေမည့် မှန်ကန်သော ယန္တရားများကို ရှာဖွေရာတွင်လည်း စိန်ခေါ်မှုကြုံတွေ့ရပါသည်။ မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များကို လွတ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်ခြင်းသည် အရေးကြီးသည့် ပထမအဆင့်ဖြစ်သည်။

ထို့ပြင် လူထုကိုအသိပေးပြီး ညှိနှိုင်းတိုင်ပင်နိုင်မည့်လမ်းကြောင်းများ ဖန်တီးရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပူးပေါင်းပါဝင်စေရန် အရေးကြီးသည်။ ဒေသခံလူထု သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာသူများ တဖြည်းဖြည်းချင်း ကောက်ယူထားသည့် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အချက်အလက်များက ပြည်သူလူထု၏ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို မျှတမှုရှိရှိ ကိုယ်စားပြုစေရာတွင် အရေးပါသည့် နည်းကိရိယာများဖြစ်ကြသည်။ မြန်မာနိုင်ငံ သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ကတိကဝတ်များတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ အနာဂတ်စီမံအုပ်ချုပ်မှုအတွက် အခြေခံမူများ ပြင်ဆင်ရေးဆွဲရာတွင်ဖြစ်စေ ပြည်သူများ၏ ဆန္ဒသဘောထားကို ကြိုတင်ရယူရေး အခြေခံမူသည် အဓိကအချက် ဖြစ်သင့်ပါသည်။ Aarhus သဘောတူစာချုပ်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို လက်လှမ်းမီရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူလူထု ပါဝင်မှုရှိစေရေးနှင့် ပထမအခြေခံမူနှစ်ရပ်ကို လေးစားလိုက်နာခြင်းမရှိပါက တရားမျှတမှုအတွက် ဆောင်ရွက်ရေးတို့ကို မြန်မာနိုင်ငံ၏ ကတိကဝတ်များတွင် ထည့်သွင်းချမှတ်နိုင်သည်။

မြန်မာနိုင်ငံ သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ကတိကဝတ်များတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ အနာဂတ် စီမံအုပ်ချုပ်မှုအတွက် အခြေခံမူများ ပြင်ဆင်ရေးဆွဲရာတွင်ဖြစ်စေ ပြည်သူများ၏ ဆန္ဒသဘောထားကို ကြိုတင်ရယူရေး အခြေခံမူသည် အဓိကအချက် ဖြစ်သင့်ပါသည်။

အရင်းအမြစ်မျှဝေမှုနှင့် စပ်လျဉ်းသည့် မေးခွန်းသည် IGI များနှင့် မြန်မာပြည်သူလူထု အကြား ကျယ်ပြန့်စွာ ညှိနှိုင်းတိုင်ပင်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သင့်သည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်သည် ပိုမိုကြီးကျယ်သော ဗဟိုချုပ်ကိုင်မှုလျော့ချရေးဆီသို့ ဦးတည်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။ သဘာဝသယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်၌ ပြဿနာအားလုံးနှင့် အံဝင်ခွင်ကျဖြစ်သည့် ဖြေရှင်းနည်းဟူ၍ မရှိပါ။ လေ့လာဖော်ထုတ်ခြင်း၊ လိုင်စင်ချပေးခြင်း၊ သက်ရောက်မှုစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်း၊ SEE များ၏ အခန်းကဏ္ဍနှင့် ဝင်ငွေပြန်လည်ခွဲဝေခြင်းဟူသည့် အဆင့်တစ်ဆင့်ချင်းစီ၌ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း အနည်းနှင့်အများပါဝင်သည့် များစွာခြားနားသော နည်းလမ်းအမျိုးမျိုးဖြင့် စီမံခန့်ခွဲမှု ပြုလုပ်နိုင်ပါသည်။ သဘာဝသယံဇာတဆိုင်ရာ ပဋိညာဉ်စာတမ်း (Natural Resource Governance Institute 2018) သည် မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအချို့ကို လေ့လာဖော်ထုတ်နိုင်မည့် မူဘောင်တစ်ရပ်ကို ပံ့ပိုးပေးသည်။ ၎င်းစာတမ်းတွင် လုပ်ငန်းအတွင်းရှိကောင်းကျိုးများကို များနိုင်သမျှများအောင် မည်သို့မြှင့်တင်မည်၊ အန္တရာယ်ဖြစ်နိုင်ခြေများကို မည်သို့လျော့ပါးသက်သာစေမည်တို့နှင့် စပ်လျဉ်း၍ အကြံဉာဏ်များ ပေးပါသည်။ ၎င်းစာတမ်းက မြန်မာနိုင်ငံ၏ အစိုးရ၊ ပြည်သူလူထု၊ ကုမ္ပဏီများအပြင် နိုင်ငံတကာအသိုက်အဝန်းတို့အနေဖြင့် နိုင်ငံအတွင်း ပိုမိုကောင်းမွန်သော အရင်းအမြစ်များစီမံအုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေးလမ်းကြောင်းကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ပါသည်။ ထို့ပြင် IGI များအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ရေမြေအားကိုယ်တိုင် ထိန်းချုပ်စီမံခွင့်ရရှိရန် တိုင်းရင်းသားများ၏ တောင်းဆိုချက်များအကြား ဆက်နွယ်မှုအပြင် တိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုပုံစံများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းချက်များကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ IGI များအနေဖြင့် မြေယာများကို ဆုံးရှုံးခဲ့ရသောသူများအတွက် တရားမျှတမှုရရှိစေမည့် အနာဂတ် ကတိကဝတ်များကို ထည့်သွင်းစဉ်းစားနိုင်သည်။ ယင်းပြဿနာ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း အချက်ပြသည့်အနေဖြင့် တရားမျှတမှုရရှိရေး အခြေခံမူများကို ယနေ့ပင် အကြမ်းဖျင်းရေးဆွဲနိုင်သည်။ လျော်ကြေးပေးမှုများနှင့် တရားမျှတမှုတို့သည်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် အပြုံတည်ရှိနေမည်ဖြစ်သည်။ အနာဂတ် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ယခင် လူအခွင့်အရေးချိုးဖောက်ခဲ့မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့် အသွင်ကူးပြောင်းကာလ တရားမျှတမှုမူဘောင်သည် စမှတ်ကောင်းတစ်ခု ဖြစ်ပါလိမ့်မည်။ ထိုအခါ၌ အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများအနေဖြင့် အမှန်တရားဖြစ်စေရေးနှင့် ပြန်လည် ရင်ကြားစေ့ရေးကော်မရှင်များ၊ လုပ်ငန်းတာဝန်များကို စီစဉ်သတ်မှတ်ခြင်းနှင့် လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် လျော်ကန်သော လျော်ကြေးပေးမှု မူဝါဒများကိုရေးဆွဲခြင်းတို့ အပါအဝင် လုပ်ငန်းစဉ်အတွင်း အပြည့်အဝရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ပါမည်။ ပဋိပက္ခ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကြောင်း အလေးပေးပြုစုထားသည့် ၂၀၁၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီရင်ခံစာသည် ဤအခြေအနေအတွက် အသုံးဝင်သော ကိုးကားချက်စာတမ်းတစ်ခု ဖြစ်နိုင်ပါသည်။ ကမ္ဘောဒီးယားနှင့် တောင်အာဖရိကတို့ကဲ့သို့ နိုင်ငံများ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အမြင်ရှုထောင့်များနှင့် ထိုးထွင်းအမြင်များသည်လည်း အထောက်အကူ ဖြစ်မည့် လမ်းညွှန်ချက်များကို ပေးနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်ရာတွင် IGI များအတွက် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တရားဥပဒေစိုးမိုးမှုရှိစေခြင်းတို့သည် အရေးကြီးပါလိမ့်မည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေ (သို့) ဘတ်ဂျက် သတ်မှတ်ပြီးမှသာ ထိုသို့လက်တွေ့ဆောင်ရွက်နိုင်ပါသည်။ လူထုပူးပေါင်းပါဝင်ပြီး အောက်ခြေမှအထက်သို့ အဆင့်ဆင့်ဆောင်ရွက်သော နည်းလမ်းများ၌ အနာဂတ်မြို့ပြဖွံ့ဖြိုးတိုးတက်မှုသည်လည်း အမြစ်တွယ်ပါဝင်သင့်ပါသည်။ အဆိုပါနည်းလမ်းများသည် ရာသီဥတုပြောင်းလဲမှုအတွက် ကြိုတင်ပြင်ဆင်ရာတွင်နှင့် ၎င်းနှင့်လိုက်လျောညီထွေဖြစ်စေရာတွင် အဓိကကျသည်။ လက်ရှိအချိန်၌ လွတ်မြောက်နယ်မြေများတွင် တည်ရှိနေသော မြို့ကြီးများအနေဖြင့် အဆိုပါနည်းလမ်းများကို တက်ကြွစွာ အသုံးချနိုင်ပါသည်။ လူထုပူးပေါင်းပါဝင်သော၊ ဂျန်ဒါနှင့် လူမှုဆိုင်ရာ အားလုံးအကျုံးဝင်သော အစီအစဉ်ရေးဆွဲရေး နည်းလမ်းများသည် ပို၍နေပျော်ဖွယ်ကောင်းသော၊ အားလုံးအကျုံးဝင်သော၊ မျှတသော မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် အခရာကျပြီး ရေရှည်တည်တံ့သော မြို့ပြဒေသများနှင့် ကျေးလက်လူမှုအဖွဲ့အစည်းများ ထူထောင်ရေးဟူသည့် SDG အမှတ် (၁၁) ရည်မှန်းချက်များနှင့်လည်း ကိုက်ညီပါသည်။ အဆိုပါပလက်ဖောင်းများအကြောင်းကို ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သော ပြောင်းလဲမှုများနှင့် ချိတ်ဆက်ဆွေးနွေးရန် အရေးကြီးပါလိမ့်မည်။

အစီအစဉ်ရေးဆွဲရေး နည်းလမ်းများ၌ ဂျန်ဒါသဟဇာတဖြစ်၊ လူမှုရေးအရ အားလုံးအကျုံးဝင်၊ လူထုပူးပေါင်းပါဝင်လျက် မြေပုံချိတ်ဆက်ရေးဆွဲမှု (Livengood and Kunte 2012)၊ လူထုပူးပေါင်းပါဝင်သော ဘတ်ဂျက်ရေးဆွဲမှု (Cabannes 2015)၊ ဦးတည်အုပ်စု ဆွေးနွေးပွဲများနှင့် ဒေသခံပြည်သူများအပြင် အစိုးရအရာရှိများပါဝင်သော ဒေသခံကော်မတီများကို ပါဝင်စေသင့်သည် (Sheikh and Rao 2007)။ လွတ်မြောက်နယ်မြေများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သည့် အပြောင်းအလဲများအကြောင်း နားလည်သဘောပေါက်ရန် အလို့ငှာ အဆိုပါချဉ်းကပ်နည်းများကို အခြေတည်၍ ဒေသတွင်းလိုက်လျောညီထွေ ဖြစ်စေရေး အစီအစဉ်များကို ချမှတ်နိုင်ပါသည်။ ပခုက္ကူနှင့် လပွတ္တာကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ မြို့ငယ်

ကလေးများတွင် ရပ်ရွာလူထုကိုယ်တိုင် မိမိတို့၏ ထိခိုက်လွယ်မှုများကို မိမိတို့ကိုယ်တိုင် ဆန်းစစ်သော ဆန်းစစ်ချက်များကို ပြုလုပ်ခဲ့ပြီးဖြစ်ကာ အခြားနေရာများတွင်လည်း ထိုအတိုင်း တုပပြုလုပ်နိုင်ပါသည် (UN–Habitat 2017)။

လွတ်မြောက်နယ်မြေများ၌ လူအများ ပြန်လည်နေရာချလာကြသည်နှင့်အမျှ ရေရှည်အဆောက်အအုံသစ်များကို တည်ဆောက်နိုင်ခြေရှိပါသည်။ အဆိုပါ အဆောက်အအုံများကို ဆောက်လုပ်ရာ၌ အမျိုးသားအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများတွင်ပြဋ္ဌာန်းထားသည့် ရာသီဥတု ဒဏ်ခံနိုင်ရေး လမ်းညွှန်ချက်များကို လိုက်နာသင့်ပါသည်။ အဆောက်အအုံဆောက်လုပ်ရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဖြေရှင်းနည်းတစ်ရပ်အနေဖြင့် စုပေါင်းချဉ်းကပ်နည်းများကိုအသုံးချခဲ့ကြပါသည်။ ယင်းချဉ်းကပ်နည်းများ၌ ငွေစုအဖွဲ့များဖွဲ့စည်းခြင်းမှစ၍ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရန် စုပေါင်း၍ မြေယာဝယ်ယူခြင်း (သို့) ငှားရမ်းခြင်းအထိ ပါဝင်သည်။

လေထုညစ်ညမ်းမှုကို ဖြေရှင်းရန်အလို့ငှာ လိုအပ်သည့်ရန်ပုံငွေကို အသုံးပြု၍ လေထုအရည်အသွေး စံချိန်စံညွှန်းများအကြောင်း မိတ်ဆက်ပေးပြီး လေထုညစ်ညမ်းမှု စောင့်ကြည့်လေ့လာရေး ဌာနများကို တည်ထောင်သင့်သည်။ မော်တော်ယာဉ်များမှ ဓာတ်ငွေ့ထုတ်လွှတ်မှုစံချိန်စံညွှန်းများ (ဥပမာ ယူရို ၄ နှင့်အထက်) ကိုလည်း အသုံးချသင့်ပြီး အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် တပြေးညီဖြစ်သည့် လောင်စာဆီအတွင်း ဆာလဖာပါဝင်နှုန်းကန့်သတ်ချက်များကို မိတ်ဆက်ပေးသင့်ပါသည်။ (၎င်းသည် လက်ရှိအချိန်တွင် ၂၀၀၀ ppm ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံအများစုတွင် ၁၀–၅၀ ppm အကြားရှိရမည်ဟု ကန့်သတ်ထားသည်) (Slater et al. 2022)။ မြန်မာနိုင်ငံအနေဖြင့် ၎င်းနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ဒီမိုကရေစီကျသော ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံကို ရေးဆွဲခြင်းသည် ရေရှည်လုပ်ငန်းစဉ်မျိုးဖြစ်ပြီး အခြေခံကျသော ဥပဒေ၊ လူမှုရေးနှင့် နိုင်ငံရေး ပြဋ္ဌာန်းချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။ မြန်မာနိုင်ငံရှိ IGI များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ပုံစံကို ဂရုတစိုက်ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ အထူးသဖြင့် ညှိနှိုင်းရေး၊ မူကြမ်းရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် အားလုံးအကျုံးဝင်ပါဝင်စေခြင်းဖြစ်သည်။ အများပြည်သူနှင့် ညှိနှိုင်းတိုင်ပင်ပြီး ၎င်းတို့၏ သဘောဆန္ဒတို့အပေါ် ကျယ်ကျယ်ပြန့်ပြန့် အခြေတည်ဆောင်ရွက်ခြင်းက အသွင်ကူးပြောင်းကာလ အမြဲတမ်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်ဖြစ်မှုအတွက် အထောက်အပံ့ပြုပြီး အထူးသဖြင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ သတ်မှတ်ချက်များပါဝင်ပါက အလားအလာကောင်း၍ တည်ငြိမ်သော ရလဒ်ထွက်ပေါ်နိုင်ခြေကို မြှင့်တင်ပေးပါလိမ့်မည်။

အကြံပြုချက်များ

အခြေခံဥပဒေမူဘောင်

ဖွဲ့စည်းပုံအခြေခံဥပဒေပါ အနှစ်သာရပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလူအခွင့်အရေး ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပါ – မြန်မာနိုင်ငံ IGI များအနေဖြင့် မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များက အနှစ်သာရပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလူအခွင့်အရေးများကို ကာကွယ်ခြင်း၊ သဘာဝ

ပတ်ဝန်းကျင်ကို အကာအကွယ်ပေးခြင်း၊ သဘာဝသယံဇာတများအတွက် စည်းမျဉ်းကြပ်မတ်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအားမြှင့်တင်ခြင်းတို့ ပြုလုပ်ပေးမည်နှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရပါမည်။ လူအခွင့်အရေးများနှင့်စပ်လျဉ်း၍မူ မြန်မာနိုင်ငံ IGI များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းပြဋ္ဌာန်းထားသော မည်သည့်အခွင့်အရေးများက အထူးသဖြင့် အမျိုးသမီးများ၊ ဒေသခံလူထု၊ ဒေသန္တရအသိုက်အဝန်းများနှင့် လူနည်းစုအတွင်းရှိ လူနည်းစုများအတွက် FDC တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖြည့်ဆည်းပေးကြောင်း ထည့်သွင်းစဉ်းစားရပါမည်။ သတင်းအချက်အလက်များကို လက်လှမ်းမီသိရှိခွင့်၊ ပူးပေါင်းပါဝင်ခွင့် (နှင့် ညှိနှိုင်းတိုင်ပင်ခွင့်) နှင့် သဘာဝပတ်ဝန်းကျင်အရေးကိစ္စများတွင် တရားမျှတမှုရရှိခွင့် အစရှိသည့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ပြဋ္ဌာန်းခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒီမိုကရေစီမဏ္ဍိုင်များကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းပါဝင်စေပြီး ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကို မြှင့်တင်ပေးမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် အင်စတီကျူးရှင်းများသည် ၎င်းတို့၏ ကြီးကြပ်မှု၊ စည်းမျဉ်းကြပ်မတ်မှု၊ တရားဝင်ပြဋ္ဌာန်းမှုနှင့် စီရင်ဆုံးဖြတ်မှုဆိုင်ရာ အခန်းကဏ္ဍများမှတစ်ဆင့် မြန်မာနိုင်ငံအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်သက်ဆိုင်သည့် ၎င်း၏ နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာပန်းတိုင်များနှင့် ကတိကဝတ်များကို ပြည့်မီစေရန် အကူအညီပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံ IGI များအနေဖြင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု၊ ၎င်းတို့၏ဥပဒေရေးရာနှင့် နိုင်ငံရေးလုပ်ပိုင်ခွင့်များ၊ အခြားအင်စတီကျူးရှင်းများနှင့် အပြန်အလှန် ချိတ်ဆက်မှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းရန်အတွက် မည်သည့်အင်စတီကျူးရှင်းများအား ဖွဲ့စည်းတည်ထောင်မည်ကို ဆုံးဖြတ်မည်ဖြစ်ပြီး ဝန်ထမ်းခန့်အပ်မှု၊ ရန်ပုံငွေထောက်ပံ့မှုအပြင် အားလုံးအကျုံးဝင်မှု၊ အမှီအခိုကင်းမှု၊ တာဝန်ခံမှုတို့ရှိစေမည့် ယန္တရားများနှင့်စပ်လျဉ်း၍လည်း ဆုံးဖြတ်ချက်ချရပါမည်။ မြန်မာနိုင်ငံ IGI များသည် သဘာဝသယံဇာတများနှင့် သက်ဆိုင်သော အပြိုင်အဆိုပြုချက်များကို ကြိုတင်မျှော်မှန်းထားပြီး ယင်းအဆိုပြုချက်များအား စစ်ဆေးအကဲဖြတ်ရန် နှင့်/သို့မဟုတ် ညှိနှိုင်းမှုပြုလုပ်ပေးရန်အတွက် ခိုင်မာသော အင်စတီကျူးရှင်းများနှင့် ရှင်းလင်းသော လုပ်ငန်းစဉ်များကို သတ်မှတ်ထားသင့်သည်။

သဘာဝသယံဇာတဆိုင်ရာ စီမံအုပ်ချုပ်မှုကို ကိုင်တွယ်ဖြေရှင်းရာ၌ (တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ အပါအဝင်) ပြည်နယ်များနှင့် ဗဟိုအဆင့်တို့အကြား အပြန်အလှန်ချိတ်ဆက်မှုရှိရန် ထည့်သွင်းစဉ်းစားပါ – မြန်မာနိုင်ငံ IGI များအနေဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ (ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေခွဲဝေသတ်မှတ်မှု) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရာ၌ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် ဗဟိုအဆင့်တို့အကြား အပြန်အလှန်ချိတ်ဆက်မှုရှိရန် ထည့်သွင်းစဉ်းစားရမည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကြိုတင်ကာကွယ်မည့် ပူးပေါင်းအားထုတ်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အနိမ့်ဆုံးစံချိန်စံညွှန်းများအား သတ်မှတ်ပေးမည့် အခြေခံမူများ၊ ဥပဒေများ၊ စည်းမျဉ်းများဖြင့် သဘာဝသယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကို ရုပ်လုံးဖော်ရပါမည်။ သီးခြားခွဲဝေသည့် တာဝန်များ၊ မျှဝေခံယူသည့် တာဝန်များနှင့် ဘုံတာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ရမည်ဖြစ်ပါသည်။

ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒရေးဆွဲခြင်း

ဥပဒေပြဋ္ဌာန်းမှုနှင့်မူဝါဒဆိုင်ရာ မူဘောင်အတွင်း ရာသီဥတုပြောင်းလဲမှုကို ထည့်သွင်းပေါင်းစပ်ရေးဆွဲပါ – အနာဂတ်မြန်မာနိုင်ငံ၏ မူဝါဒအားလုံးတွင် ရာသီဥတုပြောင်းလဲမှုကို ထည့်သွင်းပေါင်းစပ် ရေးဆွဲသင့်ပါသည်။ အာဏာသိမ်းမှုမတိုင်ခင်က မြန်မာနိုင်ငံ၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့၊ စည်ပင်ဝပြောပြီး အားလုံးအကျုံးဝင်သည့် ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသော၊ ကာဗွန်နည်းပါးသော လူမှုအဖွဲ့အစည်းကိုဖန်တီး၍ လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ ကျန်းမာပျော်ရွှင်မှုအတွက် သဘာဝသယံဇာတများမှ အကျိုးအမြတ်များကို သာတူညီမျှ လက်လှမ်းမီရရှိစေရန်ဖြစ်သည်။ ဤမျှော်မှန်းချက်ကို နောင်တစ်ချိန် ကဏ္ဍအားလုံး၌ ဥပဒေပြဋ္ဌာန်းမှု ပြုလုပ်ရာတွင် အလေးထားထိန်းသိမ်းသင့်ပါသည်။

ဥပဒေပြဋ္ဌာန်းမှုနှင့်မူဝါဒဆိုင်ရာ မူဘောင်အတွင်း ဂျန်ဒါနှင့် အားလုံးအကျုံးဝင်မှုတို့ကို ထည့်သွင်းရေးဆွဲပါ – ဂျန်ဒါနှင့်လူမှုရေး သာတူညီမျှမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များက တရားမျှတသော အသွင်ကူးပြောင်းမှုဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရာတွင် အခရာကျမည်ဖြစ်သည်။ အဓိပ္ပာယ်ပြည့်ဝသော ပြောင်းလဲမှုဖြစ်စေရန်အလို့ငှာ အမျိုးသမီးများကို ရာသီဥတုဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုမှ အကျိုးခံစားသူများအဖြစ်သာ ရှုမြင်ခြင်းမပြုဘဲ ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် ရှုမြင်သင့်ပါသည်။ စိုက်ပျိုးရေးမှသည် ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းနှင့် ကျန်းမာရေးအထိဖြစ်သော စာရင်းဇယားပါ နယ်ပယ်အားလုံး၌ လေထုအရည်အသွေးဆိုင်ရာ အချက်အလက်များအပါအဝင် လိုင်ခွဲခြားဖော်ပြထားသော အချက်အလက်ကောက်ယူမှုနှင့် စိတ်ဖြာလေ့လာမှုတို့ ပြုလုပ်ထားခြင်းမရှိပေ။ နောင်တစ်ချိန်တွင် နိုင်ငံလုံးဆိုင်ရာ စာရင်းဇယားစနစ်များ၌ ဂျန်ဒါမျက်ကွယ်ပြုခြင်း မပြုသင့်တော့ဘဲ ၎င်းတို့ကို ဂျန်ဒါအားလုံး အကျုံးဝင်သည့် စနစ်များ ဖြစ်စေသင့်ပါသည်။

မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဥပဒေမူဘောင်သစ်တစ်ရပ်ကို ထည့်သွင်းစဉ်းစားပါ – မြန်မာနိုင်ငံ IGI များအနေဖြင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး၌ အခရာကျသည့် မြေယာစီမံခန့်ခွဲမှုအတွက် လုံးဝအသစ်ဖြစ်သည့် မူဘောင်တစ်ရပ်ကိုရေးဆွဲရန် စတင်စဉ်းစားရပါမည်။ မြေယာဥပဒေမူဘောင်၌ ထင်ရှားပြီး အခြေခံကျသည့် ပြောင်းလဲမှုတစ်ခုမှာ အိမ်ထောင်စု၏ မြေယာမှတ်ပုံတင်မှုကို အိမ်ထောင်ဦးစီးမှ ပူးတွဲပိုင်ဆိုင်မှုအဖြစ် ရွှေ့ပြောင်းရန်သော်လည်းကောင်း၊ မည်သည့်ဂျန်ဒါဖြစ်စေကာမူ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ပိုင်ဆိုင်မှုအဖြစ်သို့ ရွှေ့ပြောင်းရန်သော်လည်းကောင်းဖြစ်သည်။ အဓိကဆွေးနွေးရမည့်အချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အသိုက်အဝန်း၏ အခွင့်အရေးများ/ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့် ကြားဝင်ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ၎င်း၏ အပြန်အလှန်သဘောတရားတို့ပင် ဖြစ်လိမ့်မည်။ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများမှတစ်ဆင့် ဗဟုသုတများ ရရှိမည်ဖြစ်သည်။ အဆိုပါနိုင်ငံများသည် သစ်ထုတ်လုပ်မှုအများဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်သည့် ဗဟိုချုပ်ကိုင်မှုမြင့်မားသော သစ်တောစီမံခန့်ခွဲမှုမှ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးကို ထည့်သွင်းစဉ်းစားသော အောက်ခြေမှအထက်သို့တင်ပြကာ စီမံခန့်ခွဲသည့် စနစ်များအဖြစ် ပြောင်းလဲခဲ့ကြပြီးဖြစ်သည်။ နီပေါနိုင်ငံ၏ ၁၉၉၃ ခုနှစ် သစ်တောအက်ဥပဒေနှင့် အိန္ဒိယနိုင်ငံ၏ ၂၀၀၆ ခုနှစ် သစ်တောအခွင့်အရေးဆိုင်ရာအက်ဥပဒေတို့နှင့်စပ်လျဉ်းသည့် အတွေ့အကြုံများက အဆိုပါ အသွင်ကူးပြောင်းမှုများမှာ ရှုပ်ထွေးနက်နဲကြောင်း ပြသနေသည်။ မြန်မာနိုင်ငံတွင် ရပ်ရွာ

ပိုင်သစ်တောနှင့် ရပ်ရွာလူထု ထိန်းသိမ်းကာကွယ်ရေး နယ်မြေများကို သစ်တောစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့၌ ရပ်ရွာလူထုကို ပူးပေါင်းပါဝင်စေမည့် အကောင်းဆုံးနည်းကိရိယာများအဖြစ် မှတ်ယူကြသည်။ သို့သော် လက်တွေ့တွင်မူ ၎င်းတို့မှ အကျိုးရလဒ်များ ပေါ်ပေါက်မှု မရှိသေးသည့်အပြင် ၎င်းတို့ကို အကောင်အထည်ဖော်ရန် နှေးကွေးဝန်ကျယ်လျက်ရှိသည်။ မြန်မာနိုင်ငံ IGI များအနေဖြင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park) ကဲ့သို့ လက်တွေ့ဆောင်ရွက်မှုအခြေအနေကို လေ့လာဖော်ထုတ်ခြင်းနှင့် မြန်မာနိုင်ငံအခင်းအကျင်းတွင် ဖြစ်လာနိုင်သည်များအတွက် ၎င်းတို့ကို အခြေခံအဖြစ် အသုံးပြုခြင်းတို့ကို ပြုလုပ်သင့်သည်။

အဓိကဇီဝမျိုးစုံမျိုးကွဲနယ်မြေများကို ဥပဒေအရ ကာကွယ်ရပ်တည်ခွင့် ရရှိစေရန် ဆောင်ရွက်ပါ – မြန်မာနိုင်ငံ၌ မြေမျက်နှာသွင်ပြင် အစီအစဉ်ရေးဆွဲရေး အားထုတ်မှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ပန်းတိုင်များနှင့်စပ်လျဉ်း၍ IGI များသည် အဓိက ဇီဝမျိုးကွဲနယ်မြေများ (KBAs) ကို ဥပဒေအရ ကာကွယ်ရပ်တည်ခွင့်ရရှိစေရန် ထည့်သွင်းစဉ်းစားသင့်သည်။ KBA များသည် စံသတ်မှတ်ချက်များကိုအသုံးပြု၍ သတ်မှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများအတွက် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးနေရာများဖြစ်ကြသည်။ ၎င်းတို့သည် ကမ္ဘာတစ်ဝန်းရှိ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးအပါဆုံးဖြစ်သော နေရာများကို ကိုယ်စားပြုသည်။ မြန်မာနိုင်ငံတွင် KBA ၁၃၂ နေရာရှိသော်လည်း ၎င်းတို့သည် တရားဝင်သတ်မှတ်ထားသည့် ထိန်းသိမ်းကာကွယ်ရေးနယ်မြေများအဖြစ် ထပ်တူဖြစ်နေခြင်းမှအပ တရားဝင် မြေယာလုပ်ပိုင်ခွင့်ပုံစံအဖြစ် ဥပဒေအရရပ်တည်ခွင့်မရှိပါ။ KBA ၁၃၂ နေရာအနက် ၃၅ နေရာမှာရှိနှင့်ပြီး ထိန်းသိမ်းကာကွယ်ရေးနယ်မြေများဖြစ်ကြပြီး နောက်ထပ် ၈ နေရာကို ထိန်းသိမ်းကာကွယ်ရေးနယ်မြေများအဖြစ် ထပ်ဆောင်းအဆိုပြုထားသော်လည်း အများစုသည် တရားဝင်မဟုတ်ပါ။ လက်ရှိအချိန်၌ နိုင်ငံ၏ ၁၇ ရာခိုင်နှုန်းမှာ KBA များဖြစ်ကြသည်။ KBA များ၏ လေးပုံသုံးပုံသည် မြောက်ပိုင်းနှင့် မြိတ်ကျွန်းစုပါဝင်သည့် တနင်္သာရီတိုင်းတို့တွင် တည်ရှိသည်။ KBA များသည် ထိန်းသိမ်းစောင့်ရှောက်မှုကို တိုးချဲ့ရန်အတွက် ကောင်းမွန်သည့် သိပ္ပံနည်းကျအခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်သည်။

စိုက်ပျိုးရေးမူဝါဒအတွက် တာဝန်ရှိသည့် ကြားကာလအင်စတီကျူးရှင်းတစ်ရပ်ကို ဖွဲ့စည်းပါ – FDC တွင် လယ်သမားနှင့် မြေယာအခွင့်အရေးများဆိုင်ရာ ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အသွင်ကူးပြောင်းကာလ၌ လယ်သမားများ၏ သဘောထားအသံများကို ထင်ဟပ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် မြေယာအရေး ငြင်းခုံဆွေးနွေးမှုများတွင် အစားအစာဖူလုံမှုနှင့် အာဟာရဆိုင်ရာမေးခွန်းများကို ပေါင်းစပ်စဉ်းစားစေရန် စိုက်ပျိုးရေးမူဝါဒအတွက် တာဝန်ရှိသည့် အဖွဲ့တစ်ဖွဲ့လိုအပ်ပါသည်။ ငါးများသည် လူအများအသားဓာတ်စားသုံးရာတွင် ကြီးမားသည့် အခန်းကဏ္ဍမှ ကိုယ်စားပြုပါဝင်သည့်အတွက် အဆိုပါငြင်းခုံဆွေးနွေးမှုများတွင် ရေနှင့် လက်ရှိငါးလုပ်ငန်းစီမံခန့်ခွဲမှုတို့အကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသင့်သည်။

ယခင်က ရေ၊ ရေအရင်းအမြစ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း အငြင်းပွားမှုများ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း အငြင်းပွားမှုများနှင့် ကဏ္ဍပေါင်းစုံ အငြင်းပွားမှုများသည် ဆက်ဆံရေးများကို တင်းမာစေပြီး ရေအကောင်းဆုံးအသုံးချနိုင်မှုအတွက် အဟန့်အတားဖြစ်စေခဲ့ပါသည်။ NUG အနေဖြင့် ဌာနတွင်း ရေနှင့်ငါးလုပ်ငန်းအကြောင်း ဆွေးနွေးမှုများ ပြုလုပ်နိုင်စေရန် ပလက်ဖောင်းများကို အစောပိုင်းကတည်းက ပံ့ပိုးပေးသင့်ပါသည်။ ၂၀၁၉

–၂၀၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည့် ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်း (Chindwin RBO) ကဲ့သို့ မြစ်ဝှမ်းစီမံခန့်ခွဲရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းသည် အလေ့အထကောင်းတစ်ခု ဖြစ်သည်။ Chindwin RBO သည် နိုင်ငံ၏ ပထမဆုံး RBO ဖြစ်သည်။ အစိုးရနှင့် အစိုးရမဟုတ်သော လူပုဂ္ဂိုလ်ဆောင်ရွက်သူများရော ဒေသခံပြည်သူလူထုများပါ ပါဝင်သည့် ကျယ်ပြန့်သော မိတ်ဆက်ဖွဲ့မှုပြု သာဓကဖြစ်သည့် ၎င်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ RBO များသည် သတ်မှတ်မြစ်ဝှမ်းတစ်ခုနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို အလုံးစုံသိရှိပြီး ရေ၊ အစားအစာနှင့် စွမ်းအင်ရရှိရေး မေးခွန်းများနှင့်စပ်လျဉ်း၍ အသိအမြင်အခြေပြု၊ လူထုပူးပေါင်းပါဝင်သော ငြင်းခုံဆွေးနွေးမှုများအတွက် လိုအပ်သည့် နည်းပညာအချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။

သဘာဝသယံဇာတများနှင့်စပ်လျဉ်းသော SEE များ၏ ဥပဒေရပ်ဝန်းကို ပြန်လည်အကဲဖြတ်ပါ – NUG MONREC သည် SEE များ၏ သဘာဝသယံဇာတများဆိုင်ရာ အနာဂတ်အရေး၊ ယင်းအဖွဲ့များ၌ ရှိသင့်သည့် အသွင်ကူးပြောင်းမှုဆိုင်ရာ ဥပဒေရပ်ဝန်းတို့ နှင့်စပ်လျဉ်း၍ NUG MOPFI နှင့်အတူ ဆင်ခြင်သုံးသပ်သင့်ပါသည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည့်ငင်း၏စက်ရုံများ၊ သယ်ယူပို့ဆောင်ရေးဌာနခွဲများအား အများနှင့် ဆက်လက်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ထားသည့် လမ်းကြောင်းအတိုင်း ပုဂ္ဂလိကပိုင်ပြုရေးဆောင်ရွက်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရပိုင်ပစ္စည်း (သစ်လုံးများ) ရောင်းချခြင်းကဲ့သို့ ပင်ကို အားဖြင့် အစိုးရနှင့်သက်ဆိုင်သည့် ပစ္စည်းများကို စီမံခန့်ခွဲမှုနှင့် သစ်တောဂေဟစနစ်များကို စီမံခန့်ခွဲမှုတို့ကြောင့် လုပ်ငန်း၏ ကျန်အစိတ်အပိုင်းများကို အစိုးရပိုင်ဆိုင်မှုအနေဖြင့် ထိန်းသိမ်းထားသင့်ပါသည်။

EIAလုပ်ငန်းစဉ်သည် သဘာဝသယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကို နည်းလမ်းသုံးမျိုးဖြင့် အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်နိုင်ပါသည် –

- EIA လုပ်ငန်းစဉ်များတွင်ပါဝင်သည့် တိုင်းဒေသကြီး/ပြည်နယ် အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍကို တရားဝင်သတ်မှတ်ခြင်း။ EIA လုပ်ထုံးလုပ်နည်းများတွင် တိုင်းဒေသကြီး/ပြည်နယ်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများအတွက် သတ်မှတ်ချက်များ ပါဝင်ပြီးဖြစ်သော်လည်း တာဝန်ဝတ္တရားများမှာမူ ရှင်းလင်းမှုမရှိပါ။ ဥပမာအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ ထောက်ခံမှုသည် အရင်းအမြစ်ထုတ်ယူရေးစီမံကိန်းအတွက် တရားဝင်ခွင့်ပြုချက်ရရှိစေမည့် တရားဝင်သတ်မှတ်ချက်မျိုးဖြစ်နိုင်ပါသည်။ သို့သော် စည်းကမ်းချက်များကို ရှင်းလင်းစွာချမှတ်ထားခြင်းမရှိပါက ၎င်းသည် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များ၌ မဆုတ်သာမတိုးသာအခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။
- လက်ရှိအချိန် သဘာဝပတ်ဝန်းကျင်အရေး စောင့်ကြည့်လေ့လာရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာရေး အချက်အလက်များကို တိကျပြီး ကောင်းမွန်စွာ ဖော်ပြထားသည့် အချက်အလက်ဒေတာဘေ့စ်ဖြင့် ထုတ်ပြန်ခြင်းဖြင့် ၎င်းအား ခိုင်မာအားကောင်းစေနိုင်ပါသည်။ ဤလုပ်ငန်းစဉ်သည် စောင့်ကြည့်လေ့လာနိုင်စွမ်းကို ထိထိရောက်ရောက် ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ NUG MONREC အနေဖြင့် အဆိုပါဒေတာဘေ့စ် ဖွဲ့စည်းတည်ဆောက်ပုံကို ရေးဆွဲရန်တာဝန်ယူနိုင်ပါသည်။

- ရေရှည်၌ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို စောင့်ကြည့်လေ့လာရာတွင် ဥပဒေစိုးမိုးရေးအခွင့်အာဏာများနှင့် ပူးတွဲလုပ်ဆောင်ရန် လိုအပ်နိုင်သည်။ ၎င်းက တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မုချ ခိုင်မာအားကောင်းစေမည်ဖြစ်သော်လည်း ကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများမရှိပါက ကိုယ်ကျိုးရှာသည့် အပြုအမူများကို ပေါ်ပေါက်စေနိုင်ပါသည်။ သို့ဖြစ်၍ လျော်ကန်သောအပြန်အလှန်ထိန်းညှိရေးလုပ်ငန်းများကိုလည်းထည့်သွင်းဆောင်ရွက်သင့်ပါသည်။

အသေးစားသတ္တုတွင်းတူးဖော်မှု၊ အသေးစားရေနံစိမ်းတူးဖော်မှုနှင့် ဒေသတွင်းရိုးရာနည်းဖြင့် ရေနံသန့်စင်သည့် လုပ်ငန်းတို့ကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပါ–ဤကြိုးပမ်းမှုသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများကိုသာ ပို့များစေသည်မဟုတ်ဘဲ အခွန်ကောက်ခံမှုကိုလည်း မြင့်တက်စေပါသည်။ ဖိလစ်ပိုင်နိုင်ငံ South Cotabato ပြည်နယ်အစိုးရသည် ဒေသတွင်းအဆင့်၌ အသေးစားသတ္တုတူးဖော်မှုကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ရာတွင် အတွေ့အကြုံကောင်း ရရှိခဲ့ပါသည်။ အသေးစားသတ္တုတူးဖော်သူများအား ဖော်ထုတ်သတ်မှတ်ရေးစနစ်ကို စနစ်တကျ ဖန်တီးပေးသော သင်တန်းအစီအစဉ်နှင့် မိတ်ဆက်ပေးခဲ့သည်။ အဆိုပါဖော်ထုတ်သတ်မှတ်ရေးစနစ်သည် ခွင့်ပြုမှုစနစ်ကို ကွန်ပျူတာအတွင်း ထည့်သွင်းခြင်းဖြင့်လည်း အခွန်ကောက်ခံမှုကို မြင့်တက်စေခဲ့ပါသည်။ ယင်းစနစ်ကြောင့် ကလေးလုပ်သားဦးရေကိုလည်း လျှော့ချနိုင်ခဲ့ပြီး မာကျူရီကင်းစင်သည့် နည်းစနစ်များပိုမိုအသုံးပြုမှုနှင့် သတ္တုတူးဖော်ပြီးနောက် ပြန်လည်ကုစားရေးအစီအစဉ်များမှတဆင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများလည်း တိုးတက်လာခဲ့သည်။ (Nixon 2018)။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် ၎င်းတို့၏နယ်မြေများ၌ အသေးစားသတ္တုတူးဖော်မှုကို ပြင်ပအကူအညီဖြင့် တရားဝင်ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လွတ်မြောက်နယ်မြေများတွင် ချမှတ်ထားသည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး စည်းကမ်းချက်များကို ဥပဒေပြဋ္ဌာန်းချက်တွင် ရှင်းလင်းစွာထည့်သွင်းဖော်ပြသင့်သည် – ဤသည်မှာ တစ်အိမ်တက်တစ်အိမ်ဆင်း ကောက်ယူခြင်းနှင့် လမ်းမပေါ် တံမြက်စည်းလှည်းခြင်းဆိုင်ရာ လက်ရှိအလေ့အထများနှင့်စပ်လျဉ်း၍ တာဝန်ဝတ္တရားများကို ရှင်းလင်းအတည်ပြုခြင်းဖြစ်သည်။ NUG MONREC သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ အာဏာသိမ်းမှုအပြီး ရေးဆွဲခဲ့သော ကျေးလက်စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးအကြောင်း မြန်မာဘာသာဖြင့်သင်ကြားသည့် အွန်လိုင်းသင်တန်းကို အဖွဲ့အစည်း များနိုင်သမျှများများထံ ပို့ချရေးဆောင်ရွက်နိုင်သည်။

ကျမ်းကိုးစာရင်း

AIT RRC.AP., 'Report on city assessment of municipal solid waste in Yangon City', CCAC-Municipal Solid Waste Initiative Project, <https://www.waste.ccacoalition.org/sites/default/files/files/yangon_city_final-report-on-swm_aug_14.pdf>, accessed 20 November 2022

Asia Foundation, 'City Life Survey: Myanmar: 2017 Pilot Initiative', 2017, <https://asiafoundation.org/publication/city-life-survey>, accessed 20 November 2022

Asian Development Bank (ADB), United Nations Development Programme (UNDP), United Nations Population Fund (UNPF) and UN Women, *Gender Equality and Women's Rights in Myanmar: A Situation Analysis* (Manila: Asian Development Bank, 2016), <https://www.adb.org/documents/gender-equality-and-womens-rights-myanmar-situation-analysis>, accessed 20 November 2022

Atteridge, A., Savvidou, G., Sadowski, S., Gortana, F., Meintrup, L. and Dzebo, A., Aid Atlas, All donors to Myanmar for climate change (total) during 2002–2020, Stockholm Environment Institute, 2019, <https://aid-atlas.org/profile/all/myanmar/climate-change-total/2002-2020?usdType=usd_commitment>, accessed 20 November 2022

Atteridge, A. and Strambo, C., *Seven Principles to Realize a Just Transition to a Low-carbon Economy* (Stockholm: Stockholm Environment Institute, 2020), <https://www.sei.org/publications/seven-principles-to-realize-a-just-transition-to-a-low-carbon-economy>, accessed 20 November 2022

Bauer, A., Kirk, N. and Sahla, S. et al., 'Natural resource federalism: Considerations for Myanmar', January 2018, <https://resourcegovernance.org/sites/default/files/documents/federalism-considerations-form-myanmar.pdf>, accessed 20 November 2022

Belton, B. et al., 'Aquaculture in transition: Value chain transformation, fish and food security in Myanmar', December 2015, <https://doi.org/10.13140/RG.2.1.1715.0805>

Bisarya, S., 'Protecting ethnic minorities within minorities', Constitution Brief, International IDEA, March 2020, <https://www.idea.int/publications/catalogue/protecting-ethnic-minorities-within-minorities>, accessed 20 November 2022

Bulmer, E., *Independent Regulatory and Oversight (Fourth-Branch) Institutions*, Constitution-Building Primer No. 19 (Stockholm: International IDEA, 2019), <https://doi.org/10.31752/idea.2019.27>

Cabannes, Y., 'The impact of participatory budgeting on basic services: Municipal practices and evidence from the field', *Environment and Urbanization*, 27/1 (2015), pp. 257–84, <https://doi.org/10.1177/0956247815572297>

Chiu, B., 'COP26: Why are women still missing at the top climate table', Forbes, 30 October 2021, <https://www.forbes.com/sites/bonniechiu/2021/10/30/cop26-why-are-women-still-missing-at-the-top-climate-table>, accessed 3 October 2022

Choudhry, S. and Stacey, R., *Oil and Natural Gas: Constitutional Frameworks for the Middle East and North Africa* (Stockholm: International IDEA, 2015), <https://www.idea.int/publications/catalogue/oil-and-natural-gas-constitutional-frameworks-middle-east-and-north-africa>, accessed 20 November 2022

Constitute, The Worlds Constitutions to Read, Search and Compare, <https://www.constituteproject.org>, accessed 20 November 2022

Ebead, N. and Hirakawa, A., *Inclusion and Gender Equality in Post-Coup Myanmar: Strategies for Constitutional and Democratic Reform*, Constitution Brief (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.35>

Eckstein, D., Künzel, V. and Schfer, L., *Global Climate Risk Index*. 2021, German Watch, 2021, <https://www.germanwatch.org/en/19777>, accessed 26 September 2022

Ecowatch, Millennials: Climate Change is World's Biggest Problem. 7 September 2017, <https://www.ecowatch.com/millennials-climate-change-2482557556.html>, accessed 20 November 2022

Extractive Industries Transparency Initiative (EITI), 'Myanmar', [n.d.], <https://eiti.org/countries/myanmar>, accessed 26 September 2022

Federal Democratic Republic of Nepal, Civil Service Act 1993 (2049), Act No. 2 of 1993, 17 May 1993 <https://lawcommission.gov.np/en/?cat=614>, accessed 20 November 2022

Food and Agriculture Organization of the United Nations (FAO), 'Country profile: Myanmar, Water resources', Rome, 2011, <https://www.fao.org/aquastat/en/countries-and-basins/country-profiles/country/MMR>, accessed 20 November 2022

Forest Trends, 'Myanmar's timber trade one year since the coup: The impact of international sanctions', March 2022, <https://www.forest-trends.org/publications/myanmars-timber-trade-one-year-since-the-coup>, accessed 20 November 2022

Frontier Magazine, '"Quick profits": Activists fear for environment under military rule', 17 April 2022, <https://www.frontiermyanmar.net/en/quick-profits-activists-fear-for-environment-under-military-rule>, accessed 20 November 2022

Fuel Retailers Association of Southern Africa v. Director-General: Environmental Management, Department of Agriculture, Conservation and Environment, Mpumalanga Provinces (CCT67/06), 13 ZACC-(2007), <http://www.saflii.org/za/cases/ZACC/2007/13.html>, accessed 20 November 2022

Global Alliance of National Human Rights Institutions (GANHRI), 'Argentina: Using the SGDs to monitor human rights and climate change', [n.d.], <https://ganhri.org/argentina-climate-change>, accessed 3 October 2022

Global Witness, 'Myanmar's poisoned mountains', 9 August 2022, <https://www.globalwitness.org/en/campaigns/natural-resource-governance/myanmars-poisoned-mountains>, accessed 10 June 2022

Helsingen, H., Milligan, B., Dailey, M. and Bhagabati, N., 'Greening China's Belt & Road Initiative in Myanmar', WWF Myanmar, September 2017, <https://www.wwf.org.mm/en/?318715/GreeningChinaBeltRoadInitiativeinMyanmar>, accessed 20 November 2022

Herbert Smith Freehills, 'Ecuador's Constitutional Court takes on extractive industries', 24 February 2022, <https://hsfnotes.com/latamlaw/2022/02/24/ecuadors-constitutional-court-takes-on-extractive-industries>, accessed 20 November 2022

Hickey, S. P., 'Constitutionalizing institutions for a safer environment: Examples from Kenya, Brazil and Hungary', International IDEA, 29 September 2021, <https://www.idea.int/news-media/news/constitutionalizing-institutions-safer-environment-examples-%C2%A0kenya-brazil-and>, accessed 20 November 2022

—, '"Hope is not passive": Constitutionalizing youth representation in governance and policymaking to combat climate change', The Comparative Jurist, 3 June 2022, <https://comparativejurist.org/2022/06/03/constitutionalizing-youth-representation-to-combat-climate-change>, accessed 20 November 2022

—, Constitutionalized Institutions for Protecting the Environment (Stockholm: International IDEA, forthcoming)

Horton, R., De Mel, M., Peters, D., Lesk, C., Bartlett, R., Helsingen, H., Bader, D., Capizzi, P., Martin, S. and Rosenzweig, C., *Assessing Climate Risk in Myanmar: Technical Report*, Center for Climate Systems Research at Columbia University, WWF US and WWF Myanmar, 2016, <https://unhabitat.org/sites/default/files/2019/10/assessing-climate-risk-in-myanmar_technical-report.pdf>, accessed 20 November 2022

Hughes, M. M., 'The combination of gender and ethnic quotas in electoral politics', in R. Rubio-Marín and W. Kymlicka (eds), *Gender Parity and Multicultural Feminism: Towards a New Synthesis* (Oxford: Oxford University Press, 2018), <https://doi.org/10.1093/oso/9780198829621.003.0004>

International Finance Corporation (IFC), *Strategic Environmental Assessment of the Myanmar Hydropower Sector* (Yangon: World Bank, 2018), <https://openknowledge.worldbank.org/handle/10986/31256>

International IDEA, Gender Quotas Database: Rwanda, [n.d.], <https://www.idea.int/data-tools/data/gender-quotas>, accessed 3 October 2022

—, *Myanmar's Federal Democracy Charter: Analysis and Prospects*, Constitution Brief Interregnum Series (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.27>

International Labour Organization (ILO), *Guidelines for a Just Transition Towards Environmentally Sustainable Economies and Societies for All* (ILO: Geneva, 2015), <https://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/documents/publication/wcms_432859.pdf>, accessed 20 November 2022

—, 'Climate change and financing: A just transition', [n.d.], <http://www.ilo.org/empent/areas/social-finance/WCMS_825124/lang--en/index.htm>, accessed 20 November 2022

Inter-Parliamentary Union (IPU), 'Youth participation in national parliaments', 2016

—, 'Monthly ranking of women in national parliaments', Ranking as of 1 July 2019, IPU Parline, <https://data.ipu.org/women-ranking?month=7&year=2022l>, accessed 20 November 2022

Jamil, I. and Baniamin, H. M., 'Representative and responsive bureaucracy in Nepal: A mismatch or a realistic assumption?', *Public Administration and Policy* 23/2 (2020), pp. 141–56, <https://doi.org/10.1108/PAP-03-2020-0016>

Japan International Cooperation Agency (JICA) and Yangon City Development Committee, (YCDC), 'A Strategic Urban Development Plan of Greater Yangon', January 2014, <https://openjicareport.jica.go.jp/pdf/12145967.pdf>, accessed 20 November 2022

Jones, A., 'SAC-M: Just 17PC of territory in Myanmar under stable junta control as conflict trajectory favours resistance', Special Advisory Council Myanmar, 5 September 2022, <https://specialadvisorycouncil.org/2022/09/territory-myanmar-stable-junta-control-resistance>, accessed 20 November 2022

Krakstad, J.-O., Krafft, B. and Alvheim, O., 'Myanmar Ecosystem Survey: 28 April–02 June 2015'. Cruise Report 'Dr Fridtjof Nansen', FAO-NORAD Project no. GCP/INT/003/NOR, Institute of Marine Research, 2015, <http://www.dof-myanmar-fic.org/Multimedia/Project%20Documents/11.%20Fridtjof%20Nansen%20Report%20(DOF-FAO,%202015).pdf>, accessed 20 November 2022

Land in Our Hands Network, 'Destroying people's lives: The impact of land grabbing on communities in Myanmar', December 2015, <https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf>, accessed 20 November 2022

Levy, R., 'Fixed constitutional commitments: Evaluating environmental constitutionalism's "new frontier"', *Melbourne University Law Review*, 46/1 (2022), pp. 82–122, <https://law.unimelb.edu.au/__data/assets/pdf_file/0010/4287736/03-Levy-82.pdf>, accessed 20 November 2022

Lindvall, D., *Democracy and the Challenge of Climate Change*, International IDEA Discussion Paper 3/2021 (Stockholm: International IDEA, 2021), <https://doi.org/10.31752/idea.2021.88>

Livengood, A. and Kunte, K. 'Enabling participatory planning with GIS: a case study of settlement mapping in Cuttack, India', *Environment and Urbanization*, 24/1, (2012), pp. 77–97, <https://doi.org/10.1177/0956247811434360>

Maya-Aguirre, A. L., 'Implementing environmental constitutionalism in Colombia: Tensions between public policy and decisions of the Constitutional Court', in E. Daly and J. R. May (eds), *Implementing Environmental Constitutionalism* (Cambridge: Cambridge University Press, 2018), pp. 143–58, <https://doi.org/10.1017/9781316691588.009>

Minoletti, P., 'Gender Inequalities in a Decentralized Myanmar', International Development Research Centre, May 2017, <https://www.idrc.ca/sites/default/files/sp/Documents%20EN/background-paper-minoletti-june-2017.pdf>, accessed 20 November 2022

Mittermeier, R, Gil, P., Hoffmann, M., Pilgrim, J., Brooks, T., Mittermeier, C., Lamoreux, J: and Fonseca, G., *Hotspots Revisited: Earth's Biologically Richest and Most Endangered Terrestrial Ecoregions* (University of Chicago Press: Conservation International, 2004)

Moore, C. W., A Feasibility Assessment on the Introduction of Alternative Dispute Resolution /Collaborative Dispute Resolution to Resolve Land Disputes in Myanmar (Oslo Norwegian Refugee Council, May 2019), <https://www.nrc.no/globalassets/pdf/reports/myanmar/finding-a-middle-way-to-solve-myanmars-land-disputes/a-feasibility-assessment-on-the-introduction-of-alternative-dispute-resolution-collaborative-dispute-resolution-to-resolve-land-disputes-in-myanmar.pdf>, accessed 20 November 2022

Myanmar Centre for Responsible Business, *Pwint Thit Sa 2020: Transparency in Myanmar Enterprises*, 21 December 2020, <https://www.myanmar-responsiblebusiness.org/pwint-thit-sa/2020.html>, accessed 20 November 2022

Myanmar Climate Change Alliance (MCCA)/UN-Habitat, 'Building resilient, inclusive, and sustainable cities and towns in Myanmar', Policy Guidance Brief 4, [n.d.], <https://www.burmalibrary.org/docs24/Brief-4_web.pdf>, accessed 20 November 2022

—, 'Climate-smart agriculture, fisheries and livestock for food security', Policy Guidance Brief 1, October 2017, <https://unhabitat.org.mm/wp-content/uploads/2018/07/Policy-Brief-SAP-1.pdf>, accessed 20 November 2022

Myanmar Information Management Unit (MIMU) portal, [n.d.], <https://themimu.info>, accessed 20 November 2022

Myanmar Ministry of Agriculture and Irrigation (MOALI), *Myanmar: Climate-Smart Agriculture Strategy* (Yangon: MOALI, 2015)

Myanmar, Republic of the Union of, Myanmar Mines Law, State Law and Order Restoration Council Law No. 8/94, 6 September 1994, <https://www.mining.gov.mm//wp-content/uploads/2021/07/မြန်မာ့သတ္တုတွင်းဥပဒေ.pdf>, accessed 20 November 2022

—, Myanmar Gemstone Law, State Law and Order Restoration Council Law No. 8/95, 29 September 1995, <https://myanmareiti.org/sites/myanmareiti.org/files/1995-09-29-myanmar_gemstone_law_eng.pdf>, accessed 20 November 2022

—, *2014 Myanmar Population and Housing Census* (volume 2) [The Union Report], 2015, <https://reliefweb.int/report/myanmar/2014-myanmar-population-and-housing-census-union-report-census-report-volume-2-enmy>, accessed 20 November 2022

—, Petroleum and Petroleum Product Law, Pyidaungsu Hluttaw Law No. 20, 2017, 1 August 2017, <https://www.moee.gov.mm/en/ignite/page/99>, accessed 20 November 2022

—, Myanmar Sustainable Development Plan, August 2018, <https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf>, accessed 20 November 2022

—, Forest Law, Pyidaungsu Hluttaw Law No. 29/2018, 19 September, 2018, <https://www.burmalibrary.org/en/pyidaungsu-hluttaw-law-no-292018-the-forest-law-sctteaaupde>, accessed 20 November 2022

—, Myanmar Climate Change Strategy, 2018–2030, 2019, <https://myanmar.un.org/sites/default/files/2019-11/MyanmarClimateChangeStrategy_2019.pdf>, accessed 20 November 2022

—, Nationally Determined Contributions, July 2021, <https://unfccc.int/sites/default/files/NDC/2022-06/Myanmar%20Updated%20%20NDC%20July%202021.pdf>, accessed 20 November 2022

Myanmar Ministry of Immigration and Population, *Population and Housing Census of Myanmar* (volume 2) [The Union Report], 2014, <https://myanmar.unfpa.org/en/publications/union-report-volume-2-main-census-report>, accessed 20 November 2022

Natural Resource Governance Institute, Natural Resource Charter, March 2018, <https://resourcegovernance.org/sites/default/files/documents/natural-resource-charter-myanmar_0.pdf>, accessed 20 November 2022

Nature Conservancy, 'World Biodiversity Day: Upgraded MARXAN Platform Changes the Nature of Conservation Planning, Collaboration provides open-source spatial planning platform designed to map and inform conservation decisions around the world', 19 May 2022, <https://www.nature.org/en-us/what-we-do/our-insights/perspectives/marxan-microsoft-conservation-planning-platform>, accessed 20 November 2022

National Water Resources Committee, Myanmar National Water Policy, August 2015, <http://extwprlegs1.fao.org/docs/pdf/mya201049.pdf>, accessed 20 November 2022

Neves, M., 'Measuring SDG 16.7.1b and c: Inclusive representation and decision-making', 17 December 2020, <https://www.unodc.org/documents/sdg_seminar/W5_4._Measuring_Inclusive_Representation_and_Decision-making.pdf>, accessed 20 November 2022

Nepal, Federal Democratic Republic of, Civil Service Act 1993 (2049), Act No. 2 of 1993, 17 May 1993, <https://lawcommission.gov.np/en/?cat=614>, accessed 20 November 2022

Nixon, H., Joelene, C., Kyi Pyar Chit Saw, Thet Aung Lynn and Arnold, M., 'State and Region Governments in Myanmar', Policy Dialogue Brief Series No. 1, Asia Foundation, 2018, <https://asiafoundation.org/wp-content/uploads/2016/09/State-Region-Government_Policy-Brief_ENG.pdf>, accessed 20 November 2022

National Unity Government (NUG) MONREC, Myanmar Climate Change Strategy and Action Plan, 2016–2030, 19 January 2017, <https://policy.asiapacificenergy.org/node/2934>, accessed 20 November 2022

—, Community Forest Instructions, Notification No. 69/2019, 2019, <https://data.opendevelopmentmekong.net/dataset/community-forestry-instructions-2019>, accessed 20 November 2022

—, Interim Resources Management Framework (Forestry and Biodiversity Sector), July 2022, <https://monrec.nugmyanmar.org/interim-resources-management-framework-forestry-and-biodiversity-sector>, accessed 22 November 2022

—, Status of Natural Resources Depletion During the Military Regimes in Myanmar, July 2021, <https://assets-monrec.nugmyanmar.org/images/2021/08/Status_of_Natural_Resources_Depletion_During_the_Military_Regimes.pdf>, accessed 20 November 2022

Oberndorf, R. B., *Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law* (Food Security Working Group's Land Core Group, Forest, November 2012), <https://www.forest-trends.org/publications/legal-review-of-recently-enacted-farmland-law-and-vacant-fallow-and-virgin-lands-management-law>, accessed 20 November 2022

—, *Land Governance and Legal System Realities in the Myanmar Context*, USAID, 14 June 2016, <https://www.burmalibrary.org/docs22/Oberndorf-2016-06-14-Land_Governance&Legal_System_Realities-Myanmar-en.pdf>, accessed 20 November 2022

Open Development Myanmar, Forests and forestry, 14 February 2020, <https://opendevelopmentmyanmar.net/topics/forests-and-forestry>, accessed 20 November 2022

People's Assembly, 'Federal Democracy Charter', Part 1, Declared on 31 March 2021, ratified by the First People's Assembly convened on 27–29 January 2022, <https://nucc-federal.org/wp-content/uploads/2022/06/FDC-Part-1-En-01042022.pdf>, accessed 20 November 2022

Preston, B. J., Characteristics of successful Environmental Courts and Tribunals, *Journal of Environmental Law*, 26/3 (2014), pp. 365–93, <https://doi.org/10.1093/jel/equ019>

Prevent Plastics, '3R Concept Development in Industrial Zones', 2021, <https://www.switch-asia.eu/site/assets/files/3094/3r-concepts-development-in-industrial-zones-english.pdf>, accessed 20 November 2022

Rao, M., Saw Htun, Platt, S. G., Tizard, R., Poole, C., Than Myint and Watson, J. E. M., 'Biodiversity conservation in a changing climate: A review of threats and implications for conservation planning in Myanmar', *AMBIO*, 42/7 (2013), pp. 789–804, <https://doi.org/10.1007/s13280-013-0423-5>

Royal Haskoning DHV, 'Myanmar Integrated Water Resources Management: Strategic Study', December 2014, <https://www.drrteam-dsswater.nl/wp-content/uploads/2015/08/2014dec_myanmarstudy.pdf>, accessed 20 November 2022

Sabrié, M., 'Yangon "Emerging metropolis": Challenges for the authorities and resilience of the Yangonites', *Moussons*, 33 (2019), pp. 33–64, <https://doi.org/10.4000/moussons.4892>

Sachs, J. D., Kroll, C., Lafortune, G. and Woelm, F., *Sustainable Development Report 2022: From Crisis to Sustainable Development: the SDGs as Roadmap to 2030 and Beyond* (Cambridge University Press, Cambridge, 2022), <https://doi.org/10.1017/9781009210058>

Sakai, H., Kataoka, Y. and Fukushi, K., 'Quality of source water and drinking water in urban areas of Myanmar', *Scientific World Journal* (2013), pp. 1–5, <https://doi.org/10.1155/2013/854261>

Schulte, W. J. and Baird, M. H., 'Myanmar's nascent environmental governance system: Challenges and opportunities', *Natural Resources & Environment*, 33/2 (2018), pp. 21–25, <https://data.opendevelopmentmekong.net/library_record/myanmar-s-nascent-environmental-governance-system-challenges-and-opportunities>, accessed 20 November 2022

SDG Synergies, Stockholm Environment Institute, [n.d.], <https://www.sdgsynergies.org>, accessed 20 November 2022

Seah, S., Martinus, M. and Jiahui, Q., *The Southeast Asia Climate Outlook: 2021 Survey Report* (Singapore: ISEAS, Yusof Ishak Institute, 2021), <https://www.iseas.edu.sg/articles-commentaries/southeast-asia-climate-outlook/southeast-asia-climate-outlook-2021-survey-report>, accessed 20 November 2022

Sego, C., 'An explainer on just transition in climate governance', ClimateWorks Foundation, 12 May 2022, <https://www.climateworks.org/wp-content/uploads/2022/06/An-explainer-on-Just-Transition_ClimateWorks-Foundation_final2_6.13.22.pdf>, accessed 20 November 2022

Sheikh, K. and Rao, S., 'Participatory city planning in Chhattisgarh: A civil society initiative', *Environment and Urbanization*, 19/2 (2007), pp. 563–81, <https://doi.org/10.1177/0956247807082837>

Shortell, P., 'Losing Lustre: Addressing Tax Evasion in Myanmar's Jade and Gemstone Industry', Natural Resource Governance Institute, 11 February 2019, <https://resourcegovernance.org/analysis-tools/publications/losing-luster-addressing-tax-evasion-myanmars-jade-and-gemstone>, accessed 20 November 2022

Slater, J., Han, J. Y.-C., Adelina, C., Nikam, J., Archer, D., Nguyen, H. and Kim, D., *Air Pollution and the World of Work: Policies, Initiatives and the Current Situation – A Scoping and Evidence Review for Southeast and East Asia* (Stockholm: Stockholm Environment Institute, 2022), <https://doi.org/10.51414/sei2022.040>

Smithsonian's National Zoo & Conservation Biology Institute, 'Mitigation hierarchy', [n.d.], <https://nationalzoo.si.edu/ccs/mitigation-hierarchy#:~:text=The%20hierarchy%20follows%20avoidance%2C%20minimization,negative%20effects%20on%20the%20environment>, accessed 28 September 2022

Switch Asia, 'A journey towards a circular economy in Myanmar', 12 November 2020, <https://www.switch-asia.eu/news/prevent-plastics-a-journey-towards-circular-economy-in-myanmar>, accessed 20 November 2022

Tan, N. and Preece, C., 'Ethnic quotas, political representation and equity in Asia Pacific', *Representation*, 58/3 (2022), pp. 347–71, <https://doi.org/10.1080/00344893.2021.1989712>

Tezzo, X., Belton, B., Johnstone, G. and Callow, M., 'Myanmar's fisheries in transition: Current status and opportunities for policy reform', *Marine Policy*, 97 (2018), pp. 91–100. <https://doi.org/10.1016/j.marpol.2018.08.031>

Tin Htet Paing, 'Irreparable damage: The environmental impacts of jade mining', Open Data, [n.d.], <https://openjadedata.org/stories/jade_and_environment.html>, accessed 20 November 2022

United Nations Development Programme (UNDP), Human Development Reports, Gender Inequality Index, [n.d.] updated 2020, <https://hdr.undp.org/data-center/thematic-composite-indices/gender-inequality-index#/indicies/GII>, accessed 20 November 2022

—, 'Impact of the twin crises on human welfare in Myanmar', November 2021, <https://www.undp.org/publications/impact-twin-crises-human-welfare-myanmar>, accessed 20 November 2022

University of Notre Dame, Global Adaptation Initiative (ND-GAIN), Country rankings, [n.d.], <https://gain.nd.edu/our-work/country-index/rankings>, accessed 20 November 2022

United Nations Economic and Social Council, Women's full and effective participation and decision-making in public life, as well as the elimination of violence, for achieving gender equality and the empowerment of all women and girls, Agreed conclusions, E/CN.6/2021/L.3, 31 March 2021, <https://undocs.org/E/CN.6/2021/L.3>, accessed 20 November 2022

United Nations, UN Human Rights, Principles relating to the Status of National Institutions (the Paris Principles), 48/134, 20 December 1993, <https://www.ohchr.org/en/instruments-mechanisms/instruments/principles-relating-status-national-institutions-paris>, accessed 20 November 2022

United Nations, Office of the Secretary-General's Envoy on Youth, #YouthStats: Environment and Climate Change, [n.d.], <https://www.un.org/youthenvoy/environment-climate-change> accessed 3 October 2022

United Nations, SDG Indicators: Metadata repository, [n.d.a], <https://unstats.un.org/sdgs/metadata/?Text=&Goal=&Target=16.7> accessed 3 October 2022

United Nations, 'Women...in the shadow of climate change,' UN Chronicle, [n.d.b], <https://www.un.org/en/chronicle/article/womenin-shadow-climate-change>, accessed 20 November 2022

UN Women, Europe and Central Asia, 'Central Asian governments discuss the integration of gender equality into climate change policies', 15 February 2022, <https://eca.unwomen.org/en/stories/press-release/2022/02/central-asian-governments-discuss-the-integration-of-gender-equality-into-climate-change-policies>, accessed 20 November 2022

van Mil, M., *Substantive Equality and Women's Representation in Public Institutions*, Constitutional Assessment for Women's Equality Series No. 2 (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.34>

Von Kameke, L., 'Proportion of seats held by women in national parliaments in Myanmar from 2011 to 2021', Statista, 19 October 2022, <https://www.statista.com/statistics/730677/myanmar-proportion-of-seats-held-by-women-in-national-parliament>, accessed 20 November 2022

Woods, K. M., 'Commercial agriculture expansion in Myanmar: Links to deforestation, conversion timber and land conflicts in Myanmar', March 2015, <https://www.forest-trends.org/publications/commercial-agriculture-expansion-in-myanmar-links-to-deforestation-conversion-timber-and-land-conflicts>, accessed 20 November 2022

World Bank, *Myanmar, Country Environmental Analysis*. Synthesis report (Washington, DC: World Bank, 2019a), <https://documents1.worldbank.org/curated/en/464661560176989512/pdf/Synthesis-Report.pdf>, accessed 20 November 2022

—, *Myanmar's Urbanization: Creating Opportunities for All* (Washington, DC: World Bank, 2019b), <https://documents1.worldbank.org/curated/en/807471559656318146/pdf/Creating-Opportunities-for-All-Full-Report.pdf>, accessed 20 November 2022

—, *Energy Sector: Myanmar Infrastructure Monitoring* (Washington, DC: World Bank, 2022), <https://documents1.worldbank.org/curated/en/099045104062298290/pdf/P177540085ed880ca098230031387b28dd2.pdf>, accessed 20 November 2022

—, World Bank Development Indicators, <https://datatopics.worldbank.org/world-development-indicators>, accessed 20 November 2022

World Bank Group, *World Development Report 2011: Conflict, Security and Development* (Washington, DC, World Bank, 2011), <https://openknowledge.worldbank.org/handle/10986/4389>, accessed 20 November 2022

World Data Atlas, Myanmar: Agricultural land area, 2020, <https://knoema.com/atlas/Myanmar/Agricultural-land-area>, accessed 28 September 2022

World Wildlife Fund (WWF) Asia-Pacific, 'Going viral: Myanmar's wildlife trade escalates online', 2021, <https://wwfasia.awsassets.panda.org/downloads/wwf_online_trade_ii__v2_2.pdf>, accessed 20 November 2022

Yi, E. E. P. N., Nway, N.C., Aung, W. Y., Thant, Z., Wai, T. H., Hlaing, K. K., Maung, C., Yagishita, M., Ishigaki, Y., Win-Shwe, T.-T., Nakajima, D. and Mar, O., 'Preliminary monitoring of concentration of particulate matter ($PM_{2.5}$) in seven townships of Yangon City, Myanmar', *Environmental Health and Preventive Medicine*, 23/53 (2018), <https://doi.org/10.1186/s12199-018-0741-0>

စာရေးသူများအကြောင်း

Sharon P.Hickey သည် နိုင်းယှဉ်လေ့လာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ လုပ်ငန်းစဉ်အတွက် မိမိ၏ အသိပညာများကိုအသုံးချပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များကို စီစဉ်ပံ့ပိုးရသည့် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအစီအစဉ်မှ တွဲဖက်အစီအစဉ်အရာရှိဖြစ်သည်။ ထို့ပြင် သူမသည် နောက်ဆုံးရရှိသော သတင်းအချက်အလက်များကို ပုံမှန်တင်ဆက်ပြီး ကမ္ဘာတစ်ဝန်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူရင်းစိတ်ဖြာလေ့လာမှုတို့ပြုလုပ်ရန် မြှုပ်နှံဆောင်ရွက်သော International IDEA ၏ ပလက်ဖောင်းတစ်ခုဖြစ်သည့် ConstitutionNet မှ အယ်ဒီတာလည်း ဖြစ်သည်။ Sharon သည် Maynooth မြို့အိုင်ယာလန် အမျိုးသားတက္ကသိုလ်မှ ဘွဲ့ရရှိထားပြီး အဆိုပါတက္ကသိုလ်၏ ဥပဒေသုံးသပ်ချက်စာစောင်အတွက် အယ်ဒီတာချုပ်အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် ကိုလံဘီယာဥပဒေကျောင်းမှ LL.M. ဘွဲ့ကို ရရှိခဲ့ပြီး ထိုကျောင်း၌ ကိုလံဘီယာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာဥပဒေသုံးသပ်ချက်စာစောင်၏ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ သူမသည် New York Bar ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

Elodie Maria-Sube သည် ဘန်ကောက်မြို့အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေဂဗေဒပညာရှင် တစ်ဦးဖြစ်သည်။ သူမသည် ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေး၊ ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်များ လျော့ပါးသက်သာရေး၊ ရေရှည်တည်တံ့သော ထုတ်လုပ်ရေးအပါအဝင် ၎င်းတို့နှင့်ဆိုင်ရာ အကြောင်းအရာအမျိုးမျိုးနှင့်စပ်လျဉ်း၍ စိတ်ဖြာလေ့လာခြင်း၊ မူဝါဒရေးရာ အကြံပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်းမတိုင်မီက သူမသည် EU၊ UN-Habitat နှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အလုပ်လုပ်ခဲ့သည်။ ယခင်က အိန္ဒိယနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ နိုင်ငံတကာ အဖွဲ့အစည်းများတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သော တာဝန်များကို ထမ်းဆောင်ခဲ့သည်။ သူမသည် လန်ဒန်တက္ကသိုလ်မှ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဘာသာရပ်ဖြင့် MSc ဘွဲ့၊ Copenhagen မြို့ စီးပွားရေးကျောင်းမှ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်ဖြင့် MSc ဘွဲ့၊ ပဲရစ်မြို့ HEC စီမံခန့်ခွဲရေးကျောင်းမှ စီမံခန့်ခွဲရေး ဘာသာရပ်ဖြင့် MSc ဘွဲ့တို့ကို ရရှိထားသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာ အဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် လူသား အားလုံး၏ မျှော်မှန်းချက်လည်းဖြစ်၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကိုလည်း ဆောင်ကြဉ်းပေးနိုင်သည့် ဒီမိုကရေစီစနစ် ကမ္ဘာတစ်လွှားတွင် တိုးတက်ထွန်းကားရေးကို လုပ်ငန်းတာဝန်အဖြစ် ခံယူလျက် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံရေးအဖွဲ့အစည်းများနှင့် စနစ်များ၊ လုပ်ငန်းစဉ်များကို အဆင့်အားလုံးတွင် တည်ဆောက်ရေး၊ အားကောင်းစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ပံ့ပိုးမှုပေးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ပါသည်။ အဖွဲ့၏မျှော်မှန်းချက်မှာ ဒီမိုကရေစီလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနည်းကျလုပ်ဆောင်သူများနှင့် အဖွဲ့အစည်း စနစ်များသည် အများပါဝင်မှုနှင့် တာဝန်ယူ တာဝန်ခံမှုရှိလျက် ရေရှည်တည်တံ့ ဟန်ချက်ညီသောဖွံ့ဖြိုးမှုကို အားလုံးရရှိခံစားနိုင်သည့် ကမ္ဘာကြီး ဖြစ်လာစေရေး ဖြစ်ပါသည်။

အဖွဲ့၏ လုပ်ငန်း

အဖွဲ့အနေဖြင့် အဓိကနယ်ပယ်သုံးရပ်တွင် သက်ရောက်မှုရှိစေရန် အဓိကထားလျက် လုပ်ငန်းများလုပ်ဆောင်ပါသည်။ ယင်းတို့မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့်ကိုယ်စားပြုမှုတို့ ဖြစ်ပါသည်။ အမျိုးသား အမျိုးသမီးအခန်းကဏ္ဍနှင့် အများပါဝင်မှု၊ ပဋိပက္ခဖြစ်နိုင်ခြေကို စာနာနားလည် ခြင်းနှင့် ရေရှည်တည်တံ့ဟန်ချက်ညီသော ဖွံ့ဖြိုးမှုတို့ကို လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းလုပ်ဆောင်ပါသည်။

International IDEA သည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတစ်ဝန်း ဒီမိုကရေစီလားရာများကို ဆန်းစစ်ချက်များ ပြုစုပေးပါသည်။ ဒီမိုကရေစီ လုပ်နည်း လုပ်ဟန်ကျင့်စဉ်များဆိုင်ရာ နှိုင်းယှဉ်လေ့လာ သိမှတ်ဖွယ်ရာများ ပြုစုထုတ်ဝေပါသည်။ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေး စီစဉ်ဆောင်ရွက်ပေးပါသည်။ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီ တည်ဆောက်ရေး ဆိုင်ရာ အများပြည်သူ ဆွေးနွေးဖလှယ်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ဆွေးနွေးပွဲများ စီစဉ်ကျင်းပပေးပါသည်။

လုပ်ငန်းဆောင်ရွက်ရာ နယ်မြေဒေသများ

အဖွဲ့၏ ရုံးချုပ်သည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအဆင့်နှင့် နိုင်ငံအဆင့်ရုံးများကို အာဖရိက၊ အာရှပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့အစည်းများ၏ တရားဝင်အသိအမှတ်ပြုမှုကို ခံယူရရှိပါသည်။

<https://www.idea.int/>

International IDEA
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆ ၈၉၈၃၄၀၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝကာ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများ များပြားစုံလင်ရာ ဒေသတစ်ခုဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးခံစားရပြီး ပြည်ပအထောက်အပံ့များမပါဘဲ ၎င်း၏ဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် ပြည့်စုံမှုအနည်းဆုံးဖြစ်သည့် နိုင်ငံများအနက်မှ တစ်နိုင်ငံလည်း ဖြစ်သည်။ သဘာဝသယံဇာတများအား စီမံခန့်ခွဲသည့်နည်းဟန်သည် မြန်မာနိုင်ငံ၏ သမိုင်းတလျှောက် အဓိကကျသည့်အခန်းကဏ္ဍမှ အမြဲပါဝင်နေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့အောင် မည်သို့စီမံခန့်ခွဲရမည်ဟူသည့်အချက်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းအတွက် အဓိကကျသောပုစ္ဆာတစ်ရပ်ဖြစ်သည်။

ဖေဖော်ဝါရီလ အာဏာသိမ်းမှု ဖြစ်ပွားပြီးကတည်းက မြန်မာပြည်သူလူထုသည် ဆန္ဒထုတ်ဖော်ခြင်း၊ 'ပြည်သူ့ကာကွယ်ရေးတပ်မတော်' နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများကဦးဆောင်လျက် လက်နက်ကိုင်တော်လှန်ခြင်းတို့ဖြင့် စစ်တပ်ကိုဆန့်ကျင်၍ ဆော်ဩစည်းရုံးမှုများ ပြုလုပ်လျက်ရှိသည်။ ယင်း လှုပ်ရှားဆောင်ရွက်သူအုပ်စုများနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော ဖက်ဒရယ်အဆင့် ကြားကာလစီမံအုပ်ချုပ်ရေး အင်စတီကျူးရှင်းများသည် အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ညှိနှိုင်းဆောင်ရွက်ရန် နိုင်ငံရေးမူဘောင်တစ်ရပ်ကို ချမှတ်ရေးဆွဲလျက်ရှိသည်။

ဤမူဝါဒစာတမ်းတွင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာစီမံအုပ်ချုပ်မှု အခက်အခဲများအကြောင်းကို ခြုံငုံသုံးသပ်ထားပါသည်။ ထို့ပြင် အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်မှ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမျှတမှုကို ရယူနိုင်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအား ဖြေရှင်းခြင်းတို့အတွက် မည်သို့အာမခံချက်ပေးနိုင်ကြောင်းကို နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် အလေ့အထကောင်းများ၊ ဖြစ်ရပ်နှိုင်းယှဉ်လေ့လာချက်များဖြင့် ထည့်သွင်းစဉ်းစားဖွယ်အချက်များကို တင်ပြထားသည်။ နောက်ဆုံးတွင် မူဝါဒအရ ရွေးချယ်ဆောင်ရွက်နိုင်သည့်အချက်များနှင့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

ISBN: 978-91-7671-595-6 (PDF)
DOI: https://doi.org/10.31752/idea.2022.70